

www.burmeseclassic.com
ဝတ္ထုတိုပေါင်းချုပ်
BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

**လာဘ်မိုးစွေစာပေ**
အမှတ် (၁၁၁) (ပထပ်)၊ ၃၃ လမ်း၊
(မြို့တော်ခန်းမအနီး)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း −၀၁ ၂၅၃၅၁၉

BURMESE
CLASSIC
.com

www.burmeseclassic.com

# မင်းသိင်္ခ

# ဝတ္ထုတိုပေါင်းချုပ်

အမှတ် ၃

ပထမအကြိမ်

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မသိသူကျော်သွား သိသူဖော်စား | ၁ |
| ၂။ | မုဆိုးကြီးဦးမိုးသီးနှင့် စိတ်စွမ်းအင် | ၁၃ |
| ၃။ | ဒေဝစက္ခု | ၂၉ |
| ၄။ | ပန်းတစ်ပွတ်ချောင်းနံဘေးက လွမ်းပုံပြင် | ၄၃ |
| ၅။ | မဟောသီ | ၅၉ |
| ၆။ | ဗားဆိုသော လူငယ်လေးတစ်ယောက်နှင့် စိန်ခြယ်လက်စွပ်တစ်ကွင်း | ၁၁၃ |
| ၇။ | ကျွန်ုပ်နှင့် မိုးကောင်း | ၁၄၉ |
| ၈။ | ဂေါမတီဒေဝီနှင့် ကျွန်ုပ် | ၁၇၁ |
| ၉။ | မာနကြီးသော မမြနွယ် | ၁၈၉ |
| ၁၀။ | မမကြီးနှင့် စာချုပ်တစ်စောင် | ၂၁၉ |
| ၁၁။ | မမကြီးနှင့် အကြံသမားနှစ်ဦး | ၂၅၇ |


BURMESE CLASSIC .com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် - ၁၀၅၉/၂၀၀၃(၈)

မျက်နှာဖုံးခွင့်ပြုချက် - ၇၇၉/၂၀၀၄(၇)

ပထမအကြိမ်

၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၁၀၀ ကျပ်

မျက်နှာဖုံးပန်းချီ - မောင်မောင်သိုက်

အတွင်းပန်းချီ - ညီညီလွင်

မျက်နှာဖုံးဂရပ်ဖစ်ဒီဇိုင်း - ရဲထွဋ္ဋ (လာဘ်မိုးဆွေ)

ကွန်ပျူတာစာစီ - ရွှေကွင်းဆက်

အတွင်းဖလင် - မျိုးဝင်းကျော် လမ်း(၄၀)

စာအုပ်ချုပ် - ရှကီး၊ ၁၁၄ လမ်း

ထုတ်ဝေသူ - လာဘ်မိုးဆွေ စာပေ

ဦးမောင်မောင်မြင့်အေး(ယာယီ-၃၄၆၁)

မျက်နှာဖုံးနှင့် - ဦးမြင့်ဦး (မြဲ-၀၁၅၀၃)


အတွင်းပုံနှိပ် - သိန်းသန်းဦးပုံနှိပ်တိုက်

ဖြန့်ချိရေး - လာဘ်မိုးဆွေ စာပေ

အမှတ် (၁၁၁)၊ပ-ထပ်၊ ၃၃ လမ်း


BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

# မသိသူကျော်သွား သိသူဖော်စား

တစ်နေ့သ၌ တာမွေစာတိုက်မှ မောင်စိန်ဝင်းဆိုသည့် စာပို့ လုလင်လေးတစ်ဦးသည် ကျွန်ုပ်ထံသို့ရောက်ရှိလာပြီးလျှင် အညို ရောင်စာအိတ်ရှည်ကြီးတစ်အိတ်အား လက်မှတ်ထိုး၍ လက်ခံယူ ပါရန် ပြောကြားသည်။ ကျွန်ုပ်လည်း ရေစစ္စရီပြုလုပ်၍ပေးပို့လိုက် သော ထိုစာအိတ်ညိုကြီးအား လက်ခံယူထားလိုက်ပြီးလျှင် ဖောက်၍ဖတ်ရှုလိုက်သောအခါ၌ အောက်ဖော်ပြပါအတိုင်း တွေ့ရှိ ရလေ၏။

သို့

ဆရာကြီးမင်းသိခ်ရှင့် . . .

အိမ်မဲမြို့မှ မအိမ်မြဲနှင့်မအိမ်စောင့် အမြွှာညီအစ်မက ဆရာ၏ ဗေဒင်လက္ခဏာပညာကို ယုံကြည်လေးစားစွာဖြင့် အောက်ပါ အဖြစ်အပျက်အား စာရေးပို့လိုက်ရပါတယ်။

www.burmeseclassic.com

ကျွန်မတို့ညီအစ်မနှစ်ယောက်ဟာ ဆရာ့ထံတွင် လွန်ခဲ့သော ၂ နှစ်က ဗေဒင်လာ၍ ကြည့်ဖူးပါတယ်။ အဲဒီတုန်းက ကျွန်မတို့ကို ဆရာက 'ငွေသုံးရာ၊ သုံးထောင်၊ သုံးသောင်း အလိမ်ခံရကိန်း ရှိတယ်။ ဦးလေး၊ ဘကြီးတို့နှင့် စကားပြောရလိမ့်မယ်။ ရပ်ဝေးမှ မကောင်းသတင်း ကြားရလိမ့်မယ်။ ကုန်ခြောက်လုပ်ငန်းနှင့် စီးပွားရေး အကျိုးပေးလိမ့်မယ်'လို့ ဟောခဲ့ပါတယ်။ ဆရာရဲ့ဟောပြောချက်ဟာ သွေးထွက်အောင် မှန်ကြောင်း နောက်တော့ တွေ့လာရပါတယ်။

ကျွန်မတို့ညီအစ်မနှစ်ယောက်နဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးကို ဆန်အိတ်ဝယ်ဖို့ ငွေသုံးရာပေးလိုက်တာ ဟိုလိုလို ဒီလိုလိုနဲ့ ဒီနေ့အထိ ပြန်မရတော့ပါဘူး။ အညာက ဦးလေးတစ်ယောက်ကလည်း ကျွန်မတို့နေတဲ့ အိမ်ကိုရောင်းပြီး သူနဲ့အတူနေဖို့ ပြောပါတယ်။ ကျွန်မတို့က အိမ်မဲမြို့ကလွဲပြီး ဘယ်ကိုမှ မသွားဘူး။ ဒီအိမ်ကိုလည်း မရောင်းဘူးလို့ ပြောလိုက်ပါတယ်။

အဲဒီတုန်းက ကျွန်မတို့ညီအစ်မနှစ်ယောက်ဟာ ဦးလေးနဲ့ တော်တော်လေး စကားပြောလိုက်ရပါတယ်။ နောက်ဆုံးတော့ ကျွန်မတို့ညီအစ်မနှစ်ယောက်ကိုဦးလေးက စိတ်ဆိုးသွားပါတယ်။ အဲဒီဦးလေးလာတဲ့ လထဲမှာပဲ မြစ်ကြီးနားမှာရှိတဲ့ ကျွန်မတို့မောင်ဝမ်းကွဲတစ်ယောက် ရေနစ်ပြီးသေတယ်လို့ ကြားရပါတယ်။ ဆရာ ရဲ့ ဟောပြောချက်အားလုံးဟာ တစ်ခုပြီးတစ်ခု မှန်လာတာ တွေ့ ရပါတယ်။ ခုဆိုရင် ကျွန်မတို့ညီအစ်မဟာ အိမ်မဲဈေးထဲမှာ


BURMESE CLASSIC .com

ကုန်ခြောက်ဆိုင်ဖွင့်ထားတာ တော်တော်လေးအကျိုးပေးတယ်။ ပထမအထည်ဆိုင်ဖွင့်တုန်းကဆိုရင် အကျိုးမပေးတဲ့အပြင် အကြွေး တွေ ဝိုင်းပြီး အရှုံးပေါ်ခဲ့ပါတယ်။

ဒါပေမဲ့ ဆရာဟောလိုက်တဲ့အချက်တွေထဲမှာ ကျွန်မတို့ ဘဝင်မကျဖြစ်နေတဲ့ အချက်တစ်ချက် ရှိပါတယ်။ ဆရာက ကျွန်မတို့ညီအစ်မနှစ်ယောက်ကို 'ဧဝ ခုနှစ်ထဲမှာ အမွေရကိန်း ရှိတယ်' လို့ ပြောပါတယ်။ အဲဒီတုန်းက ကျွန်မတို့က 'ကျွန်မတို့ ငယ်ငယ်ကတည်းက အမေဆုံးသွားခဲ့ပါတယ်။ အဖေကတော့ လွန်ခဲ့တဲ့နှစ်ကတည်းက ဆုံးသွားတာပါ။ ကျွန်မတို့နေတဲ့ အိမ် တစ်လုံးကလွဲလို့ ဘာပစ္စည်းမှ အဖေဟာ ထားမသွားနိုင်ခဲ့ပါဘူး' လို့ ဆရာ့ကို ပြောပြပါသေးတယ်။ ဒါပေမဲ့ ဆရာက 'အဲဒါတွေ တော့ ကျုပ်မသိဘူး။ ခင်ဗျားတို့ ညီအစ်မနှစ်ယောက်လုံး ဒီနှစ်ထဲ မှာ မိဘရဲ့ အမွေရကိန်းရှိတယ်။ သိပ်အဖိုးတန်တဲ့အမွေပဲ။ ဒါပေမဲ့ အဲဒီအမွေကိုလည်း ခင်ဗျားတို့ ညီအစ်မနှစ်ယောက် ခံစားလိုက်ရ မှာမဟုတ်ဘူး' လို့ ဟောခဲ့ပါတယ်။ ကျွန်မတို့ညီအစ်မနှစ်ယောက် လည်း ဆရာရဲ့ဟောချက်ကို ဘဝင်မကျဖြစ်မိခဲ့တယ်။ ဘာဖြစ်လို့ လဲဆိုတော့ အဖေဟာ ကျွန်မတို့ငယ်ငယ်ကတည်းက ဘာအလုပ်မှ မည်မည်ရရမလုပ်ခဲ့ပါဘူး။ အမေကပဲ ဈေးထဲမှာ အထည်ဆိုင်ဖွင့် ပြီး စီးပွားရှာခဲ့ပါတယ်။

အဲ့ဒီတုန်းက အထည်ဆိုင်က ရောင်းကောင်းပေမဲ့ အဖေ အဂ္ဂိရတ်ထိုးလို့ စီးပွားမဖြစ်ခဲ့ပါဘူး။ အဖေ့ကို မနက်ဘက်



BURMESE CLASSIC .com

အညောင်းပြေ လမ်းထွက်လျှောက်တုန်းပဲ တွေ့လိုက်ရတယ်။ တစ်နေ့လုံး တစ်ညလုံး အခန်းထဲက မထွက်ဘဲ ဖိုထိုးနေတော့တာပါပဲ။ အမေဆုံးတုန်းက ကျွန်မတို့ညီအစ်မနှစ်ယောက်ဟာ ၁၀ နှစ်သမီးပဲ ရှိပါသေးတယ်။ ကျွန်မတို့ညီအစ်မနှစ်ယောက်ကို အဖေက ကျောင်းက နုတ်လိုက်ပြီး ကျွန်မကို အထည်ဆိုင်မှာ ရောင်းခိုင်းပါတယ်။ ညီမလေးကိုတော့ အိမ်မှာချက်ဖို့ပြုတ်ဖို့ ထားပါတယ်။ အဖေကတော့ အခန်းထဲကတောင်ထွက်ပြီး အညောင်းအညာပြေအောင် လမ်းထွက်မလျှောက်တော့ဘူး။ တစ်နေကုန် ဖိုထိုးနေတော့တာပါပဲ။

ထူးဆန်းတာကတော့ အဖေ့မှာ မိတ်ဆွေအပေါင်းအသင်း ဆိုလို့ တစ်ယောက်မှ မရှိတာပါဘဲ။ အခန်းထဲက မထွက်ဘဲ နှစ်နဲ့ချီပြီး ဖိုထိုးနေတော့ အိမ်နီးနားချင်းတွေကတောင် ရှိမှရှိသေးရဲ့လားလို့ မကြာခဏ မေးကြသေးတယ်။ ကျွန်မတို့ငယ်ငယ်ကတည်းက အဖေ့ရဲ့မိတ်ဆွေဆိုလို့ တစ်ယောက်မှလာလည်တာ မတွေ့ရပါဘူး။ ဆွေမျိုးတွေ လာလည်ရင်လည်း အဖေက ထွက်မတွေ့တာများတော့ အဖေ့ဘက်က ဘယ်ဆွေမျိုးမှ မလာတော့ပါဘူး။ ဒါပေမဲ့ တစ်နှစ်မှာ သုံးလေးခါလောက် စာတိုက်က ပါဆယ်ထုပ်ကြီးတွေ ရောက်လာတတ်ပါတယ်။ အဲဒီထဲမှာ ဘာတွေပါပြီး ဘယ်သူက ပို့ပို့နေတယ်ဆိုတာကိုလည်း ကျွန်မတို့ မသိရပါဘူး။ အဖေ့ကို မေးကြည့်တော့လည်း အဖေက ‘သမီးတို့နဲ့ မဆိုင်ပါဘူးကွယ်။ အဖေ့မိတ်ဆွေဆီက ပို့လိုက်တဲ့ ပစ္စည်းတွေ


BURMESE CLASSIC .com

www.burmeseclassic.com

ပါ’လို့ပဲ ပြောပါတယ်။ အဖေဟာ မဆုံးခင်တစ်နှစ်လောက်က စပြီး ထမင်းလည်း ထွက်မစားတော့ဘူး။ ရေလည်း ထွက်မသောက်ပါဘူး။ ကျွန်မတို့က ‘အဖေဘာဖြစ်လို့ ထမင်း မစားတာလဲ’လို့မေးတော့ အဖေက ‘အဖေ့အခန်းထဲမှာ အစားအသောက်တွေ ရှိပါတယ်ကွယ်။ သမီးတို့ အဖေ့အတွက် စိတ်မပူကြပါနဲ့’လို့ ပြန်ပြောပါတယ်။

ဒီလိုနဲ့နေလာကြတာ တစ်နေ့တော့ အဖေဟာ အခန်းထဲက ထွက်လာပြီး အိမ်ပေါ်ထပ်က ပြတင်းပေါက်နားမှာ ရပ်နေပါတယ်။ နောက်ပြီးတော့ မန်ကျည်းပင်ပေါ်ကိုကြည့်ပြီး တစ်ယောက်တည်း စကားပြောနေပါတယ်။ ကျွန်မတို့ညီအစ်မနှစ်ယောက်ဟာ အဖေတော့ စိတ်နောက်သွားပြီလို့ထင်ပြီး သိပ်စိုးရိမ်သွားပါတယ်။ အဖေ့နောက်ကနေပြီး မန်ကျည်းပင်ပေါ်ကို ကြည့်လိုက်တော့ အဲဒီမန်ကျည်းပင်ပေါ်မှာ ဇီးကွက်ကြီး တစ်ကောင် နားနေတာကို တွေ့ရပါတယ်။ ကျွန်မတို့အဖေဟာ အဲဒီဇီးကွက်ကြီးနဲ့ စကားပြောနေတာကိုး။ အဖေက ပြောလိုက် ဇီးကွက်ကြီးက အသံပြန်ပြုလိုက်နဲ့ နာရီဝက်လောက်ကြာမယ် ထင်တယ်။ ဒါပေမဲ့ အဖေပြောတဲ့စကားသံကို ကြားနေပေမဲ့ ဘာတွေပြောနေမှန်းကိုတော့ မသိဘူး။ အဲဒီ စကားသံမျိုးကို ကျွန်မတို့တစ်ခါမှ မကြားဖူးပါဘူး။

ပိုပြီးထူးဆန်းတာက အဲဒီအချိန် အိမ်မြှောင်တွေ စုတ်ထိုးလိုက်တာ တစ်အိမ်လုံးကို ဆူညံနေတာပါပဲ။ မျက်နှာကြက်ပေါ်

www.burmeseclassic.com

မော့ကြည့်လိုက်တော့ အိမ်မြှောင်တွေ အကောင်တစ်ရာကျော် လောက် ရှိလိမ့်မယ်ထင်တယ်။ ကျွန်မတို့အိမ်မှာ ဒီလောက်တောင် အိမ်မြှောင်တွေ မများပါဘူး။ ကျွန်မတို့တစ်သက်မှာတော့ အိမ်မြှောင်တွေ ဒီလောက်များများကို တစ်ခါမှမတွေ့ဖူးပါဘူး။ ပိုပြီးထူးဆန်းတာက ဖီးကွက်ဆိုတာ ညပိုင်းမှ ထွက်တယ်မဟုတ် လားဆရာ။ ဒါပေမဲ့ အဖေနဲ့စကားပြောနေတဲ့ ဖီးကွက်ကြီးကိုတော့ နေ့ခင်းဘက်မှာ ဘာကြောင့်တွေ့ရလဲဆိုတာကို ကျွန်မတို့ စဉ်းစား လို့ မရပါဘူး။ နာရီဝက်လောက်ကြာတော့ ဖီးကွက်ကြီးဟာ အသံပြုပြီးတော့ မန်ကျည်းပင်ပေါ်ကနေ အရှေ့ဘက်ကို ပြန်သွား တယ်။ အဖေကလည်း 'သာဓု…သာဓု…သာဓု' ဆိုပြီး သုံးကြိမ် ခေါ်လိုက်တယ်။

ကျွန်မတို့လည်းအဖေ့ရဲ့အခြေအနေကိုအကဲခတ်ပြီး ကြည့် နေကြတယ်။ အဖေကတော့ သူ့အခန်းထဲကို ပြန်မဝင်တော့ဘူး။ အခန်းတံခါးကို အပြင်ကနေ သော့နဲ့ခတ်လိုက်တယ်။ ပြီးတော့ ကျွန်မတို့ညီအစ်မနှစ်ယောက်ကို 'သမီးတို့ အဖေဒီနေ့ ဘုန်းကြီး ငါးပါးကို ဆွမ်းကပ်ချင်တယ်။ အချိန်မီ မြန်မြန်စီစဉ်ပေးကြပါ ကွယ်'လို့ ပြောပါတယ်။ ကျွန်မတို့လည်း ဈေးကိုသွားပြီး ချက်ပြုတ်စရာရှိတာတွေကို ဝယ်ခြမ်းချက်ပြုတ်ကြပါတယ်။ ကျွန်မတို့ညီအစ်မနှစ်ယောက် တောက်တိုမည်ရ ခေါ်ခိုင်းနေတဲ့ 'ခြံကူး'ဆိုတဲ့ ရေထမ်းသမားကို ဘုန်းကြီးကျောင်းလွှတ်ပြီး ဘုန်းကြီးငါးပါး ပင့်ခိုင်းလိုက်ပါတယ်။ ဒီလိုနဲ့ အဲဒီနေ့မှာပဲ


BURMESE CLASSIC .com

ဘုန်းကြီးငါးပါးကို ဆွမ်းကပ်လှူဒါန်းလိုက်ရပါတယ်။ အဖေ ကိုယ်တိုင်ပဲ ဘုန်းကြီးတွေကို ဆွမ်းကပ်ပါတယ်။ ဘုန်းကြီးတွေ ကျောင်းပြန်ကြွသွားတော့ အဖေက ကျွန်မတို့ညီအစ်မနှစ်ယောက် ကိုခေါ်ပြီး 'သမီးတို့ အဖေ့ရဲ့ ကျန်းမာရေးကတော့ သိပ်မကောင်း တော့ဘူး။ တကယ်လို့ အဖေသေသွားခဲ့ရင် အဖေ့အလောင်းကို မီးမသင်္ဂြိုဟ်ကြပါနဲ့။ အုတ်ဂူပဲသွင်းကြပါ။ အုတ်ဂူထိပ်နဲ့ ခြေရင်း မှာ တစ်လက်မပတ်လည် အပေါက်လေး ဖောက်ပေးပါ' လို့ ပြောပါတယ်။

ကျွန်မတို့ ညီအစ်မနှစ်ယောက်က အဖေတော့ စိတ်ဖောက် ပြန်သွားပြီလို့ပဲ ထင်ကြပါတယ်။ အဲဒီအချိန်မှာ အိမ်အောက်ထပ် ကနေ 'မအိမ်မြဲနဲ့ မအိမ်စောင့် လာခဲ့ကြဦးဟေ့' လို့ ခေါ်သံကြား တော့ ကျွန်မတို့ညီအစ်မနှစ်ယောက်လည်း အိမ်အောက်ထပ်ကို ပြေးဆင်းသွားကြပါတယ်။ အိမ်အောက်ထပ်ရောက်တော့ အိမ် တံခါးဝမှာ အရူးကြီးတစ်ယောက်ကို တွေ့ရပါတယ်။ အဲဒီအရူး ကြီးကို တွေ့လိုက်တော့ ကျွန်မတို့ ညီအစ်မနှစ်ယောက်လည်း ကြောက်လန့်ပြီး 'အဖေရေ·· အဖေရေ လာပါဦး' လို့ အော် ကြပါတယ်။ ဒါပေမဲ့ အဖေကတော့ အောက်ထပ်ကို ဆင်းမလာ ပါဘူး။ အရူးကြီးက ကျွန်မတို့ညီအစ်မနှစ်ယောက်မျက်နှာကို တစ်လှည့်စီကြည့်ပြီးတော့ 'ဟဲ့··အမြွာညီအစ်မ မသိသူကျော် သွား သိသူဖော်စား လူကြီးတွေစကား မမေ့ကြနဲ့' လို့ ပြောပြီး ပြန်ထွက်သွားပါတယ်။


BURMESE CLASSIC .com

www.burmeseclassic.com

အဲ့ဒီအရူးကြီးကို ကျွန်မတို့အိမ်မဲမြို့မှာ အရင်တစ်ခါမှ မမြင်ဖူးပါဘူး။ ပြီးတော့ ကျွန်မတို့ ညီအစ်မနှစ်ယောက်ရဲ့ နာမည်ကိုလည်း ဒီအရူးကြီးက ဘာကြောင့်သိနေတာလဲဆိုတာကိုလည်း တွေးမရအောင်ပါဘဲ။ ဒါနဲ့ ကျွန်မတို့ညီအစ်မနှစ်ယောက်လည်း အဖေ့ကို အကျိုးအကြောင်းပြောပြမလို့ အိမ်ပေါ်ထပ်ကိုတက်သွားတော့ အဖေဟာ ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်ပျော်နေပါတယ်။ ပထမတော့ ကျွန်မတို့က 'အဖေ..အဖေ' လို့ အသံပေးပြီး နှိုးကြည့်ကြပါသေးတယ်။ ဒါပေမဲ့ နိုးမလာတာနဲ့ လက်ကိုကိုင်ပြီး လှုပ်နှိုးကြပါတယ်။ နောက်ဆုံး နှိုးလို့မရတာနဲ့ စိတ်ထဲမှာ သင်္ကာမကင်းဖြစ်လာကြပါတယ်။

ဒါနဲ့ ကျွန်မတို့လည်း 'ခြံကူး' ကိုခေါ်ပြီး ဆရာဝန်ဆီလွှတ်လိုက်ပါတယ်။ အဲဒီအချိန်မှာ အိမ်နီးနားချင်းတွေလည်း ရောက်လာကြပါတယ်။ အိမ်နီးနားချင်းတွေကတော့ နင်တို့ အဖေ အသက်မရှိတော့ဘူးလို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ညီအစ်မနှစ်ယောက်က မယုံသေးပါဘူး။ ခဏကြာတော့ ဆရာဝန်ရောက်လာပြီး စမ်းသပ်ကြည့်ပါတယ်။ ဆရာဝန်က နှလုံးရောဂါနဲ့ ဆုံးသွားပြီလို့ ပြောမှပဲ ယုံပါတော့တယ်။ ဒါနဲ့ ကျွန်မတို့လည်း အဖေ့အလောင်းကို မီးမသင်္ဂြိုဟ်ဘဲ ဂူသွင်းမြှုပ်နှံလိုက်ကြပါတယ်။ အဖေမှာသွားတဲ့အတိုင်း အုတ်ဂူထိပ်နဲ့ ခြေရင်းမှာ အပေါက်လေးတစ်ပေါက်စီ ဖောက်ပေးပါတယ်။ ဘာ အဓိပ္ပာယ်မှန်းတော့ မသိပါဘူး။ အဖေဆုံးသွားတဲ့အချိန်က

စပြီး အဖေနေသွားတဲ့ အခန်းကို တစ်ခါမှ ဖွင့်မကြည့်မိခဲ့ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီအခန်းကိုဖွင့်ကြည့်ရင် အဖေ့ကို သတိရပြီး ငိုမိမှာစိုးလို့ပါပဲ။ တစ်ခါတစ်ခါတော့ အခန်းထဲက လမ်းလျှောက်သံတို့ ချောင်းသံတို့ကို ကြားရပါတယ်။ ကျွန်မတို့က အဖေမကျွတ်မလွတ်သေးဘူးလို့ ထင်နေကြပါတယ်။

ပြီးခဲ့တဲ့ လကတော့ ကျွန်မတို့ညီအစ်မနှစ်ယောက် ပျင်းပျင်းရှိတာနဲ့ ဟိုအကြောင်းဒီအကြောင်း ထိုင်စကားပြောရင်း ဆရာ့ရဲ့ ဗေဒင်အကြောင်းကို ရောက်သွားပါတယ်။ 'တို့ညီအစ်မနှစ်ယောက်ကိုတော့ ဆရာမင်းသိခ်က ဒီနှစ်ထဲမှာ မိဘရဲ့အမွေအနှစ်ရကိန်းရှိတယ်လို့ သေချာပေါက်ဟောထားတာပဲ။ အဖေများသူ့အခန်းထဲမှာ အဖိုးတန်ပစ္စည်းတွေများ ထားသွားသလားမသိဘူး။ တို့ကိုပြောဖို့ အချိန်မရလိုက်လို့နဲ့ တူတယ်' လို့ ကျွန်မတို့ ညီအစ်မနှစ်ယောက် စဉ်းစားကြည့်ကြတယ်။

အဲဒီအချိန်မှာ ရေထမ်းသမားခြံကူးရောက်လာတာနဲ့ အခန့်သင့် ဖြစ်သွားတယ်။ အခန်းသော့ကို ရှာမတွေ့တော့တာနဲ့ သော့ခလောက်ကို ဖွင့်ဖို့ 'ခြံကူး'ကိုပဲ အကူအညီတောင်းရတယ်။ 'ခြံကူး'က သော့ခလောက်ကို ရိုက်ဖျက်ပြီး ဖွင့်ပေးပါတယ်။ အခန်းတံခါးပွင့်သွားတော့ အခန်းထဲကို ကျွန်မတို့နှစ်ယောက် ဝင်ကြည့်ကြပါတယ်။ အဖေ့အခန်းထဲမှာ ကျွန်းသေတ္တာကြီးတစ်လုံးကလွဲလို့ ပစ္စည်းဆိုလို့ ဘာမှမရှိတော့ဘူး။ အိပ်ရာ၊ ခြင်ထောင်၊ ခုတင်တွေနဲ့ ငါမအိပ်ချင်ဘူး။ အင်္ကျီအဝတ်အစားတွေ

www.burmeseclassic.com

လည်း အထူးအထွေမလိုဘူး။ အပြင်ကို ထုတ်ထားလိုက်ဆိုလို့ အမေက ပြောတာနဲ့ အပြင်မှာထုတ်ထားပေးတာကတော့ ကြာပါပြီ။ ဒါပေမဲ့ အခန်းထဲမှာ အဖေ အဂ္ဂိရတ်ထိုးတဲ့ ဖားဖိုကြီးရယ်၊ လုံကွဲလုံပျောင်းတွေမရှိတော့တာကတော့ အံ့သြစရာသိပ်ကောင်းနေတယ်။ ဒါနဲ့ သော့ခတ်ထားတဲ့ ကျွန်းသေတ္တာကြီးကိုလည်း 'ခြံကူး'ကို သော့ခလောက်ဖျက်ခိုင်းပြီး ဖွင့်ကြည့်ကြပါတယ်။

အဲဒီကျွန်းသေတ္တာကြီးထဲမှာ အဖိုးတန်ပစ္စည်းဆိုလို့ ဘာမှ မတွေ့ရပါဘူး။ အဂ္ဂိရတ်အကြောင်းတွေမှတ်ထားတဲ့ မှတ်စုစာအုပ်တစ်အုပ်ရယ်၊ ပြာတွေထည့်ထားတဲ့ ပုလင်းလေးတစ်လုံးရယ်ပဲ တွေ့ပါတယ်။ ပထမတော့ ကိုယ့်အဖေရဲ့ပစ္စည်းဆိုပြီး အမှတ်တရ သိမ်းဆည်းဖို့ပါပဲ။ ဒါပေမဲ့ ရေထမ်းသမားခြံကူးက 'သူ အဂ္ဂိရတ်အကြောင်း လေ့လာချင်လို့ သူ့ကိုပေးဖို့' အတင်းတောင်းနေတာနဲ့ သူ့ကိုပဲ ပေးလိုက်တယ်။ အဲဒီခြံကူးဟာ လွန်ခဲ့တဲ့ငါးနှစ်လောက်ကတည်းက ကျွန်မတို့ရပ်ကွက်ထဲကိုရောက်လာပြီး အိမ်တွေကို ရေထမ်းရောင်းတယ်။ ညဘက်မှာတော့ ကင်းတဲမှာအိပ်တယ်။ အိမ်မဲ့ယာမဲ့ တစ်ကောင်ကြွက်တစ်ယောက်ပဲ။ စိတ်သဘောထားကောင်းပြီး ရိုးရိုးသားသားနေတော့ တစ်ရပ်ကွက်လုံးက သူ့ကို တောက်တိုမည်ရခေါ်ခိုင်းပြီး ကျွေးမွေးပေးကမ်းကြတယ်။

သူ့အသက်က ၄၀ လောက်ရှိမယ်ထင်တယ်။ ဥပဓိရုပ်ကလည်း သန့်သန့်ပြန့်ပြန့်ပါပဲ။ ရေထမ်းသမားဆိုပေမဲ့ ဗဟုသုတကတော့ တော်တော်စုံပုံရပါတယ်။ လူနုံလူဖျင်းတစ်ယောက်တော့


BURMESE CLASSIC .com

မဟုတ်ပါဘူး။ ဒါနဲ့ အဲဒီကိုခြံကူးဟာ အဖေထားခဲ့တဲ့ မှတ်စုစာအုပ်နဲ့ ပြာပုလင်းလေးကိုရတာနဲ့ ရွှေရသလို ထခုန်လိုက်တာ မပြောပါနဲ့တော့။ ကျွန်မတို့ညီအစ်မနှစ်ယောက်ကတော့ 'သူလည်း အဂ္ဂိရတ်ရူး'ပဲလို့ ပြောလိုက်ကြသေးတယ်။

ကိုခြံကူးဟာ အဲ့ဒီအချိန်ကစပြီး ကျွန်မတို့ကို နှုတ်ဆက်ပြီးထွက်သွားလိုက်တာ ဒီနေ့အထိ ပေါ်မလာတော့ဘူး။ အိမ်မဲမြို့မှာလည်း မတွေ့ရတော့ဘူး။ ထူးဆန်းတာက အဲဒီနေ့ညမှာ အဖေ သေခါနီးမှာလာသွားတဲ့ အရူးကြီးဟာ အိမ်ပေါက်ဝကိုရောက်လာပြီး ကျွန်မတို့ညီအစ်မနှစ်ယောက်ကို 'ဟဲ့ကောင်မတွေ မသိသူကျော်သွား သိသူဖော်စား လူကြီးစကား အလကားမဟုတ်ဘူး' လို့ ပြောပါတယ်။ ဒါနဲ့ ကျွန်မတို့လည်း ကြောက်တာနဲ့ သူ့ကို မောင်းထုတ်လိုက်ကြတယ်။ အရူးကြီးကတော့ ဖော်စားတဲ့ကောင် နောက်ကို လိုက်မယ် လိုက်မယ်ပြောပြီး ပြန်ထွက်သွားပါတယ်။

ပြီးခဲ့တဲ့အပတ်ကတော့ ကျွန်မတို့ညီအစ်မနှစ်ယောက်ဟာ ဆရာမင်းသိခ်ရဲ့ဟောချက်ကို ပြန်ပြီးစဉ်းစားကြတယ်။ ဒီနှစ်ထဲမှာ မိဘရဲ့အမွေအနှစ်ရမယ်။ ဒါပေမဲ့ မခံစားလိုက်ရဘူးဆိုတဲ့ အချက်ပါပဲ။ အဖေထားခဲ့တဲ့ မှတ်စုစာအုပ်နဲ့ ပြာထည့်တဲ့ပုလင်းလေးကို တွေးကြည့်မိတယ်။ အဖိုးထိုက်အဖိုးတန်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ရေထမ်းသမားခြံကူးက ဒီပစ္စည်းတွေကိုရတာနဲ့ရွှေရသလို ထခုန်တာကို တွေးကြည့်မိတော့ ကျွန်မတို့ မစဉ်းစားတတ်အောင် ဖြစ်လာတယ်။ ဒါကြောင့် ဆရာ့ဆီကို အကျိုးအကြောင်းအစုံ


BURMESE CLASSIC .com

အလင်စာရေးလိုက်ခြင်းဖြစ်ပါတယ်။ အဖေထားခဲ့တဲ့မှတ်စုစာအုပ်နဲ့ ပြာပုလင်းလေးက တော်တော်ပဲ အဖိုးတန်လို့လား။ အဲ့ဒီပစ္စည်းတွေက အဖိုးတန်တယ်ဆိုရင်တော့ ဆရာ့ဟောချက် သွေးထွက်အောင် မှန်နေပြီဆိုတာကို စာရေးလိုက်ပါတယ်။

လေးစားစွာဖြင့်
မအိမ်မြဲ၊ မအိမ်စောင့်
အိမ်မဲမြို့

◆

ကျွန်ုပ်သည် အထက်စာကိုဖတ်ရှုပြီးသောအခါ၌မူ 'အမြွှာညီအစ်မရေ…မင်းတို့အဖေထားခဲ့တဲ့ အဖိုးမဖြတ်နိုင်အောင် တန်ဖိုး ရှိတဲ့ ပစ္စည်းကတော့ ကိုခြံကူးလက်ထဲကို ရောက်သွားပြီ' လို့ အားမလိုအားမရဖြစ်ကာ ညည်းတွားလိုက်မိလေတော့သတည်း။

**(မှတ်ချက်။ ။ ဗဟုသုတနည်းပါးခြင်းသည်ကား လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားကို ယုတ်လျော့စေတတ်သောအကြောင်းတရားများအနက် တစ်ခုသော အကြောင်းတရားဖြစ်ပေသည်)**

◆

သဗ္ဗေသတ္တာ ကမ္မသကာ
**မင်းသိခ်**

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

# မုဆိုးကြီးဦးမိုးသီးနှင့် စိတ်စွမ်းအင်

ကျွန်ုပ်သည် မော်လမြိုင်မြို့သို့ သွားရောက်ကာ အတော်အတန်ကျယ်ပြန့်သားနားသော တိုက်ခန်းတစ်ခန်းကို ငှားရမ်းခဲ့လေသည်။

ကျွန်ုပ်ထံသို့ လက္ခဏာပညာကို စိတ်ဝင်စားသဖြင့် လာရောက်မေးမြန်းသော သူများ အတော်အတန်ရှိပေ၏။ အချို့မှာလည်း လက္ခဏာမေးမြန်းသည်ထက် လက္ခဏာပါ အရေးအကြောင်းများကို ၎င်းတို့ ဖတ်ဖူးသော၊ မေးမြန်းသော လက္ခဏာစာအုပ်ပါ အချက်အလက်များနှင့် လာရောက် ညှိနှိုင်းဆွေးနွေးသူများလည်း ရှိပေသည်။

www.burmeseclassic.com

ကျွန်ုပ်သည် တစ်နေ့တာအချိန်ကို လက်ရွေးဗတ်ခြင်း အလုပ်ဖြင့်သာ ကုန်လွန်ခဲ့ရပေသည်။ ညအချိန်များ၌မူ နေ့ခင်းက ဟောခဲ့ ပြောခဲ့သော ဟောပြောချက်များကို ပြန်လည်သုံးသပ်ခြင်း၊ မှတ်တမ်းမှတ်ရာ ပြုလုပ်ခြင်း စသည်များဖြင့်သာ အချိန်ကုန်လွန်ခဲ့ရပေသည်။

ည ၉ နာရီခန့်တွင် ညစာကို စားရ၏။ ညစာစားပြီးသော အခါ၌ ကျွန်ုပ်၏လက်ရွေးဗတ်ဆိုင်ရှေ့တွင် ပက်လက်ကုလားထိုင်လေးချကာ ထိုပက်လက်ကုလားထိုင်ပေါ်၌ အငြိမ့်သားထိုင်၍ ဆေးတံကို ဆေးဖြည့်ကာ ဆေးတံကိုဖွာရင်း အားလပ်ငြိမ်းချမ်းခြင်းအရသာကို ခံစားရလေတော့၏။

ဤသို့နေလာခဲ့ရာ တစ်လခန့်ကြာသောအခါ၌ ထိုအားလပ်ငြိမ်းချမ်းသော အချိန်များတွင် စကားစမြည်ပြောရန်အတွက် မိတ်ဆွေကောင်းတစ်ယောက်ကို ရရှိခဲ့လေသည်။ ထိုမိတ်ဆွေကောင်း၏ အမည်မှာ 'ဦးမိုးသီး' ဟူ၍ ဖြစ်လေသည်။ ၎င်း ဦးမိုးသီးသည် အသက် ၅၀ ကျော်ခန့် ရှိပြီဖြစ်၏။ အရပ် ၆ ပေခန့် ရှိ၏။ ၎င်း၏အသားအရောင်မှာ ပုန်းရည်ကြီးရောင်နှင့် တူ၏။ ၎င်း၏ ရင်အုပ်သည် ကျယ်၏။ လက်မောင်းအိုးသည် တုတ်ခိုင်၏။ ၎င်း၏ ဘိုင်ဆက်ခေါ် လက်မောင်းကြွက်သားသည်လည်း တောင့်တင်းလှပေ၏။ လက်ဖျံမှာ အရင်းကြီး၍ အဖျားရှူး၏။ သို့ရာတွင် ၎င်း၏ လက်ချောင်းများမှာမူ ခပ်သွယ်သွယ်ရှိလေ၏။ ထိုသို့ကြံ့ခိုင်ခြင်းနှင့်အတူ သွယ်လျခြင်းဖြစ်၏။


BURMESE CLASSIC .com

၄င်း၏ ရင်အုပ်သည် ကျယ်သည်ဟုဆိုခဲ့ပြီးဖြစ်၏။ သို့ရာတွင် ၄င်း၏ခါးမှာမူ သေးလှ၏။ ထို့ကြောင့် ဦးမိုးသည် ကိုယ်ကာယကို အချိုးကျအောင် လေ့ကျင့်ထားခြင်း ဖြစ်သည်။

ဦးမိုးသည် ဆံပင်အရှည်ထားပြီး သျှောင်တစောင်းထိုးတတ်သည်ဖြစ်ရာ ၄င်း၏ ကိုယ်ကာယတောင့်တင်းခြင်းနှင့် ၄င်း၏သျှောင်တို့သည် လိုက်ဖက်လှပေ၏။

ဦးမိုးကိုကြည့်ရသည်မှာ မြန်မာလူမျိုးဖြစ်ရသည့်အတွက် အကျအနဂုဏ်ယူနေဟန် ရှိလေ၏။ ဦးမိုး၏ အသက်မွေးဝမ်းကျောင်းအလုပ်မှာလည်း မုဆိုးဖြစ်လေ၏။ ဦးမိုးသည် ကျွန်ုပ်ထံသို့ ညတိုင်းလာရောက်၍ စကားစမြည်ပြောလေ၏။ ဦးမိုးသည်လည်း ကျွန်ုပ်ကဲ့သို့ပင် ဆေးတံသမား ဖြစ်လေ၏။ သို့ရာတွင် ကျွန်ုပ်က ဆေးတံအကောက်ကို နှစ်သက်၍ ဦးမိုးက ဆေးတံအဖြောင့်ကို နှစ်သက်၏။

ကျွန်ုပ်နှင့် ဦးမိုးတို့သည် ဆေးတံတစ်ဆုံစီဖွာကြပြီးနောက် စကားပြောကြလေသည်။ ဦးမိုးပြောသော အလှည့်၌ ကျွန်ုပ်သည် ဆေးတံဖွာ၍ နားထောင်၏။ ထို့အတူ ကျွန်ုပ်ပြောသော အလှည့်၌ ဦးမိုးက ဆေးတံခဲ၍ နားထောင်၏။ တစ်ခါတွင် ကျွန်ုပ်က…

“ဦးမိုးရယ်။ ခင်ဗျားက မုဆိုးကြီးအဖြစ်နဲ့ တိရစ္ဆာန်တွေကို သတ်ဖြတ်နေရတာ ကျုပ်ဖြင့် ခင်ဗျားအစား တုန်လှုပ်မိတယ်ဗျာ”

ဟု ပြောလိုက်ရာ ဦးမိုးက…

www.burmeseclassic.com

"ဘာကိုတုန်လှုပ်တာလဲဗျာ။ တိရစ္ဆာန်တွေက ရန်မူမှာကို တုန်လှုပ်တယ်လို့ပြောတာလား။ တိရစ္ဆာန်တွေကို သတ်ဖြတ်နေရတဲ့အတွက် အဲဒီလုပ်ငန်းဟာ စက်ဆုပ်ဖွယ်လုပ်ငန်းဖြစ်လို့မို့ တုန်လှုပ်တယ်လို့ ဆိုချင်တာလား။ ရှင်းရှင်းလုပ်စမ်းပါဗျာ"

ဟု ပြန်မေးလေ၏။

"ကျုပ်ဆိုချင်တာကတော့ ဒုတိယစကားပဲဗျာ။ ခင်ဗျားအလုပ်ကြီးဟာ ရွံရှာစက်ဆုပ်ဖို့ကောင်းတယ်လို့ပြောရမှာ အားနာလို့ မပြောတာဗျာ။ တကယ်တော့ ခင်ဗျားအလုပ်ဟာ မစွံပါဘူးဗျာ"

ဟု ကျွန်ုပ်က အားမနာတမ်းပြောလိုက်လေ၏။ ထိုအခါ ဦးမိုးက…

"ခေတ်မီတဲ့ လူတော်တော်များများဟာ သူတစ်ပါးရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ကို အပြစ်တင်လေ့ မရှိဘူးဗျာ။ ထားပါတော့လေ။ ခင်ဗျားက ရင်းနှီးတဲ့သဘောနဲ့ ပြောတာကိုး။ ဒါပေမဲ့ ကျုပ်လုပ်ငန်းကိုတော့ ကျုပ်က အတော်မှန်မြတ်တယ်လို့ ထင်နေတာဗျ။ လူတော်တော်များများဟာ ကိုယ့်အသက်ကို ချောင်ချောင်လေး မွေးနေကြရတယ်။ အန္တရာယ်မရှိတဲ့အလုပ်တွေ ရွေးပြီး လုပ်နေကြတယ်။ ကျုပ်က အဲဒီလို မလုပ်ချင်ဘူး။ အခက်အခဲတွေနဲ့ စွန့်စားပြီးမှ ကျုပ်ရဲ့ အသက်ကို မွေးချင်တယ်။ သူ့အသက်၊ ကိုယ့်အသက်လုပြီးရှာရတဲ့ ထမင်းကိုမှ စားချင်


BURMESE CLASSIC .com

တယ်။ အဲဒီထမင်းမှ ကျုပ်အဖို့ မြိန်တယ်လို့ထင်တာကိုးဗျ။ လက်နဲ့ တစ်ချက်ပုတ်မိရုံနဲ့ မျက်နှာတွေ ဆုတ်၊ အူပါပွင့်ထွက်သွားနိုင်တဲ့ ဝက်ဝံရဲ့လက်နှစ်ဖက်ကြားထဲမှာ ဝင်ပြီး ဝက်ဝံရဲ့နံရိုးတွေ ကျိုးအောင် ကျုပ်ရဲ့လက်သီးနဲ့ထိုးပြီး ဝက်ဝံကို အသေသတ်ခဲ့ပြီး သူ့အသားကို ဈေးမှာ ရောင်းတယ်။ သူ့အရေကိုဆုတ်ပြီး အိမ်ရာခင်းလုပ်ပြီး အိပ်တယ်။ အဲဒီလိုပဲ ကျားသစ်နဲ့ သတ်ခဲ့ရတာတွေ၊ ကျားနဲ့ သတ်ခဲ့ရတာတွေ အများကြီးပဲဗျ။ အဲဒီလို ရှာပြီးစားရတဲ့ ထမင်းကို ပိုပြီး မြိန်တယ်လို့ ထင်တယ်ဗျ။ ဒါပေမဲ့ အဲဒီအလုပ်တွေက စက်ဆုပ်ရွံရှာစရာကောင်းတဲ့ အလုပ်တွေလို့ ကျုပ်ကိုယ်တိုင် တစ်ခါမှမယူဆခဲ့မိဘူး။ ကျုပ်သတ်ခဲ့တဲ့ ဝက်ဝံကြီးနဲ့ပဲဖြစ်ဖြစ်၊ ကျားသစ်နဲ့ပဲဖြစ်ဖြစ်၊ ကျားကြီးနဲ့ပဲဖြစ်ဖြစ် တစ်ခါမှ ကျုပ်နဲ့သူတို့ဟာ ရန်ဖြစ်ခဲ့ဖူးတယ်လို့ မရှိခဲ့ဖူးပါဘူး။ သူတို့ဟာ ကျုပ်ရဲ့ ရန်သူတွေလည်း မဟုတ်ဘူး။ ဒါကြောင့် သူတို့အပေါ် ကျုပ်အနေနဲ့ အငြိုးအမှတ်တွေလည်း မထားခဲ့ပါဘူး။ သတ်စရာရှိလို့ သတ်လိုက်တာပါပဲ။ အဲဒီအပေါ်မှာ ကျုပ်အယူက ရှင်းပါတယ်။ တစ်ခုတော့ ရှိတာပေါ့ဗျာ။ ရန်ဖြစ်ဖူးမယ်။ စီးပွားလုပ်ဖက် ဖြစ်ခဲ့ဖူးမယ်။ ရည်းစားလုဘက် ဖြစ်ခဲ့ဖူးမယ်။ အဲဒီအပေါ်မှာ အငြိုးအမှတ်တွေ ထားခဲ့ဖူးမယ်။ ပြီးတော့မှ အခွင့်ကောင်း ရလို့သတ်တယ်ဆိုရင်တော့ အဲဒါဟာ မကောင်းမှုပဲဗျ။ ကျုပ်က ဒီလိုမဟုတ်ဘူး။ တောထဲမှာ ဟင်းရွက်ချိုး သွားတဲ့



BURMESE CLASSIC .com

www.burmeseclassic.com

လူဟာ သူလိုချင်တဲ့ ဟင်းရွက်ကိုတွေ့လို့ ချိုးလာသလို ကျုပ်က လည်း ကျုပ်လိုချင်တဲ့ သားကောင်ကိုတွေ့ရင် ပစ်ခတ်ဖမ်းဆီးခဲ့ တာပါပဲ။ ဒီ့ထက်ပိုပြီး ဘာမှမထူးပါဘူး''

ဟု ပြောလေ၏။

ကျွန်ုပ်၏မိတ်ဆွေ မုဆိုးကြီးဦးမိုးသည် ၎င်း၏ အသက် မွေးဝမ်းကျောင်းအလုပ်ကို အမွှမ်းတင်၍ ပြောဆိုနေသည်ဟုသာ ကျွန်ုပ်အနေနှင့် ယူဆမိတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ထို အကြောင်းအရာများကို ဆက်လက်ဆွေးနွေးပြောဆိုခြင်းမပြုတော့ ဘဲ စကားလမ်းကြောင်းကိုလည်း လွှဲပစ်လိုက်သည်။ ထို့ကြောင့် ကျွန်ုပ်က...

''ဦးမိုးရယ်။ ဒါတွေ ထားလိုက်ပါတော့ဗျာ။ ခင်ဗျား တောထဲတောင်ထဲကို နေ့ရောညရော ဒီလောက်တောင် သွားနေရ တာ တစ္ဆေသရဲအခြောက်ခံရတယ်လို့ ရှိဖူးပါသလားဗျာ''

ဟု မေးလိုက်လေ၏။

ကျွန်ုပ်သည် သရဲတစ္ဆေကို ယုံကြည်၍ မဟုတ်။ တမင် တကာ စကားလမ်းကြောင်းပြောင်းပစ်လို၍ဖြစ်၏။ ထိုအခါ ၎င်း ဦးမိုးက...

''ကျုပ်အနေနဲ့တော့ တစ္ဆေသရဲအခြောက်ခံရတယ်လို့ တော့ ရှိဖူးပေါင်ဗျာ။ ဒါပေမဲ့ တောပစ်သွားရင်း တောခေါင်းသမီး လေး သရဲပူးတာ တွေ့ဖူးလေရဲ့။ ပြောတာကတော့ သရဲပူးတာပဲ။


BURMESE CLASSIC .com

ဒါပေမဲ့ မိန်းကလေးဆိုတော့ သွေးလေချောက်ချားတာလည်း ဖြစ်နိုင်တာပဲ''

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က…

''ငန်းဖမ်းတာတွေ၊ သွေးလေချောက်ချားတာတွေ မပြောနဲ့တော့ဗျာ။ သရဲပူးတာပဲ ပြောပါ။ ခင်ဗျားမယုံပေမဲ့ ကျုပ်က ယုံတယ်''

ဟု ဖွတ်အတင်းပြောခိုင်းလေ၏။ ထိုအခါ ဦးမိုးက…

''ရိုးမတောစပ်မှာဗျ။ တောခေါင်းကြီးနာမည်က ဦးသာဒင်တဲ့။ သူ့သမီးလေးနာမည်က မယ်လှတဲ့။ တိုတိုပြောရရင် သရဲပူးရောဂါဆိုပါတော့ဗျာ။ အဲဒီမှာ တောခေါင်းဦးသာဒင်ကြီးက 'ငါ့သမီးကိုယ်ထဲမှာ ဝင်ပူးနေတာ ဘယ်သူလဲ' လို့ ခပ်ငေါက်ငေါက်လေသံနဲ့ မေးလိုက်တယ်။ အဲဒီမှာ မယ်လှကိုဝင်ပူးနေတဲ့ သရဲက 'ကျုပ် ရွာစောင့်ပဲ။ ကျုပ်ကို ငါးကြော်နဲ့ ထမင်းကျွေးရမယ်။ မကျွေးရင် ခင်ဗျားသမီးရဲ့အသက်ကို နုတ်သွားရမယ်' လို့ ပြောတော့တာကိုး။ အဲဒီတော့ တောခေါင်းဦးသာဒင်ကြီးက 'သြော်…ငါးကြော်စားချင်လို့ ဟုတ်လား။ သရဲရေ မင်းကိုကျွေးဖို့နေနေသာသာ ငါတောင် ငါးကြော်မစားရတာ သုံးနှစ်ရှိပြီ။ ခပ်ချောင်ချောင်နဲ့ ငါးကြော်စားရမယ့်နေရာရှိရင် ငါ့ကိုလည်းပြောပါ။ မင်းလို သရဲပဲဖြစ်ရဖြစ်ရ ဖြစ်ချင်စမ်းပါဘိ' လို့ ပြောလိုက်တယ်။ အဲဒီအခါမှာ ပူးကပ်နေတဲ့ သရဲက အတော်စိတ်ညစ်သွား


BURMESE CLASSIC .com

www.burmeseclassic.com

ပုံရပြီး သူ့ပါးကို သူ့လက်နဲ့ တဖြန်းဖြန်းရိုက်တော့တာပဲ။ အဲဒီလို ရိုက်ပြီးတော့ သရဲက ဘာပြောသလဲဆိုတော့ 'ကျုပ် မိုက်တယ်။ ကျုပ်မိုက်တယ်။ ကျုပ်ဆရာ သရဲကြီးက အတန်တန်မှာပါတယ်။ တို့သရဲထက် ဝတ်တဲ့ကောင်တွေဆီ ဘယ်တော့မှဝင်မပူးနဲ့ဆိုတာ။ ကျုပ်က ဝင်ပြီး ပူးမိတာကိုး။ ထားပါတော့လေ။ ငါးကြော်မကြွေး ရင်လည်း နေပါ။ ငွေအစိတ်လောက်တော့ ပေးပါ။ မပေးရင် တော့ ခင်ဗျားသမီးအသက်ကို နုတ်သွားရမှာပဲ' လို့ ပြောပြန် တယ်။ အဲဒီတစ်ခါမှာတော့ တောခေါင်းကြီးဦးသာဒင်ကြီးက 'စောစောကအထိ ရဲအရေးမပိုင်သေးဘူး။ အခုတော့ ငွေညှစ်မှု၊ ခြိမ်းခြောက်မှုနဲ့ အမှုဖွင့်လို့ ရပြီ။ ဒီအမှုဟာ အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ဆယ်နှစ် ကျနိုင်တယ် သရဲရဲ့' လို့ ပြောလိုက်တယ်။ အဲဒီအခါမှာ သရဲက သူ့ပါးကို သူ့လက်ဝါးနဲ့ တဖြန်းဖြန်းရိုက်ပြန် တယ်။ 'ကျုပ်မှားတယ်။ သိပ်ကို မှားတယ်။ ကျုပ်ဆရာ သရဲကြီး က အတန်တန် မှာလိုက်ပါတယ်။ ဥပဒေနားလည်တဲ့ အိမ်ကို ဝင်ပြီး မပူးနဲ့ဆိုတာကို ကျုပ်က ဝင်ပြီး ပူးမိတာကိုး။ ကဲ… ကျုပ်သွားမယ်။ စိတ်မဆိုးပါနဲ့' လို့ဆိုပြီး သရဲထွက်သွား တော့တာပဲ"

ဟု ထူးဆန်းသော သရဲပူးခြင်းအကြောင်းကို ပြောပြလိုက် ရာ ကျွန်ုပ်သည် ၎င်း၏ သရဲပုံပြင်ကို မကြောက်သည့်အပြင် 'တဟားဟား' ရယ်ရလေတော့၏။ ထို့ကြောင့် ကျွန်ုပ်က…

"ဦးမိုးရယ် ခင်ဗျားဟာကလည်း ဟုတ်ရဲ့လားဗျာ"


BURMESE CLASSIC .com

ဟု ပြောလိုက်ရာ မုဆိုးကြီးဦးမိုးက…

"ကျုပ်တွေ့ဖူးတာ ကျုပ်ပြောတာပဲ။ အစကတည်းက ကျုပ် စကားခံထားတယ်လေ။ သွေးလေ ချောက်ချားတာလား။ ငန်းဖမ်းပြီး ကယောင်ကတမ်းဖြစ်တာလား မသိဘူးလို့"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ဦးမိုး၏ စကားလမ်းကြောင်း ပြောင်းရန် သရဲပုံပြင်ကြောင့် စကားစလည်း ပြတ်၍ သွားလေ၏။

ထို့ကြောင့် ကျွန်ုပ်က…

"နေပါဦး ဦးမိုးရဲ့။ တိရစ္ဆာန်တွေက သူတို့ရဲ့သားကောင်ကို သူတို့ညို့ပြီး ဖမ်းယူစားသောက်နိုင်တယ်ဆိုတာ အဟုတ်ပဲလား ဗျာ"

ဟု မေးလိုက်လေ၏။

"တိရစ္ဆာန်မှာ တိရစ္ဆာန်သံလိုက်ဓာတ်တစ်မျိုးရှိတယ်ဗျ။ ပြီးတော့ တိရစ္ဆာန်တွေမှာ သဘာဝက ပေးထားတဲ့ ညို့နိုင်စွမ်းရည် လည်း ရှိတယ်ဗျ။ စာကလေးဟာ ကြောင်ရဲ့မျက်လုံးနဲ့ မဆိုင်မိ မချင်း လွတ်အောင် ပျံနိုင်ပါတယ်ဗျာ။ ဒါပေမဲ့ မျက်လုံးချင်းဆုံမိ ရင်တော့ စာကလေးဟာ ကြောင့်ရဲ့ အညို့ခံရပြီး မပျံနိုင်တော့ဘူး ဗျို့"

ဟု မုဆိုးကြီးက ပြောလိုက်လေ၏။

"အင်း…ခင်ဗျားတို့မုဆိုးတွေကရော အဲဒီတိရစ္ဆာန်တွေနဲ့ ရင်ဆိုင်မိတဲ့အခါမှာ ဘယ်လိုလုပ်ကြမှာတုံး"

www.burmeseclassic.com

ဟု ကျွန်ုပ်က မေးလိုက်ရာ မုဆိုးကြီးဦးမိုးက သူ၏ ဆေးတံမှ ဆေးကြွင်းဆေးကျန်များကို ခေါက်ချရင်း…

“လူမှာလည်း သံလိုက်ဓာတ်ရှိတာကိုး မိတ်ဆွေရ”

ဟု ပြောလိုက်လေ၏။ ထို့နောက် ၎င်း၏ဆေးတံအိုးတွင်း ဆေးအသစ်ထည့်၍ ထပ်မံရှိုက်ဖွာစဉ်၌မှာပင် ကျွန်ုပ်အခန်း၏ တစ်ခန်းကျော်မှ ကြောင်လေးတစ်ကောင်သည် ကျွန်ုပ်တို့အနီးသို့ ရောက်ရှိလာပြီးလျှင် မုဆိုးကြီးဦးမိုးအား မော့ကြည့်ပြီး ‘ညောင်’ဟု အော်လိုက်လေ၏။

မုဆိုးကြီးဦးမိုးလည်း ကြောင်လေးအား ပြန်၍ကြည့်လိုက်လေ၏။ ကြောင်ကလေး၏ မျက်လုံးသည် ရွေ့လျားခြင်းမရှိဘဲ ငြိမ်၍နေလေ၏။ ထို့နောက် တဖြည်းဖြည်းချင်း ဝေး၍ မေးစေ့ကို ကြမ်းပြင်၌ကပ်ကာ မျက်စိမှိတ်သွားလေတော့၏။

ကျွန်ုပ်၏စိတ်၌ ဦးမိုးဆိုသည့် လူကြီးသည် ကျွန်ုပ်အား အစွမ်းပြလိုက်သည်ထင်မှတ်ကာ မချင့်မရဲဖြစ်သွားလေတော့၏။ ထို့နောက်…

“ကြောင်မို့လို့ ရတာပေါ့ဗျာ။ ခွေးဆိုရင် ဒီလူကြီး လုပ်လို့ရမှာ မဟုတ်ပါဘူး”

ဟု ကျွန်ုပ်၏စိတ်၌ တွေးထင်မိလေတော့၏။ ထိုအချိန်၌မှာပင် အိမ်အပြင်ဘက်မှ ခွေးတစ်ကောင်ဝင်လာလေတော့၏။ ထိုအခါ ဦးမိုးက ‘တက်’တစ်ချက်ခေါက်လိုက်ရာ ထိုခွေးသည် ဦးမိုးအား မော့၍ကြည့်လိုက်လေ၏။


BURMESE CLASSIC .com

ထို့နောက် ခွေးသည် ရှေ့သို့တိုးမလာဘဲ ရပ်၍နေလေ၏။ ခွေး၏မျက်လုံးများသည် ငြိမ်၍သွားလေ၏။ ထိုအခါ ကျွန်ုပ်က..

"ဦးမိုးရယ်။ ခင်ဗျား အဲဒီဥစ္စာတွေက တမင်တကာ လေ့ကျင့်ထားတာလား။ မွေးကတည်းက ပါလာတာလား"

ဟုမေးလိုက်လေ၏။

"အဲဒီစွမ်းရည်ဟာ လူမှာ မွေးရာပါပဲဗျာ။ ဒါပေမဲ့ လေ့ကျင့်မှ အသုံးချလို့ရတာမျိုးဗျ"

ဟု ဦးမိုးက ပြောလေတော့၏။

"အဲဒီလိုဆိုရင် လေ့ကျင့်နည်းလေး မပြောနိုင်ဘူးလား ခင်ဗျာ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးမိုးက...

"အကောင်းဆုံး လေ့ကျင့်နည်းကတော့ မိမိနာမည်ကို အင်္ဂလိပ်ဂဏန်းသင်္ချာနည်းနဲ့ ကိန်းဖွဲ့ပြီး စပြီးကျင့်ရမယ့် ရက်ကို ရှာရတယ်ဗျ"

ဟု ပြောလိုက်လေ၏။

"မိမိနာမည်ကို အင်္ဂလိပ်ဂဏန်း သင်္ချာနည်းနဲ့ ကိန်းဖွဲ့တယ်ဆိုတာက ဘယ်လိုလုပ်ရမှာလဲ ဦးမိုးရဲ့"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။ ထိုအခါ ဦးမိုးက...

"အေ-ဘီ-စီ-ဒီ တွေကို ဟောဒီလို တန်ဖိုးတွေ သတ်မှတ်ထားတယ်ဗျ။



BURMESE CLASSIC .com

www.burmeseclassic.com

A,I,J,Q,Y,X ........... ၁

B,K,R ................. ၂

C,G,L,S .............. ၃

D,M,T ................. ၄

E,H,N ................. ၅

U,V,W ................. ၆

O,Z.................... ၇

F,P.................... ၈

ဟု ပြောလိုက်လေ၏။

“အဲဒီလိုတန်ဖိုးတွေ သတ်မှတ်ထားပြီး ဘယ်လိုလုပ်ရမှာတုံး ဦးမိုးရဲ့”

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

“အဲဒီတော့ နာမည်ကို အားလုံးပေါင်းပြီး ရတဲ့ဂဏန်းတွေ အားလုံးပေါင်းပြီး ကိန်းဂဏန်းတစ်ခုတည်းရအောင် ဖွဲ့လိုက်တာပေါ့ဗျာ။ ဥပမာ ‘မင်းစိန်’ဆိုတဲ့ လူတစ်ယောက်ဆိုပါတော့။

| Min | Sein |
|---|---|
| 4 1 5 | 3 5 1 5 |
| 4 + 1 + 5 = 10 | 3 + 5 + 1 + 5 = 14 |

10 + 14 = 24 = 2 +4 = 6

'မင်းစိန်' ဆိုတဲ့ နာမည်ဟာ '၆' ဂဏန်းရတယ်ပေါ့ဗျာ"
ဟု ဦးမိုးက ပြောလိုက်လေ၏။

"ခြောက်ဂဏန်းရတော့ ဘယ့်နှယ်လုပ်ရမှာတုံး"
ဟု ကျွန်ုပ်က မေးလိုက်ပြန်လေ၏။

'အဲဒီဂဏန်းနဲ့ သက်ဆိုင်တဲ့နေ့တွေ ရှိတယ်ဗျ။ အဲဒီနေ့တွေမှာ စတင်လေ့ကျင့်ရမှာပေါ့ဗျာ။

| | |
|---|---|
| (၁ + ၄) ရတဲ့ လူက | တနင်္ဂနွေနေ့ |
| (၂ + ၇) ရတဲ့ လူက | တနင်္လာနေ့ |
| (၉) ရတဲ့လူက | အင်္ဂါနေ့ |
| (၅) ရတဲ့လူက | ဗုဒ္ဓဟူးနေ့ |
| (၃) ရတဲ့လူက | ကြာသပတေးနေ့ |
| (၆) ရတဲ့လူက | သောကြာနေ့ |
| (၈) ဂဏန်းရတဲ့လူက | စနေနေ့ |

ပေါ့ဗျာ။ အဲဒီနေ့မှာ စပြီးလေ့ကျင့်ရမယ်။ အဲဒီနေ့ဟာလည်း လဆန်းရက်ရဲ့ ပထမရက်သတ္တပတ်အတွင်းမှာ ပါဝင်စေရမယ်"
ဟု ဦးမိုးက ပြောလေ၏။

"ဟုတ်ပါပြီတဲ့ဗျာ။ ကျင့်ပုံကျင့်နည်းကလေး ရှင်းစမ်းပါဦး"


BURMESE CLASSIC .com

www.burmeseclassic.com

ဟု ကျွန်ုပ်က မေးလိုက်လေ၏။ ထိုအခါ ဦးမိုးက…

“ကျင့်ပုံကျင့်နည်း အထူးမရှိပါဘူးဗျာ။ အဲဒီနေ့ည သန်းခေါင်ကျော်ရင် အိမ်အပြင် အိမ်အမိုးနဲ့ လွတ်ရာကိုထွက်ပြီး အနောက်စူးစူးကို မျက်နှာမူပြီး မျက်စိမှိတ်ပြီး ထိုင်နေရမယ်။ ထိုင်တာကတော့ တင်ပျဉ်ခွေချိတ်ပြီး ထိုင်ရင် အကောင်းဆုံးပဲ။ ထိုင်နေတဲ့ ဘေးပတ်ပတ်လည်မှာ အမွှေးတိုင်ထွန်းထားရမယ်။ ထွန်းထားရမယ့်အရေအတွက်ကတော့ မိမိနာမည်နဲ့တွက်ပြီး ရတဲ့ ဂဏန်းအရေအတွက်အတိုင်း ထွန်းထားရင် ပိုပြီးသဘာဝကျပါတယ်။ ထိုင်နေရင်း ကြာလာတော့ မျက်စိထဲမှာ မီးရောင်လက်သလိုလို၊ လက်နှိပ်ဓာတ်မီးနဲ့ ထိုးလိုက်သလိုလို ခံစားရမယ်။ ကြက်သီးတွေ ထလာမယ်။ မည်းခနဲ မှောင်ခနဲ အရိပ်ကျသလို ဖြစ်လာမယ်။ ကြောက်ပြီးထမပြေးဖို့ အရေးကြီးပါတယ်။ ကျန်တဲ့ လေ့ကျင့်ခန်းတွေ၊ သင်ခန်းစာတွေက ကျုပ်ပြောပြဖို့မလိုပါဘူးဗျ။ ပြမယ့်ဆရာတွေ ရောက်လာပါလိမ့်မယ်။ ဒီနည်းနဲ့ ခပ်ဆင်ဆင်တူတဲ့ နည်းကို စစ်မဖြစ်ခင်ကတည်းက ဆရာကြီးနတ္တလင်းဆရာဖြိုးက သူ့ရဲ့ စိတ်ပညာအလင်းပြကျမ်းမှာ ပါရှားမဟိဒ္ဓိပညာအဖြစ်နဲ့ ဖော်ပြဖူးပါတယ်။ လေးစားစရာကောင်းတဲ့ အဲဒီဆရာကြီး နတ္တလင်းဆရာဖြိုးက သူ့ရဲ့ စိတ်ပညာအလင်းပြကျမ်းမှာ ‘က’ နာမည်ဂဏန်းဖွဲ့တဲ့ နေရာမှာ အင်္ဂလိပ်စာလုံးကို အသုံးမပြုဘဲ မြန်မာဗျည်းသရတွေနဲ့ အသုံးပြုထားတာတွေ့လို့ အံ့သြဖွယ်ရာ တွေ့ရပါတယ်။ ကျုပ်အခု ပြောတဲ့နည်းကတော့ သစ်တောဘက်


BURMESE CLASSIC .com

က တောခေါင်းကြီးဦးသာဒင်ကြီးရဲ့နည်းပေါ့ဗျာ။ ဘယ်လိုအစွမ်း ထက်တယ်ဆိုတာကတော့ ထည့်မပြောဘဲ ဆုံးခန်းတိုင်အောင် ကျင့်ဖူးတဲ့လူတိုင်း သိကြပါ့ဗျာ”

ဟု ပြောလိုက်လေတော့၏။

ထို့နောက် ကျင့်နည်းကို ကျွန်ုပ်ကိုယ်တိုင်စမ်းသပ်ခြင်းမပြု ဘဲ ကောလိပ်ကျောင်းသားလူငယ်နှစ်ဦးကို စမ်းသပ်စေခဲ့ရာ လူငယ်တစ်ဦးသည် အူကြောင်ကြောင်ဖြစ်၍ ကျန်တစ်ဦးမှာမူ ထိုကိစ္စနှင့်ပတ်သက်၍ အကောင်းအဆိုးမေးသည်ကိုပင် မဖြေ တော့ဘဲ ‘တော်တော့ဗျာ’ ဟုသာ ပြောလေတော့၏။

ထို့နောက် ကိုရင်ကြီးတစ်ပါးကို ကျွန်ုပ်က လေ့ကျင့်ရန် တိုက်တွန်းပြန်ရာ ထိုကိုရင်ကြီးမှာလည်း အိပ်ရာထဲတွင် သုံးလ ခန့် ဖျားသည့်တိုင်အောင် ရောဂါကုရဖူးသဖြင့် ဆက်လက် လုပ်ကိုင်ရန် ဆန္ဒမရှိတော့ကြောင်း သိရလေတော့၏။ သို့ရာတွင် ကျွန်ုပ်ထံ၌ လက္ခဏာပညာ လာရောက်ဆည်းပူးသော မူလတန်း ကျောင်းအုပ်ဆရာမကြီးတစ်ဦးအား ပင်စင်ယူပြီးသောအခါ၌ လေ့ကျင့်ရန် တိုက်တွန်းကြည့်ရာ ထိုဆရာမကြီးသည် ခြောက်လ ခန့်ကြာသောအခါ ကျွန်ုပ်အား တိုက်ပန်းကန်ပြားတစ်စုံ လာ ရောက်၍ ကန်တော့လေ၏။

“ဆရာ့ကျေးဇူးပဲ။ ဆရာ မပြောရင် အဲဒီနည်းကို ကျွန်မ ကျင့်ဖို့ မပြောနဲ့။ သိတောင် သိမှာမဟုတ်ဘူး။ အခုတော့ ကျွန်မ အတွက် အတော်ပဲ အကျိုးရှိပါတယ်”



BURMESE CLASSIC .com

www.burmeseclassic.com

ဟု ပြောလေ၏။ မည်သို့မည်ပုံ အကျိုးရှိကြောင်း မေးသောအခါ၌မူ ထိုဆရာမကြီးက…

“အဲဒါတော့ ပြောခွင့်မရှိလို့ သည်းခံပါရှင်”

ဟုသာ ပြောလေတော့၏။


ထို့ကြောင့် ထိုလေ့ကျင့်ခန်းအဆုံးသင်ခန်းစာမှာ မည်သို့မည်ပုံရှိသည်ကိုမူ ကျွန်ုပ်မှာ တပ်အပ်သေချာ ဖော်ပြနိုင်ခြင်း မရှိတော့ပါ။

◆

သဗ္ဗေသတ္တာ ကမ္မသကာ
မင်းသိခ်


BURMESE CLASSIC .com

www.burmeseclassic.com



# ဒေဝစက္ခု

တစ်နေ့သ၌ ကျွန်ုပ်သည် ငယ်သူငယ်ချင်းတစ်ဦးနှင့်အတူ ရောက်တတ်ရာရာစကားများကို ပြောဆိုရင်း ကန်တော်ကြီးစောင်း၌ လမ်းလျှောက်ခဲ့မိလေ၏။ ရွှေကြက်ယက်ကုန်းအနီးသို့ရောက်သောအခါ၌ လူသွားပလက်ဖောင်းပေါ်တွင် လှုပ်လှုပ်ရွရွဖြစ်နေသော လူအချို့ကိုတွေ့ရသဖြင့် ကျွန်ုပ်၏သူငယ်ချင်းက…

"ရန်ဖြစ်နေတယ် ထင်တယ်"
ဟု ပြောလေ၏။

"ရန်ဖြစ်တဲ့လက္ခဏာတော့ မဟုတ်ဘူးကွ။ မျက်လှည့်ဝိုင်းနဲ့ တူတယ်"

www.burmeseclassic.com

ဟု ကျွန်ုပ်က ပြန်၍ပြောရာ ကျွန်ုပ်၏သူငယ်ချင်းက…

"မျက်လှည့်ဝိုင်းဆိုရင် လှုပ်လှုပ်ရွရွမဖြစ်ဘူး။ ငြိမ်တယ် ကွ။ အခုဟာက လှုပ်စိလှုပ်စိနဲ့ပါလား"

ဟု ပြန်၍ပြောလေ၏။

ကျွန်ုပ်သည်လည်း ၎င်း၏ ပြောဆိုခြင်းကို ထောက်ခံခြင်း လည်း မပြု၊ ကန့်ကွက်ခြင်းလည်း မပြုဘဲ ငြိမ်၍ လိုက်လာခဲ့လေ ၏။ ဤသို့နှင့်ပင် ကျွန်ုပ်တို့နှစ်ဦးသည် ထိုလူစုအနီးသို့ ရောက်ရှိ သွားကြလေတော့၏။ ထိုနေရာသို့ရောက်ရှိသွားသည့်အခါကျမှပင် ကျွန်ုပ်ရော ကျွန်ုပ်၏သူငယ်ချင်းပါ မှားယွင်းခဲ့ကြောင်း သဘော ပေါက်ကြလေတော့၏။ အမှန်စင်စစ် ကျွန်ုပ်သူငယ်ချင်း ထင်မှတ် နေသကဲ့သို့ ရန်ဖြစ်နေကြခြင်းလည်း မဟုတ်။

လူတစ်ယောက်သည် ဖယောင်းပုဆိုးစကလေးကိုခင်း၍ ဖဲသုံးချပ်ပစ်ကာ ဒိုင်ခံနေခြင်း ဖြစ်၏။ ကျွန်ုပ်တို့ရောက်သွားသည့် အချိန်၌ ဖဲသုံးချပ်ဆရာသည် ဖဲချပ်ကလေးသုံးချပ်ကို ကျင်လည် စွာ ပစ်၍ ခင်းလိုက်လေ၏။ ဝိုင်းအုံကြည့်ရှုနေကြသူများလည်း မိမိတို့ထင်မှတ်ထားသော ဖဲကို ပိုက်ဆံများချထိုး၍ လောင်းကြ လေ၏။ ထိုအခါ ကျွန်ုပ်တို့နှင့်တစ်ပြိုင်တည်းလောက်တွင် ရောက် လာသော ကုလားအဘိုးကြီးတစ်ဦးသည် ကျွန်ုပ်အား တစ်ဆယ် တန်တစ်ရွက်ကို ထုတ်ပေးရင်း…

"ဗေတာ ဟိုဘက်အစွန်းက ဖဲကို ထိုးလိုက်ပါ"


BURMESE CLASSIC .com

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ကုလားအဘိုးကြီးပေးသော ငွေတစ်ဆယ်ကို ၄င်းပြောသည့်ဖဲချပ်၌ ထိုးပေးလိုက်၏။

ဖဲသုံးချပ်ဆရာသည် ဖဲချပ်များကိုလှန်လိုက်ရာ ကုလားအဘိုးကြီး၏ ဖဲချပ်၌ အမှန်ဖြစ်နေကြောင်း တွေ့ရသဖြင့် အခြားသူများ၏ ငွေကိုစား၍ ကုလားအဘိုးကြီးငွေကို လျော်လိုက်ရလေ၏။ ဖဲသုံးချပ်ဆရာသည် နောက်တစ်ကြိမ် ဖဲသုံးချပ်ကို ပစ်လှန်၏။ ကုလားအဘိုးကြီးကလည်း . . .

"ဗေတာ။ အလယ်က ဖဲချပ်မှာ အဲဒီငွေအားလုံးကို ထိုးလိုက်"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း အလယ်ဖဲချပ်မှာ ထိုးလိုက်ပြန်လေ၏။

ထိုအခါ၌လည်း အလျော်ရပြန်လေ၏။ နောက်တစ်ကြိမ် ဖဲသုံးချပ် ဝေပြန်၏။ ကုလားအဘိုးကြီးကလည်း ညာဘက်အစွန်ဆုံးကို ငွေလေးဆယ်စလုံး ထိုးလိုက်ဟုဆိုသဖြင့် ကျွန်ုပ်လည်း ထိုးခဲ့ပြန်၏။ ထိုအကြိမ်၌လည်း အလျော်ရပြန်သည်ဖြစ်ရာ ငွေရှစ်ဆယ်ရနေပြန်ပြီ ဖြစ်၏။ ဖဲသုံးချပ်ဆရာသည် ဖဲသုံးချပ်ကို ဝေပြန်၏။ ကျန်လူများသည် ဘေးနှစ်ဖက်၌ ငွေများချ၍ ထိုးကြ၏။ ဖဲသုံးချပ်ဆရာသည် ကုလားအဘိုးကြီးအား မော့၍ကြည့်ပြီးလျှင် . . .

"အရာကြီး ထိုးလေ"

www.burmeseclassic.com

ဟု ပြောလေ၏။

ထိုအခါ ကုလားအဘိုးကြီးက…

“ဗေတာ အလယ်က ဖဲချပ်ကို တစ်ဆယ့်ခြောက်ကျပ် ထိုးလိုက်”

ဟု ပြောသဖြင့် ကျွန်ုပ်လည်း ဆယ့်ခြောက်ကျပ် ချ၍ထိုး လိုက်လေ၏။

ထိုအခါ ဖဲသုံးချပ်ဆရာက…

“ဒါပဲလား။ ထိုးဦးလေ။ သံဒါပြန်”

ဟု ပြောလိုက်လေ၏။

“ငါထိုးလည်း မင်းမှာ လျော်စရာ မရှိတော့ပါဘူး။ ဟိုဘက်နှစ်အိမ်က စားရင် ငွေတစ်ဆယ်ရယ်၊ မင်းအိတ်ထဲက ခြောက်ကျပ်ရယ်ပေါင်းမှ ဆယ့်ခြောက်ကျပ်ပဲရှိမှာ”

ဟု ကုလားအဘိုးကြီးက ပြောလိုက်ရာ ဖဲသုံးချပ်ဆရာ က…

“အရာကြီး လာဖြီးမနေနဲ့”

ဟုဆိုကာ ဖဲကို လှန်လိုက်ရာ အလယ်ဖဲပင် အမှန်ရရှိ သဖြင့် ဖဲသုံးချပ်ဆရာသည် ဘေးမှငွေတစ်ဆယ်ကိုစား၍ ၄င်း


BURMESE CLASSIC .com

အိတ်ကပ်အတွင်းမှ ငွေခြောက်ကျပ်ကိုထုတ်ကာ ကျွန်ုပ်တို့အား လျော်ရလေ၏။ ထို့နောက် ဖဲသုံးချပ်ဆရာသည် ဖဲသုံးချပ်ကို ဝေပြန်လေ၏။ ထိုအခါ ကုလားအဘိုးကြီးက…

"ဗေတာ မထိုးနဲ့တော့။ ဒီကောင် ပိုက်ဆံမရှိတော့ဘူး"

ဟု ပြောလိုက်ရာ ဖဲသုံးချပ်ဆရာက…

"ဘာဖြစ်လို့ မရှိရမှာလဲ။ ဟောဒီ သားရေအိတ်ထဲမှာ"

ဟု ဆိုကာ သားရေအိတ်ကို ပုတ်ပြလေ၏။ ထိုအခါ ကုလားအဘိုးကြီးက…

"အဲဒီသားရေအိတ်ထဲမှာ ပိုက်ဆံတစ်ပြားမှမရှိဘူး။ အပေါင်လက်မှတ်နှစ်ခု ရှိတယ်။ နှစ်ခုစလုံး လုံချည်ပေါင်းထားတာ ချည်းပဲ။ ပြီးတော့ ဆေးရုံမှာဆေးထိုးတဲ့ လက်မှတ်တစ်ခု ရှိတယ်။ အဲဒါ ကာလသားရောဂါဖြစ်လို့ ဆေးထိုးရတာ။ နောက်တစ်ခုရှိသေးတယ်။လက်ပတ်နာရီပတ်ထားတဲ့ မိန်းမတစ်ယောက်ရဲ့ ဓာတ်ပုံ။ အဲဒီမိန်းမက လင်ရှိတယ်။ နင်နဲ့ တိတ်တိတ်ပုန်းညားနေတာ။ သူ့လင်က ဘုန်းကြီးလူထွက်"

ဟု ပြောလိုက်ရာ ကြားရလူအပေါင်းသည် ဓာတ်ဆီ၊ ဓာတ်ဆံပြက်လုံးကို နားထောင်လိုက်ရဘိသကဲ့သို့ 'ဝါး' ခနဲ ရယ်မောကြလေတော့၏။ ဖဲသုံးချပ်ဆရာလည်း လွန်စွာစိတ်ဆိုးပြီး မျက်နှာကြီးနီမြန်းလျက်…



BURMESE CLASSIC .com

www.burmeseclassic.com

"အမျိုးယုတ်ကြီး။ ပြောတဲ့အတိုင်း မဟုတ်ရင်တော့ အသေပဲ"

ဟု ကြိမ်မောင်းလေတော့၏။

"ငါပြောတဲ့အတိုင်းမဟုတ်ရင် မင်းက ငါ့ကို သတ်ဖို့ မလိုပါဘူး။ ဟောဟိုကန်ထဲမှာ ငါ့ဟာငါ ခုန်ဆင်းပြီး သေလိုက်မယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဘေးမှ လူများက...

"လုပ်စမ်းပါဗျာ။ လုပ်စမ်းပါ။ ခင်ဗျားအိတ်ဖွင့်ပြစမ်းပါ။ သူပြောတာ ဟုတ်မဟုတ်သိရတာပေါ့"

ဟုဝိုင်းဝန်းပြောဆိုကြ၏။ သို့ရာတွင် ဖဲသုံးချပ်ဆရာသည် အိတ်ကို မဖွင့်ဘဲ ကိုင်၍ထားလေ၏။ ထိုအခါ အနီးရှိ တရုတ်တစ်ဦးက ထိုဖဲသုံးချပ်ဆရာ၏ လက်အတွင်းမှ သားရေအိတ်ကို ဆတ်ခနဲဆွဲယူပြီးလျှင် ဖွင့်၍ အတွင်းမှပစ္စည်းများကို နှိုက်ထုတ်လိုက်ရာ အပေါင်လက်မှတ်နှစ်စောင်၊ ဆေးထိုးလက်မှတ်တစ်ခုနှင့် နာရီပတ်ထားသောလက်ကို မေးစေ့၌ထောက်ကာဓာတ်ပုံအရိုက်ခံထားသော မိန်းမတစ်ဦး၏ ဓာတ်ပုံ ထွက်၍လာလေ၏။ ထိုအခါ ကုလားအဘိုးကြီးက...


BURMESE CLASSIC .com

"အဲဒါ ဘုန်းကြီးလူထွက် မိန်းမ"

ဟု ပြောလိုက်ရာ ကြားရသူအပေါင်းသည် 'ဝါး'ခနဲ ရယ်မောကြလေ၏။ ကျွန်ုပ်တို့လည်း အပေါင်လက်မှတ်နှစ်စောင် ကိုကြည့်ရှုရာ မအူကုန်းအပေါင်ဆိုင်၌ လုံချည်များပေါင်ထားသော လက်မှတ်များဖြစ်ကြ၏။ ဆေးထိုးလက်မှတ်တစ်စောင်ကိုကြည့်ရှု ကြပြန်ရာ ကာလသားရောဂါရှိကြောင်း ဖော်ပြထားသော လွန်စွာ ရှုပ်ထွေး၍ လွန်စွာမှ ကြည့်ရဆိုးသည့် ဆရာဝန်၏ လက်ရေးကို တွေ့ရလေတော့၏။ ထိုအချိန်မှာပင် ကုလားအဘိုးကြီးသည် ထိုဖဲဝိုင်းမှ ထွက်ခွာသွားပြီဖြစ်၏။ ကစားသမားများလည်း ထို ကုလားကြီးအကြောင်းကို အမျိုးမျိုးအဖုံဖုံပြော၍ကျန်ခဲ့ကြလေ၏။ ထိုအခါ ကျွန်ုပ်သည် ကျွန်ုပ်၏သူငယ်ချင်းအနီးသို့ကပ်ကာ...

"သူငယ်ချင်း။ အဲဒီကုလားအဘိုးကြီးနောက် လိုက်သွား ကြရအောင်ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏သူငယ်ချင်းက...

"မလိုက်ချင်ပါဘူးကွာ။ ဘာမှန်းညာမှန်းမသိ"

ဟု ပြောလိုက်ကာ ငြင်းဆန်၍ နေလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် သူငယ်ချင်းအား ထားခဲ့ပြီးနောက် ကုလားအဘိုးကြီး ၏ နောက်သို့ သုတ်ခြေတင်၍လိုက်ခဲ့ရာ ဗဟန်းအုတ်လမ်းသို့ အရောက်၌ ကုလားအဘိုးကြီးကို မီလေတော့၏။ ထိုအခါ ကျွန်ုပ်က...



BURMESE CLASSIC .com

www.burmeseclassic.com

"ဘူဒါး…ဘူဒါး။ ခဏနေပါဦး"

ဟု အဓိပ္ပာယ်ရသော ဟိန္ဒူစတန်နီစကားဖြင့် ပြောလိုက်ရာ ကုလားအဘိုးကြီးသည် ကျွန်ုပ်အား လှည့်ကြည့်၍ ပြုံးပြလိုက်လေ၏။ ထိုအပြုံးမှာ နှစ်လိုဖွယ်ရာ ရှိ၏။ ကျွန်ုပ်၏ရင်၌ အေးချမ်းသွားစေ၏။ ထို့ပြင် ထိုအပြုံး၌ တစ်စုံတစ်ရာသော အကြောင်းရပ်တွင် ကျွန်ုပ်အား သရော်နေဟန်လည်း ရှိ၏။ အံ့အားလည်း သင့်စေ၏။ ရှုံ့တွန့်တွန့်လည်းဖြစ်စေ၏။နွေးထွေးစွာ ကြိုဆိုနေဟန်လည်း ပါ၏။ ထိုအပြုံးတစ်မျိုးတည်း၌ပင် အမျိုးပေါင်းများစွာ ကွဲနေ၏။ ထိုသို့မဟုတ် အမျိုးပေါင်းများစွာ တစ်ပေါင်းတစ်စည်းတည်း ဖြစ်နေ၏။ ကျွန်ုပ်တစ်သက်တွင် ထိုအပြုံးမျိုး တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသေးကြောင်း ဝန်ခံရပေမည်။

"မင်း ငါ့နောက်ကို လိုက်မှလိုက်ပါ့မလားလို့ စိတ်ပူနေမိတာ"

ကုလားအဘိုးကြီးက ကျွန်ုပ်ကိုပြောလိုက်လေ၏။

"မလိုက်လို့ ဘယ်ဖြစ်မလဲ ဘူဒါးကြီးရယ်။ ခင်ဗျား ပိုက်ဆံတွေ ကျန်ခဲ့တဲ့ ဥစ္စာ။ လိုက်ပြီးပေးရမှာပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကုလားအဘိုးကြီးက…

"မင်းလိုက်လာအောင် ငါက တမင်တကာ ထားပစ်ခဲ့တာ"


BURMESE CLASSIC .com

ဟု ဆိုကာ ကျွန်ုပ်အား အနီးရှိ ကုလားဘယာကြော်သည် ဆိုင်သို့ ခေါ်သွားပြီးလျှင် ဘယာကြော်သုတ်များ ကျွေးမွေးလေ၏။ ကျွန်ုပ်လည်း ဘယာကြော်သုပ်ကို မြိန်ယှက်စွာစား၏။ ထိုသို့ မြိန်ယှက်စွာစားရင်း...

"ဘူဒါးပညာက ဘယ်လိုပညာမျိုးတုံး။ အံ့ဩဖို့သိပ်ပြီး ကောင်းတာပဲ။ ကျွန်ုပ်တို့ကော သင်လို့မရဘူးလား"

ဟု မေးလိုက်ရာ...

"ငါလေ့လာထားတဲ့ပညာတွေအများကြီးထဲမှာ ဒီပညာက အသေးဆုံးပဲ။ အဆင်သင့်ရင် ရက်အနည်းငယ်ကျင့်လိုက်တာနဲ့ ရတဲ့ပညာမျိုးပဲ။ အဆင်မသင့်ရင်တော့ ခြောက်လ တစ်နှစ် ကြာချင်ကြာလိမ့်မယ်။ နောက်ဆုံးမှာတော့ ရတာချည်းပါပဲ"

ဟု ပြောလေ၏။

"ဘယ်လိုကျင့်ရတာလဲ။ ဘာပညာခေါ်သလဲ"

ဟု မေးလိုက်ရာ ကုလားကြီးက...

"မင်းကြားဖူးမလား မဆိုနိုင်ဘူး။ Crystal Gazing ခတ်ဖန်လုံးကြည့်တဲ့ ပညာလေ"

ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

"ကျုပ်မှာ ခါတ်ဖန်လုံးမှ မရှိဘဲ။ ဘယ်လိုလုပ်ကျင့်ရမှာလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ခါတ်ဖန်လုံးရှိရင်တော့ အကောင်းဆုံးပေါ့ကွာ။ မရှိရင်တော့ ရေတို့ မှန်တို့နဲ့ လေ့ကျင့်လည်း ရပါတယ်"

ဟု ကုလားအဘိုးကြီးက ပြောလေ၏။ ကျွန်ုပ်သည် ဘယာကြော်သုပ်ကို ဖွန်းဖြင့် အားရပါးရကော်၍ စားလိုက်ပြန်၏။ ထိုသို့စားပြီးနောက်...

"လူတိုင်းကျင့်ရင် ရသလား"

ဟု မေးလိုက်လေ၏။

"ရပါတယ်ကွ။ ဒါပေမဲ့ လူက နှစ်မျိုးနှစ်စား ရှိတယ်။ တစ်မျိုးက သင့်တော်တဲ့ လူ။ သင့်တော်တဲ့ လူက နည်းနည်းလေး ကျင့်လိုက်တာနဲ့ ရတယ်။ နောက်ဆုံးတော့ နှစ်ယောက်စလုံးရတာချည်းပါပဲ။ အေး...အဲဒါနဲ့ပတ်သက်လို့ ရှင်းပြရဦးမယ်။ သင့်တော်တဲ့ လူဆိုတာ အရပ်အမောင်းကောင်းရတယ်ကွ။ သူ့ပုံပန်းဟန်ပန်ကိုက တက်တက်ကြွကြွရှိတဲ့ လူမျိုး။ကိုယ်ခန္ဓာတည်ဆောက်ပုံက အရိုးအဆစ်တွေ ကြီးကြီးမားမားရှိရမယ်။ အသားအရောင်က ခပ်ညိုညိုဖြစ်ရမယ်။ မျက်နှာပုံပန်းသဏ္ဌာန်ကိုက


BURMESE CLASSIC .com

သူများနဲ့မတူဘဲခပ်ထူးထူးခြားခြားလေး ဂိုက်ကောင်းဆိုက်ကောင်း လူစားထဲကပေါ့ကွာ။ မသင့်တော်တဲ့လူဆိုတာကတော့ အသား အရေဖြူဖတ်ဖြူရော်၊ လူပုံပန်းသဏ္ဍာန်ကိုက ကုပ်ချောင်းချောင်းနဲ့။ စကားပြောလည်း မပွင့်တပွင့်နဲ့။ ဘာလုပ်လုပ် တက်တက်ကြွကြွ မရှိတဲ့ လူစားမျိုး။ မင်းနားလည်လွယ်အောင် ပြောရရင် ဂိုက်မကျ ဆိုက်မကျ၊ ပုံမကျပန်းမကျ လူစားမျိုးပေါ့ကွာ''

ဟု ကုလားအဘိုးကြီးက ပြောလိုက်လေ၏။

''ကောင်းပါပြီ ဘူဒါးကြီးရယ်။ ဘယ်လိုကျင့်ရမှာတုံး။ ပြောစမ်းပါဦး''

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

''ခတ်ဖန်လုံးရှိရင်တော့ ခတ်ဖန်လုံးပေါ့။ မရှိရင်တော့ ဖန်ခွက်ထဲကိုရေထည့်ပြီးရင် ကြည့်လည်း ရပါတယ်။ ဖန်ခွက်ကလည်း ထောင့်တွေ၊ ပန်းတွေ၊ အရုပ်တွေမပါတဲ့ ပြောင်ချောမှ ဖြစ်တယ်ကွယ့်။ အဲဒီခတ်ဖန်လုံးကိုပဲဖြစ်ဖြစ် ဖန်ခွက်ကိုပဲဖြစ်ဖြစ် ကိုယ့်ရှေ့စားပွဲပေါ်တင်ပြီး ကြည့်နေရုံပါပဲ။ ဒါပေမဲ့ တစ်ခုနား လည်ထားရမှာက အဲဒီဖန်ခွက်မှာ အရိပ်တွေ၊ အလင်းရောင်တွေ မဝင်ဖို့ဘဲ။ အဲဒီတော့ အကောင်းဆုံးနည်းလမ်းကတော့ လေ့ကျင့် မယ့်သူရဲ့ နောက်ကျောဘက်မှာ မီးလုံးထားပြီးကျင့်တာက အကောင်းဆုံးပဲ။ တစ်နေ့ကို ဆယ်မိနစ်၊ ဆယ့်ငါးမိနစ် ရေထည့်

www.burmeseclassic.com

ထားတဲ့ ဖန်ခွက်ကို တစိမ့်စိမ့်ကြည့်နေဖို့ပဲ။ နောက်တော့ တဖြည်းဖြည်း ကြည့်နေတဲ့ အချိန်ကို တိုးသွားရမယ်။ ကြည့်ပြီးတာနဲ့ ဖန်ခွက်က ရေကိုသွန်ပြီး အဝတ်သန့်သန့်နဲ့ ဖန်ခွက်ကိုခြောက်အောင် ပွတ်တိုက်ပစ်ရမယ်။ ပြီးတော့ အဲဒီဖန်ခွက်ကို ညအိပ်တဲ့အခါမှာ အဝတ်နဲ့ပတ်ပြီး ခေါင်းအုံးအောက်မှာ ထည့်အိပ်ရမယ်။ ကိုယ့်ရဲ့ကိုယ်ငွေ့ဓာတ်ငွေ့ ဖန်ခွက်ဆီကိုရောက်အောင်ပေါ့ကွယ်''

ဟု ကုလားအဘိုးကြီးက ပြောလိုက်၏။ ထိုအခါ ကျွန်ုပ်က...

''အဲဒီလိုကြည့်နေစဉ်အတွင်းမှာ ပါးစပ်က တစ်ခုခုရွတ်ဆိုဖို့ လိုသလား။ စိတ်က ဘယ်လိုထားရမှာလဲ''

ဟု မေးလိုက်ရာ ကုလားအဘိုးကြီးက...

''ဘာမှရွတ်ဖို့ မလိုဘူး။ စိတ်ကလည်း ဘယ်လိုမှ သဘောထားဖို့မလိုဘူး။ ဖန်ခွက်ကိုကြည့်ရုံလေးကြည့်နေတဲ့ သဘောပဲ။ အော်တိုဆာဂျက်ရှင်းလုပ်ပြီး တစ်ခုခုပေါ်လာတော့မယ်။ မကြာခင်ပေါ်လာတော့မယ်လို့ ပါးစပ်က နှုတ်ဆုံးသွင်းဖို့လည်း မလိုဘူး။ ရွတ်ဆိုဖို့လည်း မလိုဘူး။ကြည့်ခြင်းဆိုတဲ့ ကိစ္စတစ်ခုဟာ မြင်ခြင်းမှာ ပြည့်စုံသွားပြီပေါ့။ နောက်ထပ် အပိုဆာဒါးထည့်စရာ မလိုတော့ဘူး။ အဲဒီလိုကြည့်ရရုံကလေး ထိုင်ပြီးကြည့်နေရင်းနဲ့ပဲ ဖန်ခွက်ထဲကရေတွေဟာ အုန်းရည်တွေလို

နောက်လာလိမ့်မယ်။ ပြီးတော့ ဆန်ဆေးရည်တွေလို ပိုပြီးတော့ နောက်လာလိမ့်မယ်။ နောက်ပြီးတော့ ဖန်ခွက်ထဲကို မီးခိုးတွေ မှုတ်သွင်းထားသလို လှုပ်လှုပ်ရွရွတွေ ဖြစ်လာလိမ့်မယ်။ အဲဒီက နေ ပီပီသသကြီး ရုပ်ရှင်ပြသလို ကိုယ်ကြည့်ချင်တဲ့ အကြောင်း အရာတွေ ပေါ်လာလိမ့်မယ်။ နောက်တော့ ဖန်ခွက်တွေဘာတွေ မလိုတော့ဘူး။ ကိုယ်သိချင်၊ မြင်ချင်တာကို ကြည့်ရုံလေး ကြည့် လိုက်တာနဲ့ သိမြင်နိုင်တဲ့အစွမ်းတွေ ရရှိသွားတော့တာပါပဲကွာ"

ဟု ကုလားအဘိုးကြီးက ပြောလေ၏။

"လူတိုင်းရတာပဲလား ဘူဒါးကြီး။ လူတစ်ရာကျင့်ရင် တစ်ရာစလုံး ရတာပဲလား"

ကျွန်ုပ်က မေးလိုက်ရာ ကုလားအဘိုးကြီးက...

"လူတစ်ရာကျင့်ရင် လူကိုးဆယ်လောက် ရစမြဲပါပဲ။ အဲဒီတော့ မင်းလည်း ကျင့်ပါ။ အောင်မြင်တဲ့ ကိုးဆယ်ထဲမပါဘဲ မအောင်မြင်တဲ့ ဆယ်ယောက်ထဲ ပါမသွားအောင်ကိုတော့ ကိုယ့် ဟာကိုယ် ဂရုစိုက်ပြီး လုပ်ပေါ့ကွာ။ မူလအခြေခံနည်းစနစ်က တော့ ဒါပါပဲ"

ဟု ပြောလေ၏။

ကျွန်ုပ်သည် ကုလားအဘိုးကြီး ဝယ်ကျွေးသော ဘယာ ကြော်သုပ်ကိုစား၍ ပြီးသွားလေတော့၏။



BURMESE CLASSIC .com

“အဲဒါ အောင်မြင်အောင် ကျင့်ပြီးရင် ဘာမဆိုကြည့်လို့ ရတာပဲလား။ ဆန်းလိုက်တာ ဘူဒါးကြီးရယ်။ နတ်မျက်စိလို ဖြစ်နေမှာပေါ့”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကုလားအဘိုးကြီးက…

“မင်းပြောတာ မှန်ပါတယ်။ အဲဒီနည်းကို ဒေဝစက္ကုလို့ တောင် အမည်ပေးဖို့ ကောင်းတယ်။ လေ့ကျင့်စမ်းပါ”


ဟု ပြောလိုက်လေ၏။ ထို့နောက် ကုလားအဘိုးကြီးသည် ကျွန်ုပ်အား ဗဟာန်းရှိ ပန်းကန်များ၊ ဖန်ခွက်များရောင်းသောဆိုင်သို့ ခေါ်သွားပြီးလျှင် ထောင့်များ၊ ပန်းများမပါသော ဖန်ခွက်တစ်လုံး ကိုဝယ်၍ ကျွန်ုပ်အား လက်ဆောင်ပေးလိုက်လေတော့၏။ ထိုနေ့ မှစ၍ ကျွန်ုပ်လည်း ကုလားအဘိုးကြီးပြောသည့်အတိုင်း စတင်၍ လေ့ကျင့်လေတော့သတည်း။

◆

**သဗ္ဗေသတ္တာ ကမ္မသကာ**
**မင်းသိခ်**


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

# ပန်းတစ်ပွတ်ချောင်းနံဘေးက လွမ်းပုံပြင်

တစ်နေ့သ၌ ကျွန်ုပ်သည် ဇာတ်လမ်းဇာတ်ကွက် စဉ်းစား၍မရသည့်အခါ၌ ပြုလေ့ပြုထရှိသည့်အတိုင်း ရွှေတိဂုံဘုရားသို့ သွားရန် ဆုံးဖြတ်လိုက်လေသည်။

ကျွန်ုပ်လည်း လွယ်အိတ်ကိုလွယ်လျက် အိမ်ဘေးမှ ဆင်းမည်အပြု တာမွေစာတိုက်မှ မောင်စိန်ဝင်းဆိုသည့် စာပို့လုလင် ရောက်ရှိလာပြီးလျှင် ကျွန်ုပ်အား စာနှစ်စောင်ကို ပေးလေ၏။ ပထမစာတစ်စောင်မှာ မအူပင်မြို့ကမ်းနားလမ်းရှိ 'မြရည်နန္ဒာ' စာအုပ်ဆိုင်ပိုင်ရှင် မောင်ဘိုစိန်ဆိုသူထံမှ ကျွန်ုပ်ဖော်စပ်ထားသော ဆေးများ (အညောင်းဘုရင် အညောင်းပြေဆေးကြီး၊ စမတော်ကြီး



BURMESE CLASSIC .com

www.burmeseclassic.com

သွေးဆေး၊ ပဉ္စငါးပါးဆေး)ကို မှာကြားသည့်စာဖြစ်ကြောင်းသိရလေ၏။ ဒုတိယမြောက်စာအိတ်ကိုမူဖွင့်၍ မဖတ်သေးဘဲ သေချာစွာ စစ်ဆေးကြည့်လိုက်ရာ စာအိတ်ပေါ်၌ ပေးပို့သူ၏ အမည်နှင့် လိပ်စာကို မရေးထားကြောင်း တွေ့ရ၏။ သို့ရာတွင် ထိုစာသည် မအူပင်မြို့မှ ထည့်လိုက်သော စာဖြစ်ကြောင်း စာတိုက်တံဆိပ်ကို ကြည့်ခြင်းအားဖြင့် သိနိုင်လေ၏။ ထို့နောက် ကျွန်ုပ်လည်း ထိုစာကိုဖွင့်၍ ဖတ်လိုက်လေရာ လွန်စွာအံ့ဩဖွယ်ကောင်းသော စာတစ်စောင်ဖြစ်၍နေကြောင်း တွေ့ရလေ၏။

သို့

မင်းသိခ်

ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀)လောက်ကပေါ့ရှင်။ မအူပင်မြို့ ပန်းတပွတ်ချောင်းဝမှာ 'ရွှေချိုးဖြူနဲ့ မူလခဲ'လို့ဆိုတဲ့ ဥစ္စာစောင့်မောင်နှမနှစ်ယောက်ရှိကြတယ်။ သူတို့မောင်နှမနှစ်ယောက်ရဲ့ နာမည်ကိုအစွဲပြုပြီး သူတို့စောင့်နေရတဲ့ သိုက်ကိုလည်း 'ရွှေဂျိုးဖြူ မူလခဲ'သိုက်ရယ်လို့ အများက ခေါ်ကြတယ်။ မအူပင်မှာ မအူပင်သားတွေဟာ သစ္စာရှိကြတယ်။ 'ရွှေချိုးဖြူ မူလခဲ'တို့ရဲ့သိုက်ကို ဘယ်သူမှ မျက်စိမကျကြဘူး။ ဒါကြောင့်လည်း လပြည့်လကွယ်နေ့တွေမှာ နေညိုချိန်ဆိုရင် 'ရွှေချိုးဖြူ'ဟာ ကာလသားတွေနဲ့အတူ ခြင်းလာခတ်တယ်။ သူ့နှမလေး မူလခဲကလည်း အဲ့ဒီအချိန်မှာ အပျိုဖော်တစ်စုနဲ့အတူ ယက်ကန်း

လာခတ်တယ်။ သိပ်ပျော်စရာကောင်းတာပေါ့ရှင်။ ရေလဲ၊ ပန်းတနော်စတဲ့ အနီးအနားမြို့ရွာတွေမှာ အလှူရှိရင်လည်း သိုက်ထဲက လက်ဝတ်ရတနာတွေကို မအူပင်က အမျိုးသမီးတွေ မျက်နှာမငယ်အောင် မူလခဲက ငှားလိုက်သေးတယ်။ အလှူက ပြန်သွားရင် ငှားသွားတဲ့ လူတွေက တိတိကျကျပြန်ပေးကြတယ်။ ဒါကြောင့်လည်း အဲ့ဒီဥစ္စာစောင့်မောင်နှမနှစ်ယောက်ဟာ မအူပင်သူ၊ မအူပင်သားတွေကို ယုံလည်း ယုံတယ်။ ချစ်လည်း ချစ်တယ်။ တစ်ခါက အညာက ဆရာတစ်စုဟာ သိုက်ညွှန်းအရ မအူပင်မြို့ကိုရောက်လာပြီး 'ရွှေချိုးဖြူ မူလခဲ'တို့ရဲ့သိုက်ကို လာတူးကြသေးတယ်။ ဒါပေမဲ့ သိုက်တူးတဲ့ ဆီကို မရောက်သေးပါဘူး။ ကာလသားတစ်စုက ဝိုင်းပြီးရိုက်လွှတ်လိုက်တာနဲ့ တစ်ချိုးတည်းပြေးရတော့တာပေါ့။ မအူပင်သူ၊ မအူပင်သားတွေဟာ 'ရွှေချိုးဖြူ မူလခဲ'တို့မောင်နှမနှစ်ယောက်ကို စောင့်ရှောက်ကြတယ်။ သိုက်ဆရာဆိုရင် မအူပင်မြို့ကို မလာရဲကြဘူး။ ဒီလိုနဲ့ ပျော်ပျော်ရွှင်ရွှင်သစ္စာရှိရှိနဲ့ နေထိုင်လာခဲ့ကြတယ်။

တစ်နေ့တော့ အိန္ဒိယစစ်တပ်မှာ အမှုထမ်းခဲ့တဲ့ 'လက်ဖတင်နင် သာဂရ'ဆိုတဲ့ စစ်ဗိုလ်လူထွက်တစ်ယောက်ဟာ မအူပင်မြို့ကို ရောက်လာတယ်။ သူက မအူပင်သားဆိုပေမဲ့ မအူပင်မှာ မွေးရုံပဲရှိပါတယ်။ လူမှန်းသိတတ်ကတည်းက မအူပင်မြို့ကိုစွန့်ခွာပြီး တခြားဒေသတွေမှာ ကျက်စားခဲ့တယ်လို့ သိရတယ်။ အထူးသဖြင့် အိန္ဒိယမှာ တော်တော်ကြာကြာနေခဲ့ဖူးတယ်


BURMESE CLASSIC .com

www.burmeseclassic.com

ထင်တယ်။ အိန္ဒိယမှာရှိတဲ့ လူမျိုးစုပေါင်းစုံရဲ့ စကားတွေကို ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်တယ်။ စစ်တပ်က ထွက်ပြီး အနား ယူတော့ သူ့ ဆွေမျိုးတွေရှိတဲ့မအူပင်မှာလာပြီး အခြေချတာပေါ့။ သူ့ဆွေမျိုးတော်တော်များများဟာ မအူပင်မှာ ရှိကြတာကိုး။ "ဦးဘထွန်း" ဆိုတဲ့ ကမ်းနားပိုင်းက ဝါးခနိရောင်းတဲ့ သူ့အစ်ကိုဆီ မှာ အလုပ်အကိုင် မည်မည်ရရမလုပ်သေးဘဲ တစ်အိမ်တက် တစ်အိမ်ဆင်း တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်လည်နေ တတ်တယ်။ စာပေကျမ်းဂန် ဗဟုသုတပြည့်စုံတော့ လူကြီးသူကြီး ပိုင်းကလည်း သူ့ကို အရောတဝင်လုပ်ကြတယ်။ အဆို၊ အတီး၊ အမှုတ်လေးကလည်း ရပြန်ဆိုတော့ ကာလသားတွေကလည်း သူ့ကို ခင်ကြတယ်။ သူက အရပ်ထောင်ထောင်မောင်းမောင်း၊ ဆံပင်နက်နက်၊ အသားကဝါဝါ၊ မျက်လုံးမျက်ဖန်ကောင်းကောင်း ဆိုတော့ မအူပင်သူတွေရဲ့ စကားဝိုင်းမှာ သူ့နာမည်မပါရင်ဖြင့် စကားပြောလို့မရသလိုတောင် ဖြစ်လာတာပေါ့။ ဒီလိုနဲ့ သူဟာ မအူပင်မြို့မှာ ရေပန်းစားတဲ့ ကာလသားခေါင်းတစ်ယောက် ဖြစ်လာတော့တာပါပဲ။ မအူပင်မြို့က ကာလသားတွေထဲမှာလည်း တစ်ယောက်အပါအဝင်ဖြစ်နေတဲ့ရွှေချိုးဖြူဟာလည်း လက်ဖတင် နင် သာဂရနဲ့ ရင်းနှီးကျွမ်းဝင်လာတယ်။ နောက်ဆုံးမှာတော့ သူတို့သူငယ်ချင်းနှစ်ယောက်ဟာ ညီအစ်ကိုအရင်းတမျှ ချစ်ခင် လာကြပြီး တပူးပူး တတွဲတွဲသွား၊ အတူတူလာဖြစ်လာကြတော့ တာပေါ့။ ဒါပေမဲ့ သူငယ်ချင်းနှစ်ယောက်ဟာ ဘဝခြားနေတော့


BURMESE CLASSIC .com

နွားရိုင်းသွင်းချိန်၊ နေညိုချိန်ကျမှပဲ တွေ့ကြရတယ်။ ညနေစောင်း နေညိုပြီဆိုတာနဲ့ သာဂရဟာ ပန်းပွတ်ချောင်းဝကိုရောက်လာတယ်။ သူ့သူငယ်ချင်း ရွှေချိုးဖြူကို လာစောင့်တာပေါ့။ လေချွန်သံ သဲ့သဲ့လေးကြားလိုက်ရတာနဲ့ သာဂရဟာ ရွှေချိုးဖြူလာပြီဆိုတာကို သိရတယ်။ အဲ့ဒီအချိန်မှာ သာဂရဟာ သီချင်းတကြော်ကြော်ဆိုပြီး အချက်ပေးတယ်။ ဒီလိုနဲ့ သူငယ်ချင်းနှစ်ယောက်ဟာ ချစ်ချစ်ခင်ခင်နေလာခဲ့ကြတာ။ တစ်နေ့တော့...

နေညိုညိုမှောင်ရီတောင်ပျိုးသွားပြီး ရွှေချိုးဖြူမပေါ်လာလို့ သာဂရဟာ လည်တဆန့်ဆန့်၊ ခေါင်းတထောင်ထောင်နဲ့ မျှော်နေရှာတယ်။ အဲ့ဒီနေ့ကပေါ့။ ပန်းတပွတ်ချောင်းဟာ ရေစီးသန်လွန်းလှပါတယ်။ ချောင်နံဘေးက ကျောက်တုံးလေးပေါ်မှာ တောင်ငေး မြှောက်ငေးနဲ့ တစ်ယောက်တည်းပျင်းနေရှာတဲ့ သာဂရရဲ့ နှာခေါင်းဝကို သင်းပျံ့တဲ့ ကရမက်ပန်းရနံ့က တိုးဝင်လာလို့ လှမ်းကြည့်လိုက်တော့ ဥစ္စာစောင့်မလေး မူလခဲတစ်ယောက် တွေ့ရတော့တာပေါ့။ သာဂရဟာ ရွှေချိုးဖြူနဲ့ အင်မတန်ခင်မင်ကြပေမဲ့ နှမဖြစ်တဲ့ မူလခဲကို အတွေ့နဲ့ အမြင် ကျဲနေတာမို့ သိပ်ပြီးတော့ ကျွမ်းမဝင်လှဘူး။ မူလခဲကလည်း ဒီလိုပဲပေါ့။ သူမရဲ့အစ်ကိုဆီက သာဂရရဲ့အကြောင်း အကောင်းပြောသံတွေကို မကြာခဏ ကြားရတတ်တယ်။ အထူးသဖြင့် လပြည့်လကွယ်ညတွေမှာ ယက်ကန်းခတ်ပြီဆိုရင် သာဂရတစ်ယောက်ကို ပါးစပ်နဲ့ နောက်နေကြတဲ့ သူငယ်ချင်းတွေကို ကြည့်ပြီး ရယ်ခဲ့ရတာက

www.burmeseclassic.com

လည်း မရေမတွက်နိုင်တော့ဘူး။ ဒါပေမဲ့ မူလခဲကတော့ သာဂရ တစ်ယောက်ကို နီးနီးကပ်ကပ်မမြင်ခဲ့မိဘူး။ ဒီနေ့တော့ အစ်ကို ဖြစ်လို့ နှမလေးမူလခဲကို သိပ်ချစ်တာကိုး။ ပြီးတော့ သာဂရရဲ့ စိတ်ဓာတ်ကိုလည်း ရွှေချိုးဖြူက လေးစားတယ်။ သာဂရဟာ ရဲရင့်တယ်။ ထက်မြက်တယ်။ ယောကျ်ားပီသတယ်။ ဒါကြောင့် လည်း သာဂရနဲ့ဆိုတော့ ရွှေချိုးဖြူကသူ့နှမကို ကြည်ဖြူတာပေါ့။ ဒါပေမဲ့ ရွှေချိုးက သူ့နှမလေး မူလခဲကို အမြဲသတိပေးလေ့ရှိတဲ့ စကားတော့ ရှိတယ်။ အဲ့ဒါကတော့ သာဂရကို ဘယ်လောက်ချစ် ချစ် သိုက်နန်းကိုခေါ်မပြမိဖို့ပါပဲ။ အဲ့ဒါကလည်း သိုက်စည်းကမ်း တစ်ခုဖြစ်နေလေတော့ မူလခဲအဖို့ မလိုက်နာနိုင်စရာ အကြောင်း မရှိပါဘူး။ ပြီးတော့ သာဂရကလည်း သိုက်နန်း အကြောင်းနဲ့ ပတ်သက်လို့ စကားစပ်မိလို့တောင် မေးဖော်မရဘူး။ စိတ်ဝင်စား ပုံလည်း မပြဘူး။ အင်း…ဒါပေမဲ့ တစ်နေ့တော့…

မူလခဲဟာ သာဂရဆီက စကားဆန်းတစ်ခုကို ကြားရ တယ်။သိုက်နန်းထဲမှာရှိတဲ့ ဆေးကျမ်းတစ်စောင်ကို ဖတ်ချင်တယ် လို့ သာဂရက ပြောလာတယ်။ မူလခဲက မဖြစ်နိုင်တဲ့အကြောင်း ပြောရှာပါသေးတယ်။ ဒါပေမဲ့ သာဂရကလည်း အကြိမ်ကြိမ် ပူဆာနေပြန်ဆိုတော့ မူလခဲခမျာမှာ အခက်ကြုံနေရတော့တာပေါ့။ နောက်ဆုံး သာဂရဟာ သူ့ချစ်သူမူလခဲကို အကြပ်ကိုင်တော့တာ ပေါ့။ သူ့ကိုတကယ်မချစ်လို့သာ သိုက်နန်းထဲကို လိုက်မပြတာဘဲ လို့ သာဂရကပြောတော့ မူလခဲဟာ မတတ်နိုင်ရှာတော့ဘူး။


BURMESE CLASSIC .com

သိုက်နန်းထဲ ခေါ်သွားရတော့တာပေါ့။ မူလခဲဟာ သာဂရကို သိပ်ချစ်တော့ သာဂရအထင်လွဲသွားမှာကို စိုးရိမ်တာပေါ့။ပြီးတော့ သူမရဲ့ချစ်သူ သာဂရကိုလည်း ယုံတယ်။ သာဂရဟာ ဥစ္စာပစ္စည်း မက်တဲ့ လူမှ မဟုတ်ဘဲကိုး။ တစ်ဖက်သားအပေါ်မှာ ကြင်နာ တတ်တယ်ဆိုတော့ သူတို့မောင်နှမနှစ်ယောက်ကို ရက်စက်ဖို့ ဆိုတာကတော့ ပိုလို့တောင် ဝေးသေးတယ်လို့ မူလခဲတစ်ယောက် အတွေးချော်ခဲ့မိတာပေါ့။ အဲ့ဒီနေ့က ရွှေချိုးဖြူကလည်း သိုက်ကြိုး တွေကို ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ဘိုးဘိုးဆီကို သွားနေရှာ တယ်။ ဒီတော့ မူလခဲအဖို့ ချစ်သူသာဂရကို သိုက်စည်းကမ်းကို ဖောက်ဖျက်ပေးဖို့ အခွင့်ကောင်း ရသွားတာပေါ့။

အဲဒီလို မူလခဲဟာ ချစ်သူသာဂရကို သိုက်နန်းထဲကို ခေါ်သွားတော့ သာမန်လူသားတွေအဖို့ ဣန္ဒြေမဆယ်နိုင်အောင် လောဘဇောတွေ တိုက်လောက်တဲ့ စိန်ရွှေရတနာတွေကို လိုက်ပြ တယ်။ ဒါပေမဲ့ သာဂရတစ်ယောက်ကတော့ လက်ဖျားနဲ့တောင် မတို့ဘူး။ အဲ့ဒီ ရတနာတွေကိုလည်း မက်မောပုံလည်း မရဘူး။ ဒါပေမဲ့ စက္ကောမအတတ်ကျမ်း၊ အင်္ဂီရတ်လုပ်ရပ်ကျမ်း၊ ဆေး ကျမ်းတွေကို သိမ်းထားတဲ့ ခန်းမဆောင်ကြီးရောက်တော့ သာဂရ ရဲ့ ဇာတိရုပ်ဟာ ဘွားခနဲပေါ်တော့တာပေါ့။ သူ့ရဲ့ သိုက်အတတ် ပညာနဲ့ မူလခဲကို ဖမ်းချုပ်လိုက်တာပေါ့။ အဲ့ဒီတော့မှပဲ မူလခဲဟာ ဖွတ်ထွက်မှ တောင်ပို့မှန်းသိဆိုသလို သူ့ချစ်သူသာဂရဟာ သိုက် ဆရာရောမကြီးမှန်း သိရတော့တာပေါ့။ ဒါပေမဲ့ ဘယ်လိုမှ

www.burmeseclassic.com

မတတ်နိုင်တော့ဘူး။ သူမကိုယ်တိုင်က သိုက်စည်းကမ်းဖောက်ခဲ့မိတာကိုး။

လူကြမ်းကြီး သိုက်ဆရာသာဂရဟာ မူလခဲကို သိုက်နန်းရဲ့ ဥရင်တိုင်မှာ လိပ်ပြာစက်ကြိုးတွေနဲ့ ဖမ်းချုပ်ထားလိုက်တယ်။ မူလခဲက ငိုယိုပြီး တောင်းပန်ပါတယ်။ ဒါပေမဲ့ သာဂရကတော့ နားမဝင်တော့ဘူး။ သိုက်နန်းရှင်တွေအဆက်ဆက်ထိန်းသိမ်းလာခဲ့တဲ့ သိုက်နန်းရဲ့ တကယ့် အစစ်အမှန်ရတနာတွေဖြစ်တဲ့ အဖိုးတန်လောကီလုပ်ရပ်ကျမ်းကြီးတွေကိုယူပြီး သာဂရဟာတစ်ချိုးတည်းလစ်ပြေးတော့တာပါပဲ။ ရွှေငွေကျောက်သံပတ္တမြားတွေကိုတော့ လက်ဖျားနဲ့တောင် တို့မသွားပါဘူး။ ဒါကလည်း သူ့အဖို့ မက်မောလောက်စရာမှ မဟုတ်ဘဲကိုး။ သူယူသွားတဲ့ ကျမ်းတွေကမှ တကယ့်ကို အဖိုးတန်တယ်ဆိုတာကို သူက သိနေတာကိုး’’

သိုက်နန်းဥရင်တိုင်မှာ လိပ်ပြာစက်ကြိုးတွေနဲ့ ချစ်သူက ဖမ်းချုပ်သွားတာကို ခံနေရတဲ့ မူလခဲဟာ ရင်ကွဲလုမတတ်ငိုနေရရှာတာပေါ့။ဒီအချိန်မှာ အစ်ကိုဖြစ်တဲ့ရွှေချိုးဖြူဟာ ပြန်ရောက်လာတော့ အကြောင်းစုံကိုသိသွားတယ်။ ရက်စက်လေတဲ့ သူငယ်ချင်းသာဂရအပေါ် ကျောက်လွှာထိပ်မှာ အက္ခရာနှိပ်သလို သံသရာအဆက်ဆက် မပျက်နိုင်တဲ့ အမုန်းမျိုးနဲ့ ရန်ငြိုးထားတာပေါ့။ အချစ်မှောင်ဖုံးတဲ့ အမိုက်တုံးမလေး မူလခဲအတွက်လည်းရတက်မအေးနိုင်ရှာပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သိုက်နန်းပေါင်းချုပ်ရဲ့ ‘ဥပဒေအရ သိုက်စည်းကမ်းဖောက်ဖျက်တဲ့ သူဟာ အပြစ်

ဒဏ် ခံရလိမ့်မယ်။ ဒါပေမဲ့ ရွှေချိုးဖြူဟာ နှမလေးမူလခဲ့အစား အပြစ်ဒဏ်ကို ခံလိုက်ရှာတယ်။ သူငယ်ချင်းသာဂရကို သိုက်စည်းကမ်းဖောက်ဖျက်ပြီး သိုက်နန်းထဲကို ခေါ်မိတာပါလို့ သိုက်ချုပ်ဘိုးဘိုးကြီးတွေကို လျှောက်လိုက်တယ်။

အဲဒီအဖြစ်အပျက်ကတော့ နှစ်ပေါင်း ၅၀ ကျော်သွားခဲ့ပါပြီ။ ရွှေချိုးဖြူဟာ နှမရဲ့ ကိုယ်စား အပြစ်ဒဏ်ခံနေရတာလည်း ဒီနေ့ထိအောင် မလွတ်ရှာသေးပါဘူး။ ဥစ္စာစောင့်မလေး မူလခဲ့ကတော့ ညစဉ်ညတိုင်း ပန်းတပွတ်ချောင်းကမ်းနံဘေးမှာ ငိုကြွေးနေရှာတယ်။ ပန်းတပွတ်ချောင်းမှာ စီးဆင်းနေတဲ့ ရေတွေဟာ မူလခဲ့ရဲ့ မျက်ရည်တွေလို့ဆိုရင် မှားမှာ မဟုတ်ပါဘူး။

ကဲ…စာရေးဆရာကြီးမင်းသိခ်။ အဲဒီအဖြစ်အပျက်ကို ရှင် ဘယ်လိုသဘောရသလဲ။ အင်း…ရှင်ကတော့ ဝတ္ထုတစ်ပုဒ်ရေးလိုက်ရင် သိပ်ကောင်းမှာပဲလို့ တွေးမိမှာပေါ့။ ဒီအတွေးကလည်း သဘာဝကျတဲ့ အတွေးကိုး။ အခုဆိုရင် စာပေဝါသနာအိုးတစ်စုဟာ ရှင့်ဆီကို စာမူတောင်းဖို့လာနေကြပြီ။ ဒီတော့ အဲဒီအဖြစ်အပျက်လေးကိုပဲ ရေးပေးလိုက်ပေါ့။ နေရာမကျဘူးလား။ ဒါပေမဲ့ သတိပေးလိုက်ပါရစေ။ အဲဒီအဖြစ်အပျက်ကို သူတို့အတွက်ပေးလိုက်ရင် အဲဒီစာအုပ်ထွက်မလာနိုင်အောင် ကျွန်မအနေ နဲ့ ဒုက္ခပေးရလိမ့်မယ်။

ကျွန်မက ဘယ်လိုပဲခြိမ်းခြောက်နေပေမဲ့ ရှင်ကတော့ ကြောက်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှင့်မှာက

www.burmeseclassic.com

လည်း လောကီပညာတွေ စုံနေတာကိုး။ ရှင် ဟိုဘဝတုန်းက ကျွန်မကို ချစ်ဟန်ဆောင်ပြပြီး သိုက်နန်းထဲက ခိုးယူသွားတဲ့ လောကီကျမ်းတွေက ရှင့်ဆီမှာ ရှိနေလေတော့ ကျွန်မလောက်တော့ ဘယ်မှုပါ့မလဲ။ မဟုတ်ဘူးလားရှင်။

ဩော်…စာရေးဆရာကြီး တော်တော်နားရှုပ်သွားပြီနဲ့တူပါတယ်။ နားမရှုပ်ပါနဲ့ဦးရှင်။ ကျွန်မရှင်းပြပါရစေဦး။ အဲဒီတော့မှ ရှင့်ကိုယ်ရှင် ဘယ်သူဘယ်ဝါဆိုတာကို သိရမှာပေါ့။ ရှင်လေရှင် ဘယ်သူလဲသိလား။ တချိန်တုန်းက ကျွန်မရဲ့ အသက်မကချစ်ခဲ့ရတဲ့ သိုက်ဆရာကြီးသာဂရပေါ့။ အဲဒီတုန်းကသာ ရှင့်ကိုသိုက်ဆရာမှန်းသိခဲ့ရင် ကျွန်မမျက်ရည်တွေဟာ ပန်းတပွတ်ချောင်းမှာ စီးမှာမဟုတ်ဘူး။ ရှင့်ဘက်ကလည်း တော်တော်လေးပိရိပါပေတယ်။ အိန္ဒိယစစ်တပ်နဲ့အတူ အိန္ဒိယပြည်ကိုပါတုန်းကရှင်ဟာ ပညာတွေကို ကြိတ်ပြီးသင်ခဲ့တာကိုး။ အဲဒီတုန်းကလည်း အိန္ဒိယတိုင်းရင်းသားမှော်ဆရာတွေနဲ့ပေါင်းပြီး မကြာခဏ ခွင့်မတိုင်ဘဲ ရက်ရှည်ခရီးထွက်လေ့ရှိလို့ ရှင့်ကို စစ်တပ်က ထုတ်ပစ်လိုက်တာပဲ။ ဒါပေမဲ့ ရှင်ဟာ သိုက်ပညာကို တော်တော်လေးတတ်သွားတော့ လက်ဖတင်နင်ဘဝက အငြိမ်းစားရတာကိုဘယ်မှုတော့မလဲ။ ဒါနဲ့ မြန်မာပြည်ကိုပြန်လာပြီး စနေမောင်မောင်ဆိုတဲ့ ဆရာကြီးဆီမှာ တပည့်ခံတယ်မဟုတ်လား။ အဲဒီမှာတင်မြွေကို တောင်ပံတပ်ပေးလိုက်သလို ဖြစ်သွားခဲ့တော့တာပေါ့။ စနေမောင်မောင်စုဆောင်းတဲ့ သိုက်ညွှန်းတွေကို ရှင်က မသိ

အောင် ခိုးယူသွားပြီး ကူးခဲ့တယ်မဟုတ်လား။ အဲဒီသိုက်နန်းတွေထဲမှာ ရွှေချိုးဖြူ မူလခဲသိုက်ကိုလည်း တွေ့ရော ရှင့်အတွက် အံကိုက်ဖြစ်သွားတော့တာပေါ့။ ရှင်က မအူပင်သားကိုး။ ပြီးတော့ ရှင့်အစ်ကိုကြီးဦးဘထွန်းကလည်း မအူပင်မှာရှိနေသေးတယ်ဆိုတော့ ရှင့်အတွက် ပိုပြီးဟန်ကျတာပေါ့။ ဒါပေမဲ့ ရှင့်အစ်ကိုကြီး ဦးဘထွန်းကတော့ ရှင့်ကို သိုက်ဆရာမှန်းမသိခဲ့ဘူး။ ဒါကြောင့်လည်း ရှင့်ကို လက်ခံထားတာပေါ့။ အဲဒီလိုနဲ့ ရှင်ဟာ ကျွန်မတို့ သိုက်နန်းထဲက လောကီကျမ်းတွေကိုယူပြီး မအူပင်မြို့က လစ်ပြေးတော့တာပေါ့။ ပြီးတော့ ကျွန်မတို့သိုက်ဆက်တွေနဲ့ ဝေးအောင် အိန္ဒိယကို ထွက်ပြေးသွားခဲ့တယ်။ ဒါပေမဲ့ မိမိ မကောင်းမှုအကြောင်းပြုဆိုတဲ့အတိုင်း အိန္ဒိယပြည်ကိုလည်း ရောက်ရော ငှက်ဖျားရောဂါနဲ့ ရှင်ဟာ သေသွားခဲ့တယ်။ ဒါပေမဲ့ ရှင့်ရဲ့ ဘဝအဆက်ဆက်က ပြုခဲ့တဲ့ ကုသိုလ်ကံအကြွင်းအကျန်လေးကြောင့် ရှင်ဟာ လူပြန်ဖြစ်ခဲ့တယ်။ ရှင့်အစ်ကိုကြီးဦးဘထွန်းရဲ့ သမီးလတ်ဖြစ်ခဲ့တဲ့ မတင်ဆိုတဲ့ အမျိုးသမီး (ဟိုဘဝက ရှင့်ရဲ့ တူမပေါ့)ရဲ့ ဝမ်းထဲမှာ ပြန်ပြီး ဝင်စားတာပေါ့။ ရှင်ဟာ ဒီဘဝရောက်လာတော့လည်း အကျင့်က မဖျောက်သေးဘူး။ လောကီပညာရပ်တွေကို လေ့လာပြန်တယ်။ အဲ့ဒီလိုလေ့လာရင်း ရှင်ဟာ အိန္ဒိယပြည်ကို သွားခဲ့သေးတယ်။ အိန္ဒိယပြည်လည်း ရောက်ရော ရှင့်ရဲ့ဘဝဟောင်းက ပစ္စည်းတွေ (ကျွန်မတို့ သိုက်နန်းက ခိုးသွားတဲ့ လောကီကျမ်း)ကို ပြန်ပြီးရသွားတယ်



BURMESE CLASSIC .com

www.burmeseclassic.com

မဟုတ်လား။ မညာပါနဲ့ရှင်။ ရှင်ရေးတဲ့ စနေမောင်မောင်ဝတ္ထုနဲ့ မနုစာရီဝတ္ထုတွေထဲမှာတောင် အဲ့ဒီကျမ်းတွေထဲက စာသားတွေ ပါနေပါတယ်။ ပြီးတော့ အခု ရှင်ဖော်နေတဲ့ ဆေးတွေဟာ ကျွန်မတို့သိုက်နန်းက ခိုးသွားတဲ့ဆေးကျမ်းတွေပဲဆိုတာကို ကျွန်မ သိပါတယ်။ ပြီးတော့ သိုက်နန်းထဲက ရသွားတဲ့ အတ္တပ္ပနဗေဒ ကျမ်းတွေကို အသုံးပြုပြီး ဗေဒင်ဆရာလုပ်နေသေးတယ် မဟုတ်လား။ ကဲ…ရှင် ဘယ်လိုငြင်းချက်ထုတ်ဦးမလဲ။

ဒီတော့ ရှင့်ကို ကျွန်မ သတိပေးလိုက်မယ်။ ရှင်ခိုးသွားတဲ့ ကျမ်းတွေထဲက အတ္တပ္ပနဗေဒကျမ်းနဲ့ ဆေးကျမ်းတွေကိုတော့ ဆက်ပြီးအသုံးပြုနိုင်ပါတယ်။ ရှင့်ကို စေတနာရှိလို့တော့မဟုတ်ပါဘူး။ လူသားတွေအတွက် အကျိုးရှိမှာမို့လို့ပါ။ ဒါပေမဲ့ စက္ကောမ ကျမ်းနဲ့ အင်္ဂါရတ်ကျမ်းတွေကိုတော့ ပြန်ပေးရလိမ့်မယ်။ မပေးရင်တော့ ရှင့်အသက်ဟာ ကျွန်မတို့ရဲ့ လက်ထဲမှာရောက်နေပြီဆိုတာ မမေ့လိုက်ပါနဲ့။ အဲဒီကျမ်းနှစ်စောင်ကို ပြန်ပေးရင် အသက် ချမ်းသာပါစေဆိုတဲ့ သိုက်ချုပ်ဘိုးဘိုးရဲ့အမိန့်ကြောင့်သာ ရှင်ဟာ အသက်ရှင်နေရတာပေါ့။ နို့မို့ဆိုရင် ရှင့်ရဲ့အသက်ဟာ ခုထိအောင် ရှင်နေမှာ မဟုတ်တော့ဘူး။ လာမယ့်သီတင်းကျွတ်လပြည့်နေ့ ညကိုးနာရီတိတိမှာ အဲ့ဒီကျမ်းတွေကို ယူပြီး ပန်းတပွတ်ချောင်းဝ မှာရှိတဲ့ လွမ်းစေတီကို လာခဲ့ပါ။ ကျွန်မ စောင့်နေပါ့မယ်။ ဒါပေမဲ့ ဘယ်သူ့ကိုမှတော့ အသိမပေးပါနဲ့။ အဲ့ဒီအချက်ကိုတော့ လိုက်နာဖို့ မမေ့ပါနဲ့။ ရှင်ကသာ ကျွန်မမှာတဲ့အတိုင်း ကျမ်းတွေကို


BURMESE CLASSIC .com

ပြန်အပ်မယ်ဆိုရင်တော့ ဟိုဘာဝတုန်းက ရှင်အင်မတန်ချစ်တဲ့ ရှင့်သူငယ်ချင်း ရွှေချိုးဖြူဟာ အပြစ်ဒဏ်ကနေ လွတ်ငြိမ်းခွင့် ရလိမ့်မယ်။

ဒီတော့ ကျွန်မတို့မောင်နှမနှစ်ယောက်ကို သနားရင်၊ ဒါမှ မဟုတ် ရှင့်အသက်ကို ရှင်နှမြောရင် ကျွန်မပြောတဲ့အတိုင်း လိုက်နာပါ။ ရှင့်အတွက်လည်း အဖိုးတန်တဲ့ ဆေးကျမ်းတွေနဲ့ ဗေဒင်ကျမ်းတွေ ရနေမှာပဲရှင်။ ကျန်တဲ့ကျမ်းတွေဟာ လူတွေနဲ့ မအပ်စပ်ပါဘူး။ ရှင်သိမ်းထားရင်လည်း အကျိုးရှိမှာ မဟုတ်ပါ ဘူး။ ဒီတော့ ကျွန်မစကားကို နားထောင်ပါ။

လွမ်းစေတီက စောင့်နေမယ့်

မူလခဲ

ကျွန်ုပ်သည် အထက်ပါစာကို ဖတ်ရှုပြီးနောက် လွန်စွာ ရှည်လျားသော သက်ပြင်းကြီးတစ်ခုကို ချမိလိုက်ပါတော့ သတည်း။ အဘယ်ကြောင့်ဆိုသော် လူပြောင်လူနောက်တစ်ဦး က ရေးလိုက်သည့် အဓိပ္ပာယ်မဲ့သော ထိုစာအား အချိန်ကုန်ခံ၍ ဖတ်မိလေခြင်းဟု မိမိကိုယ်မိမိ မကျေမနပ်ဖြစ်မိသောကြောင့်ပင် ဖြစ်လေ၏။

ကျွန်ုပ်ထံသို့ ထိုကဲ့သို့ ယုတ္တိမဲ့သော စာပြောင်များ မကြာ ခဏရောက်ရှိတတ်ပေရာ ကျွန်ုပ်အဖို့ အဆန်းမဟုတ်သည့်အပြင် ဒေါသထွက်စရာလည်း အကြောင်းမရှိချေ။ သို့ရာတွင် ကျွန်ုပ်၏

www.burmeseclassic.com

အဘိုးလေး ဦးသာဂရ (ကျွန်ုပ်၏အဖိုး ဦးဘထွန်း၏ညီ) အကြောင်းကို ထည့်သွင်းရေးသားခြင်းအတွက်မူ အနည်းငယ် မကျေမနပ်ဖြစ်မိလေ၏။ ထိုနေ့က ကျွန်ုပ်လည်း စိတ်ရှုပ်ရှုပ်ရှိ သည်နှင့် စာမရေးဖြစ်ခဲ့ချေ။

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်ချိန်းဆိုထားသည့်အတိုင်း စာပေဝါသနာရှင်များရောက်ရှိလာလေရာ ကျွန်ုပ်အဖို့မှာ မျက်နှာပူ စရာ ဖြစ်ရပြန်လေ၏။

ကျွန်ုပ်လည်း ရှေ့မျက်နှာ နောက်ထား၍ ထိုလူစုအား တောင်းပန်ရလေ၏။ ထိုအခါ တစ်ဦးသော သူက…

"ဆရာ ကျွန်တော်တို့ အချိန်သိပ်မရတော့ဘူး။ ဆရာ့ဆီ က စာမူကို ဒီနေ့ပဲ စောင့်ယူသွားမယ်"

ဟု အကြပ်ကိုင်လေ၏။

"ကဲဗျာ။ ကျွန်တော်လည်း ဆရာတို့ကို သိပ်အားနာ တယ်။ ဒီတော့ မနေ့က လူနောက်တစ်ယောက် ထည့်လိုက်တဲ့စာ ကိုပဲ ပေးလိုက်မယ်။ ထည့်သုံးလိုက်ပေါ့။ ယုတ္တိတော့ မရှိပါဘူး။ ဒါပေမဲ့ အရေးအသားကတော့ ကောင်းပါတယ်။ အဲဒီလူဟာ စာရေးမယ်ဆိုရင် တကယ်နာမည်ရ စာရေးဆရာဖြစ်လာမှာ သေချာတယ်။ ခုတော့ သူ့ဗီဇကို ဘာမှမဟုတ်တဲ့ 'ရွှေပေလွှာ' ဆန်ဆန်စာလေးတွေရေးပြီး အသုံးပြုနေတယ် ထင်ပါရဲ့ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ ထိုသူက မေးခွန်းထုတ် လေတော့၏။

"အဲ့ဒီစာက ဘယ်သူရေးလိုက်တာလဲ"

"မအုပင်မြို့က မူလခဲတဲ့"

"ဟာ...အဲ့ဒါ ဥစ္စာစောင့်နာမည်ပဲ"

"ဖြစ်နိုင်ပါ့မလား။ ယုံတမ်းစကားတွေထဲက ဥစ္စာစောင့် မလေးပဲ။ တကယ်မှ မရှိတာ"

"ဒါကတော့ ယုံချင်မှယုံပေါ့။ ဟောဒီမှာ သူပေးလိုက်တဲ့ စာ"

ကျွန်ုပ်က မူလခဲ၏ စာကို ပေးလိုက်လေရာ ထိုသူတို့သည် စာအား ဝိုင်း၍ဖတ်ကြပြီးလျှင်...

"မဆိုးဘူးဆရာ။ အရေးအသားက ကောင်းတယ်။ ဆရာပြောသလို ယုတ္တိတော့ မရှိပါဘူး။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ဖတ်တဲ့လူတွေကလည်း ယုံမှာမှ မဟုတ်ဘဲကိုး"

ဟု အသက် ၃၀ ခန့်လောက်ရှိ လူတစ်ယောက်က ပြောလိုက်လေရာ ကျန်သောလူများက ထိုသူ၏စကားအား ဝိုင်း၍ ထောက်ခံပြောဆိုကြသည်။

ထို့နောက် ကျွန်ုပ်အား နှုတ်ဆက်ကာ ပြန်သွားကြလေ၏။ ပြန်ခါနီး၌ တဦးသောသူက ကျွန်ုပ်အား အောက်ပါအတိုင်း လှမ်း၍ နောက်သွားလေ၏။

"ဆရာမင်းသိခ်ရေ။ လာမယ့်သီတင်းကျွတ်လပြည့်နေ့မှာ မအုပင်ကို သွားမှာလား။ သွားမယ်ဆိုရင် လွမ်းစေတီကို ကျွန်တော်တို့လည်း လိုက်ချင်တယ်ဆရာ"



BURMESE CLASSIC .com

www.burmeseclassic.com

ထိုအခါ ကျွန်ုပ်ကလည်း…

"အေးဗျာ။ သီတင်းကျွတ်ကျရင်တော့ မအူပင်ကိုသွားလည်ရဦးမယ်။ ကျွန်တော့်အမေရဲ့မွေးရပ်မြေဆိုတော့ မေ့လို့ဘယ်ဖြစ်ပါ့မလဲ။ ပြီးတော့ ကျွန်တော့်ဆွေမျိုးတွေကိုလည်း တွေ့ချင်သေးတယ်။ ဒါပေမဲ့ လွှမ်းစေတီကိုတော့ မသွားဘူး။ မူလခဲနဲ့တွေ့နေပါဦးမယ်ဗျာ"

ဟု ပြန်လည်၍ ရွတ်နောက်လိုက်မိလေတော့သတည်း။

◆

**သဗ္ဗေသတ္တာ ကမ္မသကာ**
**မင်းသိခ်**



BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

# မဟောသီ

တစ်ညသ၌ ကျွန်ုပ်သည် ပျင်းရိငြီးငွေ့လှသောကြောင့် ရေနွေးကြမ်းအိုးတည်ကာ လက်ဖက်ခြောက်ကျကျကိုခတ်ပြီးလျှင် ရေနွေးကြမ်းသောက်နေလေ၏။ ထို့အပြင် 'ပဲခူးမြဲ'ပါဝင်သော ဓာတ်ထုပ်ဓာတ်ပြားတစ်ချပ်ကိုလည်း ဖွင့်၍နားထောင်နေလေ၏။ ထိုအချိန်၌ ကျွန်ုပ်နှင့် ရင်းနှီးသော ဆေးဆရာကြီးတစ်ဦးသည် ကျွန်ုပ်ထံသို့ အလည်အပတ်ရောက်ရှိလာလေတော့၏။

ထိုဆေးဆရာကြီးသည် လွှန်စွာဗဟုသုတနှင့် ပြည့်စုံသူ တစ်ဦးဖြစ်ရာ ၄င်းစကားပြောနေသည်ကို နားထောင်နေရလျှင် ကျွန်ုပ်အဖို့ အချိန်ပင် ကုန်မှန်းမသိအောင် စိတ်ဝင်စားခြင်း ဖြစ်ရလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ဓာတ်စက်ကိုပိတ်လိုက်ပြီးနောက်....

www.burmeseclassic.com

"ဆရာဦးဘိုးသ မရောက်တာကြာမှပဲ။ လာပါဗျာ"

ဟု ခရီးဦးကြိုပြုလိုက်လေ၏။

ဆရာဦးဘိုးသလည်း ကျွန်ုပ်အနီးရှိ ခုံတန်းကလေးပေါ်တွင် ထိုင်လိုက်လေ၏။ ကျွန်ုပ်ကလည်း ရေနွေးကြမ်းကို ငှဲ့ပေးလိုက်လေ၏။ ထို့နောက် ကျွန်ုပ်နှင့် ဆရာဦးဘိုးသတို့သည် ရောက်တတ်ရာရာစကားများကို ပြောဆိုနေကြလေတော့၏။

ထိုသို့ပြောဆိုနေကြရင်း အောက်ပါအတိုင်း စကားလမ်းကြောင်းပြောင်း၍သွားလေတော့၏။

"မြို့ပေါ်မှာ ဆရာလုပ်ရတာက လွယ်ပါတယ်ဗျာ။ တောမှာ ဆရာလုပ်ရတာက မလွယ်ဘူးဗျ။ လူနာသွားကြည့်ရတာကိုကလည်း တစ်ရွာနဲ့တစ်ရွာ သွားကြည့်ရတာ။ မြို့မှာလို ကားတွေဘာတွေ ရှိတာမဟုတ်ဘူး။ တစ်ခါတလေ ခြေကျင်သွားရတာ။ တစ်ခါတလေတော့လည်း မြင်းကလေးဘာလေး အသုံးပြုရတာပေါ့ဗျာ"

ဟု ဦးဘိုးသက ပြောလေ၏။

"မှန်ပါတယ် ဆရာဦးဘိုးသရယ်။ ဒါပေမဲ့လည်း ကိုယ့်ရဲ့လူနာဆိုတော့ ဘယ်လောက်ပဲဝေးဝေး သွားကြည့်ရမှာပေါ့ဗျာ"

ဟု ကျွန်ုပ်က ဝင်၍ပြောလိုက်လေ၏။

"ဝေးတာနီးတာ အကြောင်းမဟုတ်ဘူးဗျ။ တစ်ခါတလေ သိပ်ပြီး သတိထားရတယ်"

ဟု ဆရာဦးဘိုးသက ပြောပြန်လေ၏။


BURMESE CLASSIC .com

"ဘာကို သတိထားရတာလဲဗျ။ လမ်းမှာ လူဆိုးတွေ ဘာတွေနဲ့ တွေ့မှာကို သတိထားရတာလား"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်လေ၏။

"မဟုတ်ဘူးဗျ။ ကြပ်တွေက လူယောင်ဆောင်ပြီး ဆရာတွေ ဘာတွေ လာပင့်တတ်တယ်"

ဟု ဆရာဦးဘိုးသက ပြောလေ၏။

"ကြပ်ဆိုတာက ဘာလဲ ဆရာဦးဘိုးသရဲ့"

ဟု ကျွန်ုပ်က မေးရပြန်လေ၏။

"ကြပ်ဆိုတာ နာနာဘာဝတစ်မျိုးပဲဗျ။ သူက လူယောင်ဆောင်တတ်တယ်။ ရွာတွေဘာတွေကိုတောင် ဖန်ဆင်းပြနိုင်တယ်။ အဲဒါတွေက ဟိုဘက်ရွာမှာ လူနာအသည်းအသန်ဖြစ်နေလို့ ဆရာလိုက်ကြည့်ပါဦးနဲ့ လိမ်ညာပြီး ဆရာကို ပင့်သွားတတ်တယ်ဗျ"

ဟု ဆရာဦးဘိုးသက ရှင်းပြလေ၏။

"အလို... ဆန်းလှချည်လား။ ဟုတ်ရဲ့လား ဆရာကိုဘိုးသရယ်"

ဟု ကျွန်ုပ်က ပြန်မေးလိုက်ရာ ဆရာကိုဘိုးသက...

"ဟုတ်တယ်ဗျ။ ကျုပ်ကတော့ သတိဝီရိယကောင်းလို့လား မဆိုနိုင်ဘူး။ သတိဝီရိယကောင်းတယ်ဆိုတာက အသိအကျွမ်းထဲက မဟုတ်ဘဲ လာခေါ်ရင် မလိုက်နိုင်ဘူးလို့ ပြောတာပါ။ အဲဒါကြောင့် ကြပ်နဲ့တော့ တစ်ခါမှမတွေ့ဖူးပါဘူး။ ဒါပေမဲ့


BURMESE CLASSIC .com

www.burmeseclassic.com

ကျုပ်နဲ့သိတဲ့ ဆရာဦးလှမြင့်ဆိုတဲ့ အဘိုးကြီးတော့ တစ်ခါပါသွားဖူးလေရဲ့”

ဟု ပြောလေ၏။ ကျွန်ုပ်သည် ဆရာဦးဘိုးသကို ရေနွေးကြမ်းကို ငှဲ့၍ ပေးလိုက်ပြီးလျှင်…

“ပြောစမ်းပါဦး။ ဆရာဦးလှမြင့်ဆိုတာက ဘယ်လိုဖြစ်တာလဲ”

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

“ဒီလိုဗျ။ ညသန်းခေါင်လောက်မှာ ဆရာဦးလှမြင့်ဆီကို လူတစ်ယောက်ရောက်လာတယ်။လူကြီးက အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းကြီးဗျ။ အဲဒီလူကြီးက ကိုလှမြင့်ကို ‘ဆရာရယ် သံကြိုးဆိုတဲ့ ရွာမှာ မီးမဖွားနိုင်တဲ့ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်ကို လိုက်ပြီးကြည့်ပေးပါ’လို့ ပြောတာကိုးဗျ။ အဲဒီတော့ ဆရာကိုလှမြင့်က ‘သံကြိုးရွာဆိုတာက ဘယ်နားမှာလဲ’လို့ အဲဒီလူကြီးကို ပြန်ပြီးမေးလိုက်တယ်။ အဲဒီလူကြီးကလည်း ‘သံကြိုးရွာဆိုတာ ဆံ့ကုန်းရွာနဲ့ ရွာသာကြားထဲက ရွာပေါ့ဗျာ’ လို့ မဆိုင်းမတွပြန်ပြီး ဖြေတယ်။

အဲဒီတော့ ဆရာဦးလှမြင့်က ‘မဟုတ်နိုင်တာဘဲ။ ဆံ့ကုန်းနဲ့ ရွာသာကြားထဲမှာ ဘယ်မှာရွာရှိလို့လဲဗျ။ သင်္ချိုင်းကုန်းနဲ့ ကွင်းပဲရှိတဲ့ဥစ္စာ’လို့ပြန်ပြီးပြောလိုက်တယ်”

ဟု ဆရာဦးဘိုးသကပြောလိုက်ပြီးနောက် ရေနွေးကြမ်းကို သောက်လေ၏။

ထိုအခါ ကျွန်ုပ်က…

“လုပ်စမ်းပါဦး ဆရာဦးဘိုးသရဲ့။ အတော့်ကို စိတ်ဝင်စားဖို့ ကောင်းတာပဲဗျို့”

ဟု ပြောလိုက်လေ၏။ ဆရာဦးဘိုးသလည်း ဆက်လက်၍ ပြောပြန်လေ၏။

“အဲဒီလူကြီးနဲ့ ဆရာဦးလှမြင့်ဟာ အတော်ကလေး အငြင်းအခုံဖြစ်တယ်။ ဒါပေမဲ့ နောက်ဆုံးမှာ လူကြီးက ‘ဆရာရယ်။ ငြင်းမနေပါနဲ့ဗျာ။ ဟိုမှာ ကလေးမမွေးနိုင်တဲ့ မိန်းမက ဒုက္ခဖြစ်တော့မယ်။ မြန်မြန်လိုက်ခဲ့စမ်းပါ။ ဟိုရောက်တော့ ရှာရှိတယ် မရှိဘူး သိရလိမ့်မပေါ့ဗျာ’လို့ ပြောလိုက်တယ်ဆိုရင် ဆရာဦးလှမြင့်ဟာ ဆေးလွယ်အိတ်ကိုကောက်လွယ်ပြီး ‘လာသွားမယ်’ လို့ပြောတော့တာကိုးဗျ။ အဲဒီတော့ ဆရာလာပြီးပင့်တဲ့လူကြီးက ‘မြင်းတွေပါ ပါတယ်ဆရာရဲ့။ဆရာက တစ်ကောင်စီး၊ ကျုပ်က တစ်ကောင်စီးမယ်ပေါ့ဗျာ’လို့ပြောတယ်။ တကယ်လည်း မြင်းနှစ်ကောင်ပါလာတယ်။ အဲဒီလူကြီးက မြင်းနက်ကြီးကို တက်ပြီး စီးတယ်။ ဆရာဦးလှမြင့်ကတော့ မြင်းဖြူကြီးကို စီးတယ်။ ဆရာဦးလှမြင့်နဲ့ လူကြီးဟာ စကားကလေးတပြောပြောနဲ့ မြင်းစီးနေကြတာပေါ့ဗျာ။ လူကြီးကလည်း ဆရာဦးလှမြင့်ကို တစ်လမ်းလုံး သရဲအကြောင်းတွေချည်း ပြောပြလာတယ်။ ဦးလှမြင့်ကလည်း နားထောင်လာရတော့ပေါ့ဗျ။ ခရီးထွက်လာခဲ့ရတဲ့ အချိန်ကလည်း အတော့်ကိုကြာလာပြီ။ ရွာကိုမရောက်နိုင်သေး

www.burmeseclassic.com
ဘူး။ ဒါနဲ့ ဦးလှမြင့်က လူကြီးကို ‘မရောက်သေးဘူးလားဗျာ။ ကြာလှချည်လား’လို့ မေးလိုက်တယ်။ အဲဒီတော့ လူကြီးက ဟိုမှာလေဗျာ။ သံကြိုးရွာ’လို့ ညွှန်ပြလိုက်တယ်။ တစ်ရွာလုံး မီးတွေထွန်းထားလိုက်တာ သီတင်းကျွတ်ပွဲတော်ကြီးကျနေတာပဲ။ ကလေးတွေကလည်း ‘ဘုတ်တလုပ်တောက်တဲ့’ကစားတဲ့ ကလေးက ကစား။ ထုပ်စီးတိုးတဲ့ ကလေးက တိုးနဲ့ပေါ့ဗျာ။ တချို့ကလည်း ဆန်ဖွပ်မောင်းထောင်းလုပ်နေကြတယ်။ စည် လိုက်တဲ့ ရွာကြီးဗျာ။ မီးရောင်တွေကလည်း နေ့ခင်းအတိုင်းပဲဗျို့။ အဲဒီလိုနဲ့ ဆရာဦးလှမြင့်တို့မြင်းနှစ်စီးလည်း ရွာထဲကိုဝင်သွားရော သူကြီးလုပ်တဲ့လူက သူ့ရဲ့မောင်းကြီးကို တဒူဒူနဲ့ထုတော့တာပါပဲ။ အဲဒီလိုမောင်းကြီးထုလိုက်တော့ ရွာသူရွာသားတွေဟာ လာပြီးစု ကြတော့တာပေါ့။ အဲဒီလိုစုတော့မှ သူကြီးက ‘ဆရာပါလာပြီ။ လူနာအိမ်ကို သွားမယ်။ လိုက်ပြီးပို့ကြ။ ဆရာဆေးကုနေတုန်း ရွာထဲမှာ ဆူဆူညံညံမလုပ်ကြနဲ့။ ပြီးတော့ ဆရာ့ကို ထိတ်အောင် လန့်အောင် မလုပ်ကြနဲ့ဦး။ ဆရာလန့်ပြီး ပြန်ပြေးသွားဦးမယ်’ လို့ ပြောတာကိုး။ အဲဒီတော့ ဆရာဦးလှမြင့်ရဲ့စိတ်ထဲမှာ ‘ဆရာ့ကို ထိတ်အောင်လန့်အောင် မလုပ်နဲ့ဦး’ ဆိုတဲ့စကားကို သံသယဖြစ် သွားတယ်။ ‘မလုပ်ကြနဲ့ဦး’ ဆိုတာဟာ အခုအချိန်အတွက် ပြောတာကိုး။ ‘မလုပ်ကြနဲ့’ဆိုရင် ပြီးတဲ့ကိစ္စမှာ နောက်က ‘ဦး’ ဆိုတဲ့စကားဟာ အနက်တစ်မျိုးဆောင်နေတာကို ဦးလှမြင့်က ရိပ်မိသွားပြီး ဒီလူတွေဟာလူတွေမှဟုတ်ရဲ့လား။ ငါစီးလာတဲ့မြင်း ကြီးကရော မြင်းအစစ်မှဟုတ်ရဲ့လား။ ဖန်ဆင်းထားတဲ့မြင်းများ


BURMESE CLASSIC .com

www.burmeseclassic.com

လား။ ဒီလူတွေကိုကြည့်ရတာ မျက်နှာတွေကလည်း ဖြူဖတ်ဖြူရော်နဲ့ တစ်မျိုးကြီးပါလားလို့ တွေးမိတာနဲ့ ဆရာဦးလှမြင့်ဟာ သူ့ရဲ့သက္ကလပ်တိုက်ပုံအင်္ကျီမှာထိုးထားတဲ့ သိမ်ဝင်အပ်ကလေးကို လက်နဲ့အသာစမ်းပြီး နုတ်လိုက်တယ်။ ပြီးတော့ သူစီးထားတဲ့ မြင်းရဲ့ကျောကို သိမ်ဝင်အပ်နဲ့ ထိုးချလိုက်တာကိုး။ အဲဒီလိုထိုးချလိုက်တာနဲ့ သူစီးထားတဲ့ မြင်းကြီးက 'အမယ်လေး'လို့ အော်လိုက်တာဗျာ။ အသံကြီးဟာ ပွဲတင်ဟည်းသွားတော့တာပဲ"

ထိုနေရာသို့အရောက်တွင် ကျွန်ုပ်က...

"မြင်းကြီးက အမယ်လေးလို့ အော်သတဲ့လားဗျာ"

ဟု မေးလိုက်ရာ ဆရာဦးဘိုးသက ရယ်မောလျက်...

"မြင်းအစစ်မှ မဟုတ်ဘဲဗျ။ နားထောင်စမ်းပါဗျာ။ ကျုပ်ဆက်ပြီးပြောပါရစေဦး။ မြင်းကြီးဟာ အဲဒီလိုအော်ပြီး အောက်ကို ပြားကျသွားတယ်။ အဲဒီတော့ ဆရာဦးလှမြင့်က သူစီးထားတဲ့ မြင်းကြီးကိုကြည့်လိုက်တာ မြင်းမဟုတ်တော့ဘူးတဲ့ဗျို့။ လူသေထည့်တဲ့ အခေါင်းကြီးဖြစ်နေပါလေရော"

ဟု ပြောလိုက်လေ၏။

"ရွာသားတွေရောဗျာ"

ဟု ကျွန်ုပ်က မေးလိုက်ပြန်ရာ ဦးဘိုးသက...

"ဒီလိုဗျ။ အဲဒီအချိန်မှာ ဆရာဦးလှမြင့်ကို လာပြီးပင့်တဲ့ လူထွားကြီးက မြင်းပေါ်ကနေ သူ့လူတွေကို 'မအောင်ဘူးဟေ့' လို့ အသံနက်ကြီးနဲ့ အော်လိုက်ပါလေရောဗျို့။ အဲဒီလိုလည်း အော်လိုက်ရော လူတွေရော၊ မီးတွေထိန်ထိန်ညီးနေတဲ့ ရွာကြီးရော

www.burmeseclassic.com
ဖြုတ်ဆို ကြက်ပျောက်ငှက်ပျောက် ပျောက်သွားတော့တာပဲဗျို့။ အဲဒီတော့မှ ဆရာဦးလှမြင့်ဟာ သူ့ရဲ့ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ အုတ်ဂူတွေ၊ မြေပုံတွေ၊ မှတ်တိုင်တွေကို တွေ့ရတော့တာကိုး။ ကြပ်တွေဟာ သူ့ကို သင်္ချိုင်းကုန်းဟောင်းကြီးထဲကို လှည့်စားပြီး ခေါ်ခဲ့တယ်ဆိုတာ သိတော့တာပေါ့။ သိလည်းသိရော ခြေဦးတည့်ရာပြေးလိုက်တာ ရထားသံလမ်းရောက်ပါလေရော။ ရထားသံလမ်းရောက်တော့ ဘူတာကိုပြေးပြီးကြောက်အားလန့်အားနဲ့ကုန်ရထားကြီးပေါ်တက်ပြီးလိုက်သွားတာ မန္တလေးရောက်သွားတယ်။ မန္တလေးရောက်မှ အသိဘုန်းကြီးကျောင်းမှာ စရိတ်တောင်းပြီး ရွာကို ပြန်လာရတယ်''

ဟု ဦးဘိုးသက ပြော၍ တဟားဟားရယ်လေ၏။

ဦးဘိုးသ၏စကား ဆုံးသွားသည့်အခါ၌...

''ရန်ကုန်မှာတော့ ဒါမျိုးတွေ မကြားမိပါလားဗျာ''

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးဘိုးသက...

''ဒါ့ကြောင့် ပြောတာပေါ့ဗျ။ မြို့မှာ ဆရာလုပ်ရတာနဲ့ တောမှာ ဆရာလုပ်ရတာ မတူဘူး။ အပုံကြီးကွာတယ်ဗျ''

ဟု ပြောလေ၏။

ထို့နောက် ကျွန်ုပ်နှင့် ဦးဘိုးသတို့သည် စကားဆက်လက်၍ ပြောကြပြီးနောက် ညဉ့်နက်သောအခါ၌ ဦးဘိုးသသည် 'ညဉ့် နက်ပြီဗျ။ ပြန်ဦးမှ'ဟု နှုတ်ဆက်ကာ ပြန်သွားလေတော့၏။

◆


BURMESE CLASSIC .com

(ငှင်းဦးဘိုးသသည် ဤသို့လျှင် ယုတ္တိယုတ္တာကင်းမဲ့သော တစ္ဆေပုံပြင်၊ သရဲပုံပြင်၊ ဥစ္စာစောင့်ထီး၊ ဥစ္စာစောင့်ပုံပြင်များကို လွန်စွာစိတ်ဝင်စား၏။ မကြာခဏလည်း ကျွန်ုပ်အား လာရောက်ပြောပြတတ်၏။ ကျွန်ုပ်ကလည်း အပျင်းပြေသဘောဖြင့် နားထောင်တတ်၏။ သို့ရာတွင် ထိုအဖြစ်အပျက်များသည် အမှန်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များဟု ကျွန်ုပ်ကိုယ်တိုင်မယုံကြည်ပါ။

စာရေးသူ)

ကျွန်ုပ်သည် လွန်စွာအားနည်းသော မှန်အိမ်ကလေး၏ အလင်းရောင်ဖြင့် ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသော စာအုပ်ထူကြီးတစ်အုပ်ကို ဝင်္ကြွေးပမာ သဘောထား၍ ဖတ်ရှုနေလေတော့၏။

ထိုအချိန်၌ တစ်စုံတစ်ယောက်သည် ကျွန်ုပ်ရှိရာသို့ ဝင်လာသဖြင့် ကျွန်ုပ်ဖတ်နေသော စာအုပ်ပေါ်၌ အရိပ်ထိုးသွားလေတော့၏။ ထိုသူအား ကျွန်ုပ်သည် မော့မကြည့်သေးဘဲ စာအုပ်ကို ပိတ်လိုက်လေ၏။ ထိုသူသည် ကျွန်ုပ်၏ ဦးခေါင်းအထက်နားဆီလောက်တွင် ငှင်း၍ပါလာသော ကြေးစည်ကို ထုလိုက်လေတော့၏။

"နှောင်...ဝေ...ဝေ...ဝေ...ဝေ.."

ကျွန်ုပ်လည်း လန့်ဖျပ်၍ မော့ကြည့်လိုက်လေ၏။

အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်ခန္ဓာခပ်ဖိုင့်ဖိုင့်၊ ဦးပြည်းခေါင်းတုံးနှင့် ပိတ်ဖြူကို ရုံပတ်ထားသော ဘိုးသူတော်


BURMESE CLASSIC .com

ကြီးတစ်ဦးဖြစ်ကြောင်း သိရလေတော့၏။ ညဥ့်ကြီးသန်းခေါင်တွင် ဤကဲ့သို့ဖြူဖြူဖွေးဖွေးကြီးကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်သည် လန့်၍ သွားလေတော့၏။

"လန့်လိုက်တာဗျာ။ ဘာကိစ္စလဲ ဘိုးသူတော်ကြီး။ ဒီအချိန်ဟာ ဘိုးသူတော်များ ဆန်အလှူခံထွက်တဲ့ အချိန်တော့ မဟုတ်ပါဘူး။ သူခိုးသူဝှက်တွေ ကျက်စားတဲ့ အချိန်ပါ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဘိုးသူတော်ကြီးက...

"ခင်ဗျားဆီလာတာ အလှူခံမလို့ လာတာမဟုတ်ဘူး လက္ခဏာဆရာရဲ့။ အလုပ်အပ်မလို့ လာတာ"

ဟု ဘိုးသူတော်ကြီးက ပြောရင်း ကျွန်ုပ်ရှေ့ရှိ ခုံတန်းကလေးပေါ်တွင် ဝင်၍ ထိုင်လိုက်လေ၏။

"ဘာအလုပ်များ အပ်မလို့လဲ ဘိုးသူတော်ကြီးရဲ့"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဘိုးသူတော်ကြီးက...

"ဒီနေ့ညသန်းခေါင်းကျော်ရင် ကိုယ်ဝန်ဆောင်မိန်းမ တစ်ဦးဟာ ကလေးမျက်နှာမြင်လိမ့်မယ်။ အဲဒီကလေးကို နာမည်မှည့်ပေးဖို့ပါပဲ။ သန်းခေါင်ကျော်မှာ မွေးရင်တော့ ကြာသပတေးဘက်ရောက်သွားပြီပေါ့ လက္ခဏာဆရာရယ်"

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

"ဒါများဘာခက်လို့လဲ ဦးသူတော်ကြီးရယ်။ ယောကျာ်းကလေးမွေးရင် မောင်ဘလို့ မှည့်လိုက်။ မိန်းကလေးမွေးရင် မမြလို့ မှည့်လိုက်။ ဒါပဲပေါ့ဗျာ"


BURMESE CLASSIC .com

ဟု ပြောဆိုကာ ကျွန်ုပ်သည် ဖတ်လက်စစာအုပ်ကို ဖွင့်၍ဖတ်နေလေတော့၏။ ထိုအခါ ဘိုးသူတော်ကြီးသည် ကျွန်ုပ်အား စေ့စေ့ကြည့်ကာ...

““ယောက်ျားကလေးမွေးရင် မောင်ဘ။ မိန်းကလေးမွေးရင် မမြဟုတ်လား။ ဒါလောက်တော့ဗျာ လူတိုင်းသိတာပေါ့။ ဆရာ့ကိုလေးစားလို့ နာမည်ကောင်းကောင်းကလေး မှည့်ပေးမလားဆိုပြီး လာခဲ့တဲ့ဥစ္စာ။ ဒီလိုပြီးစလွယ် မောင်ဘ၊ မမြဆိုရုံနဲ့ ဘယ်ကျေနပ်နိုင်ပါ့မလဲ။ နံပါတ်တစ် မဟာဘုတ်နဲ့ မွေးနံတိုင်တွေမှာ ကောင်းမြတ်တဲ့ဂြိုဟ်တွေကို ရွေးရမယ်။ ပြီးတော့ ‘သရောဒယ’ကျမ်းမှာပါတဲ့ စု၊ စေ၊ စော၊ လှတို့ ဘာတို့ ဆိုတာနဲ့ ညှိရမယ်။ ပြီးတော့ တစ်ခါ ဆန်းဂိုဏ်းရွေးရမယ်။ ပြီးတော့ ဝုဒ္ဓိမှန်-မမှန်၊ ဗျူပွတ်ကောင်းမကောင်း၊ ယောဇနာတည့်-မတည့် စိစစ်ရမယ်။ ဝဏ္ဏတွေ၊ ဒြပ်တွေ စစ်ရမယ်။ ဓာတ်ဖိုဓာတ်မတွေ ဝေဖန်ရမယ်။ ဓာတ်ပူဓာတ်အေးတွေ သုံးသပ်ရမယ်။ အဲဒါတွေ ပြီးပြန်တော့လည်းပဲ မပြီးသေးဘူး။ ခေတ်ကာလနဲ့ကိုက်ညီအောင် ကမ္ဘာကျော်လက္ခဏာဆရာကြီး ကိုင်ရိုအသုံးပြုတဲ့ ‘နျူမရော်လော်ဂျီ’ ခေါ် ဂဏန်းဗေဒင်နည်းအရ ကောင်းမကောင်း တွက်ပေးရဦးမယ်””

ဟု ပြောလေတော့၏။ ထို့ကြောင့် ကျွန်ုပ်လည်း အနည်းငယ်မခံချင်စိတ်ဖြစ်ကာ...

www.burmeseclassic.com

"ဦးသူတော်ကြီး ဒီလောက်တတ်နေတာပဲဥစ္စာ။ ကိုယ့်ဟာကိုယ်ပဲ နာမည်မှည့်ပေးလိုက်ရောပေါ့ဗျာ။ ဘာဖြစ်လို့ ကျုပ်ဆီလာရတာတုံး"

ဟု ပြောလိုက်လျှင် ဘိုးသူတော်ကြီးသည် ကျွန်ုပ်အား စပ်ဖြဲဖြဲအမူအရာနှင့် ကြည့်ကာ...

"မဟုတ်ဘူး ကိုယ့်လူရဲ့။ ကာယကံရှင်က ဆရာမင်းသိခ်ကို ခေါ်ပေးပါဆိုလို့ ကျုပ်က လာပြီးခေါ်ရတာ။ နို့မဟုတ်ရင်လား ဒါလောက်ကိစ္စနဲ့ ကိုယ့်လူဆီကို ဘယ်လာပါ့မလဲ။ ကျုပ်ဟာကျုပ် မှည့်ပေးလိုက်တာ ကြာပြီ"

ဟု ပြန်၍ ပြောလေ၏။

ကျွန်ုပ်သည် ဘိုးသူတော်ကြီး၏ မျက်နှာကို ကြည့်ပြီးနောက် ရယ်ချင်သလိုလိုဖြစ်၍လာလေ၏။ သို့ရာတွင် မရယ်မိစေရန် သတိထားလိုက်ပြီးနောက်...

"ကလေးမွေးမယ့် ဗိုက်ကြီးသည်ကလည်း ခိုင်းစရာလူ ရှားသလားဗျာ။ စကားကြီးကြီး၊ ကိုယ်ဖီးဖီး၊ ဦးပြည်းစိမ်းစိမ်းနဲ့ ဘိုးသူတော်ကြီးကိုမှရွေးပြီးခိုင်းလိုက်ရသလား။ သူ့အိမ်မှာ တခြားခိုင်းစရာ စေစရာ လက်ပါးစေလေးများ မရှိတော့ဘူးလား"

ဟု ပြောလိုက်ရာ ဘိုးသူတော်ကြီးက...

"ရက်စ်...ရက်စ်...သိပ်မှန်တာပဲ။ အဲဒီအိမ်မှာ ခိုင်းစရာဆိုလို့ ကျုပ်တစ်ယောက်တည်းပဲ ရှိတယ်။ ကျုပ်ကလည်း ဒီနေ့ညဦးကမှ အဲဒီအိမ်ကို ရောက်သွားတဲ့ အာဂန္တုဗျ။ ရောက်ပြီး

သိပ်မကြာပါဘူး။ ခန္ဓာဖီးဖီး၊ ဗိုက်ကြီးကြီးနဲ့မိန်းမက ဝမ်းနာတော့တာပဲ ကိုယ့်လူရေ။ အိမ်မှာရှိတဲ့ တစ်ယောက်က ဝမ်းဆွဲသည်ကို သွားခေါ်ရတယ်။ ကျုပ်ကိုတော့ ဆရာမင်းသိခ်ကို ခေါ်ပေးပါ။ ကလေးကင်ပွန်းတပ်ချင်တယ်။ သူ့လက္ခဏာကိုလည်း ကြည့်ချင်တယ်ဆိုလို့ ကျုပ်ကလည်း လာခဲ့ရတာပါဗျာ''

ဟု ပြောလေတော့၏။

''မီးနေအိမ်မှာ လက္ခဏာဖတ်ရမယ်လို့ဗျာ။ မဖြစ်နိုင်ပါဘူး။ အဲဒီအမျိုးသမီး မီးတွင်းကထွက်ပြီး ကျန်းကျန်းမာမာရှိတော့မှ ကျုပ်ဆီကို လာခဲ့ပေါ့ ဦးသူတော်ကြီးရယ်''

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဘိုးသူတော်ကြီးက . . .

''ကျုပ်လည်း အဲဒီအတိုင်း ပြောကြည့်ပါသေးတယ်။ ဒါပေမဲ့ မရဘူး။ ကလေးမျက်နှာမြင်ပြီးတာနဲ့ ဒီမိန်းမက ခရီးထွက် တော့မှာတဲ့ဗျာ။ အဲဒါကြောင့် ကိုယ့်လူကို မရ ရအောင် ပင့်ခဲ့ပါ လို့ မှာလိုက်တာပေါ့ဗျာ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ကို အားကိုးတကြီး နဲ့ မှာတဲ့လူဆီကိုတော့ လိုက်သင့်ပါတယ်။ အဲဒီလို လိုက်ဖို့ အတွက်လည်း ပထမဆုံးခြေကြွအဖြစ် ဟောဒါလေးကို ပေးလိုက် ပါတယ်''

ဟုဆိုကာ ဘိုးသူတော်ကြီးသည် ၎င်း၏ခါးကြားတွင် လိမ်ထားသော ဘူးကလေးတစ်ဘူးအတွင်းမှ တစ်စုံတစ်ခုကို နှိုက်၍ ကျွန်ုပ်အား ပေးလိုက်လေ၏။ ကျွန်ုပ်လည်း ဘိုးသူတော်


BURMESE CLASSIC .com

www.burmeseclassic.com

ကြီးပေးသော ပစ္စည်းကလေးကို လက်ဝါးဖြန့်ကာ ခံယူလိုက်လေ၏။ ထိုပစ္စည်းသည် ယောကျ်ားတစ်ဦး၏ လက်မလက်သည်းခွံအရွယ်ခန့်ရှိ ကျောက်နီကလေးတစ်လုံးဖြစ်လေ၏။ ထိုကျောက်နီကလေးသည် လွန်စွာအားနည်းလှသော မှန်အိမ်အလင်းရောင်အောက်၌ပင် တဖျတ်ဖျတ်အရောင်ထွက်နေသည်ကို တွေ့ရလေတော့၏။ ကျွန်ုပ်သည် ထိုကျောက်နီကလေးကို ကြည့်ရင်း...

"ဘာလဲ ဘိုးသူတော်ကြီး"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ပတ္တမြားလေ။ အဖိုးတန်တယ် ကိုယ့်လူရဲ့။ ဒါက ခြေကြွပဲ ရှိသေးတာ။ ဟိုရောက်ရင် ကိုယ့်လူကို ထပ်ပြီးပေးဦးမှာ"

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

"ဒီလိုလား"

ဟုဆိုကာ...

ကျွန်ုပ်လည်း ပက်လက်ကုလားထိုင်ပေါ်မှ ထလိုက်ပြီးလျှင် တိုင်တွင်ချိတ်ထားသော ကုတ်အင်္ကျီကိုဖြုတ်၍ ဝတ်လိုက်လေ၏။ ထို့နောက် လက္ခဏာကြည့်ရာတွင် အသုံးပြုသော မှန်ဘီလူးကိုလည်း ဆွဲအံ့အတွင်းမှ နှိုက်ယူကာ ကျွန်ုပ်၏ ကုတ်အင်္ကျီအတွင်းသို့ ထည့်လိုက်လေ၏။ ထို့ပြင် စာရွက်အလွတ်ဆယ်ရွက်ခန့်နှင့် ခဲတံတစ်ချောင်းကိုလည်း ယူလိုက်လေ၏။ ပြီးလျှင်


BURMESE CLASSIC .com

ကျွန်ုပ်သည် အိမ်တံခါးကို ပိတ်လေ၏။ ထိုအခါ ဘိုးသူတော်ကြီးက...

""ဒီမယ် ဆရာသမားရဲ့။ လမ်းမီးတွေက ပျက်နေတယ်။ လမိုက်ရက်ကြီးလည်း ဖြစ်နေတယ်။ အဲဒီတော့ ဆရာသမားရဲ့ မှိတ်တုတ်မှိတ်တုတ် မှန်အိမ်ကလေးကိုတော့ ယူခဲ့မှ တော်မယ်ဗျို့""

ဟု ပြောဆိုကာ မှန်အိမ်ကလေးကို ဖြုတ်ယူလိုက်လေသည်။

ထို့နောက် ကျွန်ုပ်နှင့် ဘိုးသူတော်ကြီးသည် အိမ်မှထွက်လာကြတော့၏။ ဘိုးသူတော်ကြီးသည် ကျွန်ုပ်အား ဗျိုင်းရေအိုးစင် ရပ်ကွက်အနီးရှိ တရုတ်သင်္ချိုင်းကုန်းမှ ဖြတ်ကာ ခေါ်သွားလေ တော့၏။ ကင်းဘဲလမ်းထိပ်သို့ရောက်သောအခါ၌ ဒရဝမ်တစ်ဦး ၏ သံချောင်းခေါက်သံနှင့်အတူ...

""ဘရား ဗဂျားဟိုး""

ဟု အော်လိုက်သော အသံကို ကြားရလေတော့၏။

""သန်းခေါင်တော့ ရောက်ပြီ ဆရာသမားရေ။ ဟိုမိန်းမ မွေးတော့မယ်ဗျ။ သွက်သွက်ကလေး လျှောက်စမ်းပါ""

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း ဘိုးသူတော်ကြီး၏ ခြေလှမ်းကျဲကြီးများကို မီအောင် သုတ်ခြေတင်ရလေတော့၏။

◆



BURMESE CLASSIC .com

www.burmeseclassic.com

ကျွန်ုပ်သည် အချိန်အတော်ကြာသည်အထိ ဘိုးသူတော်ကြီး၏ခြေလှမ်းကို အမီလိုက်၍ နေရသဖြင့် လွန်စွာမောဟိုက်၍ နေလေတော့၏။

"မရောက်သေးဘူးလား ဦးသူတော်ကြီးရဲ့။ ကင်းဘဲလမ်း ဘယ်နားက အိမ်လဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဘိုးသူတော်ကြီးက...

"ကင်းဘဲလမ်းမှာ မဟုတ်ဘူးဗျ။ ကင်းဘဲလမ်းကနေ ငါးထပ်ကြီးဘက်ကို ဖြတ်တဲ့ မြေနီလမ်းကလေးအတိုင်း ဝင်သွားရ သေးတယ်။ နှစ်ထပ်ပျဉ်ထောင်အိမ် မည်းမည်းကြီးဗျ"

ဟု ပြောလေ၏။

"အဲဒီလမ်းမှာ အိမ်မရှိပါဘူးဗျာ။ ကျုပ်လည်း အဲဒီလမ်း က မကြာခဏဆိုသလို ဖြတ်သွားနေတာပဲ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လေ၏။

"ရှိပါတယ် ဆရာရဲ့။ စကားမများစမ်းပါနဲ့။ ဟိုမှာ ကလေးမွေးနေတော့မယ်။ မြန်မြန်လာစမ်းပါ"

ဟု ဘိုးသူတော်ကြီးက ပြော၍ ကျွန်ုပ်၏ ရှေ့မှနေ၍ မှန်အိမ်ကြီးတယမ်းယမ်းနှင့် သွားနေလေတော့၏။

ကျွန်ုပ်သည် ဘိုးသူတော်ကြီး၏နောက်မှ လိုက်ပါခဲ့ရင်း ညဦးပိုင်းက ဆရာဦးဘိုးသပြောပြသွားသည့် ကြပ်ပုံပြင်ကို သတိရ၍လာလေတော့၏။

"ဘိုးသူတော်ကြီးဟာ ကြပ်များလား။ ငါ့ကို ဘယ်များ ခေါ်သွားမလို့ပါလိမ့်"

ဟု တွေးမိသဖြင့် ကြောက်စိတ်များဝင်လာလေတော့၏။

ထိုအချိန်၌မှာပင် ပလွေသံပေါက်အောင် အူလိုက်သော ခွေးအူသံကိုကြားလိုက်ရသည်ဖြစ်ရာ ကြက်သီးမွေးညင်းများထ၍ သွားလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် 'သမ္ဗုဒ္ဓေဂါထာ' ကို အဆက်မပြတ်ရွတ်လေတော့၏။

ဘိုးသူတော်ကြီးသည် မှန်အိမ်ကြီးတယမ်းယမ်းနှင့် ရှေ့မှ လျှောက်သွားရင်း ကျွန်ုပ်အား...

"ဘယ်လိုလဲ ဆရာသမား။ ကြောက်နေပြီလား။ ကြောက်မယ်ဆိုရင်လည်း ကြောက်စရာပါပဲဗျာ။ ဒီအချိန်မျိုးမှာ သရဲတစ္ဆေတွေ သိပ်ပြီးမြူးတာဗျ။ ကြပ်တွေကလည်း လူယောင် ဆောင်ပြီး ဆရာတွေဘာတွေ လာပင့်တတ်တဲ့ အချိန်မျိုးပဲဗျ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည်...

"ဗျာ...ကြပ်တွေက လူယောင်ဆောင်ပြီး ဆရာလာပင့် တတ်တဲ့ အချိန်မျိုး ဟုတ်လား"

ဟု မေးလိုက်လေ၏။

"ဟုတ်တယ် ဆရာသမားရဲ့။ ကြပ်က ဘိုးသူတော် ယောင်ဆောင်လို့လည်း ရတယ်"

ဟု ဘိုးသူတော်ကြီးက ပြန်၍ပြောလိုက်ရာ ကျွန်ုပ် သည်...

"ဗုဒ္ဓေါ...ဗုဒ္ဓေါ"

ဟု ရေရွတ်မိလေတော့၏။



BURMESE CLASSIC .com

www.burmeseclassic.com

ထိုသို့ ရွတ်ဆိုနေရင်း…

“ဦးသူတော်ကြီး။ ခင်ဗျားကတော့ ကြပ်မဟုတ်ပါဘူးနော်”

ဟု မေးလိုက်မိလေ၏။

“တောက်တီးတောက်တဲ့ ဆရာသမားရယ်။ ခင်ဗျားကလည်း ကျုပ်ကို ကြပ်လို့ထင်နေလို့လား။ မဟုတ်ရပါဘူးဗျာ။ ကျုပ်ဟာ ‘ဟျူမင်းဘီအင်း’လူသားစစ်စစ် ဧကန်ဖြစ်ပါတယ်ဗျာ။ ဆရာသမားလိုပါပဲ။ ‘ဖလက်ရှ်အင်ဘုံး’ သွေးနဲ့သားနဲ့ဗျာ။ အထင်မလွဲစမ်းပါနဲ့။ ကျုပ်က သရဲကြောက်တတ်လို့ အားကိုးရမလား အောက်မေ့တယ်။ ခင်ဗျားက ကျုပ်ထက်တောင် ဆိုးနေပါလား။ ဟီ…ဟီ”

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

“ဩော်…ဘိုးသူတော်ကြီးကလည်း သရဲကြောက်တတ်သလား”

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

“ကြောက်ပြီလား ဆရာရယ်။ ခင်ဗျားမသိလို့ပါ။ တစ်လမ်းလုံး ကျုပ်မှာ ‘သမ္ဗုဒ္ဓေ’တွေ ရွတ်လာခဲ့ရတာ”

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

“ဘိုးသူတော်ကြီးက သရဲထဲမှာ ဘယ်လိုသရဲကို ပိုပြီး ကြောက်သလဲဗျ။ ပြောစမ်းပါဦး”

ဟု ကျွန်ုပ်က မေးလိုက်လေ၏။


BURMESE CLASSIC .com

"ကြောက်ပါတယ်လို့ ဆိုနေမှဗျာ။ အသေးစိတ်တွေ မေးမနေစမ်းပါနဲ့။ ကြက်သီးထလွန်းလို့ပါ။ စောစောက ခွေးအူလိုက်တဲ့နေရာမှာတုန်းကများ ကျုပ်ရဲ့ ခေါင်းကြီးကို ပုတ်သောက်ကြီးကို ဖြစ်သွားတယ်လို့ ထင်လိုက်ရတယ်။ ကျုပ်က သရဲထက်ကြပ်ကို ပိုပြီးကြောက်တယ် ဆရာသမားရဲ့။ သူတို့က အားကြီးလူယောင်ဖန်ဆင်းတတ်တာ ကလား"

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

"ဒါနဲ့ နေစမ်းပါဦး ဦးသူတော်ကြီးရဲ့။ ကျုပ်တို့ အခုသွားမယ့် အိမ်ကတော့ ခင်ဗျားပြောသလို 'ဟျူးမင်းဘီအင်း' လူသားစစ်စစ်တွေပါပဲနော်"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဘိုးသူတော်ကြီးက...

"လူအစစ်တွေလို့ ထင်ရတာပါပဲ"

ဟု ပြန်၍ ဖြေလေ၏။

"လူအစစ်တွေလို့ အတပ်မပြောနိုင်ဘူးလား။ ထင်ရုံပဲရှိသေးသလား ဦးသူတော်ကြီးရဲ့။ ခင်ဗျားကလည်းဗျာ။ ပိုင်ပိုင်နိုင်နိုင်မရှိလိုက်တာ"

ဟု ကျွန်ုပ်က ဘိုးသူတော်ကြီးအား ဆူလိုက်လေတော့၏။

"ဒီလို ဆရာသမားရဲ့။ ကျုပ်က နယ်က လာတာ။ ညဦးပိုင်းကမှ အဲဒီအိမ်နားကိုရောက်တာ။ အိမ်ကြီးကိုကြည့်လိုက်တော့ အချွန်အတက်တွေနဲ့ဆိုတော့ ဘုန်းကြီးကျောင်းမှတ်လို့ တစ်ညလောက်တည်းခိုမယ်ဆိုပြီး ဝင်သွားတာ။ အဲဒီအထဲရောက်



BURMESE CLASSIC .com

www.burmeseclassic.com

တော့မှ ဘုန်းကြီးကျောင်းမဟုတ်ဘဲ လူနေအိမ်ဖြစ်နေကြောင်း သိရတာဗျ။ အဲဒီတော့ အိမ်ရှင်မိန်းမကြီးက ဘိုးသူတော်ကြီးရယ် တခြားလည်း သွားမနေပါနဲ့။ တစ်ညတလေပဲဥစ္စာ။ ဒီမှာပဲ တည်းတာပေါ့လို့ဆိုတာနဲ့ ကျုပ်လည်း အဲဒီအိမ်မှာ တည်းရတာဗျ။ ကျုပ်ကို ကရင်ဆော်ဒါတွေ ဘာတွေ တိုက်သေးတယ်ဗျ''

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

''အဲဒီအိမ်မှာ အိမ်သားဘယ်နှယောက်လဲ''

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

''သရီးပထန် ကုလားကြီးက တစ်ယောက်၊ ကြက်တူရွေးနှုတ်သီးနဲ့တူတဲ့ နှာခေါင်းပိုင်ရှင် အသက် ၄၀ အရွယ် အဒေါ်ကြီးက တစ်ယောက်၊ အသားဝါဝါ ရုပ်ရည်ချောမောတဲ့ ဗိုက်ကြီးသည်က တစ်ယောက်''

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

''နေစမ်းပါဦး။ သူတို့က ဘာလူမျိုးတွေလဲ''

ဟု ကျွန်ုပ်က မေးလိုက်ရာ ဘိုးသူတော်ကြီးက…

''အိုင်ဒုန်းနိုး။ ဒါတော့ ကျုပ်မသိဘူးဗျ။ သူတို့အချင်းချင်း အင်္ဂလိပ်လိုပဲပြောကြတယ်။ ကျုပ်ကိုတော့ မြန်မာစကားနဲ့ပြောပါတယ်။ ကျုပ်အထင်တော့ ပထန်ကုလားကြီးတစ်ယောက်ပဲ မြန်မာလိုမတတ်ဘူး ထင်ပါရဲ့ဗျာ''

ဟု ပြန်၍ဖြေလေ၏။

''အဲဒီအိမ်မှာ ဘုရားစင်ရှိသလား''


BURMESE CLASSIC .com

www.burmeseclassic.com

ဟု ကျွန်ုပ်က မေးလိုက်ပြန်၏။

"ဘာလုပ်မလို့လဲ။ ဘုရားရှိခိုးမလို့လား။ ကိုယ့်အိမ်ကျမှပဲ ရှိခိုးပေါ့ဗျာ"

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

"မဟုတ်ပါဘူး။ သူတို့ ဘယ်ဘာသာကိုးကွယ်တယ်ဆိုတာ သိရတာပေါ့ဗျ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"အဲဒါတော့ ကျုပ်အပြစ်ပဲ။ ကျုပ် အဲဒါကို ဂရုမစိုက်မိဘူး"

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

ကျွန်ုပ်နှင့် ဘိုးသူတော်ကြီးတို့သည် ဤသို့လျှင် စကားတပြောပြောနှင့် လျှောက်လာခဲ့ရာ ခြံကြီးတစ်ခြံရှေ့သို့ ရောက်ရှိလေတော့၏။

"အိုင်ဆေး ဆရာသမား။ အဲဒီခြံကြီးထဲက အိမ်ကြီးပဲ"

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

ကျွန်ုပ်တို့သည် ခြံတံခါးကို တွန်းဖွင့်၍ အတွင်းသို့ဝင်ကြလေ၏။ အတွင်းသို့ရောက်လျှင် ဘုန်းကြီးကျောင်းနှင့်တူသော အိမ်ကြီးဆီသို့ သွားကြလေ၏။ အိမ်ကြီးမှာ လွန်စွာရှေးကျသော အဆောက်အအုံကြီး ဖြစ်လေ၏။

ကျွန်ုပ်တို့သည် အုတ်လှေကားမှတက်၍ တံခါးမကြီးကို ခေါက်ကြလေ၏။ အတွင်းမှ မည်သို့တုံ့ပြန်မှုကိုမှ မရသဖြင့် တံခါးမကြီးကို တွန်း၍ဖွင့်ကြလေ၏။


BURMESE CLASSIC .com

www.burmeseclassic.com

အတွင်းသို့ရောက်သောအခါ၌ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရသဖြင့် ကျွန်ုပ်က...

"အခန်းတွေထဲမှာ ရှိမှာပေါ့ဗျာ။ ခေါ်ကြည့်ပါဦး ဦးသူတော်ကြီးရဲ့"

ဟု ပြောရာ ဘိုးသူတော်ကြီးက...

"ခေါ်ရအောင် နာမည်မှ မသိဘဲဗျာ"

ဟု ပြန်ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က...

"အိမ်ရှင်တို့ အိမ်ရှင်တို့ ဘိုးသူတော်ကြီးနဲ့ လက္ခဏာဆရာ ရောက်လာပြီလေဗျာ"

ဟု အော်၍ခေါ်လေ၏။ သို့ရာတွင် မည်သည့်အသံကိုမျှ မကြားရပေ။

"ဘယ်လိုလဲ ဘိုးသူတော်ကြီး။ အိမ်မှားပြီထင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်မိလေတော့၏။

"ဘယ့်နှယ် အိမ်မှားရမှာလဲဗျာ။ ဟောဟို ကုလားထိုင်ဟာ ပထန်လန်ဘားကြီးထိုင်တာ။ ဟောဒီကုလားထိုင်က ကြက်တူရွေးနှာခေါင်းကြီး ထိုင်တာ။ ဟို ပက်လက်ကုလားထိုင်က ဗိုက်ကြီးသည်မိန်းမချောကလေး ထိုင်တာ။ ဟိုက ကွပ်ပျစ်ပေါ်မှာ အိုင် ကျွန်ုပ်ထိုင်တာ။ ကွပ်ပျစ်ပေါ်မှာ ကြေးကွမ်းအစ်ကလေး ရှိတယ်မဟုတ်လား။ အဲဒါ အိုင့်ကွမ်းအစ်။ ဘယ်ကလာ အိမ်မှားရမှာတုံး"

ဟု ဘိုးသူတော်ကြီးက ပြောလိုက်၍ ကွပ်ပျစ်ဆီသို့သွားပြီးလျှင် ကွမ်းအစ်ကိုယူ၍ ကွမ်းစားလေတော့၏။


BURMESE CLASSIC .com

"ကြပ်တွေဖြစ်မှာပဲ"

ဟု ကျွန်ုပ်ကပြော၍ ကုလားထိုင်ပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်လေတော့၏။

"ရက်စ်...အဲဒါဖြစ်နိုင်တယ်။ ဒါပေမဲ့ ကြပ်တွေဆိုရင် သူတို့ပျောက်သွားရင် ဒီအိမ်ကြီးပါ ပျောက်သွားရမှာပေါ့။ ဒါကြီးကတော့ ရှိနေပါလား အိုင်ဆေးရဲ့"

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

ထိုအချိန်၌ပင် ကျွန်ုပ်၏ ခြေထောက်အောက်မှ...

"ဒေါင် ...ဒေါင်...ဒေါင်"

ဟူသော အသံကို ကြားရသဖြင့်...

"ဘိုးသူတော်ကြီး ဘာသံလဲ"

ဟု မေးလိုက်ရာ ဘိုးသူတော်ကြီးက...

"မမေးနဲ့လေ။ အိုင်လည်း ယူ့လိုပဲ ဘာမှသိတာမှ မဟုတ်ဘဲ။ အသံလာတာကတော့ အောက်က လာတာပဲ။ အဲဒီအိမ်က တစ်ထပ်အိမ်ပဲ။ အသံဟာ အောက်ကလာစရာမရှိပါဘူး"

ဟု ပြောလေတော့၏။

ထိုအချိန်မှာပင် အခန်း၏ထောင့်မှ ကြမ်းပြင်သည် ကြွတက်လာပြီးလျှင် အံဖုံးတံခါး ပွင့်လာလေတော့၏။ ထို့နောက် အသက် ၄၀ အရွယ် မိန်းမကြီးတစ်ဦးနှင့်အတူ လုံချည်အပြာဝတ်ထားသော ခပ်ရွယ်ရွယ်မိန်းကလေးတစ်ဦးပါ အပေါ်သို့တက်၍ လာလေတော့၏။



BURMESE CLASSIC .com

www.burmeseclassic.com

မိန်းမကြီးသည် လုံချည်အပြာဝတ်ထားသော ခပ်ရှယ်ရှယ် မိန်းမအား..

"ဟောဒီကုလားထိုင်လေးမှာပဲ ခဏလောက်မှိန်းနေပေါ့။ ဆရာမလည်း အတော့်ကို ပင်ပန်းသွားပြီပဲ။ တော်တော်ကြာတော့ သူ့အဖေ လိုက်ပို့ပါလိမ့်မယ်"

ဟု ပြောဆိုကာ လုံချည်အပြာဝတ် ခပ်ရှယ်ရှယ်မိန်းမအား ပက်လက်ကုလားထိုင်၌ စောင်ခြုံ၍ သိပ်ထားပြီးလျှင် ဘိုးသူတော်ကြီးအား...

"ဦးသူတော်ကြီး။ ဆရာမင်းသိခ်ဆိုတာလား"

ဟု မေးလိုက်လေ၏။

"အစစ်ပေါ့ဗျာ။ ကျုပ်မှာ ခက်ခက်ခဲခဲ ခေါ်လာခဲ့ရတာ။ ခင်ဗျားတို့က ဘယ့်နှယ်ကြောင့် မြေကြီးထဲ ဝင်နေကြတာလဲ။ ကျုပ်တို့နှစ်ယောက်က တောထင်တောင်ထင် ဖြစ်နေကြသေးတာ"

ဟု ဘိုးသူတော်ကြီးက ပြောလိုက်လေ၏။

"ကဲ...ကဲ ဆရာမင်းသိခ်ရော ဦးသူတော်ကြီးရော ကျွန်မနဲ့ လိုက်ခဲ့ကြပါရှင်"

ဟု ပြောဆိုကာ အဒေါ်ကြီးသည် မြေတိုက်အတွင်းသို့ အံဖုံးတံခါးမှ ဆင်းခိုင်းလေ၏။ ကျွန်ုပ်နှင့် ဘိုးသူတော်ကြီးသည် မြေတိုက်အတွင်းသို့ ဆင်းကြလေ၏။ အဒေါ်ကြီးသည် နောက်ဆုံးမှ ဆင်းပြီးလျှင် မြေတိုက်အံဖုံးတံခါးကို ပိတ်လိုက်လေတော့၏။

မြေတိုက်အတွင်းသို့ရောက်လာသောအခါ၌ ကျွန်ုပ်ရော ဘိုးသူတော်ကြီးပါ အံ့သြခြင်းဖြစ်၍နေကြပြီးလျှင် တစ်ဦးမျက်နှာကို တစ်ဦး ကြည့်ကြလေတော့၏။

မြေတိုက်ခန်းကျယ်ကြီးတစ်ခုလုံး၌ ကော်ဇောနီကြီး ခင်း၍ထားလေ၏။ အခန်းတစ်ခန်းလုံးရှိ အသုံးအဆောင်များမှာလည်း ရှေးခေတ် နန်းတွင်းသုံးပစ္စည်းဟောင်းများချည်းဖြစ်၏။ အခန်း အလယ်တွင် လွန်စွာကြီးမားသော ခုံကြီးတစ်ခုံ ချထား၏။


ထိုခုံကြီးမှာလည်း မှန်စီရွှေချခုံကြီးဖြစ်၏။ ထိုခုံကြီးပေါ်တွင် ပိုးစလောင်းတပ်ဆင်ထားသည့် မှန်အိမ်ကြီးတစ်လုံး ထွန်းညှိထားလေ၏။ ထိုင်ခုံများမှာလည်း နယားရုပ်များ၊ မကန်းရုပ်များ ထုလုပ်ထား၍ ရွှေများချထားသည်ကို တွေ့ရလေ၏။

အမျိုးသမီးတစ်ဦးသည် သလွန်ဟောင်းကြီးတစ်လုံးပေါ်တွင် အိပ်၍နေ၏။ ၎င်း၏အနီး ဖန်ပဒိုင်းများဖြင့် ပြုလုပ်ထားသော ရှေးဟောင်းပုခက်တစ်လုံးပေါ်တွင် မွေးကင်းစကလေးတစ်ဦးကို သိပ်၍ထားလေ၏။ ထိုကလေး၏အနီးတွင် ခေါင်းလောင်းကလေး နှစ်လုံး တင်၍ထားလေ၏။ ထိုခေါင်းလောင်းကလေးနှစ်လုံးမှာ ဆင်တူဖြစ်၏။ သို့ရာတွင် တစ်လုံးမှာ ရွှေဖြင့်ပြုလုပ်ထား၏။ ကျန်တစ်လုံးမှာ ငွေဖြင့်ပြုလုပ်ထားလေ၏။ ခေါင်းလောင်းကလေးများသည် ထောက်လေးထောက်တပ်ဆင်ထားသော တိုင်ကလေးတွင် ချိတ်ဆွဲထားခြင်းဖြစ်၏။ အပေါ်တည့်တည့်တွင် လက်ကိုင်ကွင်းကလေးများလည်း ပါ၏။ ခေါင်းလောင်းများကို


BURMESE CLASSIC .com

www.burmeseclassic.com

တီးခတ်ရန်အတွက် တုတ်ကလေးများ တစ်ချောင်းစီပါ၏။ ရွှေခေါင်းလောင်းအတွက် ရွှေတုတ်ကလေးဖြစ်ပြီး ငွေခေါင်းလောင်းအတွက် ငွေတုတ်ကလေးဖြစ်လေ၏။



စာဖတ်သူများ မြင်ဖူးစေရန် ကျွန်ုပ်ရရှိထားသော ငွေခေါင်းလောင်းကလေး၏ ပုံကို ဖော်ပြထားပါသည်။


BURMESE CLASSIC .com

www.burmeseclassic.com

ကျွန်ုပ်တို့အား မြေတိုက်အတွင်းသို့ခေါ်ဆောင်သွားသော အဒေါ်ကြီးက ကျွန်ုပ်နှင့် ဘိုးသူတော်ကြီးအား ရှေးခေတ်ကုလားထိုင်များတွင် ထိုင်ခိုင်းလေ၏။ ထို့နောက် ကျွန်ုပ်အား ကော်ဖီတစ်ခွက်နှင့် ဘီစကစ်မုန့်များ ကျွေးလေ၏။ ဘိုးသူတော်ကြီးကိုမူ ရေနွေးကြမ်းနှင့် ထန်းလျက်ဖြူဆုပ်များ ကျွေးမွေးလေ၏။ ထိုအခါ ဘိုးသူတော်ကြီးက…

"ဘဲရီးဟန်းဂရီး အလွန်ဆာလောင်နေတယ်။ သိပ်ပြီး ကျေးဇူးတင်တာပဲ မိုင်ဒီးယား"

ဟု ပြောလေ၏။

ကျွန်ုပ် ကော်ဖီသောက်ပြီးသောအခါ၌ အဒေါ်ကြီးသည် သလွန်အနီးသို့ ခေါ်သွားလေ၏။ သလွန်အနီးသို့ ကျွန်ုပ်ရောက်ရှိသွားသောအခါ၌ သလွန်ပေါ်က အမျိုးသမီးကလေးသည် မှိန်း၍နေရာမှ မျက်လုံးဖွင့်၍ ကြည့်လေ၏။ ထိုအခါ အဒေါ်ကြီးက ထိုအမျိုးသမီးကလေးအား…

"လက္ခဏာဖတ်ဖို့၊ သမီးတော်ကလေးကို ကင်ပွန်းတပ်ဖို့ ပုရောဟိတ်ကြီး ရောက်နေပါပြီ"

ဟု ပြောလိုက်လေ၏။

အဒေါ်ကြီးက ကျွန်ုပ်အား 'ပုရောဟိတ်ကြီး'ဟု မိတ်ဆက်ပေးလိုက်သောကြောင့် ကျွန်ုပ်သည်ပင် ဘဝင်မြင့်သလိုလို ဖြစ်၍သွားလေတော့၏။

ထိုအခါ သလွန်ပေါ်မှအမျိုးသမီးလေးက ၎င်း၏ ဖြူနုသွယ်လျသော လက်ကလေးများကိုထုတ်၍ ကျွန်ုပ်အား ပြလေ


BURMESE CLASSIC .com

www.burmeseclassic.com

၏။ ကျွန်ုပ်လည်း မှန်ဘီလူးလေးကိုထုတ်၍ ၎င်း၏ လက်ဝါးအား ကြည့်ရှုစစ်ဆေးလေတော့၏။ ကျေနပ်လောက်အောင် ကြည့်ရှုစစ်ဆေးပြီးနောက် အောက်ပါအတိုင်း ဟောချက်ထုတ်လေ တော့၏။

"လက္ခဏာရှင်ဟာ လူဝင်စားတစ်ဦးဖြစ်ပါတယ်။ လက်ခလယ်လက်ချောင်းရဲ့ အောက်ဆုံးဆစ်က လမ်းကြောင်းကလေးဟာ အဲဒီအချက်ကို ဖော်ပြနေပါတယ်။

ပြီးတော့ ဟောဒီလက္ခဏာရှင်ဟာ အသက်နှစ်ဆယ်ကျော်မှာပဲ သက်တမ်းကုန်ပါလိမ့်မယ်။ အဲဒီအချက်ကတော့ လက်ဝဲလက်ညှိုးအောက်က အမှတ်အသားကလေးက ဖော်ပြနေပါတယ်။ အဲဒီအမှတ်အသားကလေးကို အဆစ်နိုလို့ ခေါ်ပါတယ်။

နောက်တစ်ခုက လက္ခဏာရှင်မှာ အလွန်အစွမ်းထက်တဲ့ မန္တန်တစ်ခုရှိတယ်လို့ သိရပါတယ်။ အဲဒါကတော့ လက်ဝဲလက်သူကြွယ်ဆစ်က အမှတ်အသားကလေးက ဖော်ပြနေပါတယ်။ အဲဒီအမှတ်အသားကလေးဟာ 'ရဝိသျှာ' လို့ခေါ်ပါတယ်။

နောက်ဆုံး ဟောချင်တာကတော့ လက္ခဏာရှင်ဟာ မီးဘေးတွေကြုံလိမ့်မယ်။ အဲဒါက ဘာဖြစ်လို့ပြောနိုင်ပါသလဲဆိုတော့ 'အနန္တက' ဆိုတဲ့ လက်သန်းအလယ်ဆစ်က အမှတ်အသားကလေးက ဖော်ပြနေပါတယ်။

ကျွန်ုပ် ဟောပြောပြီးသောအခါ၌ သလွန်ပေါ်မှ မိန်းကလေးက...



BURMESE CLASSIC .com

"ပုရောဟိတ်ကြီး တော်ပါပေတယ်။ ဆုချလိုက်ပါ"

ဟု ပြောလိုက်လျှင် အဒေါ်ကြီးက...

"ဘယ်လိုဆုမျိုး ချရမှာလဲ"

ဟု ပြန်၍မေးလေ၏။

"သမီးတော်ကလေး ဖွားမြင်တဲ့အထိမ်းအမှတ်အဖြစ် တီးတဲ့ ငွေခေါင်းလောင်းကလေးကို ဆုချလိုက်ပါ"

ဟု သလွန်ပေါ်မှ မိန်းကလေးက ပြောလိုက်လျှင် အဒေါ်ကြီးသည် စားပွဲပေါ်မှ ခေါင်းလောင်းနှစ်လုံးအနက် ငွေခေါင်းလောင်းကလေးကိုယူ၍ ပေးလေတော့၏။

ကျွန်ုပ်၏စိတ်၌ ရွှေခေါင်းကလေး ဆုချလိုက်လျှင် ကောင်းမှာပဲဟု တွေးမိလေ၏။ ထို့နောက် သလွန်ပေါ်မှ မိန်းကလေးက...


"ပုရောဟိတ်ကြီး သမီးတော်လေးကို အမည်တော်ရွေးလို့ ကင်ပွန်းတပ်စမ်းပါဦး"

ဟု ပြောပြန်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ထိုနေ့၏ ကောဇာဂြိုဟ်နေကို အံသာလိတ္တာနှင့်တကွအလွတ်ရသောကြောင့် စာရွက်ပေါ်တွင် အောက်ပါအတိုင်း ဇာတာချ၍ ကလေးဖွားမြင်သော နာရီကိုမေးကာ လဂ်ကြမ်းတပ်လိုက်လေတော့၏။



BURMESE CLASSIC .com

www.burmeseclassic.com




**မဟေသီ၏ မူလဇာတာ**

ထို့နောက် ကျွန်ုပ်က…

“အလို…မိန်လဂ်၊ ခနုစန်းပါလား။ ကြာသပတေးသမီးလည်း ဖြစ်တယ်ဆိုတော့”

ဟု စကားစလိုက်ရာ ဘိုးသူတော်ကြီးက ကျွန်ုပ်အား…

“အိုင်ဆေး ကြာသပတေးသမီး မဖြတော့ မလုပ်လိုက်နဲ့နော်။ သေသေချာချာလေး ရွေးစမ်းပါ”

ဟု လှမ်း၍ သတိပေးလိုက်လေတော့၏။

ကျွန်ုပ်လည်း သေချာစွာ တွက်ချက်စဉ်းစားပြီးနောက် အောက်ပါအတိုင်း ဇာတာဖတ်လိုက်လေတော့၏။

ဧေယျတုသက္ကရာဇ် ၁၃၄၆ ခု၊ နှစ်ကြွင်း ၂၄၆၊ ကလိယုတ် ၅၀၈၅၊ ရဝိဖုဋ္ဌပြိဿရာသီ ဝေါဟာရမဿ နယုန်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့အဝင် သန်းခေါင်ကျော် မိန်ရာသီလဂ်၊ ဓနုရာသီစန်း ၁ နွေ ဟောရက် ၅ တေး တြင်း ၅ တေး နဝင်းလဂ်စီးနက္ခတ် ၂၆ လုံး၊ ၃ ပါတ် ၉ ဃဋီထက် လဂ်စီးလျက် ထိုနာရီ၏ တည့်နက္ခတ်သော်ကား ၂၆၉ အံသာ ပြုပ္ပာသန်နက္ခတ် မွန်းတည့်မတ်သောအခါ မင်္ဂလာ၌ ဆင်းသိင်္ဂ ရှုမဝသည့် သမီးလှရတနာကို မာတာမိခင် သန္ဓေစင်သည် မည် တွင်သညာ ခေါ်စရာကား 'မဟေသီ' အသက် တစ်ရာ့နှစ်ဆယ် ကျော် ရှည်စေသော်ဝ်''

ကျွန်ုပ်ဖတ်သည်ကို နားထောင်ပြီးနောက် သလွန်ပေါ်မှ အမျိုးသမီးကလေးက…

''မဟေသီတဲ့လား။ အလွန်ကောင်းပါကလား။ မှန်ပါတယ်။ မဟေသီကလေး မွေးဖွားတာပါပဲ။ ပုရောဟိတ်ကြီး တော်ပါပေတယ်။ ဆုချလိုက်ပါဦး''

ပြောပြန်သဖြင့် အဒေါ်ကြီးက…

''ဘာကိုများ ဆုချရမှာလဲ''

ဟု မေးလိုက်လေ၏။

''ဟောဟိုရတနာကြုတ်ထဲက နဝရတ်လက်စွပ်တစ်ကွင်း ဆုချလိုက်ပါ''

www.burmeseclassic.com

ဟု သလွန်ပေါ်က အမျိုးသမီးကလေးက ပြောလိုက်လေ၏။ အဒေါ်ကြီးလည်း ရတနာကြုတ်ကိုယူ၍ နဝရတ်လက်စွပ်တစ်ကွင်း နှိုက်ယူပြီးလျှင် ကျွန်ုပ်အား ပေးလိုက်လေ၏။ ကျွန်ုပ်လည်း နဝရတ်လက်စွပ်ကို လက်ခလယ်လက်ချောင်း၌ ဝမ်းသာအားရ စွပ်လိုက်လေတော့၏။

ဘိုးသူတော်ကြီးသည် ထန်းလျက်ခဲဝါးရင်း ကျွန်ုပ်အား…

"အိုင်ဆေး ယူဂေါ့တူး။ ခင်ဗျားက နှစ်ခုတောင် ရနေပြီနော်။ ကျုပ်က ဘာမှ မရသေးဘူး။ ကျုပ်အတွက်လည်း လုပ်ပါဦး"

ဟု လှမ်း၍ ပြောလိုက်လေတော့၏။

ကျွန်ုပ်သည် ဘိုးသူတော်ကြီးအား ပြန်၍မပြောဘဲ သလွန်ပေါ်က မိန်းကလေးကိုသာ ကလေး၏ အနာဂတ်အတွက် ဟောပြလေ၏။ ထို့နောက် ကျွန်ုပ်သည် သလွန်အနီးမှ ခွာခဲ့ပြီးလျှင် ဘိုးသူတော်ကြီးအနီး၌ သွား၍ထိုင်လေတော့၏။

ထိုအခါ ဘိုးသူတော်ကြီးက…

"အိုင်ဆေး ယူက နဝရတ်လက်စွပ်ကိုယူပြီး အိုင့်ကို ငွေခေါင်းလောင်းကလေး ပေးပါလား။ ဒါမှ တရားသဖြင့် ဖြစ်တော့မှာပေါ့"

ဟု ပြောရာ ကျွန်ုပ်က…

"မပေးနိုင်ဘူးဗျ။ အမှတ်တရသိမ်းထားရမယ်"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေတော့၏။


BURMESE CLASSIC .com

"ဆဲလ်ဖစ်ရှစ် တစ်ကိုယ်ကောင်းဆန်တာကိုး။ ပုရောဟိတ်ကြီးက တကယ့်ကို တစ်ကိုယ်ကောင်းသမားကြီးပဲ"

ဟု ဘိုးသူတော်ကြီးက အပြစ်တင်လေ၏။

ထိုအချိန်၌မှာပင် အံ့ဖုံးတံခါးပွင့်လာပြီးလျှင် အရပ်မြင့်မြင့် လူတစ်ယောက် ဆင်း၍လာလေတော့၏။ ထိုသူသည် အရပ်မြင့် သကဲ့သို့ ကိုယ်လုံးကိုယ်ထည်လည်း သန်မာထွားကျိုင်းလှဘိ၏။ သူ၏နှာခေါင်းမှာ လွန်စွာချွန်၏။ မျက်လုံးမျက်ဖန် လွန်စွာ ကောင်း၏။

"အိုင်ဆေး...အဲဒါပေါ့။ ကျုပ်ပြောတဲ့ ပထန်ကြီးဆိုတာ။ သူ့လက်ထဲမှာလည်း သံသေတ္တာကြီးတစ်လုံးနဲ့ပါလား"

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

ထိုလူကြီးသည် မိန်းမကြီးအား...

"အလုပ်လုပ်ပြီးကြပြီလား"

ဟု အင်္ဂလိပ်ဘာသာဖြင့် မေးလိုက်လေ၏။ မိန်းမကြီး ကလည်း လက္ခဏာဆရာသည် အလုပ်လုပ်ပြီးကြောင်း ဆုများပင် ရရှိပြီးပြီဖြစ်ကြောင်း လူကြီးအား အင်္ဂလိပ်ဘာသာဖြင့်ပင် ပြန်၍ပြောလိုက်လေ၏။ ထိုအခါ လူကြီးက မိန်းမကြီးအား...

"ဝမ်းဆွဲဆရာမကို ပြန်ပြီးပို့ဖို့ စီစဉ်ဦးလေ"

ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်ရာ မိန်းမကြီးက ဘိုးသူတော်ကြီးဘက်သို့လှည့်၍...



BURMESE CLASSIC .com

www.burmeseclassic.com

"ဦးသူတော်ရယ် အပေါ်မှာအိပ်နေတဲ့ ဝမ်းဆွဲဆရာမကို နှိုးပြီး သူ့အိမ်ကို လိုက်ပို့လိုက်ပါ။ ဟောဒီမှာ မော်တော်ကားငှား ဖို့ ငွေအစိတ်ယူသွားပါ"

ဟု ပြောဆို၍ အစိတ်တန်တစ်ရွက်ကို ပေးလိုက်လေ၏။

"ယူတို့ အိုင့်ကို တစ်ခုပြီးတစ်ခု ခိုင်းနေတာပဲ။ လက်ဆောင်တော့ တစ်ခုမှ ပေးဖော်မရဘူး။ ဟိုလက္ခဏာဆရာ ကတော့ လက်ဆောင်နှစ်ခုတောင် ရသွားပြီ"

ဟု ဘိုးသူတော်ကြီးက ပြောလေတော့၏။ ထိုအခါ သလွန်ပေါ်မှ မိန်းကလေးက...

"ဟုတ်ပါရဲ့။ ဦးသူတော်ကြီးကို ရွှေခေါင်းလောင်း ပေး လိုက်ပါ"

ဟု ပြောလိုက်လေ၏။ အဒေါ်ကြီးလည်း ရွှေခေါင်း လောင်းကိုယူ၍ ဘိုးသူတော်ကြီးအား ပေးလိုက်လေတော့၏။ ဘိုးသူတော်ကြီးလည်း ဗဲရီးဂွတ်ဟု ဆိုကာ ရွှေခေါင်းလောင်းကို ပိုက်၍ အံဖိုးတံခါးကိုဖွင့်ကာ အပေါ်သို့ တက်သွားလေတော့၏။ တအောင့်မျှကြာလျှင် လူကြီးက ကျွန်ုပ်အနီးသို့လာကာ...

"ကျေးဇူးတင်ပါတယ်ဆရာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က...

"သြော်...မြန်မာစကားတတ်ပေသားပဲ"

ဟု လွှတ်ခနဲပြောလိုက်မိလေတော့၏။


BURMESE CLASSIC .com

www.burmeseclassic.com

"မြန်မာပဲဥစ္စာ။ မြန်မာစကား တတ်တာပေါ့ဗျာ။ ကျုပ်တို့ အိမ်သားချင်း အင်္ဂလိပ်လိုပြောတာက အကျင့်ဖြစ်နေလို့ပါ"

ဟု လူကြီးက ပြန်၍ပြောလေ၏။

"မြန်မာပဲဗျာ။ အင်္ဂလိပ်စကားပြောတာကို အကျင့်ဖြစ်နေရသလား"

ဟု အပြစ်တင်လိုက်ရာ လူကြီးက ပြုံးလျက်...

"ကျုပ်က အရင်က မီးရထားဂါတ်ဗိုလ် လုပ်ခဲ့ဖူးတယ်။ နေရတဲ့တန်းလျားကလည်း အင်ဂလိုအင်ဒီးယန်းတွေနဲ့ချည်း နေရတာဆိုတော့ ကျုပ်လည်း ပြောရင်းအကျင့်ဖြစ်သွားတာဗျ"

ဟု ရှင်းပြလေတော့၏။

ထိုအခါ ကျွန်ုပ်လည်း ကျွန်ုပ်သိလိုသည်များကို အရဲစွန့်၍ မေးမြန်းမိလေတော့၏။

"ကျုပ်တော့ဗျာ။ လက္ခဏာဖတ်ရတဲ့အထဲမှာ ဒီည ဒီမှာ လာပြီး ဖတ်ရတာ အထူးဆန်းဆုံးပဲ။ အဓိပ္ပာယ်လည်း မပေါက်ဘူးဗျ။ အဲဒါလေးများကို မိတ်ဆွေကြီးက ရှင်းပြနိုင်ရင်တော့ နဝရတ်လက်စွပ်တစ်ကွင်းနဲ့ ငွေခေါင်းလောင်းတစ်လုံး ရတာထက်တောင် ကျုပ်က ဝမ်းသာလိမ့်မယ်ထင်တယ်"

ဟု မေးလိုက်ရာ ထိုလူကြီးက...

"သိချင်ရင်လည်း ပြောပြရတာပေါ့ဗျာ။ ကျုပ်နာမည်က ကိုစိန်ဒိုးတဲ့။ မီးရထားဂါတ်ဗိုလ်တစ်ယောက်ပါပဲ။ ကျုပ်ရဲ့ဇနီးက မရှင်တဲ့။


BURMESE CLASSIC .com

www.burmeseclassic.com

ဒီဇာတ်လမ်းရဲ့ အစကို ပြောမယ်ဆိုရင်...

ဟောဒီ အိုးကလေးအကြောင်းက စပြီး ပြောရမယ်"

ဟု ဆိုကာ ဂါတ်ဗိုလ်ကြီးကိုစိန်ဒိုးသည် အိုးလေးတစ်လုံး ယူလာပြီးလျှင် ကျွန်ုပ်အား ပြသလေ၏။ အိုးလေး၏ အရွယ်မှာ တင်းနစ်ဘောလုံးခန့် ရှိ၏။ အိုး၏ လည်ပင်းသည် ရှည်ရှည်လေး ဖြစ်၏။ အိုး၏ပတ်ပတ်လည်တွင် ဖောင်းကြွပန်းများ ထွင်းထု၍ ထား၏။ အိုးလေးသည် ရှေးဟောင်းအိုးလေးတစ်လုံးဖြစ်သည့် အားလျော်စွာ ဟောင်းနွမ်းမည်းညစ်နေ၏။ ကျွန်ုပ်လည်း အိုးလေး ကို ကိုင်၍ကြည့်ပြီးလျှင် လက်ဖြင့် အလေးချိန်ကို ဆ၍ကြည့်၏။ ထိုအခါ ဂါတ်ဗိုလ်ကြီးဦးစိန်ဒိုးက...

"အလေးချိန်ရှိတာပေါ့ဗျာ။ ခဲနဲ့ လုပ်ထားတာပဲ။ ရှေး ခေတ် ပေါ်တူဂီပင်လယ်ဓားပြဗိုလ်ကြီးတွေ အရက်ထည့်ပြီး သောက်တဲ့ အိုးလေးဗျ"

ဟု ပြောလိုက်လေ၏။

"အင်း...စိတ်ဝင်စားစရာပဲ။ ပြောစမ်းပါဦး ဦးစိန်ဒိုးရဲ့"

ဟု ကျွန်ုပ်က ဝင်၍ စကားကို ထောက်ပေးလိုက်လေ၏။

"ဒီလိုဗျ။ တစ်နေ့မှာ ကျုပ်ဟာ ဗဟန်းက ရှေးဟောင်း ပစ္စည်းရောင်းတဲ့ 'ကျူရီယို'ဆိုင်ကလေးတစ်ဆိုင်ရှေ့ကို ရောက် သွားတယ်ဗျ။ အဲဒီလိုရောက်သွားရင်း ဆိုင်ထဲကို လှမ်းပြီးကြည့်မိ တာပေါ့ဗျာ။ ကြည့်မိတယ်ဆိုရင်ပဲ ကျွန်းသေတ္တာပေါ်မှာ တင် ထားတဲ့ ဟောဒီအိုးကလေးဆီကို မျက်စိက ရောက်သွားပါလေ


BURMESE CLASSIC .com

ရော။ ဘယ်လိုဖြစ်တယ်မသိဘူးဗျာ။ ကျုပ်ဟာ အဲဒီအိုးကလေးကို စိတ်ဝင်စားသွားတယ်။ အမှန်အတိုင်းပြောရရင် ကျုပ်ဟာ ရှေးဟောင်းပစ္စည်းတွေဘာတွေဆိုတာကို စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ ဒီအိုးကလေးကျမှ ဘယ်လိုဖြစ်တယ် မဆိုနိုင်ဘူး။ လိုချင်စိတ်တွေ တဖွားဖွားပေါ်ပေါက်လာတော့တာပဲ။ ဒါနဲ့ ကျုပ်လည်း ဆိုင်ထဲကိုဝင်သွားပြီး အိုးကလေးကို ကိုင်ကြည့်တော့တာပဲဗျို့။ ဆိုင်ရှင်ကြီးကလည်း အတော့်ကို သဘောကောင်းပါရဲ့။ အိုးကလေးရဲ့ ရာဇဝင်ကို ခင်းပြတယ်ခင်ဗျ။ ဒါနဲ့ ကျုပ်က ဘယ်လောက်လဲလို့ ဈေးမေးလိုက်တော့ ဆိုင်ရှင်ကြီးက တစ်ရာရရင် ရောင်းနိုင်ပါတယ်လို့ ပြောတယ်ခင်ဗျ။ ကျုပ်လည်း အတော်ကလေးကို မခံချင်စိတ်ဖြစ်သွားတယ်။ ငွေတစ်ရာဆိုတာ နည်းသလားခင်ဗျာ"

ဟု ဂါတ်မိုလ်ကြီး ဦးစိန်ဒုံးက ပြောလေ၏။

"ဟုတ်ပါပြီလေ။ နောက်တော့ ဘယ်လိုဖြစ်သလဲဗျ။ ပြောစမ်းပါဦး"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။


"လိုချင်တော့လည်း ဈေးဆစ်ရတာပေါ့ဗျာ။ နောက်ဆုံး ဆစ်လွန်းမက ဆစ်တော့မှ ငွေတစ်ကျပ်တည်း လျှော့ပေးတယ်။ ကိုးဆယ့်ကိုးကျပ်နဲ့ ရောင်းလိုက်တယ်။ ကျုပ်ကလည်း ဘယ်လိုဖြစ်တယ် မဆိုနိုင်ပါဘူး။ အဲဒီအိုးကလေးကိုမရရင် သေတော့မယ့် အတိုင်း အငမ်းမရဖြစ်နေတယ်ဗျို့။ ဆန်းလိုက်တာဗျာ။


BURMESE CLASSIC .com

www.burmeseclassic.com

ဒါနဲ့ ကျုပ်လည်း အိတ်ထဲမှာ အဲဒီအိုးကလေးကိုထည့်ပြီး ဘူတာရုံကို ပြန်လာတာပေါ့။ ကျုပ်က မန္တလေးအဆန်နဲ့ လိုက်ရမှာကိုဗျ''

ဟု ပြောဆိုကာ ဂါတ်ဗိုလ်ကြီးဦးစိန်ဒုံးသည် ဆေးပြင်းလိပ် တစ်လိပ်ကို မီးညှိရှိုက်ဖွာလေတော့၏။



စာဖတ်သူများကြည့်ရှုစေရန်အတွက် ရှေးဟောင်းစဲအိုးတစလေး၏ ပုံကို ဖော်ပြလိုက်ပါသည်။

BURMESE CLASSIC .com

"ဆက်ပါဦး ဂါတ်ဗိုလ်ကြီးရဲ့"
ဟု ကျွန်ုပ်က လောဆော်လိုက်ရလေ၏။

"ကျုပ်လည်း ရထားနဲ့ လိုက်လာခဲ့တာပေါ့ဗျာ။ တောင်ငူ ဘူတာလည်း ရောက်ရော ရထားထွက်ခါနီးမှာ အဘိုးကြီး တစ်ယောက် ကျုပ်တွဲပေါ်ကို တက်လာတယ်။ ကျုပ်ကလည်း ဒီမှာအဘ။ ဒီတွဲဟာ လူစီးတွဲ မဟုတ်ဘူး။ ဆင်းပါလို့ပြောလိုက် တော့ အဘိုးကြီးက လူစီးတွဲမဟုတ်ရင် ဘာစီးတဲ့တွဲလဲကွလို့ ပြန်ပြီးမေးတယ်ဗျို့။ ကျုပ်က ဒေါပွပွနဲ့ ဂါတ်ဗိုလ်စီးတာ။ ဂါတ် ဗိုလ်စီးတာလို့ အော်ပြီးပြောလိုက်တယ်။ ဒီတော့ အဘိုးကြီးက ဂါတ်ဗိုလ်လည်း လူပဲ မဟုတ်လားကွလို့ ကျုပ်ကို ပြန်မေးလိုက် တယ်။ ကျုပ်က အတော့်ကိုစိတ်ဆိုးသွားပြီး ဆင်းမလား မဆင်း ဘူးလားလို့ အဘိုးကြီးကို မေးလိုက်တယ်။ အဘိုးကြီးက ကျုပ် မေးတာကို လုံးဝဂရုမစိုက်ဘူး။ ကျုပ်ရဲ့ရှေ့က စားပွဲကလေးပေါ် မှာတင်ထားတဲ့ အလံစိမ်းကလေးကိုကောက်ယူပြီး ခေါင်းတွဲဘက် ကို လှုပ်ယမ်းပြလိုက်တယ်။ အဲဒီအခါမှာ ခေါင်းတွဲကြီးက ခုတ်မောင်းတော့တာပေါ့ဗျာ။ ကျုပ်ဟာအဘိုးကြီးကို အစိမ်းလိုက် ဝါးစားချင်လောက်အောင်ကို ဒေါသထွက်သွားတယ်ဗျို့။ ဒါကြောင့် ခင်ဗျားကြီး ဝတ္တရားနှောင့်ယှက်မှုနဲ့ ထောင်ကျသွား ချင်သလားလို့မေးလိုက်တယ်။ အဲဒီအခါမှာ အဘိုးကြီးက ဒါတွေ

www.burmeseclassic.com

ပြောမနေစမ်းပါနဲ့ကွာ။ ဆာတယ်ကွ။ ကော်ဖီကလေးဘာလေး မရှိဘူးလားလို့ပြောပြီး စားပွဲပေါ်က ကျုပ်ရဲ့ခတ်ဘူးကို ဆွဲယူပြီး အဖုံးကို ဖွင့်တော့တာကိုး။ ကျုပ်လည်း ဒါလောက်တောင် မိုက်ရိုင်းတဲ့အဘိုးကြီးကို လည်ပင်းညှစ်မယ်ဆိုပြီး သူ့အနားကို ကပ်ပြီးသွားတာကို။ အဲဒီလိုလည်း ကပ်သွားရော အဘိုးကြီးက ကော်ဖီသောက်ရင်းနဲ့ ဟော့ကောင် လည်ပင်းယားလို့ နည်းနည်း လောက် လက်နဲ့ကုတ်ပေးစမ်းပါလို့ ပြောလိုက်တယ်။ ကျုပ်လည်း ခြေထောက်တွေ လေးလာပြီး တုံ့ခနဲရပ်သွားတယ်။ အဘိုးကြီးက ဒီတော့မှ ထိုင်စမ်းပါဦး။ ပါပလူမျိုးရဲ့လို့ ကျုပ်ကို ပြောလိုက် တယ်။ ကျုပ်က ဘာအဓိပ္ပာယ်လဲ။ ကျုပ်မသိဘူးလို့ အဘိုးကြီးကို ပြန်ပြီးအော်လိုက်တာပေါ့ဗျာ။ ဒီတော့မှ အဘိုးကြီးက ပါပလူမျိုး ကိုးဆယ့်ကိုး ဆိုတဲ့စကားကို မှတ်ထားကွ။ မင်းမှာ ကိုးဆယ့်ကိုး ကျုပ်နဲ့ဝယ်လာတဲ့ အိုးကလေးတစ်လုံးရှိတယ်မဟုတ်လားလို့ ကျုပ်ကို မေးလိုက်တယ်ဗျို့။ ကျုပ်လည်း အဲဒီကျတော့မှပဲ အဘိုးကြီးဟာ ရိုးရိုးအဘိုးကြီးတော့ မဟုတ်ဘူး။ ထူးဆန်းတဲ့ အဘိုးကြီးဆိုတာကို ရိပ်မိလာတော့တယ်''

ဟု ဆိုကာ ဂါတ်ဗိုလ်ကြီး ဦးစိန်ဒုံးသည် ဆေးပြင်းလိပ်ကို ဖွာ၍ နေလေတော့၏။

''လုပ်ပါဦးဂါတ်ဗိုလ်ကြီး။ စိတ်ဝင်စားဖို့ကောင်းလိုက် တာဗျာ''

www.burmeseclassic.com

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ ဂါတ်ဗိုလ်ကြီး ဦးစိန်ဒိုးသည် ဆက်လက်၍ ပြောပြန်လေတော့၏။

"အဲဒီတော့ အဘိုးကြီးက ကျုပ်ကို သေသေချာချာကြည့်ပြီး မင်းဟာ ကလေးတစ်ယောက် ရလိမ့်မယ်။ အဲဒီလိုရပြီးရင် အလုပ်က ထွက်လိုက်တော့။ ပြီးတော့ ရေးဟောင်းပစ္စည်းဆိုင်ဖွင့်လို့ ပြောတာကို။ အဲဒီမှာ စဉ်းစားစရာတစ်ချက်ရှိတာက ကျုပ်ဟာ ကလေး ဘယ်လိုမှ မရနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်မိန်းမ မရှင်ဟာ ကလေးမမွေးနိုင်တဲ့ အမြုံဖြစ်ကြောင်း ဆရာဝန်ကြီးတွေကိုယ်တိုင် စစ်ဆေးပြီးသားဗျ။ ကလေးတစ်ယောက်ရဖို့ဆိုတာဟာ ကျုပ်အဖို့ နောက်မိန်းမရဦးမယ်လို့ ပြောတာပဲမဟုတ်လားဗျ။ ဒါပေမဲ့ အဘိုးကြီးက ကျုပ်ရဲ့စိတ်အကြံကို သိပုံရတယ်ဗျ။ မင်းကို နောက်မိန်းမရမယ်လို့ပြောနေတာ မဟုတ်ဘူး။ ကလေးရမယ်လို့ ပြောတာ။ တလွဲတွေ ချော်မနေနဲ့ဦးလို့ သူက ပြောလိုက်တယ်ဗျ။ အဲဒီတော့ ကျုပ်လည်း မေးစရာရှိတာတွေမေးထားဦးမှ ဆိုပြီး မေးရတာပေါ့ဗျာ"

ဟု ပြောကာ ဂါတ်ဗိုလ်ကြီးသည် ဆေးလိပ်ကို ပြာခြွေလိုက်ပြီးနောက် အနီးရှိ ရေနွေးကြမ်းအိုးမှ ရေနွေးကို ငှဲ့လိုက်လေတော့၏။

"ဆက်ပါဦး ဂါတ်ဗိုလ်ကြီးရဲ့"


BURMESE CLASSIC .com

www.burmeseclassic.com

လို့ ကျွန်ုပ်က ပူဆာရပြန်လေ၏။

“ကျုပ် ပထမဆုံး မေးတာကတော့ အလုပ်ထွက်ပြီး ရှေးဟောင်းပစ္စည်းဆိုင် ဖွင့်တာကတော့ ဟုတ်ပါပြီ။ ကျွန်တော်က ဈေးမှ မရောင်းတတ်ဘဲ အဘာရယ်လို့မေးလိုက်တယ်။ အဲဒီအခါ မှာ အဘိုးကြီးက လူမတတ်ပေမဲ့ လက်ဖက်ထုပ်က တတ်ပါ တယ်ကွလို့ ပြန်ပြီးဖြေတယ်။ ဒါနဲ့ ကျုပ်လည်း ဒုတိယမေးခွန်းကို ဆက်ပြီးမေးရတာပေါ့ဗျာ။ အဲဒါက ဘာလဲဆိုတော့ ကလေးရတာ တော့ ဟုတ်ပါပြီ။ ကလေးကို ဘယ်လိုထားရမလဲလို့ မေးလိုက် တယ်။ အဲဒီတော့ အဘိုးကြီးက ကလေးစိတ်ကြိုက်ထားရမယ်။ ဟော့ကောင် အရှည်ကြီးလျှောက်မေးမနေနဲ့ကွာ။ ကိုးဆယ့်ကိုးနှစ် ကြာရင် ထူးလိမ့်မယ်လို့ ပြောတယ်ဗျ။ အဲဒီတော့ ကျုပ်က ကိုးဆယ့်ကိုးနှစ်ကြာမှ ထူးမယ်ဆိုရင်တော့ ကျွန်တော် ဘယ်မီ တော့မလဲ အဘာရယ်လို့ အဘိုးကြီးကို ပြန်ပြီးပြောလိုက်တယ်။ အဘိုးကြီးက ကျုပ်စကားကို သဘောကျပြီး တဟဲဟဲနဲ့ရယ်တော့ တာပဲဗျို့။ ကိုးဆယ့်ကိုးနှစ်ဆိုတာက သီပေါမင်းကလေး ပါတော် မူတဲ့နှစ်ကစပြီး တွက်ရမှာ။ ၁၂၄၇ ခုနှစ်မှာ ပါတော်မူတယ် မဟုတ်လား။ ၁၃၄၇ ခုနှစ်ဆိုရင် နှစ်တစ်ရာတိတိပဲ။ အဲဒီတော့ ၁၃၄၆ ခုနှစ်ကို ဆိုလိုတာပေါ့ကွာ။ ကဲ…ငါသွားမယ်ဟော့ လို့ပြောပြီး အရိုန်နဲ့ခုတ်မောင်းနေတဲ့ ရထားပေါ်ကနေ လွှားခနဲ


BURMESE CLASSIC .com

ခုန်ဆင်းသွားတော့တာပဲဗျို့။ အဲဒီလို အဘိုးကြီးနဲ့တွေ့ပြီး သိပ်မကြာလိုက်ပါဘူးဗျာ။ ရထားပေါ်မှာ မွေးကာစကလေး တစ်ယောက်ကို ကောက်ရတော့တာပဲ။ ကလေးက မိန်းကလေးဗျ။ ကျုပ်လည်း ဘယ်ကိုမှ အကြောင်းမကြားတော့ဘဲ အဲဒီကလေးကို မွေးမယ်ဆိုပြီး အိမ်ကိုပွေ့သွားတော့တာပဲဗျို့။ ကျုပ်မိန်းမကလည်း ကလေးကိုမြင်တာနဲ့ ချစ်လိုက်တာ မပြောပါနဲ့တော့ဗျာ။

ကလေးကလည်း ဖြူဖြူဖွေးဖွေးကလေးဗျ။ ဒါကြောင့် ကျုပ်တို့လင်မယားက 'မဆင်ဖြူ' လို့ နာမည်ပေးကြ တော့တာပဲဗျို့။ ကျုပ်လည်း အဘိုးကြီးပြောတာ မှန်ပြီဆိုပြီး အလုပ်ကို ထွက်စာတင်လိုက်တယ်။ ရှောရှောရှူရှူပဲ ထွက်ခွင့်ရပါတယ်။ ဒါနဲ့ ကျုပ်တို့မိသားစု မန္တလေးမှာ အခြေချမယ်ဆိုပြီး မန္တလေးကို ပြောင်းလာကြတယ်။ မန္တလေးမှာ အိမ်ကလေးတစ်လုံးဝယ်ပြီး နေကြတယ်။ အဲဒီလိုနေလာကြတာ ဘာအလုပ်မှလည်း မလုပ်လေတော့ ပင်စင်လခကလေးနဲ့ ဘယ်လောက်မလဲဗျာ။ ကြပ်တည်းလာတော့တာပေါ့။ အဲဒီအခါမှာ အဘိုးကြီးပြောသွားတာကို သတိရတယ်ဗျို့။ ရှေးဟောင်းပစ္စည်းရောင်းမယ်ဆိုတာလေ။ ဒါနဲ့ ကျုပ်လည်း ရှေးဟောင်းပစ္စည်းရောင်းမယ်လို့ ကြံစည်တော့တာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်မှာ အရင်းအနှီးကလည်း မရှိ။ ရောင်းကလည်း မရောင်းတတ်ဆိုတော့ အခက်တွေ့နေတာပေါ့


BURMESE CLASSIC .com

www.burmeseclassic.com

လေ။ ဒါပေမဲ့ အဘိုးကြီးပြောသွားတဲ့ 'လူမတတ်ပေမဲ့ လက်ဖက်ထုပ်က တတ်ပါတယ်' ဆိုတဲ့စကားကို သတိရတာနဲ့ အိမ်ရှေ့မှာ စားပွဲခုံကလေးထုတ်ပြီး ဟောဒီအိုးကလေးကို တင်ထားတယ်။ အိုးကလေးဘေးမှာလည်း လက်ဖက်ထုပ်ကလေးတစ်ထုပ်ပါ တင်ပြီး လက်ဖက်ထုပ်ကလေးရေ ကိုယ့်ဟာကိုယ် ကြည့်ရောင်းပေတော့လို့ ကျုပ်က ပြောလိုက်သေးတယ်ဗျ''

ဟု ဆိုကာ အဘိုးကြီးသည် တဟဲဟဲနှင့် ရယ်မောလေတော့၏။

''ပြောပါဦး ဂါတ်မိုလ်ကြီးရဲ့''

ဟု ကျွန်ုပ်က ပြောရပြန်လေ၏။

''ပြောမှာပါဗျ။ မပူပါနဲ့။ ကျုပ်ကလည်း ပြောချင်လွန်းလို့ ယားနေတဲ့ လူပါ။ အဲဒီလို စားပွဲပေါ်မှာ လက်ဖက်ထုပ်ကလေးနဲ့ အိုးကလေးလည်း တင်လိုက်ရော လက်ဖက်ဝယ်တဲ့လူ လာတော့တာပဲဗျို့။ လက်ဖက်စုံ လာပြီးဝယ်တာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်မှာက ကြက်သွန်ကြော်တို့၊ နှမ်းတို့ ရှိတာမှမဟုတ်တော့ မရောင်းနိုင်ဘူးဗျ။ ဒါနဲ့ ကျုပ်လည်း ဈေးကိုပြေးပြီး အကြော်တွေဘာတွေ ဝယ်ပြီး ပုလင်းတွေနဲ့ထည့်ထားလိုက်တော့တာပေါ့။ လက်ဖက်သုပ်ဝယ်မယ့်လူတွေဟာ ရောက်လာတော့တာပဲဗျို့။ ကျုပ်လည်း


BURMESE CLASSIC .com

အဲဒီကျတော့မှပဲ လူတွေ ဒါလောက် လက်ဖက်ကြိုက်မှန်း သိတော့တယ်ဗျို့။ အဲဒီလို လက်ဖက်သုပ်ဝယ်ရင်းနဲ့ ကျုပ်ရဲ့ အိုးလေးကိုမြင်တော့ ကိုင်ပြီးကြည့်ကြတယ်။ အိုးအလေးကလည်း မြင်လိုက်တာနဲ့ ကြည့်ချင်စရာလေးဗျို့”

ဟု ပြောဆိုကာ ဦးစိန်ဒိုးသည် ဆေးလိပ်ကို ဖွာပြန်လေ၏။

ဦးစိန်ဒိုးသည် ဆေးလိပ်ဖွာခြင်း၊ ရေနွေးသောက်ခြင်းများကို ပြုလုပ်ပြီးနောက် ဆက်လက်၍ ပြောပြပြန်လေတော့၏။

“လက်ဖက်လာပြီးဝယ်တဲ့လူတွေက ဆိုင်မှာထိုင်ပြီး စားလို့ရအောင် စီစဉ်ပေးဖို့ပြောကြတာနဲ့ ကျုပ်လည်း စားပွဲကလေးတွေ၊ ထိုင်ခုံကလေးတွေ ချထားပေးရတယ်။ ရေနွေးအိုးပါ တည်ပေးရတယ်ဗျ။ ကျုပ်ဆိုင်မှာ ရေနွေးကြမ်းနဲ့လက်ဖက်သုပ် လာပြီး စားကြတဲ့ လူတွေဟာ မနည်းပါဘူးဗျာ။ ကျုပ်ရဲ့ ဂါတ်ဗိုလ်လခဟာ တစ်နေ့တာ လက်ဖက်သုပ်ရောင်းရတဲ့အထဲက အမြတ်ငွေလောက်ပဲ ရှိတော့တယ်။ ကျုပ်လည်း ပျော်လိုက်တာဗျာ။ အဲဒီမှာ ကျုပ်ဆီလာပြီး လက်ဖက်သုပ်စားတဲ့လူတွေက ခဲအိုးကလေးကို လူတိုင်းလိုလို ကိုင်ပြီးကြည့်ကြတယ်။ ပြီးတော့ သူတို့ဆီမှာရှိတဲ့ ပစ္စည်းဟောင်းကလေးတွေကိုလည်း ယူလာကြတယ်။ ဦးစိန်ဒိုး ဆိုင်မှာ တင်ထားပါ။ ရောင်းပြီးမှ ပေးချင်သလောက်ပေးပါနဲ့ကို လာပြီးထားကြတာ။ ကျုပ်ရဲ့ လက်ဖက်သုပ်ဆိုင်ဟာ နေ့ချင်း


BURMESE CLASSIC .com

www.burmeseclassic.com

ညချင်းကို ရှေးဟောင်းပစ္စည်းဆိုင်ကြီး ဖြစ်သွားတော့တာပေါ့ဗျာ။ အဲဒီတော့ ရှေးဟောင်းပစ္စည်းဝယ်တဲ့ နိုင်ငံခြားသားတွေလည်း ရောက်လာပြီး ဝယ်ကြတယ်။ သူတို့က ရောင်းချင်တာလည်း ရောင်းသွားကြတယ်။ ရှေးဟောင်းပစ္စည်းဆိုင်ဖွင့်ကြည့်တော့မှ အတော့်ကို စီးပွားလမ်းဖြောင့်တဲ့ အလုပ်ဆိုတာ သဘောပေါက်သွားတယ်ဗျို့။ တစ်လလုံး လက်ဖက်သုပ်ရောင်းလို့ရတဲ့ဝင်ငွေဟာ ရှေးဟောင်းပစ္စည်းဆိုင်က တစ်နေ့ရောင်းရတဲ့ဝင်ငွေကို မမီဘူးဗျို့။ ဟန်ကျလိုက်တာ မပြောပါနဲ့တော့ဗျာ။ လူမတတ်ပေမဲ့ လက်ဖက်ထုပ်က တတ်တာကိုးဗျ။ အဲဒီထဲမှာ ရှေးဟောင်းကြေးအိုးဆိုပြီး တစ်လုံးကို လေးဆယ့်ငါးကျပ်နဲ့ ရောင်းသွားတဲ့ အိုးသုံးလုံးဟာ ရွှေအစစ်တွေ ဖြစ်နေပြန်ရောဗျို့။ အဲဒီလိုပဲ ကြေးမှတ်လို့လာရောင်းတာတွေက ရွှေဖြစ်လိုဖြစ်၊ ငွေဖြစ်လို့ဖြစ်နဲ့။ ကျုပ်က သိုက်မတူးရဘဲနဲ့ ရတနာတွေရနေလိုက်တာဗျာ။ မပြောပါနဲ့တော့။ အဲဒီလိုနဲ့ ကျုပ်တို့ဟာ နေ့ချင်းညချင်းဆိုသလို ကြွယ်ဝချမ်းသာလာတော့တာပဲဗျို့။ အဲဒီမှာ ပြောစရာတစ်ခု ကျန်တယ်။ အဲဒါကတော့ ကျုပ်တို့သမီးကလေး ‘မဆင်ဖြူ’ အကြောင်းပဲဗျို့။ သူကလေးဟာ စကားပြောတတ်တဲ့အရွယ်ကစပြီး ထီးသုံးနန်းသုံးစကားတွေချည်း ပြောတော့တာပဲ။ ထမင်းစားမယ်ဆိုရင် ထမင်းစားမယ်လို့ မပြောဘူး။ ပွဲတော်တည်မယ်။ အိပ်မယ်ဆိုရင်လည်း ‘စက်တော်ခေါ်မယ်’ ပေါ့ဗျာ။ ကျုပ်တို့လည်း သူ့အလိုကျ လိုက်ပြီးပြောရ

တယ်ဗျို့။ မပြောရင် ထမင်းမစားဘဲနဲ့ ဆန္ဒပြတော့တာပဲ။ အဲဒီတော့ ကျောင်းထားတဲ့ အရွယ်မှာလည်း ကျောင်းထားလို့မရဘူး။ သူက အဲဒီလို ထီးသုံးနန်းသုံးတွေနဲ့ချည်း ပြောနေလို့ ကျောင်းမှာ ဘယ်ဖြစ်ပါ့မလဲဗျာ။ ဒါနဲ့ သူ့ကို အိမ်မှာပဲ စာသင်ပေးရတယ်။ သူလည်း အပျိုကလေးဖြစ်လာရော နန်းသုံးပစ္စည်းအဟောင်းတွေ တစ်ခုပြီးတစ်ခု ဈေးသက်သက်သာသာနဲ့ ရောက်လာတော့တာပဲ။ သူက အဲဒီပစ္စည်းတွေကို မရောင်းရဘူး။ သူပဲ သုံးမယ်လို့ပြောပါတယ်။ ဒါနဲ့ ကျုပ်တို့လည်း သူ့အတွက် အခန်းတစ်ခုလုပ်ပေးပြီး အဲဒီပစ္စည်းတွေနဲ့ ထားရတယ်ဗျို့''

ဟု ဦးစိန်ဒုံးက ပြော၍ ရယ်မောလေတော့၏။

''ပြောစမ်းပါဦး ဂါတ်ဗိုလ်ကြီးရယ်။ နောက်မှ ရယ်စမ်းပါဗျာ''

ဟု ကျွန်ုပ်က စိတ်မရှည်သော လေသံဖြင့် ပြောလိုက်လေတော့၏။

''စိတ်မဆိုးပါနဲ့ဗျာ။ ပြောပါ့မယ်။ တစ်နေ့မှာ ကျုပ်တို့ သားအမိသားအဖသုံးယောက် ရန်ကုန်ကို ဘုရားဖူးသွားကြတယ်ဗျို့။ ရန်ကုန်ရောက်တော့ ရွှေတိဂုံဘုရားကို အရင်ဖူးတာပေါ့ဗျာ။ ပြီးတော့ ဆူးလေတို့၊ ကမ္ဘာအေးတို့၊ ဗိုလ်တထောင်တို့ လှည့်တော့


BURMESE CLASSIC .com

www.burmeseclassic.com
တာပေါ့။ နောက်ဆုံးကျတော့ ဟောဒီငါးထပ်ကြီးဘုရားကို ခေါ်လာတာ ဘုရားအတက်နားက 'ဆွေတော်မျိုးတော်တွေရဲ့ သင်္ချိုင်း'ကိုလည်း တွေ့ရော ကျုပ်သမီးက ငြိမ်ပြီး အဲဒီအုတ်ဂူတွေက စာတွေကို လျှောက်ပြီးဖတ်တော့တာပဲ။ ကျုပ်တို့လင်မယားက အတင်းချော့ပြီး ခေါ်ခဲ့ရတယ်။ ဒီနေရာလည်းရောက်ရော ဟောဒီအိမ်ကြီးကို ဝယ်ပါ။ ဒီအိမ်ကြီးမှာနေချင်တယ်လို့ ပူဆာတော့တာပဲဗျို့။ ကျုပ်တို့ကလည်း အိမ်ကြီးလို့ မထင်ဘူးဗျ။ ဘုန်းကြီးကျောင်းကြီးမှတ်နေတာ။ နောက် စုံစမ်းကြည့်တော့ ဘုန်းကြီးကျောင်း မဟုတ်ဘူး။ အိမ်ကြီးဖြစ်နေတယ်။ ဒါနဲ့ ကျုပ်တို့လည်း ပိုင်ရှင်ကိုစုံစမ်းတော့ ပိုင်ရှင်က ၂၉ လမ်းထဲမှာနေတယ်။ ကုလားကြီးတစ်ယောက်ပဲ။ ကျုပ်တို့က ဝယ်မယ်ဆိုတော့ သူက ဝမ်းသာလွန်းလို့ဗျာ။ ကျုပ်ကို အကြိမ်တစ်ရာလောက် ဆလံပေးရှာတယ်။ ပြီးတော့ 'ဘုရားဆပ် ရှိုက်တန်ရှိတယ်။ ဘယ်သူမှ မဝယ်ရဲဘူး'လို့လည်း သူက ပြောတယ်ဗျ''

ဟု ဦးစိန်ဒိုးက ပြောလေ၏။

''ဦးစိန်ဒိုးရဲ့။ ကုလားကြီးပြောတဲ့ ရှိုက်တန်ဆိုတာက ဘာလဲဗျ''

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

''ရှိုက်တန်ဆိုတာ သရဲကိုပြောတာဗျာ။ ကျုပ်တို့ကလည်း သမီးလေးက လိုချင်တယ်ဆိုတော့ ရှိုက်တန်မကလို့ ရှိုက်တန်

အဖေပဲရှိရှိ ဝယ်မယ်ဗျာ ဆိုပြီး ဝယ်လိုက်တာပေါ့ဗျ။ ဈေးကတော့ ပြောပြရင် မယုံနိုင်လောက်အောင်ကို ချိုပါတယ်။ ဝယ်လည်းပြီးရော သမီးက ဒီမှာနေမယ်ဖြစ်တော့တာပဲ။ ဒါနဲ့ ကျုပ်တို့လည်း အိမ်ကြီးရဲ့ မြေတိုက်ကိုရှင်းပြီး သမီးအတွက် ဟောဒီရှေးဟောင်း ပစ္စည်းတွေ ပြင်ဆင်ပေးရတာပေါ့ဗျာ။ အဲဒီမှာ ကျုပ်သမီးက ဘာပြောသလဲဆိုတော့ မန္တလေးက ဆိုင်မှာ ခေါင်းလောင်းကလေးနှစ်လုံး လာရောင်းလိမ့်မယ်တဲ့။ ကြေးမှတ်လို့ လာရောင်းမှာ။ ဒါပေမဲ့ ကြေးမဟုတ်ဘူးတဲ့။ တစ်လုံးဟာ ရွှေ၊ တစ်လုံးဟာ ငွေ ဖြစ်လိမ့်မယ်တဲ့။ ဟုတ်တယ်ဗျို့။ ခေါင်းလောင်းကလေး နှစ်လုံးကို ကိုးဆယ့်ကိုးကျပ်နဲ့ လာပြီးရောင်းသွားတယ်။ တိုက်ချွတ်လည်းကြည့်လိုက်ရော တစ်လုံးဟာ ရွှေအစစ်ဖြစ်ပြီး တစ်လုံးက ငွေဖြစ်နေတယ်။ အဲဒီခေါင်းလောင်းကလေးတွေကို မရောင်းရဘူးလို့ သမီးက မှာထားတယ်။ သူယောကျ်ားရပြီး ကလေးမျက်နှာမြင်တဲ့အခါမှာ ယောကျ်ားလေးဆိုရင် ရွှေခေါင်းလောင်း တီးရမယ်တဲ့။ မိန်းကလေးဆိုရင် ငွေခေါင်းလောင်း တီးရမယ်တဲ့ဗျာ။ ဒါနဲ့ဗျာ တိုတိုပြောရရင် သူတို့သားအမိကို ဒီအိမ်ကြီးမှာ ပို့ထားရတော့တာပေါ့။ သမီးက တစ်နေ့မှာတော့ အမေရယ် သမီးချစ်သူရောက်လာပြီ။ သမီးတို့ လက်ထပ်ကြတော့မယ်လို့ ပြောတယ်။ အဲဒီအခါမှာ သူ့အမေကလည်း အမေ့သဘောနဲ့ မဖြစ်သေးဘူး။ သမီးအဖေကို ပြောဦးမှပေါ့။ အဲဒီတော့ မန္တလေးကို သွားကြရအောင်လို့ပြောတာကို သမီးက မလိုက်ဘူး။ အမေ



BURMESE CLASSIC .com

www.burmeseclassic.com

တစ်ယောက်တည်း သွားပြောပါ။ အဖေ့ကိုလည်း သမီးက အခေါ်မခိုင်းဘဲနဲ့ ဒီကိုမခေါ်ခဲ့ပါနဲ့လို့ ပြောသေးတယ်ဗျ။ ဒါနဲ့ သူ့အမေလည်း သမီးကို တစ်ယောက်တည်းထားပြီး ကျုပ်ဆီကို လိုက်လာတာပေါ့ဗျာ။ ကျုပ်ကလည်း ဟိုရောက်တော့ သူ့ကို သမီးတစ်ယောက်တည်း ထားခဲ့ရမလားဆိုပြီး နင်းကန်ဆူတော့ တာပေါ့။ နောက်ဆုံး ကျုပ်ပါ ဆိုင်ပိတ်ပြီး ကျုပ်မိန်းမနဲ့ ရန်ကုန်ကို လိုက်လာရတာပေါ့။ ကျုပ်ကိုလည်း ကျုပ်သမီးက မြင်ရော သူဆီးပြီး ဆူပြန်ရော။ အဖေ့ကိုမခေါ်ဘဲနဲ့ မလာပါနဲ့ဆိုတာ ဘာဖြစ်လို့ လာရတာလဲတဲ့။ ဒါနဲ့ သမီးက ယောကျ်ားယူမလို့ဆို။ အဖေလိုက်လာရတာပေါ့လို့ ပြောရတာပေါ့ဗျာ။ အဲဒီအခါမှာ သူက အဖေလိုက်လာရင် သူ အတွေ့ခံမှာ မဟုတ်တော့ဘူး။ အမေသွားတုန်း သမီးတို့တွေ့ကြပါတယ်လို့ပြောတယ်။ အဲဒီတော့ သူဆိုတာ ဘယ်သူလဲလို့ မေးရတာပေါ့ဗျာ။ အဲဒီလိုမေးလွန်းမက မေးတော့မှ သမီးက အဖေနဲ့ ရထားပေါ်မှာ တစ်ခါတွေ့တဲ့ အဘိုးကြီးလေ။ အဲဒါသမီးယောကျ်ားပေါ့လို့ ပြောလိုက်တယ်။ ကျုပ်လည်း အတော့်ကို အံ့သြသွားတယ်။ ဒီလိုနဲ့ ကျုပ်သမီးဟာ ကိုယ်ဝန်ရှိနေကြောင်း သိရတော့တာဗျို့။ နောက်ဆုံး မွေးဖို့ဖွားဖို့ စီမံရတော့တာပဲ”

ဟု ဦးစိန်ဒိုးက ပြော၍ သက်ပြင်းတစ်ချက် မှုတ်ထုတ် လိုက်လေတော့၏။


BURMESE CLASSIC .com

“ဆန်းလှချည်လားဗျာ။ ဒါနဲ့ ဦးစိန်ဒိုးရယ် ခင်ဗျား အတွက် အပန်းမကြီးဘူးဆို ဟောဒီခဲအိုးကလေးကို ပေးပါ လားဗျာ”

ဟု ကျွန်ုပ်က တောင်းလိုက်ရာ ဦးစိန်ဒိုးက…

“ယူသွားလေ”

ဟု လွယ်လွယ်ကူကူပင် ပေးလိုက်လေတော့၏။ ထိုအချိန် ၌ နာရီသံချောင်းခေါက်သံ သုံးချက်ကို ကြားလိုက်ရလေတော့၏။

“ပြောစရာတစ်ခု ကျန်သေးတယ်ဗျ။ အဲဒါက ဘာလဲဆို တော့ ကျုပ်သမီးမဆင်ဖြူကလေးက သူ့ရဲ့ကိုယ်ဝန်ဟာ နေ့စေ့ လစေ့ဖြစ်လို့ ဖွားမြင်တဲ့နေ့မှာ ဒီအိမ်ကြီးရဲ့ အနောက်ဘက်မှာရှိတဲ့ အုတ်ဂူဟောင်းကြီးကို တူးရမယ်။ အဲဒီအထဲမှာ သံသေတ္တာကြီး တစ်လုံးရှိတယ်။ ရှေးဟောင်းလက်ဝတ်ရတနာတွေ ရလိမ့်မယ်လို့ လည်း ပြောသေးတယ်ဗျ။ အဲဒါကြောင့် စောစောက ကျုပ်သွားပြီး တူးနေတာပေါ့။ မှန်လိုက်တာဗျာ။ ဟောဒီမှာ သံသေတ္တာကြီး တစ်လုံးရခဲ့ပါတယ်။ လေးလိုက်တာလည်း မပြောပါနဲ့တော့ဗျို့။ ဟဲ…ဟဲ ခင်ဗျားလည်း အိပ်ချင်လှရော့မယ်။ ပြန်လေဦးတော့”

ဟု ဦးစိန်ဒိုးက ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်လည်း ၄င်းတို့အား နှုတ်ဆက်၍ အံဖုံး တံခါးကိုဖွင့်ကာ ပြန်ခဲ့လေတော့၏။ အိမ်သို့ရောက်လျှင် အိပ်ရာ


BURMESE CLASSIC .com

www.burmeseclassic.com

သို့ တန်း၍ဝင်လေ၏။ ကျွန်ုပ်၏ဦးခေါင်းသည် ခေါင်းအုံးနှင့် ထိလိုက်သည်နှင့်ပင် အိပ်ပျော်၍သွားလေတော့၏။ ကျွန်ုပ် အိပ်ရာမှ နိုးသောအခါ၌ နာရီကိုကြည့်လိုက်ရာ ဆယ်နာရီပင် ထိုးနေပြီ ဖြစ်ကြောင်း သိရလေတော့၏။

ကျွန်ုပ်သည် ယမန်နေ့ညက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို သတိရသော်လည်း အိပ်မက်ဟု ထင်မှတ်မိလေ၏။ သို့ရာတွင် ကျွန်ုပ်၏လက်ကို ငုံ့၍ကြည့်မိသောအခါ၌ နဝရတ်လက်စွပ်ကို တွေ့ရသကဲ့သို့ ခုတင်ဘေးရှိ စားပွဲပေါ်သို့ကြည့်လိုက်သောအခါ၌လည်း ငွေခေါင်းလောင်းကလေးနှင့် ပေါ်တူဂီစားပြဗိုလ်များ အရက်ထည့်သောက်သည့်လည်ပင်းရှည်ရှည်အိုးကလေးကို တွေ့မြင်ရသောကြောင့် ညက တွေ့ကြုံရသည်များသည် အိပ်မက်မဟုတ်ကြောင်း သဘောပေါက်၍ သွားလေတော့၏။ ထို့ကြောင့် ကျွန်ုပ်လည်း အိပ်ရာမှကပျာကယာထ၍ ညက ရောက်ခဲ့သော အိမ်ကြီးဆီသို့ ထွက်လာခဲ့လေတော့၏။

အိမ်ကြီးဆီသို့ရောက်သောအခါ၌ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရသဖြင့် အိမ်တံခါးကြီးကိုဖွင့်ကာ အတွင်းသို့ ဝင်လေ၏။ အတွင်း၌လည်း မည်သူ့ကိုမျှ မတွေ့ရသောကြောင့် အံဖုံးတံခါးကို ဖွင့်၍ အောက်သို့ဆင်းခဲ့ရာ အောက်၌လည်း ပြောင်သလင်းခါနေ၏။ ညက တွေ့ခဲ့ရသော ကော်ဇောနီကြီးများ၊ သလွန်ကြီးများ၊ မှန်စီရွှေချစားပွဲကြီးများသည် လုံးဝမရှိတော့ပေ။ ထိုပစ္စည်းများ၏ အစအနကိုမျှလည်း မြင်တွေ့ခြင်း မရှိရတော့ချေ။ ထို့ကြောင့်


BURMESE CLASSIC .com

ကျွန်ုပ်လည်း အံဖုံးတံခါးမှ အပေါ်သို့တက်ကာ အပေါ်သို့ရောက်လျှင် အခန်းတိုင်းသို့ ဖွင့်၍ဝင်ကာရှာဖွေပြန်၏။ သို့ရာတွင် အရိပ်အယောင်ကိုမျှ မတွေ့ရသောကြောင့် ထိုအိမ်ကြီးမှထွက်လာရာ ထိုအိမ်ကြီးရှေ့တွင် ဆွမ်းခံပြန်လာသော ဦးပဥ္စင်းတစ်ပါးကို တွေ့ရသဖြင့် ကျွန်ုပ်က…

"အရှင်ဘုရား ဘယ်ကျောင်းမှာ သီတင်းသုံးပါသလဲ"

ဟု ကျွန်ုပ်က လျှောက်ထားရာ ဦးပဥ္စင်းက…

"ဟောဟိုကျောင်းမှာပဲ ဒါယကာကြီး။ ဘာကိစ္စရှိလို့လဲ"

ဟု ပြန်၍မေးလေ၏။

"ဒီလိုရင် ဒီအိမ်ကြီးမှာနေတဲ့ ဦးစိန်ဒုံးနဲ့ ဒေါ်ရှင်ဆိုတဲ့ ဒါယကာကြီးနဲ့ ဒါယိကာမကြီးကိုတော့ သိမှာပေါ့နော်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးပဥ္စင်းက…

"ဒါယကာကြီး အိမ်မှားနေပြီထင်တယ်။ ဒါကြီးက အိမ်မဟုတ်ဘူး။ ရှေးက ဆောက်ထားတဲ့ ဇရပ်ကြီး။ ဆောက်ထားတဲ့ ပုဂ္ဂိုလ်ကတော့ မင်းမျိုးမင်းနွယ်ထဲကလို့ သိရတယ်။ ဒီဇရပ်မှာ ဘယ်သူမှ မနေပါဘူး။ နေလည်း မနေဝံ့ကြပါဘူး။ ဦးပဥ္စင်းတို့

www.burmeseclassic.com
ဆရာတော်ကြီးရှိတုန်းကသာ တစ်ခါတလေ လာပြီး ဒီမှာ တရားအားထုတ်တယ်''

ဟု ဦးပဋ္ဋင်းက အမိန့်ရှိလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း တစ်စုံတစ်ရာ ဆက်လျှောက်ထားခြင်းမပြုတော့ဘဲ ထို ဦးပဋ္ဋင်းကလေးအား လက်အုပ်ချီ၍ ကန်တော့ကာ အိမ်သို့ ပြန်ခဲ့လေတော့၏။

အိမ်သို့ပြန်လည်ရောက်ရှိသောအခါ၌ ကျွန်ုပ်သည် အိုးကလေးနှင့် ခေါင်းလောင်းကလေးကို သေတ္တာအတွင်းသို့ထည့်ကာ သော့ခတ်၍ သိမ်းထားလိုက်ရလေ၏။ အဘယ်ကြောင့်ဆိုသော် ထိုပစ္စည်းကလေးမှာသာလျှင် ထိုညက ကျွန်ုပ်ကြုံတွေ့ခဲ့ရသော အဖြစ်ဆန်းကို မယုံကြည်သူများ ပေါ်ပေါက်လာပါက ကျွန်ုပ်ဘက်မှ သက်သေလိုက်ပေးကြမည့်အကောင်းဆုံးသက်သေများဖြစ်နေသောကြောင့်ပင် ဖြစ်ပေတော့သတည်း။

**မှတ်ချက်။ ။ကင်းဘဲလမ်းသည် ယခု ငါးထပ်ကြီးဘုရားလမ်း ဖြစ်ပါသည်။**

**(စာရေးသူ)**

◆


**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိင်္ခ**



BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

# ဗားလ်ဆိုသော လူငယ်လေးတစ်ယောက် နှင့် စိန်ခြယ်လက်စွပ်တစ်ကွင်း

ဤကမ္ဘာလောကကြီး၌ လူတစ်ဦးသည် တစ်ချိန်တည်း၌ အရပ်နေရာနှစ်ခုတွင် တစ်ပြိုင်နက်တည်း ရှိနေသည်ဟု ဆိုလာပြားအံ့။ သင်သည် ထိုအဆိုကို မည်သည့်နည်းနှင့်မျှ လက်ခံလိမ့်မည်မဟုတ်ပေ။

သို့ရာတွင် အထက်ပါစကားကို လက်ခံကြသော လူအချို့သည် ဤကမ္ဘာလောက၌ ရှိ၏။ ထိုသူတို့ကား ၄င်းတို့၏ နူးညံ့သိမ်မွေ့သော အနုသုခုမရုပ် သို့မဟုတ် အနုသုခုမခန္ဓာ သို့မဟုတ် ဓာတ်ခန္ဓာကို မိမိခန္ဓာကိုယ်မှခွာ၍ အခြားတစ်ပါး



BURMESE CLASSIC .com

www.burmeseclassic.com

သော နေရာဆီသို့ စေလွှတ်ခရီးသွားစေနိုင်သော လူထူးလူဆန်းတို့ ဖြစ်၏။ စိတ်ပညာနယ်ပယ်တွင် ဓာတ်ခန္ဓာကို ခွာ၍ ခရီးသွားခြင်းအကြောင်းအရာနှင့် ပတ်သက်သမျှတို့သည် စိတ်ဝင်စားဖွယ်ရာ ကောင်းလှတော့၏။ ထိုအကြောင်းအရာကို စူစမ်းလေ့လာ၍ ကျမ်းတစ်စောင်ပေတစ်ဖွဲ့ ပြုစုသူများလည်း များစွာရှိ၏။ ထိုအထဲတွင် 'ဆီးလ်ဗန်မိုဒွန်း' နှင့် 'ဟာရီဝပ်ကဲရီတန်' ဆိုသူနှစ်ဦးပူးပေါင်း၍ ပြုစုသော ဓာတ်ခန္ဓာအလင်းရောင်ခွာထွက်ခြင်းဟူသော စာအုပ်မှာ သက်သေသက္ကာယပို၍ ခိုင်လုံသည်ဟု ဆိုရပေမည်။

ဤနေရာ၌ ဓာတ်ခန္ဓာဟူသော အကြောင်းကို ရှင်းလင်းရန် လိုပေလိမ့်မည်။ ဤပညာဘက်တွင် ပေါက်ပေါက်မြောက်မြောက် လေ့လာထားသော ပုဂ္ဂိုလ်များ၏ အဆိုအရ လူတွင်ခန္ဓာနှစ်မျိုးရှိသည်ဟု ဆို၏။ တစ်မျိုးသော ခန္ဓာမှာ ကျွန်ုပ်တို့နေ့စဉ်နှင့် အမျှ မြင်တွေ့၊ ထိ၊ သိ ကိုင်တွယ်၍ ရသော ခန္ဓာဖြစ်ပြီး ကျန်တစ်မျိုးမှာ ထိုခန္ဓာ၏ အပြင်ဘက်တွင် ထိုခန္ဓာနှင့်ထပ်တူထပ်မျှ တစ်သားတည်းတူလှပြီး မျက်စိဖြင့်မြင်ရန် မဖြစ်နိုင်သော လွန်စွာသိမ်မွေ့သည့် ခန္ဓာတစ်ခု ရှိသေးသည်ဆို၏။ ထိုခန္ဓာကို ဓာတ်ခန္ဓာဟု ဆိုကြ၏။ အလွယ်ကူဆုံးဆိုရပါမူ ကျွန်ုပ်တို့ အိပ်မက်မက်သောအခါ၌ ပင်လယ်ပြင်ကို ဖြတ်ကူးရခြင်း၊ ကောင်းကင်ကို ပျံရခြင်း၊ တောနက်နက်ကြီးထဲတွင် တိရစ္ဆာန်ရိုင်းကြီးများနှင့် သတ်ပုတ်ရခြင်း စသော အမှုတို့ကို


BURMESE CLASSIC .com

ပြုခဲ့ကြရဖူး၏။ ထိုသို့ပြုလုပ်ခဲ့ရသော ခန္ဓာများမှာ ကျွန်ုပ်တို့ မြင်တွေ့၊ ထိ၊ သိရသော ခန္ဓာမဟုတ်။ ဓာတ်ခန္ဓာသာလျှင် ဖြစ်၏။ ကျွန်ုပ်တို့သည် အိပ်ပျော်စဉ်၌ ပင်လယ်ပြင်ကို ဖြတ်၍ နေ၏။ သို့ရာတွင် ကျွန်ုပ်တို့ကိုယ်တိုင်မှာမူ အိပ်ရာထဲမှာ တစ်လက်မမျှပင် မရွေ့ချေ။ အိပ်ရာမှနိုးလာသောအခါ၌ ပင်လယ်ပြင်ကို မိမိကိုယ်တိုင် ဖြတ်ကူးခဲ့ရသော အဖြစ်ကို သိ၏။ မိမိကိုယ်တိုင်လည်း အိပ်ရာထဲမှ တစ်လက်မမျှပင် မရွေ့ရသော အဖြစ်ကို မိမိကိုယ်တိုင်သိ၏။ တစ်ချိန်တည်း၌ မိမိတစ်ဦးတည်း ဖြစ်ပါလျက် နေရာနှစ်နေရာသို့ရောက်နေ၏။ ဤအဖြစ်အပျက်မှာ မကြာခဏဖြစ်နေသောကြောင့် မစဉ်းစားခဲ့မိကြပေ။ အကယ်၍ လေးလေးနက်နက်စဉ်းစားပါက လွန်စွာလေးနက်သော အကြောင်း အရာဖြစ်ကြောင်း လက်ခံကြရပေလိမ့်မည်။

သို့ရာတွင် ကျွန်ုပ်သည် ဓာတ်ခန္ဓာ လွှတ်နိုင်လောက်အောင် လေ့ကျင့်ဖူးခြင်းလည်း မရှိရကား ထိုအကြောင်းအရာနှင့် ပတ်သက်၍ ကျွန်ုပ်၏ကိုယ်တွေ့ကို ပြောပြရန်လည်းမဖြစ်နိုင်ပေ။ ထိုသို့ ကိုယ်တွေ့ကို မပြောနိုင်သော်လည်း ထိုအကြောင်းအရာနှင့် ပတ်သက်သော အဖြစ်အပျက်တစ်ခုကို ဝတ္ထုရေးနည်းဖြင့် ရေးသားဖော်ပြလိုက်ပါသည်။ ထိုအဖြစ်အပျက်ဝတ္ထုတွင် အဓိကကျသော အရာနှစ်ခု ပါဝင်၏။ တစ်ခုမှာ 'စိန်ခြယ်လက်စွပ်တစ်ကွင်း' ဖြစ်၏။ ကျန်တစ်ခုမှာ 'ဗားလ်'ဆိုသည့် လူငယ်လေးတစ်ယောက်ဖြစ်၏။ ထို့ကြောင့် ထိုအဖြစ်အပျက် ထိုဝတ္ထုကို

www.burmeseclassic.com

'ဗားလ်ဆိုသော လူငယ်ကလေးတစ်ယောက်နှင့် စိန်ခြယ်လက်စွပ်တစ်ကွင်း' ဟူ၍သာ ခပ်ရှင်းရှင်းအမည်ပေးလိုက်ကြပါစို့။

(စာရေးသူ)

◆

တစ်နေ့သ၌ ကျွန်ုပ်သည် မန္တလေးမြို့သို့ အလုပ်ကိစ္စတစ်ခုဖြင့် သွားရောက်ခဲ့လေ၏။ ကျွန်ုပ်၏ ကိစ္စမှာ လားရှိုးဘက်မှ လာရောက်မည့် လူတစ်ယောက်နှင့် တွေ့ဆုံရန်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် မီးရထားဘူတာနှင့်လည်း လွန်စွာမဝေး၊ ကျုံးကြီးကိုလည်း မျက်နှာမူထားသဖြင့် လေကောင်းလေသန့် လွန်စွာရသော တည်းခိုခန်းတစ်ခုကို ရွေးချယ်၍ တည်းခိုခဲ့လေ၏။

ကျွန်ုပ်သည် ချိန်းဆိုထားသော လူကိုမျှော်ရင်း ကျွန်ုပ်၏အခန်းအတွင်း၌ စာဖတ်ခြင်းဖြင့်သာ အချိန်ကုန်ခဲ့ရလေ၏။ ထိုတည်းခိုခန်းသို့ရောက်ပြီး ငါးရက်ခန့်ကြာသောအခါ၌ တည်းခိုခန်းမန်နေဂျာ ကိုသန်းလွင်ဆိုသူက ကျွန်ုပ်၏အခန်းဆီသို့ သုတ်သီး သုတ်ပျာဖြင့် ရောက်လာလေ၏။ သူ၏ နောက်မှလည်း မိန်းကလေးခပ်ငယ်ငယ်တစ်ဦး ပါလာလေ၏။ မန်နေဂျာသည် ကျွန်ုပ်အား ပြုံးပြရင်း...

"ဆရာရယ်။ အနှောင့်အယှက်ပေးတယ်လို့တော့ မထင်ပါနဲ့။ ပြဿနာလေးတစ်ခုပေါ်လာလို့ ကူညီစမ်းပါဦး။ ဆရာမှ မကူညီရင်တော့ ကျွန်တော်တို့တည်းခိုခန်းလည်း နာမည်ပျက်ဖို့

ရှိပါတယ်။ ပြီးတော့ တည်းတဲ့ လူတွေအတွက်လည်း စိတ်အနှောင့်အယှက်တွေ အများကြီးဖြစ်ကြရမယ် ဆရာရဲ့''

ဟု ပြောသောကြောင့်…

''ဘာများလဲ ကိုသန်းလွင်ရယ်''

ဟုပြောရင်း ဖတ်လက်စစာအုပ်ကို စားပွဲပေါ်သို့ တင်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်က ခုတင်ပေါ်သို့ ရွှေ့၍ထိုင်ပြီးလျှင် ကိုသန်းလွင်နှင့် ၎င်း၏နောက်တွင်ပါလာသော မိန်းကလေးအား ကုလားထိုင်၌ထိုင်ရန် ညွှန်ပြလိုက်လေ၏။ ထိုအခါ ကိုသန်းလွင်က…

''ဒီလိုပါဆရာ။ ဟောဒီမိန်းကလေးက ခင်မြစန္ဒီတဲ့။ ရန်ကုန် ရွှေတောင်ကြားလမ်းက ပါပဲ။ သူ့ယောက္ခမကတော့ နာမည်ကြီး သူဌေးတစ်ဦးပါပဲ။ တိုတိုပဲပြောပါ့မယ်ဆရာရယ်။ သူတို့လင်မယား ဒီတည်းခိုခန်းမှာ တည်းနေတာ နှစ်ပတ်လောက်ရှိပြီ။ ဒီကိုရောက်နေတဲ့ ကိစ္စကတော့ သူ့ယောက်ျားအရောင်းအဝယ်ကိစ္စနဲ့ပါပဲ။ ဒီကနေ့ မနက်အစောကြီး သူ့ယောက်ျားက မိုးကုတ်ကို တက်သွားပါတယ်။ နည်းနည်းအရေးကြီးတဲ့ ကိစ္စလေးတွေပါနေတဲ့အတွက် ခင်မြစန္ဒီကို ခေါ်မသွားဘူး''

ဟု ပြောလိုက်လေ၏။

''ခင်ဗျားဟာကလည်း တိုတိုသာ ပြောမယ်ဆိုတာ။ တော်တော်နဲ့ကို လိုရင်းမရောက်သေးပါလား။ တိုတိုသာပြောစမ်း



BURMESE CLASSIC .com

www.burmeseclassic.com

ပါဗျာ။ အဲဒါမှ ကျုပ်ကလည်း ကူညီစရာရှိရင် ဘယ်လိုကူညီရမယ်ဆိုတာ စဉ်းစားနိုင်မှာပေါ့ဗျာ''

ဟု ပြောလိုက်မှပင် ကိုသန်းလွင်က…

''ဟုတ်ပါတယ်ဆရာရယ်။ တိုတိုသာပြောပါတော့မယ်။ သူတို့နှစ်ယောက် လက်ထပ်ခဲ့ကြတုန်းက ခင်မြစန္ဒီရဲ့ ယောက္ခမကနေ ခင်မြစန္ဒီကို စိန်တစ်ဆင်စာ လက်ဖွဲ့ခဲ့တယ်။ အဲဒီ စိန်တစ်ဆင်စာလက်ဖွဲ့ခဲ့တဲ့အထဲမှာ လက်စွပ်ဟာအရေးကြီးဆုံးပဲဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ခင်မြစန္ဒီရဲ့ယောက္ခမအဘိုးကြီးက သူ့မိန်းမနဲ့သူ လက်ထပ်တုန်းက သူ့မိန်းမကို ဝယ်ပေးခဲ့တဲ့ လက်စွပ်ဗျ။ အခုအခါမှာ သူ့မိန်းမကလည်း ဆုံးရှာပြီမို့ ချွေးမကို ပေးလိုက်တဲ့သဘောပဲ။ ဒါပေမဲ့ အဘိုးကြီးက မကြာခဏဆိုသလို အဲဒီ လက်စွပ်ကို တောင်းတောင်းကြည့်တတ်တယ်ဗျ''

ဟု ပြောပြန်လေ၏။ ထို့ကြောင့် ကျွန်ုပ်က…

''တိုတိုလုပ်စမ်းပါ ကိုသန်းလွင်ရယ်''

ဟု ပြောရပြန်လေ၏။

''တိုတိုပဲပြောပါတော့မယ် ဆရာရယ်။ ဒီစိန်လက်စွပ်မှာက ထူးခြားချက်တွေ ရှိတယ်ဆရာရဲ့။ စိန်ကလည်း မြန်မာစိန်တွေ မဟုတ်ဘူး။ မြန်မာစိန်မဟုတ်ဘူးဆိုတာ မြန်မာပြည်မှာ သွေးတာ မဟုတ်ဘူး။ လန်ဒန်ကတ်လို့ခေါ်တဲ့ လန်ဒန်မှာသွေးတာ။ လန်ဒန်မှာသွေးတဲ့စိန်က အကွက်ပေါင်း ၅၈ ကွက်ကနေ ၆၀ အတွင်းမှာ ရှိတယ်။ အဲဒါကြောင့် အရောင်ပိုထွက်တယ်။ စိန်ရည်စိန်သွေး


BURMESE CLASSIC .com

ကောင်းမယ်ဆိုရင် ပိုပြီးကောင်းတာပေါ့ ဆရာရယ်။ အဲဒီစိန် လက်စွပ်မှာက စိန်ချည်းသက်သက်မဟုတ်ဘူး။ အလယ်မှာ မြ ကြီးတစ်လုံးပါသေးတယ်။ မြကို စိန်နဲ့ ရံထားတာ။ အဘိုးကြီးက သူ့မိန်းမအေါ်မြစိန်ကို ရည်ညွှန်းပြီး မြကို စိန်နဲ့ရံပြီး ကွင်းထားပေး တာ။ သူက အသက်အစိတ်။ သူ့မိန်းမက ၁၉ နှစ်သမီးမှာ လက်ထပ်ကြတယ်ဆိုတော့ သူ့မိန်းမရဲ့သက်စေ့ဖြစ်အောင် ဆိုပြီး စိန် ၁၉ လုံး ရံထားတယ်''

ဟု ကိုသန်းလွင်က ပြောရာ ကျွန်ုပ်လည်း ဆေးလိပ်ကို မီးညှိလိုက်ရင်း...

''ဒီမှာ ကိုသန်းလွင်ရယ်။ ဒီထက် အကျဉ်းချုံးလို့ မရတော့ဘူးလား''

ဟု ပြောလိုက်ရာ ကိုသန်းလွင်က...

''ဟုတ်ပါရဲ့ ဆရာရယ်။ ကျွန်တော်ကလည်း ဘာတွေ လျှောက်ပြောနေမိမှန်း မသိဘူး။ တိုတိုပဲပြောပါတော့မယ် ဆရာ ရယ်။ အလယ်က မြက မဏိသျှတ္တရကျမ်းမှာလာတဲ့ မြအမျိုး ပေါင်း ၆ မျိုးမှာ ပထမတန်းစားမြမျိုးဖြစ်တဲ့ 'သာခွာ' မြမျိုးဗျ။ အရောင်ကလည်း အလွန်လက်တာကလား။ ပြီးတော့ ဒီလက်စွပ် ဟာ ဒီမှာကွင်းတာ မဟုတ်ဘူး။ လန်ဒန်မှာ ကွင်းတာ။ လန်ဒန် ပန်းထိမ်သည်တို့ထုံးစံအတိုင်း ဟောလ်မတ်ခေါ်တဲ့ အမှတ်အသား တွေ ဘာတွေ ရိုက်ထားသေးတယ်။ ရှေးခေတ်ကကို ဒီလက်စွပ် ဟာ ခုနစ်ထောင်နဲ့ တစ်သောင်းကြားမှာ တန်ခဲ့တယ်။ ခရုတံဆိပ်


BURMESE CLASSIC .com

www.burmeseclassic.com

ပလေကပ်လုံချည်တစ်ကွင်း ငါးမတ်ပေးရတဲ့ခေတ်က တန်ဖိုးနော်။ အဲဒီတော့ အခုခေတ်တန်ဖိုးနဲ့တွက်လိုက်ရင် ဒီလက်စွပ်တစ်ကွင်းတည်းကိုက ဆယ့်လေး-ငါးသိန်းအထက်မှာ ရှိလိမ့်မယ်။ အဲဒီလက်စွပ်နဲ့ ခင်မြစန္ဒီနဲ့ သိပ်ကိုလိုက်တယ်ဗျာ။ သူ့လက်ချောင်းလေးများမှာ ဝတ်ထားလိုက်ရင် အလွန့်ကိုကျက်သရေရှိတာကလား"

ဟု ကိုသန်းလွင်က ပြောပြန်ရာ ကျွန်ုပ်က မီးခိုးများကိုမှုတ်ထုတ်ရင်း...

"ကိုသန်းလွင်ရယ်။ လက်စွပ်အကြောင်းကို ပြည့်ပြည့်စုံစုံသိရပါပြီဗျာ။ နည်းနည်းကလေး အကျဉ်းချုံးပါတော့။ တောင်းပန်ပါတယ်"

ဟု ပြောလိုက်ရာ ကိုသန်းလွင်က...

"ဆောရီးပဲဆရာရယ်။ တိုတိုပဲပြောပါတော့မယ်"

ဟု ကိုသန်းလွင်က ကျွန်ုပ်အား တောင်းပန်လိုက်ရာ ကျွန်ုပ်က...

"တိုတိုပြောသင့်တာ ကြာပါပြီဗျာ။ ခင်ဗျားဘာပြောချင်သလဲ။ ဒီမိန်းကလေးလက်စွပ်ပျောက်သွားတာ ဗေဒင်တွက်ပေးပါလို့ ပြောချင်တာလား"

ဟု ကျွန်ုပ်က မေးလိုက်ရာ...

"ဟုတ်ပါတယ် ဆရာရယ်။ ဆရာ့ကိုလည်း ကျွန်တော်က ဗေဒင်တွက်တတ်မှန်းသိလို့ အကူအညီတောင်းရတာပါ။


BURMESE CLASSIC .com

ဆရာ့ဗေဒင်မှန်လို့ လက်စွပ်ပြန်ရရင်တော့ ကျွန်တော်ကကို သပ်သပ် ကျေးဇူးဆပ်ပါဦးမယ်။ အဲဒါ ပြန်မတွေ့ရင်တော့ ရဲစခန်းမှာ အမှုဖွင့်ရတော့မယ်။ အဲဒီအခါမှာ ရဲတွေက တည်းခိုခန်းကိုလာပြီး မသင်္ကာတဲ့ လူတွေကို ရှာလား၊ ဖွေလား၊ မေးလား၊ စစ်လားလုပ်ကြတော့မယ်။ ဒါကလည်း ရဲတွေကို အပြစ်ပြောတာ မဟုတ်ပါဘူး။ ဝတ္တရားကိုး။ လုပ်ရတော့မှာပေါ့။ အဲဒီတော့ ဆရာရယ်။ ဆရာ့ပညာနဲ့ ရှာပေးစမ်းပါ"

ဟု ကိုသန်းလွင်က ပြောလိုက်လေ၏။ ထိုအခါ လက်စွပ် ပိုင်ရှင်မိန်းကလေးက...

"ကူညီပါ ဆရာရယ်"

ဟု တောင်းပန်လေ၏။

ထိုအခါ၌ ကျွန်ုပ်လည်း ပစ္စည်းပျောက်ရှာနည်းလင်္ကာ အမျိုးမျိုးကို ရွတ်ဆိုပြီးနောက် အင်္ဂဝိဇ္ဇာတိုင်ကို အဆုံးအဖြတ် ယူကာ...

"မပျောက်ပါဘူး။ ပြန်တွေ့မှာပါ။ ရေနားမှာ ရှာပါ"

ဟု ပြောလိုက်ရာ ခင်မြစန္ဒီက...

"ရေနားမှာလည်း ရှာပြီးပါပြီဆရာရယ်။ နှံ့နေတာပါပဲ။ ကိုကိုပြန်လာလို့ အဲဒါပျောက်တာ သိသွားရင်တော့ ခင်မြစန္ဒီအဖို့ အခက်ပဲ။ သေသေချာချာ ထပ်ပြီး တွက်စမ်းပါဦး ဆရာရယ်"

ဟု ခင်မြစန္ဒီက ပြောလေ၏။


BURMESE CLASSIC .com

“အဲဒါ သေသေချာချာတွက်တာပဲ။ ပြန်ရမယ်။ ရေနားမှာ ရှာပါ။ အဖျင်းဆရာရဲ့ ပစ္စည်းပျောက်ရှာနည်းအတိုင်းဆိုရင် **‘သူရုစ္ဆသောကြ၊ ထောက်ဆကွယ့် အိမ်တွင်းမှာ၊ ဗုဒ္ဓဆို တောင်အရပ်ကယ်နှင့်၊ မြောက်ရပ်မှာ ဂုရုထား များမှတ်ကြရာ၊ သောမ မတော့ ရှေ့ပြဖွာ၊ နောက်ရပ်မှာဆိုက စန္ဒြာသောရီပဲရယ်လို့၊ မလွဲအောင် အရပ်ကိုပိုင်းလိုက်မယ်၊ ကိုင်း… ခုရှာကြ’** လို့ ဆိုထားတယ်။ အဲဒီလင်္ကာအတိုင်းဆိုရင် ပျောက်ကို မပျောက်ဘူးကွယ့်။ ကြိုးစားပြီး ရှာပါ။ ရေနားမှာပဲ ပြန်တွေ့လိမ့်မယ်”

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထို့ကြောင့် ကိုသန်းလွင်နှင့် ခင်မြစန္ဒီသည် လက်စွပ်ရှာဖွေရန်အတွက် ကျွန်ုပ်ကို နှုတ်ဆက်ပြီး ထွက်သွားကြလေ၏။ ကျွန်ုပ်လည်း စာအုပ်ကို ဆက်၍ ဖတ်နေမိလေ၏။

တစ်နာရီခန့်ကြာသောအခါ၌ ခင်မြစန္ဒီတစ်ဦးတည်း ကျွန်ုပ်ထံသို့ ရောက်လာလေ၏။

“လက်စွပ်တွေ့ပြီလား ကလေးမရဲ့”

ကျွန်ုပ်က မေးလိုက်ရာ ခင်မြစန္ဒီက ခေါင်းကို အသာအယာယမ်းပြရင်း…

“မတွေ့ပါဘူး ဆရာရယ်။ အခု စန္ဒီလာတာက အရေးကြီးတဲ့ စကား ပြောစရာရှိလို့ပါ”

ဟု ဆိုလေ၏။ ထို့ကြောင့် ကျွန်ုပ်က…


BURMESE CLASSIC .com

www.burmeseclassic.com

"ဟော… သိန်းကျော်တန်တဲ့ လက်စွပ်ပျောက်တာထက် တောင် မင်းမှာ အရေးကြီးတဲ့ကိစ္စ ရှိနေသေးလို့လား"

ဟု မေးလိုက်ရာ မိန်းကလေးက…

"အဲဒီလက်စွပ်ပျောက်တဲ့ ကိစ္စနဲ့ ဆက်နေတဲ့ ကိစ္စတစ်ခု ရှိတယ်ဆရာ"

ဟု ဆို၏။ ထိုအခါ ကျွန်ုပ်က…

"ကဲ…ဒီလိုဆိုရင်လည်း ပြောကွယ် မိန်းကလေး။ တစ်ခု တော့ ကြိုတင်ပြီး မှာထားချင်တယ်။ ကျုပ်ကို ဆားပုလင်းနှင်း မောင်နဲ့ မမှားပါနဲ့။ ကျုပ်က အမှုတွေဘာတွေ လိုက်တတ်တာ မဟုတ်ပါဘူး။ ဒီတော့ သဲလွန်စတွေ ဘာတွေလည်း မပေးပါနဲ့။ ပြီးတော့ ဟို ကိုသန်းလွင်ဆိုတဲ့ လူလို လန်ဘားတွေ ကျောက်တံတားတွေ လျှောက်ပြောမနေနဲ့။ တိုတိုနဲ့ လိုရင်းသာ ပြောပေတော့"

ဟု ပြောလိုက်ရာ ခင်မြစန္ဒီက…

"တိုတိုပဲပြောပါ့မယ် ဆရာရယ်။ ဒါပေမဲ့ အခု စန္ဒီပြော မယ့်စကားကိုနားထောင်ပြီးတဲ့အခါမှာ စန္ဒီ့ကို ဖောက်ပြန်တတ်တဲ့ ကောင်မလေးလို့ မထင်ဖို့ပါဘဲ။ စန္ဒီ ဖောက်လည်း မဖောက်ပြန်ပါ ဘူး။ စန္ဒီ့ယောက်ျား ကိုလွင်က လွဲပြီး စန္ဒီ ဘယ်သူ့ကိုမှလည်း စိတ်မဝင်စားခဲ့ပါဘူး။ ဒါကြောင့် စန္ဒီ့ကိုယ်စန္ဒီတော့ အပြစ်ကင်း တယ်လို့ ထင်တာပဲ"

ဟု ပြောလေ၏။

www.burmeseclassic.com

““ဒီလိုလုပ်ပါ မိန်းကလေးရယ်။ ငါတို့ လူသားတွေရတဲ့ သက်တမ်းက တိုတိုလေးကွယ့်။ ဘာဖြစ်လို့ နိဒါန်းတွေနဲ့ ငါတို့ အချိန်ကုန်ပစ်ရမှာလဲ””

ဟု ကျွန်ုပ်က ပြောလိုက်ရာ မိန်းကလေးက...

““တိုတိုပဲ ပြောပါတော့မယ် ဆရာရယ်။ ခု စန္ဒီပြောမယ့် အဖြစ်အပျက်ဟာ ကိုလွင်နဲ့လက်ထပ်တဲ့အချိန်ကစပြီး ဖြစ်ပျက်ခဲ့တာပါ။ ကိုလွင်နဲ့စန္ဒီ လက်ထပ်ခဲ့တာ သုံးနှစ်ပဲ ရှိပါသေးတယ်။ အဲဒီတော့ စန္ဒီပြောမယ့် အဖြစ်အပျက်ကလည်း သုံးနှစ်ရှိပြီပေါ့ ဆရာရယ်””

ဟု ပြောလိုက်ရာ ကျွန်ုပ်က...

““မင်း အခုပြောမယ့် ကိစ္စဟာ လက်စွပ်ပျောက်တဲ့ကိစ္စနဲ့ ပတ်သက်တယ်နော်””

ဟု ကြားဖြတ်၍ မေးလိုက်လေ၏။

““ပတ်သက်ပါတယ် ဆရာရယ်။ သိပ်ကို ပတ်သက်ပါတယ်””

ဟု မိန်းကလေးက ပြန်၍ပြောလိုက်လေ၏။

““အေးလေ တူမကြီးရယ်။ ပတ်သက်တယ်ဆိုရင်လည်း ပြောပေါ့။ ဒါပေမဲ့ တိုတိုနဲ့ လိုရင်းကိုပြောတာ အကောင်းဆုံးပဲကွယ့်””

ဟု ကျွန်ုပ်က ပြောလိုက်မိလေ၏။

"တိုတိုနဲ့ လိုရင်းပဲ ပြောပါတော့မယ် ဆရာရယ်။ ကျွန်မ လက်ထပ်တဲ့ နေ့က အိပ်မက်တစ်ခု မက်တယ်။ အဲဒီ အိပ်မက်မျိုး ကိုလည်း တစ်ပတ်ကို အနည်းဆုံး နှစ်ကြိမ်လောက် မက်တယ်။ အဲဒီကတည်းက မက်လိုက်တာ အခုထိပဲဆိုပါတော့ ဆရာရယ်"

ဟု မိန်းကလေးက ပြောလေ၏။

"ဘယ်လို အိပ်မက်မျိုးများလဲကွယ်။ အခု မင်းပြောတဲ့ အထိတော့ မင်းပျောက်သွားတဲ့ လက်စွပ်အကြောင်း မပါသေးပါ လား"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မိန်းကလေးက...

"ဟုတ်ပါတယ် ဆရာရယ်။ လက်စွပ်အကြောင်း ရောက်ပါတော့မယ်။ ဒါပေမဲ့ ကျွန်မအိပ်မက်အကြောင်းကို အရင် ပြောရဦးမယ်။ ကျွန်မလက်ထပ်တဲ့ညကစပြီး မက်တဲ့ အိပ်မက်မှာ ကျွန်မဟာ ကျွန်မ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးတဲ့ အရပ်ဒေသ က ရေကန်ကလေးတစ်ခုရဲ့ ကန်ပေါင်ပေါ်မှာ ထိုင်နေတယ်။ ပြီးတော့ ကျွန်မ သစ်ပင်ကြီးတစ်ပင်ကိုမှီထားတယ်။ အဲဒီသစ်ပင် ကြီးဟာ မန်ကျည်းပင်ကြီးပဲရှင့်။ အဲဒီမန်ကျည်းပင်ကြီးဟာ ရေကန်ဘက်ကို ငိုက်နေတယ်။ သူ့ရဲ့ အကိုင်းတချို့ဟာ ရေနဲ့ တောင် ထိလုနီးပါးဖြစ်နေတယ်။ ကျွန်မဟာ မန်ကျည်းပင်ကြီး ကိုမှီပြီး တိုးတိုးလေးသီချင်းဆိုနေတာကို မှတ်မိတယ်။ အဲဒီအချိန် မှာ မန်ကျည်းကိုင်းတွေအောက်ကနေ ငုံ့ပြီး လှေကလေး တစ်စင်း ကို လှော်ခတ်လာတဲ့ ယောကျ်ားတစ်ယောက်ရဲ့ လှေဦးဟာ

www.burmeseclassic.com

ကျွန်မရဲ့ ခြေဖျားနားမှာ လာပြီးဆိုက်တယ်။ ကျွန်မလည်း အဲဒီတော့ လှေပေါ်က လူကို ကြည့်လိုက်တယ်။ လှေပေါ်က လူက ကျွန်မကို ပြုံးပြတယ်။ အဲဒီလူဟာ ကျွန်မနဲ့ အသက်မတိမ်းမယိမ်းလောက်ပဲ ရှိဦးမယ်။ သူဟာ အသားဖြူဖြူ မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှာတံပေါ်တယ်။ ရင်အုပ်ကျယ်တယ်။ အရပ်မြင့်တယ်။ ပြီးတော့ နှုတ်ခမ်းမွေး ရှိတယ်။ သူ့လည်ပင်းမှာ ငွေဆွဲပြားလေးတစ်ခု ဆွဲထားတယ်။ ပြီး ညာလက်မောင်းမှာလည်း ကုလားဘုန်းကြီးတွေကိုင်တဲ့ ပုတီးကြီးတွေလိုဟာမျိုး သုံးလေးခု ပတ်ထားတယ်။ သူက ဘောင်းဘီဝတ်ထားတယ်။ အပေါ်ပိုင်းမှာတော့ ရှပ်အင်္ကျီမပါဘူး။ စွပ်ကျယ်လိုလို၊ ဂျာစီလိုလို အင်္ကျီလက်ပြတ် ရင်ဟိုက်တစ်ခု ဝတ်ထားတယ်။ အဲဒီအင်္ကျီဟာလည်း ပိတ်နဲ့ချုပ်ထားတာ မဟုတ်ဘူး။ ဆိတ်သားရေနဲ့ ချုပ်ထားပုံရတယ်။ ပြီးတော့ သူ့ရဲ့ခါးမှာ သားရေခါးပတ်ကြီးတစ်ခု ခပ်လျော့လျော့ ပတ်ထားတယ်။ အဲဒီခါးပတ်မှာတော့ ဂေါ်ရခါးတွေ ကိုင်တဲ့ ဓားကောက်ကြီးတစ်ခု ချိတ်ထားတယ်။ သူက ကျွန်မကို ပြုံးပြပြီးတော့ စကားပြောတယ်။ ဂေါ်ရခါးစကားလို့ ထင်တယ်။ ကျွန်မကလည်း သူ့ကိုပြန်ပြီးပြောတယ်။ ဂေါ်ရခါးလိုလည်း ပြောမိတယ်လို့ ထင်တာပဲ။ ဒါပေမဲ့ တကယ်က ကျွန်မဂေါ်ရခါးလို မတတ်ပါဘူး။ အိပ်မက်ထဲမှာတော့ ကျွန်မဟာ သူ့ကို ဂေါ်ရခါးလို ပြောလိုက်တာ မှတ်နေတာပဲ။ သူပြောတာ


BURMESE CLASSIC .com

တွေကိုလည်း ကျွန်မက နားလည်နေတယ်။ အတော့်ကို ဆန်းတာပဲ။ သူက ကျွန်မကို…

“လှေပေါ်တက်လေ။ လှေစီးရအောင်”

လို့ ပြောတယ်။ ဒါနဲ့ ကျွန်မလည်း သူ့ရဲ့လှေကို ခြေထောက်နဲ့နင်းပြီး တက်လိုက်တာ လှေက လှုပ်ပြီး ရေထဲကျမလိုဖြစ်သွားတော့ အဲဒီအခါမှာသူက ကျွန်မခါးကလေးကို သိုင်းဖက်ပြီး ရေထဲကိုမကျအောင် ထိန်းပေးထားလိုက်တယ်။ ပြီးတော့ သူရော ကျွန်မပါ နှစ်ယောက်စလုံး ရယ်လိုက်ကြတယ်။ ဒီနောက်တော့ သူက ကျွန်မကို လှေရဲ့ဦးဘက်မှာ ထိုင်ခိုင်းပြီး သူကတော့ ပဲ့ဘက်မှာထိုင်ပြီး လှေကိုလှော်တယ်။ ရေနက်တဲ့ဘက် မသွားဖို့ ကျွန်မပြောတော့ သူက ကမ်းစပ်ဘက်ကိုကပ်ပြီး သစ်ပင်ရိပ်အောက်တွေကနေ လျှောက်လှော်နေတယ်။ အဲဒီလို လှေလှော်ရင်းနဲ့ သူက သီချင်းဆိုတယ်။ သူက အဆိုသိပ်ကောင်းတာပဲ။ အဲဒီလို သီချင်းဆိုပြီးတော့ သူက…

‘မောလိုက်တာ ဆေးလိပ်သောက်ဦးမှပဲ’

ဆိုပြီး ဆေးလိပ်ကလေးတစ်လိပ်ထုတ်ပြီး သောက်တယ်။ သူသောက်တဲ့ ဆေးလိပ်က ကုလားတွေသောက်တဲ့ ဘီဒီဆေးလိပ်ကလေးပဲ။ သူဆေးလိပ်သောက်တာလည်း သိပ်ကိုကြည့်လို့ကောင်းတာပဲ။ အဲဒီဘီဒီဆေးလိပ်ကလေးကို သွားလေးနှစ်ချောင်းနဲ့ ကိုက်ထားတယ်။ အိပ်မက်အထဲမှာတော့ ကျွန်မတို့နှစ်ယောက် ချစ်သူတွေ ဖြစ်နေကြတယ်။ ကျွန်မက သူ့အနားတိုးသွားပြီး


BURMESE CLASSIC .com

www.burmeseclassic.com

သူ့ရင်ဘတ်မှာဆွဲထားတဲ့ ငွေဆွဲပြားကလေးကို ကြည့်လိုက်တယ်။ အဲဒီဆွဲပြားကလေးမှာ ဟိန္ဒူအက္ခရာနဲ့ ထိုးထားတဲ့ စာလုံးနှစ်လုံး တွေ့ရတယ်။ အဲဒါလေးကို ကျွန်မဖတ်ကြည့်လိုက်တော့ သူ့နာမည်ကို ထွင်းထားကြောင်း တွေ့ရပါတယ်။ သူ့နာမည်က 'ဗားလ်'လို့ခေါ်တယ်။ ကျွန်မစိတ်ထဲမှာ သိနေတာတော့ အဲဒီ ဗားလ်ဆိုတာ 'လူငယ်'လို့ အဓိပ္ပာယ်ရတယ်လို့ သိနေတာပဲ။ ကျွန်မ အဲဒီစာလုံးကို ကောင်းကောင်းမှတ်မိတယ်။ ဟောဒီလို လေးရှင့်''

ဟု ဆိုကာ မိန်းကလေးသည် အောက်ပါစာလုံးကလေး ကို ရေးပြလေ၏။



ကျွန်ုပ်လည်း ထိုမိန်းကလေး ရေးပြသော စာလုံးကလေး နှစ်လုံးကို မှတ်စုစာအုပ်ကလေး၌ ပုံတူရေးကူး၍ မှတ်သားထား လိုက်လေ၏။ ထိုသို့မှတ်သားပြီးနောက်...

''လုပ်ပါဦး မိန်းကလေးရဲ့။ မင်းဇာတ်လမ်းက ဆုံးမှ မဆုံးသေးဘဲ''

ဟု ကျွန်ုပ်က ပြောလိုက်ရာ မိန်းကလေးက...

''အဲဒီလိုနဲ့ ကျွန်မဟာ ကျွန်မချစ်သူ ဗားလ်ဆိုတဲ့ ဂေါ်ရခါးလေးနဲ့အတူတူ ရေထဲမှာ လှေစီးလိုက်၊ ရေကန်ပေါင်ပေါ်

မှာ နှစ်ယောက်အတူတူ လမ်းလျှောက်ပြီး သီချင်းဆိုလိုက်၊ သူက မန်ကျည်းပင်ကြီးပေါ်ကိုတက်ပြီး ကျွန်မကို မန်ကျည်းသီးတွေ ခူးပေးလိုက်နဲ့ ကျွန်မခေါင်းမှာ ပန်းတွေခူးပြီး ပန်ပေးလိုက်နဲ့ ဆိုတဲ့ အိပ်မက်တွေဟာ မက်လာလိုက်တာ သုံးနှစ်ရှိပါပြီရှင်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က...

"လက်စွပ်အကြောင်း မပါသေးပါလား မိန်းကလေးရဲ့"

ဟု မေးလိုက်လေ၏။

"ဟုတ်ပါတယ်ရှင်။ ကျွန်မလက်စွပ်အကြောင်း ပြောရဦးမှာပါ။ အိပ်မက်ထဲမှာ ဗားလ်နဲ့ ကျွန်မနဲ့တွေ့တိုင်း ကျွန်မလက်က စိန်လက်စွပ်ချောင်နေတဲ့အတွက် ကျွတ်ကျသွားခဲ့ရင် အခက်တွေ့လိမ့်မယ်လို့ သူ့ကိုပြောတော့ သူက ဒီလိုဆိုရင် သူဝတ်ပေးထားမယ်တဲ့။ ပြန်ခါနီးမှ ယူပေါ့လို့ ဆိုတယ်။ အဲဒါကြောင့် ကျွန်မလည်း သူနဲ့တွေ့တိုင်း ကျွန်မလက်က စိန်လက်စွပ်ကိုဖြုတ်ပြီး သူ့လက်မှာ ဝတ်ပေးတယ်။ ကျွန်မက သူ့ကို ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ပေးတာရှင့်။ ဒါပေမဲ့ သူက အဝတ်မခံဘူး။ ညာဘက်လက်သူကြွယ်မှာ ဝတ်ပေးပါလို့ပြောတာနဲ့ ကျွန်မလည်း အမြဲလိုလိုပဲ သူ့ရဲ့ ညာဘက်လက်သူကြွယ်လက်ချောင်းမှာပဲ ဝတ်ပေးခဲ့တယ်။ ကျွန်မတို့နှစ်ယောက် နာရီပေါင်းများစွာ ပြေးလိုက်လွှားလိုက်ကြ၊ သီချင်းတွေ ဆိုလိုက်ကြ၊ လှေတွေစီးလိုက်ကြလုပ်ပြီးရင် ကျွန်မက ပြန်တော့မယ်လို့ ပြောတဲ့အခါတိုင်း သူက စိန်လက်စွပ်ကို ချွတ်ပြီး ကျွန်မလက်မှာ ပြန်ဝတ်ပေးလေ့

ရှိပါတယ်။ အဲဒီလိုဝတ်ပေးပြီးတာနဲ့ ကျွန်မကလည်း အိပ်ရာကနေ လန့်ပြီး နိုးတော့တာပဲ။ အဲဒီလိုလန့်နိုးလို့ ကျွန်မဘေးကိုကြည့်လိုက်တဲ့အခါတိုင်း ကျွန်မယောကျ်ားကိုလွင်ဟာ နှစ်နှစ်ခြိုက်ခြိုက်ကြီး ဘာမှမသိဘဲ အိပ်မောကျနေတာတွေ့တော့ ကျွန်မလည်း သူ့ကို သနားပြီး ငိုရတတ်ပါတယ်။ အမှန်တကယ်ပြောရရင် ကျွန်မယောကျ်ားကိုလွင်ကလွဲပြီး ကျွန်မ ဘယ်သူ့ကိုမှ မချစ်ပါဘူး။ ဘယ်ယောကျ်ားကိုမှလည်း စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ ကျွန်မဟာ မကြာခဏဆိုသလို ယောကျ်ားကြီးငုတ်တုတ်ထားပြီး တခြားယောကျ်ားနဲ့ သွားရောက်ပျော်ပါးသလို ဖြစ်နေပါတယ်။ အဲဒီအဖြစ်ကိုတွေးမိတိုင်း ကျွန်မလည်း စိတ်မကောင်းပါဘူး။ ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားတော့လည်း နည်းလမ်းကရှာမတွေ့ပါဘူး။ ဒါပေမဲ့ ကျွန်မဟာ ဗားလ်နဲ့တွေ့ရတဲ့အချိန်တိုင်း ကျွန်မဟာ အိမ်ထောင်သည်အဖြစ်ကိုမေ့ပြီး ဗားလ်နဲ့ နေရတာ ပျော်နေပါတယ်။ အဲဒီလို ကျွန်မတို့တွေ့တိုင်းလည်း စောစောက ပြောသလို ကျွန်မရဲ့ စိန်လက်စွပ်ကလေး ဗားလ်ကို ဝတ်ပေးပါတယ်။ ကျွန်မက ပြန်မယ်ဆိုရင်လည်း ဗားလ်က ကျွန်မကို ပြန်ဝတ်ပေးလိုက်တယ်။ ဒါပေမဲ့ ဒီနေ့မနက်တော့ အတော့်ကို ထူးဆန်းတယ်။ ကျွန်မယောကျ်ားကိုလွင်က မိုးကုတ်ကို သွားစရာရှိလို့ဆိုပြီး သုံးနာရီလောက်ကမှ ထွက်သွားတယ်။ ကျွန်မလည်း အိပ်ချင်မူးတူးနဲ့ တံခါးထပြီးပိတ်ပေးရသေးတယ်။ပြီးတော့ ကျွန်မ ပြန်ဝင်အိပ်တယ်။ အဲဒီလိုလည်း အိပ်ရော ကျွန်မ အိပ်မက်

www.burmeseclassic.com

မက်တော့တာပဲ။ ထုံးစံအတိုင်း အိပ်မက်ထဲမှာ ဗားလ်ရဲ့ လက်ကို ကျွန်မလက်စွပ် ဝတ်ပေးလိုက်တယ်။ ဒါပေမဲ့ ဒီတစ်ခါမှာ ကျွန်မ ပြန်ခါနီးမှာ သူက လက်စွပ်ချွတ်ပေးမယ်လုပ်တော့ ကျွန်မကပဲ 'ဗားလ်ရယ် ဒီလက်စွပ်ကလည်း ချွတ်လိုက်၊ စွပ်လိုက်နဲ့ ခဏခဏ လုပ်နေရတာ မကောင်းပါဘူး။ ဗားလ်ပဲဝတ်ထား လိုက်ပါတော့'လို့ ပြောပြီး လက်စွပ်ကိုပြန်ပြီး မယူမိတော့ဘူး။ ပြီးလည်း ပြီးရော ကျွန်မလည်း အိပ်ရာက နိုးလာတယ်။ အဲဒီလို နိုးလာတော့ ကျွန်မလည်း ကျွန်မရဲ့လက်ကို ကြည့်လိုက်တော့ ကျွန်မလက်မှာ စိန်လက်စွပ်မရှိတော့ဘူး''

ဟု ပြောလိုက်ရာ ကျွန်ုပ်သည်ပင် အံ့သြလွန်း၍…

''အလို…တယ်ထူးဆန်းပါလား''

ဟု အလန့်တကြားလေသံဖြင့် ရေရွတ်မိတော့၏။ ထို့နောက် ကျွန်ုပ်က…

''မိန်းကလေးပြောတဲ့အတိုင်းဆိုရင် အတော့်ကို ဆန်းတာ ပဲ။ ကျုပ်လည်း ဘာမှ မတတ်နိုင်တော့ဘူး။ သူများကိုပြောပြရင် လည်း ယုံကြမှာ မဟုတ်ဘူး''

ဟု ပြောလိုက်လေ၏။

မိန်းကလေးလည်း ကျွန်ုပ်အား နှုတ်ဆက်၍ စိတ်ပျက်စွာ ဖြင့် ကျွန်ုပ်၏ အခန်းအပြင်သို့ ထွက်သွားလေတော့၏။ ထိုနေ့ တစ်နေ့လုံး ကျွန်ုပ်သည် စာမဖတ်နိုင်တော့ဘဲ ထိုမိန်းကလေး၏ ထူးဆန်းသော အဖြစ်အပျက်ကို စဉ်းစားနေမိလေတော့၏။ ညနေ မီးထွန်းချိန်လောက်တွင် တည်းခိုခန်းမန်နေဂျာက ကျွန်ုပ်အား…


BURMESE CLASSIC .com

www.burmeseclassic.com

"ဆရာ။ ဆရာစောင့်နေတဲ့လူတော့ ရောက်လာပြီ။ ဆရာနဲ့တွေ့ချင်တယ်လို့ ပြောနေတယ်"

ဟုဆိုသဖြင့် ကျွန်ုပ်လည်း ဧည့်ခန်းဆီသို့ လိုက်သွားခဲ့လေ၏။ မန်နေဂျာသည် ဧည့်ခန်းတွင် ကျွန်ုပ်အား စောင့်မျှော်နေသော လူငယ်အား...

"ခင်ဗျား တွေ့ချင်တဲ့ ဆရာကြီးမင်းသိခ်ဆိုတာ ဟောဒီဦးလေးကြီးပဲ။ ခင်ဗျားကို လာပြီးစောင့်နေရတာ တစ်ပတ်ကျော်သွားပြီ ကိုယ့်လူရဲ့"

ဟု ပြောလိုက်ရာ ဂျာကင်အင်္ကျီကိုပိုက်လျက် စစ်လွယ်အိတ်တစ်လုံးကိုလွယ်၍ထိုင်နေသော ရုပ်ချောချောလူငယ်တစ်ဦးသည် ဂျာကင်အင်္ကျီကို ဘေးသို့ ဆတ်ခနဲချ၍ မတ်တပ်ရပ်လိုက်ကာ ကျွန်ုပ်အား လက်အုပ်ချီ၍ နှုတ်ဆက်လိုက်လေတော့၏။ ထို့နောက်...

"အားနာစရာတော့ ဖြစ်ကုန်ပါပြီ"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်သည် ထိုသူငယ်ကိုကြည့်ပြီး ငိုင်နေမိလေ၏။ ထိုသူငယ်သည် အသားဖြူ၏။ မျက်လုံးမျက်ခုံးကောင်း၏။ ရင်အုပ်ကျယ်၏။ စွပ်ကျယ်အင်္ကျီသဏ္ဌာန်ချုပ်ထားသော ဆိတ်သားရေကို ဝတ်ထား၏။ အောက်ပိုင်း၌မူ ဘောင်းဘီကို ဝတ်ထား၏။ ခါးတွင် ခပ်လျော့လျော့ပတ်ထားသော ခါးပတ်ရှိ၏။ ထိုခါးပတ်၌ ဓားကောက်တစ်လက်ချိတ်ထား၏။


BURMESE CLASSIC .com

"မောင်ရင် ဘာလူမျိုးတုံး"

ဟု ကျွန်ုပ်က မေးလိုက်ရာ လူငယ်က…

"ကျွန်တော် ဂေါ်ရခါးလူမျိုးပါ ဆရာကြီး"

ဟု ရိုသေစွာပြန်၍ဖြေလေ၏။

"မောင်ရင့်နာမည်လည်း သိပါရစေဦး"

ဟု ကျွန်ုပ်က မေးလိုက်ရာ ထိုလူငယ်က…

"ကျွန်တော့်နာမည် ဗားလ်လို့ခေါ်ပါတယ်"

ဟု ဖြေလိုက်သဖြင့် ကျွန်ုပ်လည်း လူငယ်၏ ရင်ဘတ်ဆီသို့ ကြည့်လိုက်ရာ ငွေဆွဲပြားလေးတစ်ပြား ဆွဲထားသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏ ကုတ်အင်္ကျီအိတ်အတွင်းမှ မှတ်စုစာအုပ်ကိုထုတ်ပြီး မိန်းကလေးထံမှ ကူးယူထားသည့် ဗားလ်ဆိုသော စာလုံးကို ထိုလူငယ်အား လှန်၍ပြလိုက်ရင်း…

"မင်းရင်ဘတ်က ငွေဆွဲပြားမှာ ထွင်းထားတဲ့ စာဟာ ဒီစာမှ ဟုတ်ပါလေစ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုလူငယ်လည်း ထိုစာကို ကြည့်လိုက်ပြီးနောက် လွန်စွာအံ့အားသင့်သွားပြီးလျှင်…

"ဆရာက ကျွန်တော့်နာမည်ကို ကြိုပြီး သိနေတာကိုး။ ကျွန်တော့်ရင်ဘတ်မှာ ဆွဲထားတဲ့ စာကိုတောင် ကြိုပြီးရေးထားပါလား။ ဒါကြောင့်လည်း ဆရာနာမည်ကြီးပေတာပဲ။ ဘယ်လိုအတတ်မျိုးပါလဲ ဆရာရယ်။ ကျွန်တော့်လည်း ပြောပြစမ်းပါဦး"

www.burmeseclassic.com

ဟု လူငယ်က မေးလိုက်လေ၏။

"အေးကွယ်။ ဖြည်းဖြည်းတော့ ပြောကြတာပေါ့။ မင်း ဒီတည်းခိုခန်းမှာပဲ တည်းမှာလား"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဗားလ်က…

"ဟုတ်တယ်ဆရာ။ ကျွန်တော် ဒီမှာ သုံးရက်တည်းမယ်။ ဆရာလိုချင်တဲ့ ဗေဒင်ပေထုပ်တွေလည်း ပါလာပါတယ်။ ဆရာ့ကို ရောင်းမယ်လို့ပြောတဲ့လူတော့ မလိုက်ခဲ့ဘူး။ ကျွန်တော်ပဲ သူ့ကိုယ်စား အရောင်းအဝယ်လုပ်ပေးရမှာပဲ။ သူက ခါးနာရောဂါ ရှိတယ်။ ခရီးဝေး ကားစီးလို့ မရဘူး။ အဲဒါနဲ့ ကျွန်တော့်ကို လွှတ်လိုက်တာ။ ဒါတွေက နယ်စပ်ကိုတောင် ရောက်ကုန်ပြီ။ မနည်းပြန်ပြီးယူလာရတဲ့ ပစ္စည်း ဆရာရဲ့။ ငွေကိုတော့ ဘဏ်ထဲပဲ ထည့်ပေးဖို့ ဘဏ်စာရင်းနံပါတ်ပေးလိုက်မယ်။ သူ့ငွေစာရင်း ရန်ကုန်က ဘဏ်မှာ ရှိပါတယ်။ ဆရာရန်ကုန်ကိုရောက်တော့မှ သွင်းပေးလိုက်ရုံပါပဲ။ ငွေရေးကြေးရေးက ဒီလောက်မဟုတ်ပါဘူး ဆရာရယ်။ ဒီပစ္စည်းတွေ ဆရာ့ဆီ ရောက်စေချင်တာက သူ့ရဲ့ အဓိကရည်ရွယ်ချက်ပါ"

ဟု ပြောလေ၏။

ထိုအချိန်မှာပင် ဟိုတယ်မန်နေဂျာ ကိုသန်းလွင်က ဗားလ်အား အခန်းသော့လာ၍ ပေးလေ၏။ ဗားလ်သည် သော့ကို လှမ်းယူရင်း သော့နှင့်အတူ ချိတ်ဆွဲထားသော ကတ်ပြားကလေးမှ နံပါတ်ကိုကြည့်လိုက်ရာ နံပါတ် 'ရှစ်'ကိုတွေ့ရ၏။

"ကျွန်တော်အကြိုက်ဆုံးနံပါတ်။ ကျွန်တော်နဲ့ ရှစ်ဂဏန်းနဲ့က သိပ်အကျိုးပေးတာ ဆရာရဲ့"

ဟု ပြောရင်း ဗားလ်သည် သူ၏ အင်္ကျီအိတ်အတွင်းမှ ဘီဒီဆေးလိပ်ကလေးတစ်လိပ်ကိုထုတ်ပြီး မီးညှိကာ သွားနှင့်ကိုက်၍သောက်လေ၏။ ထို့နောက် ဗားလ်သည် သူ၏ ပစ္စည်းပစ္စယများကို အခန်းနံပါတ်ရှစ်သို့ သယ်ယူသွားလေ၏။ ထိုအချိန်၌ပင် တည်းခိုခန်းရှေ့တွင် ဂျစ်ကားတစ်စီး လာ၍ဆိုက်သည်ကိုကြည့်လိုက်ရာ ဂျစ်ကားပေါ်မှ လူတစ်ဦးဆင်းလာလေ၏။ ထိုသူသည် မန်နေဂျာကိုသန်းလွင်ကို နှုတ်ဆက်ပြီး အပေါ်ထပ်သို့ တက်သွားလေ၏။ ထိုအခါ ကိုသန်းလွင်က...

"ဆရာ။ အဲဒါ လက်စွပ်ပျောက်တဲ့ ခင်မြစန္ဒီရဲ့ယောကျ်ားကိုလွင်ဆိုတာပေါ့"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း...

"အင်း...ထူးထူးဆန်းဆန်း အဖြစ်အပျက်တစ်ခုတော့ တွေ့ရတော့မှာပဲ"

ဟု စိတ်တွင်းမှ ရေရွတ်မိလေ၏။

ထိုအချိန်၌ပင် ဗားလ်သည် ဧည့်ခန်းဆီသို့ ပြန်လာပြီးလျှင် ကျွန်ုပ်နှင့်အတူ ထိုင်လေ၏။

"မောင်ရင်က ဘာအလုပ်လုပ်သလဲကွယ့်။ ကျုပ်မိတ်ဆွေကြီးဦးခင်လှိုင်နဲ့သိတာ ဘယ်လောက်ကြာပြီလဲ"

ဟု မေးလိုက်ရာ ဗားလ်က...

www.burmeseclassic.com

“ကျွန်တော့်ရဲ့အဓိကလုပ်ငန်းကတော့ ထောပတ်ဆိုင်ရှိပါတယ်။ နို့စားနွားမတွေလည်း မွေးထားတယ်။ ကြုံတဲ့အခါ ပွဲစားလေးဘာလေး လုပ်တာပေါ့ ဆရာ”

ဟု ပြန်၍ ပြောလေ၏။

“မောင်ရင် ထမင်းမစားရသေးရင် သွားစားလေ။ ကျုပ်ကတော့ ညနေပိုင်းမှာ ထမင်းစားလေ့ သိပ်မရှိပါဘူး။ အဲဒါကြောင့် တည်းခိုခန်းက ကလေးတစ်ယောက်ကိုပဲ ဆန်ပြုတ်ကလေး ဘာလေး ဝယ်ခိုင်းပြီးတော့ သောက်တယ်ကွယ့်”

ဟု ပြောလိုက်ရာ ဗားလ်က...

“ကျွန်တော့်အတွက် ကိစ္စမရှိပါဘူးခင်ဗျ။ ကျွန်တော်က တော်တော်ကြာရင် ဟိုဘက်နားက ချစ်တီးထမင်းဆိုင်မှာ သွားစား လိုက်ရင် ရပါတယ်”

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် တည်းခိုခန်း၏ အပေါ်ထပ်မှ တစ်စုံတစ်ယောက် ဆင်း၍လာသံကို ကြားသဖြင့် ကျွန်ုပ်လည်း မော့ကြည့်လိုက်ရာ ခင်မြစန္ဒီနှင့်သူ့ယောက်ျားကိုလွင်ဆိုသူတို့ ဆင်းလာကြောင်း တွေ့ရလေတော့၏။ ကျွန်ုပ်ဘေးတွင် ထိုင်နေသော ဗားလ်သည်လည်း မော့၍ကြည့်လိုက်ရာ ထိုစုံတွဲကို တွေ့လိုက်ရသဖြင့် ထိုင်နေရာမှ ယောင်၍ မတ်တပ်ထရပ်လိုက်လေ၏။ ကျွန်ုပ်တို့နှစ်ဦးစလုံး ထိုစုံတွဲကို လှမ်း၍ကြည့်နေရာ ခင်မြစန္ဒီသည် ဗားလ်ကိုတွေ့ရသောအခါ မျက်လုံးပြူး၍ သွားလေ၏။ ထို့နောက်


BURMESE CLASSIC .com

ကြွေပြန်ဆည်လိုက်လေ၏။ ပြီးလျှင် ခင်မြစန္ဒီသည် လှေကား ပေါ်မှ ဆင်းမြဲဆင်းလာပြီးနောက် ခင်မြစန္ဒီသည် ငှင်းယောကျ်ား ကိုလွင်နှင့်အတူ တည်းခိုခန်းအပြင်သို့ ထွက်သွားလေတော့၏။ ဗားလ်သည် မတ်တပ်ရပ်မြဲရပ်နေရင်း...

"စန္ဒီပါလား"

ဟု တိုးတိုးကလေး ရေရွတ်လိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က...

"ထိုင်ပါဦး သူငယ်ရဲ့။ မင်းနဲ့ သိလို့လား"

ဟု မေးလိုက်ရာ ဗားလ်က...

"သိပါတယ်ဆရာ။ ဟင့်အင်း...ဟင့်အင်း မသိဘူး ဆရာ"

ဟု ဆန့်ကျင်ဘက်စကားနှစ်ခုကို ပြောလိုက်လေ၏။

"ငါဘယ်လို နားလည်ရမလဲ ဗားလ်။ မင်းသိတယ်လို့ နားလည်ရမှာလား။ မသိဘူးလို့ နားလည်ရမှာလား"

ဟု မေးလိုက်ရာ ဗားလ်က...

"ခက်တယ်ဆရာ။ ကျွန်တော်ကိုယ်တိုင် ဘယ်လိုဖြေရမှန်း မသိတော့ဘူး။ ဆရာ့အနေနဲ့ ယုံမလားတော့ မပြောတတ်ဘူး။ ခုနတုန်းက မိန်းကလေးကို ကျွန်တော်အိပ်မက်ထဲမှာသိတာ။ အိပ်မက်ထဲမှာတော့ သူ့ယောကျ်ားမရှိဘူး။ သူ့ကိုစော်ကားပြီး ပြောတာ မဟုတ်ဘူးနော် ဆရာ။ ကျွန်တော့်အိပ်မက်ကို ပြောတာ။ ကျွန်တော့်အိပ်မက်အတိုင်းဆိုရင် သူ့ချစ်သူဟာ ကျွန်တော်ပဲရှိ

www.burmeseclassic.com

တယ်။ ကျွန်တော့်အိပ်မက်ထဲက မိန်းကလေးနဲ့ သိပ်တူတာပဲ။ အိပ်မက်ထဲက မိန်းကလေးရဲ့ နာမည်က စန္ဒီတဲ့။ သူ့နာမည်တော့ ဘယ်လိုခေါ်မှန်း မသိဘူး"

ဟု ပြောလေ၏။ ကျွန်ုပ်က...

"စောစောက မင်းတွေ့လိုက်တဲ့ မိန်းကလေးရဲ့ နာမည်က လည်း ခင်မြစန္ဒီတဲ့ကွ"

ဟု ပြောလိုက်ရာ ဗားလ်သည် အံ့အားသင့်လွန်း၍ ပါးစပ် ဟသွား၏။ ထို့ကြောင့် ပါးစပ်တွင် ခဲထားသော ဘီဒီဆေးလိပ် သည် အောက်သို့ ဖုတ်ခနဲ ပြုတ်ကျသွားလေ၏။

"အတော့်ကို တိုက်ဆိုင်တာပဲ ဆရာရယ်။ ကျွန်တော်ပြော ပြဦးမယ်ဆရာ။ ဒီမိန်းကလေးကို ကျွန်တော် မကြာခဏ အိပ်မက် မက်တယ်။ သူနဲ့အတူ ကျွန်တော် လှေလှော်တယ်။ သူနဲ့အတူ လမ်းလျှောက်တယ်။ သူနဲ့အတူ ကျွန်တော်သီချင်းတွေဆိုပြတယ်။ အခု ဒီကိုလာတာ ကျွန်တော့်ဂျစ်ကားနဲ့ လာတာ။ အဖော် တစ်ယောက်လည်း ပါသေးတယ်။ သူကတော့ မန္တလေးက လူပါ။ ကျွန်တော့်မိတ်ဆွေပါ။ မနက်သုံးနာရီကျော်ကျော်လောက် ကတည်းက ကျွန်တော် ကားမောင်းလာခဲ့တာ မနက်လေးနာရီ လောက်မှာ နည်းနည်း အိပ်ငိုက်သလိုဖြစ်လာလို့ သူ့ကိုမောင်းခိုင်း ပြီး ကျွန်တော်ကတော့ အိပ်ပြီးလိုက်လာတယ်ဆရာ။ အဲဒီအချိန်မှာ တောင် ကျွန်တော် စန္ဒီ့ကို အိပ်မက်မက်သေးတယ်။ ထူးထူးဆန်း ဆန်းဆရာရယ်။ အခါတိုင်း အိပ်မက်မက်ရင် စန္ဒီဟာ ကျွန်တော့်


BURMESE CLASSIC .com

ကို ခဏအပ်ထားတဲ့ စိန်လက်စွပ်လေး တောင်းတောင်းသွားတယ်။ ဒီတစ်ခါတော့ အပိုင်ယူလိုက်တော့ဆိုပြီး ပေးထားတယ်ဆရာရဲ့။ မြကို စိန်ဆယ့်ကိုးလုံးနဲ့ ရံထားတာ''

ဟု ဗားလ်က ပြောလိုက်လေ၏။

''ဒါဖြင့် မင်း လက်စွပ်ကို တကယ်ရလိုက်တာပေါ့''

ဟု ကျွန်ုပ်က မေးလိုက်ရာ ဗားလ်က...

''အိပ်မက်ထဲမှာ ရလိုက်တာပေါ့ ဆရာရဲ့''

ဟု ပြန်၍ ဖြေလေ၏။

''ငါမေးတာက အိပ်မက်ထဲမှာ ရတာကိုမေးတာ မဟုတ်ဘူး။ အပြင်မှာ တကယ်ရလိုက်သလားလို့ မေးတာ''

ဗားလ်က တဟားဟားနှင့် ရယ်လိုက်လေ၏။

''ကတ်သီးကတ်သတ်ဆရာရယ်။ အိပ်မက်ထဲမှာရတိုင်း အပြင်မှာ ရတာမှ မဟုတ်ဘဲ။ အိပ်မက်ထဲမှာ ရတဲ့တိုင်း အပြင်မှာ ရကြမယ်ဆိုရင် လူတော်တော်များများဟာ အိပ်မက်ထဲမှာ ရွှေတုံးကြီးတွေ၊ ကျောက်သံပတ္တမြားတွေ ရတတ်တယ်လို့ မက်ခဲ့ဖူးကြတာပဲဆရာရယ်။ ဒါပေမဲ့ အိပ်မက်ထဲက ကိစ္စက အိပ်မက်ထဲမှာတင် ပြီးသွားတာပါပဲ''

ဟု ဗားလ်က ပြောလေ၏။

''အိပ်မက်ထဲက ကိစ္စက အိပ်မက်ထဲမှာတင်မပြီးလို့ မေးနေရတာပေါ့ကွ။ ခင်မြစန္ဒီလည်း ဒီမနက် လေးနာရီထိုးလောက်မှာ မင်းကို အိပ်မက်မက်တယ်''



BURMESE CLASSIC .com

www.burmeseclassic.com

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဗားလ်က…

"ဗျာ…သူကလည်း ကျွန်တော့်ကို အိပ်မက်မက်တယ် ဟုတ်လား"

ဟု အထိတ်တလန့်လေသံဖြင့် မေးလိုက်လေ၏။

"အေး…မက်တယ်။ အိပ်မက်ထဲမှာ မင်းကို စိန်လက်စွပ်ချွတ်ပြီး ပေးလိုက်တယ်လို့လည်း မက်တယ်။ ပြီး လည်းပြီးရော ကောင်မလေးလက်က လက်စွပ်လည်း ပျောက် သွားတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဗားလ်က…

"ဆန်းတော့ အတော်ဆန်းတာပဲ ဆရာရယ်။ အိပ်မက်ထဲ က ဖြစ်ပျက်ခဲ့သမျှတွေသာ ကျွန်တော့်ကို အရေးယူရမယ်ဆိုရင် မယားခိုးရော၊ လက်စွပ်သူခိုးရောနဲ့ ထောင်ကျဖို့ပဲ ရှိပါတော့တယ် ဆရာရယ်။ ဘာပဲဖြစ်ဖြစ် သူ့လက်စွပ်ကတော့ ကျွန်တော့်ဆီကို ရောက်မလာပါဘူး။ သူခိုးတစ်ယောက်ယောက် ခိုးသွားတာ ဖြစ် နိုင်ပါတယ်။ ဆရာပြောတဲ့ အတိုင်းဆိုရင် ဒီလက်စွပ်ကို ကျွန်တော်ကောင်းကောင်းမှတ်မိပါတယ်။ မရရအောင်ရှာပြီး သူ့ကိုပြန်ပေးမယ်။ ဘယ်လောက်ပဲ ပေးရပေးရ သူ့ကို ဝယ်ပြီး ပေးမယ်။ မရောင်းဘူးဆိုရင်လည်း ဒီလက်စွပ်ကိုတွေ့ပါစေ ဆရာ ရယ်။ လုတန်တာ လုရမှာပဲ"

ဟု ပြောလိုက်လေ၏။


BURMESE CLASSIC .com

"အေးကွ။ အဲဒီပစ္စည်း ကောင်မလေး ပြန်ရမှဖြစ်မယ်။ မရရင်တော့ သူတို့အိမ်ထောင်ရေးမှာ ပြဿနာဖြစ်ဖို့ ရှိတယ်"

ဟု ကျွန်ုပ်ပြောလိုက်မိလေတော့၏။

ထို့နောက်တွင်မူကား ကျွန်ုပ်နှင့် ဗားလ်တို့သည် စကားစဖြတ်လိုက်ကြလေတော့၏။ နောက်တစ်နေ့နံနက်စောစောတွင် ဗားလ်သည် ကျွန်ုပ်အား ပေးရန်ရှိသောပေထုပ်များကို ကျွန်ုပ်အား စာရင်းနှင့်တကွ ပေးလေ၏။ ကျွန်ုပ်ကလည်း လက်မှတ်ထိုး၍ ယူရလေ၏။ ထိုနေ့နံနက်စောစော၌မှာပင် ခင်မြစန္ဒီတို့လင်မယားလည်း ရန်ကုန်သို့ပြန်ရန် ကားတစ်စီး ငှားရမ်းကြလေ၏။ ထို့နောက် ၄င်းတို့လင်မယားသည် မန်နေဂျာဦးသန်းလွင်ကြီးအား နှုတ်ဆက်ပြီးလျှင် ထွက်သွားကြလေတော့၏။ ထိုအခါ မန်နေဂျာဦးသန်းလွင်က . . .

"ခင်ဗျားတို့ ထွက်တာ မစောလွန်းဘူးလားဗျ"

ဟု မေးလိုက်လေရာ ခင်မြစန္ဒီ၏ ယောကျ်ား ကိုလွင်ဆိုသူက . . .

"ဘုရားတွေ လှည့်ဖူးဦးမှာလေဗျာ။ တော်တော်နဲ့ ထွက်ဖြစ်ဦးမှာမှ မဟုတ်ဘဲ။ ပြီးတော့ စန္ဒီက ဈေးချိုထဲဝင်ပြီးရင် တော်တော်နဲ့ ထွက်မှာမဟုတ်ဘူးဗျ။ အဲဒီအချိန်တွေပါတွက်ပြီး ကြိုသွားရတာဗျို့"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း ကျွန်ုပ်အလိုရှိသော ပေထုပ်များကိုရရှိသဖြင့် ထိုပေထုပ်များကို ထင်းရှူးသေတ္တာပုံး



BURMESE CLASSIC .com

www.burmeseclassic.com

အလွတ်တစ်လုံးဝယ်၍ ထည့်ရလေ၏။ ဗားလ်မှာမူ ကျွန်ုပ်ပစ္စည်းများ သိမ်းနေစဉ်မှာပင် ကျွန်ုပ်အား…

"ဆရာကြီး။ ကျွန်တော့်ကား ဝပ်ရှော့မှာ ထိုးထားတာကောင်းသွားပြီဗျ။ ကျွန်တော်လည်း နက်ဖြန်၊ သန်ဘက်ခါလောက်ဆိုရင် ပြန်ဖြစ်လိမ့်မယ်"

ဟု ပြောဆိုကာ ထွက်သွားလေ၏။

နေ့ခင်း တစ်ချက်ထိုးခန့် အချိန်၌ ကျောက်ဆည်ရဲစခန်းမှ မန်နေဂျာ ဦးသန်းလွင်ထံသို့ တယ်လီဖုန်းဆက်လေ၏။ ဦးသန်းလွင်လည်း တယ်လီဖုန်းကို နားထောင်နေ၏။ တစ်ဖက်မှ မည်သည့်အကြောင်းအရာကို ပြောနေသည်မသိ။ မန်နေဂျာ ဦးသန်းလွင်ကြီးကမူ…

"ဟုတ်ကဲ့…ဟုတ်ကဲ့။ ရဲစခန်းကလား။ ဟုတ်ကဲ့…ဟုတ်ကဲ့။ ကျောက်ဆည်မှာ မဟုတ်ဘူးလား။ ဟုတ်ကဲ့…ဟုတ်ကဲ့။ နံပါတ်ရှစ်တဲ့လား။ ဂေါ်ရခါးလား။ ခါးမှာ ဓားကောက်ချိတ်ထားသလား။ ဟုတ်ကဲ့…ဟုတ်ကဲ့။ ကျွန်တော်အခုပဲ လိုက်ခဲ့ပါမယ်"

ဟု ပြောဆိုနေသံများကို ကျွန်ုပ်သည် ကြားနေရလေ၏။ ထို့နောက် ဦးသန်းလွင်သည် တယ်လီဖုန်းကို ချလိုက်ပြီးနောက် ကျွန်ုပ်ဘက်သို့လှည့်ကာ…

"ဆရာရေ။ စိတ်မကောင်းစရာတွေတော့ ဖြစ်ကုန်ပြီ။ ဆရာ့မိတ်ဆွေ ဗားလ်ဆိုတဲ့ ဂေါ်ရခါးလေး ကျောက်ဆည်အထွက်


BURMESE CLASSIC .com

ရေကန်ပေါင်က မန်ကျည်းပင်ကြီးကို ဂျစ်ကားနဲ့ ဝင်ဆောင့်ပြီး ဆုံးရှာပြီတဲ့။ အဲဒါ ရဲက သူ့ဘေးနားက တည်းခိုခန်း အမှတ်တံဆိပ်ပါတဲ့ သော့လေးတွေ့လို့ ဖုန်းလှမ်းဆက်တာ။ ကျွန်တော်တို့ လိုက်သွားကြမှ ဖြစ်မယ်ဆရာ''

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် လွန်စွာတုန်လှုပ်၍ သွားလေ၏။

''လိုက်ဆိုရင်လည်း မြန်မြန်လုပ်''

ဆိုကာ အနီးရှိ ကားစတင်းမှ ဂျစ်ကားတစ်စီးကို ငှားရမ်း၍ ကျွန်ုပ်ရော ကိုသန်းလွင်ပါ လိုက်ကြလေ၏။ ကိုသန်းလွင်က မြန်မြန်မောင်းပါဟု ဆိုသဖြင့် နဂိုကပင် မြန်မြန်မောင်းချင်နေသော ကားဒရိုင်ဘာမှာ လီဗာပေါ်တွင် ခြေထောက်ကို မသည်ဟူ၍ပင် မရှိတော့ဘဲ ဝက်အူစုတ်ထားသည့်အလား နင်းထားလေတော့၏။ လမ်းတွင်တွေ့သောကားများကို လမ်းဖယ်မပေးဘဲ ပွတ်ကာသီကာလေး ရှောင်၍မောင်း၏။ ထို့ကြောင့် ထိုကားများမှ ဒရိုင်ဘာများသည် ခေါင်းများကို အပြင်သို့ထုတ်ကာ ကျွန်ုပ်တို့ကားမှ ဒရိုင်ဘာအား 'မအေ နှမ' နှင့် ဆဲသွားကြလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် လမ်းဖြောင့်တစ်ခုသို့ ရောက်သောအခါ၌ ကားတစ်စင်းကို ကျော်လိုက်လေ၏။ အကျော်ခံရသော ကားမှ ကျွန်ုပ်တို့အား ပြန်၍ ဟွန်းတီးလိုက်လေ၏။ ထိုကားမှာ ခင်မြစန္ဒီတို့ကားဖြစ်ကြောင်း တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့လည်း ခင်မြစန္ဒီတို့ကားကို စောင့်ဆိုင်းလိုက်

www.burmeseclassic.com

လေ၏။ ကားချင်းမီလျှင် ခင်မြစန္ဒီ၏ယောက်ျားကိုလွင်ဆိုသူက မန်နေဂျာဦးသန်းလွင်အား...

"မန်နေဂျာကြီး ဘယ်လဲ။အရေးတကြီးနိုင်လှချည်လား"

ဟု မေးလိုက်ရာ ဦးသန်းလွင်က ကျွန်ုပ်၏ မျက်နှာသို့ လှမ်း၍ကြည့်လိုက်လေ၏။ သူ့အကြည့်မှာ အဖြစ်မှန်အတိုင်း ပြောရမလားဟု ခွင့်တောင်းလိုက်ဘိသကဲ့သို့ ရှိလေတော့၏။ ထိုအခါ ကျွန်ုပ်က...

"အမှန်အတိုင်းပြောပြလိုက်ပါဗျာ"

ဟု ပြောလိုက်ရာ ဦးသန်းလွင်က...

"ဒီလိုပါ ကိုလွင်ရာ။ ကျွန်တော်တို့ တည်းခိုခန်းမှာ လာပြီးတည်းနေတဲ့ ဂေါ်ရခါးအမျိုးသားကလေးတစ်ယောက် သစ်ပင်ကို ကားနဲ့ ဝင်ဆောင့်မိလို့"

ဟု ပြောလိုက်ရာ ခင်မြစန္ဒီက...

"ဗားလ်လား"

ဟု မေးလိုက်လေ၏။

"ဟုတ်တယ် ခင်မြစန္ဒီ။ ဗားလ်ဆိုတဲ့ ကောင်လေးပဲ"

ဟု ကိုသန်းလွင်က ပြောလိုက်ရာ ခင်မြစန္ဒီသည် မျက်နှာကို လက်ဝါးနှင့်အုပ်၍ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့၏။ ထိုအခါ ၄င်း၏ ယောက်ျား ကိုလွင်သည် အူကြောင်ကြောင် မျက်နှာထားနှင့် ခင်မြစန္ဒီ၏မျက်နှာကိုကြည့်လိုက်၊ ကိုသန်းလွင်၏ မျက်နှာကိုကြည့်လိုက်၊ ကျွန်ုပ်၏ မျက်နှာကိုကြည့်လိုက်နှင့်

www.burmeseclassic.com

လုပ်နေလေတော့၏။ ထိုအချိန်မှာပင် ကျွန်ုပ်တို့ကားလည်း စတင်ရှမောင်းထွက်ခဲ့လေပြီဖြစ်၏။ ခင်မြစန္ဒီတို့ကားလည်း နောက်မှကပ်၍ ပါလာလေ၏။ ရေကန်ကြီးတစ်ခုအနီးသို့ ရောက်သောအခါ၌ လူများ စုရုံးစုရုံးဖြစ်နေသည်ကို လှမ်း၍တွေ့ရလေ၏။ များမကြာမီ၌ပင် ကျွန်ုပ်တို့ကားသည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်၍ ရပ်လိုက်လေ၏။ ကျွန်ုပ်ရော ကိုသန်းလွင်ပါ ဆင်းလိုက်ကြလေ၏။ ထို့နောက် ခင်မြစန္ဒီတို့ကားလည်း ကျွန်ုပ်တို့ကားအနီးသို့ လာ၍ရပ်လေတော့၏။ ထို့နောက် ခင်မြစန္ဒီသည် ကားပေါ်မှ အပြေးကလေးဆင်း၍ လာလေတော့၏။

သူ၏ယောက်ျားသည်လည်း ခင်မြစန္ဒီ၏နောက်မှ ပြေး၍လိုက်လာလေတော့၏။ ကျွန်ုပ်နှင့် ဦးသန်းလွင်သည် လူအုပ်ကြီးကိုဖြဲ၍ အတွင်းသို့ ဝင်လိုက်ရာ ရပ်ပျက်ဆင်းပျက်ဖြစ်ကာ မှောက်၍နေသော ဂျစ်ကားနှင့် ကန်ပေါင်အပေါ်တွင် ပေါက်နေသော မန်ကျည်းပင်ကြီးကိုမှီကာ တမလွန်ဘဝသို့ ကူးပြောင်းသွားသော ဂေါ်ရခါးလူငယ်လေး ဗားလ်ကို သနားဖွယ်ရာ တွေ့ရလေ၏။ ခင်မြစန္ဒီသည် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ...

"ဗားလ်"

ဟု အောင်၍ခေါ်လိုက်ပြီးလျှင် ရှေ့သို့တိုး၍သွားလေ၏။ သူ၏ယောက်ျားက အတွင်းဆွဲ၍ တားရလေ၏။ ထိုအချိန်၌မှာပင် ရဲအရာရှိသည် ဗားလ်၏ ညာလက်သူကြွယ်တွင် ဝတ်ထားသော မြကို စိန်ရံထားသည့် လက်စွပ်တစ်ကွင်းကို ချွတ်ယူလိုက်ပြီးလျှင် ကြည့်လိုက်လေ၏။

www.burmeseclassic.com

ထိုအခါ ခင်မြစန္ဒီက…

“အဲဒါ ကျွန်မလက်စွပ်”

ဟု ပြောလိုက်ရာ ရဲအရာရှိက ခင်မြစန္ဒီအား လှမ်း၍ ကြည့်လိုက်ပြီးလျှင်…

“မင်းနဲ့ သေဆုံးသူနဲ့ ဘယ်လိုပတ်သက်သလဲ”

ဟု မေးလိုက်လေ၏။ ထိုအခါ မန်နေဂျာကြီးဦးသန်းလွင်က…

“ဟုတ်ပါတယ် စခန်းမှူးကြီး။ ဒီလက်စွပ်ဟာ ဒီမိန်းကလေးရဲ့ လက်စွပ်ပါ”

ဟု ပြောလိုက်ရာ ရဲအရာရှိက…

“ဒီလိုဆိုရင် ဒီကောင်က ဒီလက်စွပ်ကို ခိုးယူလာတယ်လို့ ဆိုလိုချင်တာလား”

ဟု မေးလိုက်ရာ ခင်မြစန္ဒီက…

“ဒီလိုမဟုတ်ပါဘူးရှင်။ ဒီလိုမဟုတ်ပါဘူး”

ဟု ထိတ်ထိတ်ပျာပျာဖြင့် ဝင်ပြောလေ၏။ ထိုအခါ ၄င်း၏ ယောကျ်ား ကိုလွင်က…

“စန္ဒီ မင်းလက်စွပ်က သူ့လက်ထဲကို ဘယ်လိုလုပ်ပြီး ရောက်နေရတာလဲ။ ဒီလူက တစ်နေ့ညကမှ တည်းခိုခန်းကို ရောက်လာတဲ့ လူ မဟုတ်လား”

ဟု မသင်္ကာသောလေသံဖြင့် မေးလိုက်လေတော့၏။ ထိုအခါ ကျွန်ုပ်လည်း ငြိမ်၍နေရန် မတတ်သာတော့ဘဲ…

www.burmeseclassic.com

"ဒီမှာ မောင်ရင်ရယ်။ ဇောတိခန္ဓာဆိုတာနဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ ခပ်များများလေး ဖတ်ပေးစမ်းပါ"

ဟု ဝင်၍ ပြောလိုက်ရာ ကိုလွင်ဆိုသော သူငယ်က…

"ခင်ဗျားဘာတွေ ပြောနေတာတုံး။ ကျုပ်က ဘာဖြစ်လို့ ဒါတွေ ဖတ်ရမှာတုံး။ ဟိုမှာ သေနေတဲ့ကောင်လက်ထဲမှာ ကျုပ်မိန်းမလက်စွပ်ရောက်နေတယ်။ အဲဒီကောင်ကိုလည်း ကျုပ်မိန်းမက ကောင်းကောင်းကြီးသိနေတယ်။ ဗားလ်တဲ့။ ပြီးတော့ ဒီကောင်သေတာကို ကျုပ်သေတဲ့အတိုင်းပဲ ငိုနေလိုက်တာ။ ကျုပ်ငုတ်တုတ်ရှိပါလျက် ကျုပ်မိန်းမ ဖောက်လွဲဖောက်ပြန်ဖြစ်နေတာကို ကျုပ် မြင်နေရပြီ။ ကျုပ် သိနေရပြီ။ ဒီကြားထဲ ခင်ဗျားက စာအုပ်လာဖတ်ခိုင်းနေတယ်။ ဘာတဲ့ ဇောတိခန္ဓာ ဟုတ်လား။ ကျုပ်မကြားဖူးပါဘူး။ ဒါတွေနဲ့လည်း ကျုပ်မပတ်သက်ပါဘူး။ အဲဒီစာအုပ်နဲ့ ကျုပ်မိန်းမ နောက်မီးလင်းတာနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ဟု စိတ်ဆိုမာန်ဆိုးဖြင့် ပြောလိုက်လေတော့၏။

"ဒီမှာ သူငယ်ရယ်။ မောင်ရင့်မိန်းမ ခင်မြစန္ဒီဟာ မောင်ရင့်အပေါ်မှာ သစ္စာရှိပါတယ်။ မောင်ရင့်အပါးက တစ်ဖဝါးမှ မခွာခဲ့ပါဘူး။ ဒါပေမဲ့ သူ့ရဲ့ ဇောတိခန္ဓာကတော့ မကြာမကြာ ထွက်ခွာ ခရီးသွားခဲ့တယ်။ သူဟာ ဟောဒီရေကန်ကလေး နံဘေးကို မကြာခဏလာခဲ့တယ်။ ဟောဒီ ဗားလ်ဆိုတဲ့ကောင်လေးနဲ့ တွေ့ဆုံခဲ့တယ်။ အဲဒီအချိန်တွေမှာပဲ မောင်ရင့်ဇနီး ခင်မြစန္ဒီဟာ မောင်ရင်နဲ့အတူ အိပ်ရာထဲမှာ ရှိနေပါတယ်"


BURMESE CLASSIC .com

www.burmeseclassic.com

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုလူငယ်က…

“ခင်ဗျား ဘာတွေလာပြောနေတာတုံး။ လူတစ်ယောက်တည်းဟာ အချိန်နာရီတစ်ခုတည်းမှာ ဝေးလံတဲ့ နေရာနှစ်နေရာမှာ တစ်ပြိုင်နက်တည်း ရှိနေတယ်လို့ ခင်ဗျားပြောနေတာလား။ အဲဒါ ကျုပ်က ဘယ်လိုလက်ခံရမှာတုံး”

ဟု မေးလိုက်လေ၏။

“ဒါကြောင့် မောင်ရင့်ကို အဲဒီစာမျိုးတွေ များများဖတ်ပါလို့ ပြောရတာပေါ့ကွယ်။ ကျုပ်လည်း ဂဃနဏရှင်းပြဖို့ မရှင်းပြတတ်ပါဘူးကွယ်။ ဟုတ်တယ် မဟုတ်ဘူးဆိုတာလည်း ကျုပ်ဘယ်ဘက်ကိုမှ မပါချင်ပါဘူး။ တစ်ခုပဲကျုပ်က အခိုင်အမာပြောနိုင်ပါတယ်။ မောင့်ရင့်မိန်းမခင်မြစန္ဒီဟာ မောင်ရင့်အပေါ်မှာ သစ္စာအလွန်ရှိပါတယ်။ သူမကိုတော့ အထင်မလွဲလိုက်ပါနဲ့”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ခင်မြစန္ဒီ၏ယောက်ျားကိုလွှင်ဆိုသော သူငယ်လေးသည် သူ၏ခေါင်းကို လက်နှစ်ဖက်ဖြင့် တဖျင်းဖျင်းကုတ်လိုက်လေတော့သတည်း။

◆

**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိင်္ခ**


BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

# ကျွန်ုပ်နှင့် မိုးကောင်း

တစ်နေ့သ၌ ကျွန်ုပ်သည် လွန်စွာချမ်းအေးလှသဖြင့် မီးဖို ကာ မီးဖိုအနီး၌ ခွေးခြေပုကလေးကိုချ၍ မီးလှုံရင်း ရှေးဟောင်း တရုတ်လူမျိုးတို့၏ လျှို့ဝှက်ဆန်းကျယ်သော ပညာရပ်စာအုပ်ကို ဖတ်ရှုနေလေ၏။ ထိုစာအုပ်မှာ 'အဲလ်ဖရက်ဒေါက်ကလပ်' (Alfred Douglas) ဆိုသည့် အနောက်နိုင်ငံသားတစ်ဦးက ပြန် လည်ရေးသားထားသော စာအုပ်ဖြစ်၏။

ကျွန်ုပ်သည် ထိုစာအုပ်၌ပါသည့် မူလဓာတ်ကြီးငါးပါးဆို သော အခန်းကို လွန်စွာမှ စိတ်ဝင်စားမိလေ၏။ ကျွန်ုပ်ငယ်စဉ်က ပင် ဘုန်းကြီးကျောင်း၌ကြီးပြင်းရသည်ဖြစ်ရာ ဓာတ်ကြီးလေးပါး ကိုသာ သိ၏။ ဓာတ်ကြီးငါးပါးကိုမူ ကြားမျှပင် မကြားဖူးပါ။



BURMESE CLASSIC .com

www.burmeseclassic.com

တရုတ်တို့၏ ဓာတ်ကြီးငါးပါးမှာ သတ္တုဓာတ်၊ မီးဓာတ်၊ ရေဓာတ်၊ မြေဓာတ်၊ သစ်သားဓာတ်ဟူ၍ ဖြစ်၏။ ရှေးဟောင်း တရုတ်လူမျိုးတို့၏ အဆိုအရ ထိုဓာတ်ကြီးငါးပါးသည် စကြဝဠာ၌ စိုးမိုးချယ်လှယ်နေသည်ဆို၏။ ထိုဓာတ်ကြီးငါးပါးသည်လည်း တစ်ဦးကို တစ်ဦးက နိုင်သည်ဆို၏။ ထို့ကြောင့် မည်သည့်ဓာတ်က အကြီးအကဲဖြစ်သည်ကိုမူ ပြော၍မရဟု ဆို၏။

ဥပမာအားဖြင့် သတ္တုဓာတ်သည် မီးဓာတ်ကို ရှုံး၏။ ထို့အတူ မီးဓာတ်သည်လည်း ရေဓာတ်ကို ရှုံးရပြန်၏။ ရေဓာတ်ကလည်း မြေဓာတ်ကို လက်မြှောက်ရ၏။ မြေဓာတ်ကလည်း သစ်သားဓာတ်ကို ဆရာတင်ရ၏။ နောက်ဆုံး၌ သစ်သားဓာတ်သည်လည်း အစဦးစွာ အရှုံးပေါ်ခဲ့သော အရှုံးသမားကြီး သတ္တုဓာတ်ကို ဒူးထောက်ရသည် ဆို၏။

ထို့ကြောင့် ဓာတ်ကြီးငါးပါးသည် တစ်ဦးကိုတစ်ဦးနိုင်နေ၏။ ထို့အတူ တစ်ဦးပျက်လျှင်လည်း အလုံးစုံပျက်ကုန်၏ဟု ဆို၏။ ဤအချက်ကို တရုတ်လူမျိုးတို့သည် ဆေးပညာ၌လည်း အသုံးပြုခဲ့လေ၏။ သတ္တုဓာတ်ကို 'အဆုတ်'ဟု သတ်မှတ်၏။ ရေဓာတ်ကို 'ကျောက်ကပ်'ဟု သတ်မှတ်၏။ သစ်သားဓာတ်ကို 'အသည်း'ဟု သတ်မှတ်၏။ မီးဓာတ်ကို 'နှလုံး'ဟု သတ်မှတ်၏။ မြေဓာတ်ကို 'အူမကြီး'ဟု သတ်မှတ်၏။

ထို့ကြောင့် တစ်စုံတစ်ယောက်သော သူသည် အူမကြီးဟုဆိုအပ်သော အစာအိမ်နှင့်သက်ဆိုင်သည့် မြေကြီးဓာတ်


BURMESE CLASSIC .com

ချွတ်ယွင်းပါက ၎င်း၏ အဆုတ်သည် ကောင်းစွာအလုပ်မလုပ်နိုင်တော့ပေ။ ထိုအဆုတ်တည်းဟူသော သတ္တုဓာတ် အလုပ်မလုပ် ပါက ရေဓာတ်တည်းဟူသော ကျောက်ကပ်သည်လည်း ကပ်ဖွဲ့ လုပ်လာလေတော့၏။ ထိုကျောက်ကပ်သည် ကတ်တီးကတ်ဖွဲ့ လုပ်လာသောအခါ၌ သစ်သားဓာတ်တည်းဟူသော အသည်း သည်လည်း မာကြောခက်ထန်လာ၏။ ထိုအခါ မီးဓာတ်တည်းဟူ သော နှလုံးသည်လည်း မာကြောခက်ထန်လာ၏။ ထိုနှလုံးရပ်လျှင်ကား လူ့ဘဝကြီး အဆုံးသတ်ရပေတော့၏။ ထို့ကြောင့် ၎င်းလူမျိုးတို့သည် ဤသို့လျှင် နှိုက်နှိုက်ချွတ်ချွတ် ကြံဆထားသကဲ့သို့ အသက်ရှည်ရာရှည်ကြောင်းကိုလည်း လွန်စွာ အလေးအနက်ထား၍ ကြံဆခဲ့ကြဖူးကြောင်းကို စာအုပ်စာတမ်းပေါင်းများစွာ၌ ဖတ်ရှုခဲ့ရဖူးလေ၏။

လွန်စွာအသက်ရှည်သော တရုတ်အဘိုးအိုပေါင်းများစွာကိုလည်း ကိုယ်တိုင်ကိုယ်ကျ တွေ့ခဲ့ရဖူး၏။ ကျွန်ုပ်၏ဆရာ ဦးဂွမ်တီပင် လူ့လောက၌ ပျင်းရိငြီးငွေ့သည်အထိ နေသွားခဲ့လေ၏။

ကျွန်ုပ်သည် စာအုပ်အတွင်း၌ နစ်မြုပ်နေစဉ် ကျွန်ုပ်၏ အိမ်ရှေ့သို့ မော်တော်ကားတစ်စီး လာ၍ ဆိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်သည် စားပွဲပေါ်မှနာရီကလေးကို လှမ်း၍ကြည့်လိုက်ရာ ည ၁၁ နာရီ ၁၀ မိနစ်ပင် ရှိပြီဖြစ်ကြောင်း တွေ့ရလေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

ထို့ကြောင့် သန်းခေါင်းနားကပ်၍လာသော ရွှေညှော်သည်အား ဘယ်အမျိုးဘယ်ဒေဝတာဖြစ်ကြောင်း သိလိုပါသဖြင့် လည်ပင်းကို ဆန့်ထုတ်၍ လှမ်းမျှော်ကြည့်လိုက်လေ၏။

ထိုအခါ၌ သက္ကလပ်တိုက်ပုံအင်္ကျီ နက်ပြာရောင်၊ ရှပ်ဖြူ ပလေကပ်လုံချည် စသည်တို့ကို အချိုးကျဝတ်ဆင်ထားသော အသက်လေးဆယ်ကျော် ဥပဓိရုပ်သန့်ပြန့်သည့် လူတစ်ဦးဖြစ်ကြောင်း တွေ့ရလျှင် ကျွန်ုပ်က နာရီကို တစ်ချက်ထပ်မံကြည့်၍ အင်္ဂဝိဇ္ဇာအခါကိုစဉ်းစားရာ 'သောမ' ဟူသော အင်္ဂါအခါ ဖြစ်ကြောင်းကို တွေ့ရလေ၏။ ထို့ကြောင့် အင်္ဂဝိဇ္ဇာသဘော၌ တနင်္လာနံ ငွေ၊ အချစ်၊ ခရီး စသော ပရိယာယ်များ ခိုက်နေသည့်လူဖြစ်ကြောင်း ကြိုတင်ခန့်မှန်းထားလိုက်လေ၏။ ထိုအခါ ထိုလူက…

"ဆရာမင်းသိင်္ခခင်ဗျား။ အရေးကြီးတဲ့ကိစ္စရှိလို့ ဝင်ခွင့်ပြုပါ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်ကလည်း…

"ဝင်ခဲ့ပါဗျာ"

ဟု ခွင့်ပြုလိုက်လေ၏။ ထိုသူလည်း ကြောင်တစ်ကောင်၏ ခြေလှမ်းမျိုးဖြင့် အသံမပြည်စေဘဲ ကျွန်ုပ်ဆီသို့ ရောက်လာလေ၏။ ထို့နောက် ကျွန်ုပ်အနီးမှ ခွေးခြေတွင် ဝင်၍ ထိုင်ရင်း…

"ကျွန်တော့်နာမည် ကျော်ခိုင်လို့ ခေါ်ပါတယ်"


BURMESE CLASSIC .com

ဟု ပြောလိုက်၏။ ထို့ကြောင့် တနလ်ာဂြိုဟ် သေချာပေါက် ခိုက်နေကြောင်း ထပ်မံသတိပြုမိပြန်လေတော့၏။

“ဆိုပါဗျာ”

ဟု ကျွန်ုပ်က ပြော၍ ၎င်းအတွက် ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးလိုက်လေ၏။

“လူတစ်ယောက်ကို အရေးတကြီးလက္ခဏာဖတ်ဖို့ ပြောရတာ ဘယ်လောက် အရေးကြီးနေတယ်ဆိုတာတော့ ဆရာ့အနေနဲ့ သိနိုင်ပါတယ်။ အဲဒီတော့ ဆရာရယ် အမြန်ဆုံးလိုက်ခဲ့ပါ။ လက္ခဏာဖတ်ခကိုတော့ ဆရာ့ပါးစပ်ထဲက ထွက်တဲ့ဂဏန်းကိုပဲ ကျွန်တော်ပေးချေပါမယ်။ အားမနာပါနဲ့ဆရာရယ်။ လူတစ်ယောက်ရဲ့ဆန္ဒကို ဖြည့်ချင်လွန်းလို့ပါ”

ဟု ကိုကျော်ခိုင်ဆိုသူက ပြောလေ၏။

“နေစမ်းပါဦး ကိုကျော်ခိုင်ရယ်။ ကျုပ်က ဘယ်ကိုလိုက်ရမှာတုံး”

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်လေ၏။

“ကျိုက္ကဆံဘက်ကိုပါ။ ဆရာ့အတွက် ဘာမှ စိုးရိမ်စရာမရှိပါဘူး”

ဟု ပြောလိုက်လေ၏။

“ကျုပ် မကြောက်တတ်ပါဘူး။ မကြောက်တတ်ဘူးဆိုတာကလည်း အကြောင်းရှိတယ်လေ။ ကျုပ်လိုလူကို ဘယ်လိုလူမျိုးကမှ ပြန်ပေးဆွဲမှာ မဟုတ်ပါဘူး။ မလိမ့်တပတ်နဲ့ခေါ်သွားပြီး



BURMESE CLASSIC .com

www.burmeseclassic.com

အန္တရာယ်ပေးမဲ့လူမျိုးလည်း ကျုပ်မှာ မရှိပါဘူး။ အဲဒီတော့ ကျုပ်လိုက်မယ်''

ဟု ပြောဆိုကာ ကျွန်ုပ်သည် လက္ခဏာကြည့်သော မှန်ဘီလူးကို ယူ၏။ ကုတ်အင်္ကျီကို ထပ်၍ဝတ်၏။ ထို့နောက် ထိုသူ မမြင်အောင် မြေဖြူတောင့်ငါးတောင့်ခန့်ကို ကုတ်အင်္ကျီ အိတ်အတွင်းသို့ ထည့်လိုက်၏။ ပြီးလျှင် စီးကရက်ဘူးတစ်ဘူး ထည့်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်လည်း မီးများကို ငြိမ်း၏။ တံခါးကို သော့ပိတ်၏။ ပြီးလျှင် ထိုသူ၏ကားပေါ်သို့ တက်၏။ ထိုသူသည် ကားကို စတင်မောင်းရင်း...

''ကျေးဇူးတင်လိုက်တာ ဆရာရယ်။ ကျုပ်လည်း လူတစ်ဦးရဲ့ဆန္ဒကို ဖြည့်ရတဲ့အတွက် ဝမ်းသာလှသဗျာ''

ဟု ပြောလေ၏။ ကျွန်ုပ်သည် ထိုသူအား တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမပြုတော့ဘဲ စီးကရက်ကိုသောက်ရင်း လက္ခဏာဆရာအဖြစ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရသော ကျွန်ုပ်၏အကြောင်းကိုပြန်လည်စဉ်းစားနေမိလေ၏။ ကိုကျော်ခိုင်မှာမူ ကျွန်ုပ်အား အနှောင့်အယှက်မပေးလိုသောကြောင့် ကားကိုသာ မောင်းနေလေ၏။ တာမွေအဝိုင်းကြီးသို့ရောက်လျှင်ပင် လမ်းမီးများပျက်နေပြီဖြစ်သဖြင့် မှောင်အတိကျ၍ နေလေတော့၏။ ကိုကျော်ခိုင်သည် ကားမောင်းကျွမ်းကျင်သူဖြစ်၏။ ချိုင့်များကို ကျွမ်းကျင်စွာ ရှောင်၍မောင်းနေ၏။ တာမွေသင်္ချိုင်းကိုလွန်သော အခါ၌ ကိုကျော်ခိုင်က...


BURMESE CLASSIC .com

www.burmeseclassic.com

“ဆရာ စိတ်တော့မရှိနဲ့ဗျာ။ ဒီနေရာကနေ ဟိုဘက်ကို ဆေးလိပ်သောက်ခွင့် မပေးနိုင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ဆေးလိပ်တိုကို မပစ်စေချင်လို့ပါ။ အဲဒါကြောင့် အခုသောက်နေတဲ့ ဆေးလိပ်ကုန်ရင် မသောက်ပါနဲ့တော့ဆရာ။ ပြီးတော့ ဆရာ့ အိတ်ထဲက ဆေးလိပ်ဘူးကိုလည်း ကျွန်တော့် ခဏအပ်ထားပါ”

ဟု ဆိုကာ ကျွန်ုပ်၏ ကုတ်အင်္ကျီအတွင်းမှ ဆေးလိပ်ဘူးကို နှိုက်သဖြင့် ကျွန်ုပ်လည်း ၄င်း၏အနှိုက်ကိုမခံတော့ဘဲ ကျွန်ုပ်ကိုယ်တိုင် ကပျာကယာနှိုက်၍ ပေးလိုက်လေတော့၏။ ထို့နောက် ထိုသူသည် ကားကိုခေတ္တရပ်ပြီးလျှင်...

“စိတ်တော့ မဆိုးပါနဲ့ဆရာရယ်။ ဟောဒီပဝါလေးနဲ့ ဆရာ့မျက်စိကို ခဏလေး စည်းခွင့်ပြုပါ”

ဟု ပြောလိုက်လေ၏။ ထိုသို့ပြောလိုက်ရင်းနှင့်ပင် မော်တော်ကားအတွင်းမီးကို ဖွင့်လိုက်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ကိုကျော်ခိုင်၏မျက်နှာကို သေချာစွာကြည့်လိုက်လေ၏။ ထိုအခါ ကိုကျော်ခိုင်က ၄င်း၏အိတ်အတွင်းမှ ကနုကမာရိုးတပ်ထားသော ခြောက်လုံးပြူးကလေးကို ထုတ်၍...

“ဆရာက စုံထောက်ဝတ္ထုတွေရေးနေလို့ ကျွန်တော့် သေနတ်ကလေးအကြောင်း ပြောပြရဦးမယ်။ ကျွန်တော် အင်တာအောင်တုန်းက ကျွန်တော့်ချစ်သူက ကျွန်တော့်ကို လက်ဆောင်အဖြစ် ဝယ်ပြီးပေးတာ”

ဟု ဆိုကာ သေနတ်ကို ဒက်စ်ဘုတ်ပေါ်သို့ တင်လိုက်၏။


BURMESE CLASSIC .com

www.burmeseclassic.com

ကိုကျော်ခိုင်သည် ကျွန်တော်မလုပ်ချင်သော အလုပ်ကို ကျွန်ုပ်အား သိမ်မွေ့စွာ သေနတ်ကိုပြ၍ ပြုလုပ်ခိုင်းနေပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်က…

“ရပါတယ် ကိုကျော်ခိုင်”

ဟု ပြောလိုက်လျှင် ကိုကျော်ခိုင်က…

“စိတ်မဆိုးပါနဲ့ဆရာရယ်”

ဟု ဆိုကာ ကျွန်ုပ်၏မျက်နှာကို ပဝါနက်ကလေးဖြင့် စည်းလိုက်လေတော့၏။ပြီးလျှင် မော်တော်ကားအတွင်းမီးကိုပိတ်၍ မော်တော်ကားကို ဆက်လက်၍ မောင်းလေတော့၏။

၄င်းကိုကျော်ခိုင်သည် ကျွန်ုပ်ကို ကောင်းစွာစိတ်ချသွားပြီဖြစ်၍ ဂရုမစိုက်တော့ဘဲ မော်တော်ကားကိုသာ ဂရုစိုက်မောင်းလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် လက်ဝဲဘက် ကုတ်အင်္ကျီ၌ထည့်လာသော မြေဖြူတောင့်များကိုချိုး၍ မော်တော်ကားပြတင်းပေါက်မှ ချသွားလေတော့၏။ မော်တော်ကားကွေ့တိုင်း ကျွန်ုပ်သည် မြေဖြူတောင့်များကိုချဖြစ်အောင်ချ၏။ တာမွေလေးကိုကျော်ပြီးသည့်နောက်ပိုင်းတွင်မူ မော်တော်ကားသည် အကွေ့အကောက်များလာလေတော့၏။ နောက်ဆုံးတွင် ခြံဝင်းတံခါးကြီးတစ်ခုဖွင့်သံကြားပြီးနောက် မော်တော်ကားကို ခြံတစ်ခြံအတွင်းသို့ ဝင်သွားကြောင်း သိရလေတော့၏။ ကိုကျော်ခိုင်သည် မော်တော်ကားကိုရပ်ပြီးနောက် ကျွန်ုပ်အားတံခါးလာဖွင့်ပေးပြီးလျှင် ကျွန်ုပ်၏ပခုံးကိုကိုင်၍ အိမ်တွင်းသို့ တွဲခေါ်သွားလေ၏။


BURMESE CLASSIC .com

အိမ်တွင်းသို့ရောက်လျှင် ကိုကျော်ခိုင်က…

"အရေးထဲမီးတွေက ပြတ်သွားတယ်ဆရာ"

ဟု ဆိုကာ ကျွန်ုပ်၏ မျက်နှာဖြင့်စည်းထားသော ပဝါကို ဖြေပေးလေ၏။ ထိုအခါ ကျွန်ုပ် အခန်းအတွင်းသို့ကြည့်လိုက်ရာ လက်ဆွဲမှန်အိမ်ကလေး ထွန်းထားကြောင်း တွေ့ရလေ၏။

"လက္ခဏာကြည့်ပေးရမယ့် လူက ဟိုဘက်ခန်းမှာ ဆရာရဲ့"

ဟု ကိုကျော်ခိုင်က ဆိုလိုက်ရာ ကျွန်ုပ်သည် စားပွဲပေါ်မှ မှန်အိမ်ကလေးကို ကောက်၍ကိုင်လိုက်လေ၏။ ထိုသို့ကောက်ကိုင်လိုက်ခြင်းမှာ ကျွန်ုပ်သွားရမည့်လမ်းအတွက် ကျွန်ုပ်စိတ်ကြိုက်အလင်းရောင်ရရှိစေနိုင်ရန်ဖြစ်သည့်အပြင်ကိုကျော်ခိုင့်အနေနှင့် ကျွန်ုပ်အား ရန်မူလာပါကလည်း ထိုမှန်အိမ်သည်ပင် ကျွန်ုပ်အဖို့ အကောင်းဆုံးလက်နက်အဖြစ် အသုံးချရန်ဖြစ်၏။

"စိတ်ချပါဆရာရယ်။ ဆရာ့ကို ကျွန်တော် ရန်မမူပါဘူး"

ဟု ကိုကျော်ခိုင်က ပြောလိုက်လေ၏။

ထို့နောက် ကိုကျော်ခိုင်နှင့်ကျွန်ုပ်သည် ရှုပ်ထွေးပွေလီသော အခန်းတစ်ခုကိုဖြတ်၍ အိမ်ခန်းတစ်ခုဆီသို့ ရောက်ရှိသွားလေ၏။ ထိုအခန်းသို့ ရောက်ရှိသွားသည်နှင့် တစ်စုံတစ်ယောက်၏ ညည်းသံကိုကြားရသဖြင့် ကျွန်ုပ်သည် မှန်အိမ်ကိုမြှောက်၍ ကြည့်လိုက်ရာ ခုတင်ပေါ်တွင် ပက်လက်လန်လျက် ဝေဒနာ

www.burmeseclassic.com
တစ်ခုကို မရှုမလှခံစားနေရသော လူတစ်ယောက်ကို သနားဖွယ်ရာ တွေ့ရလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ခုတင်အနီးစားပွဲပေါ်၌ မှန်အိမ်ကိုတင်လိုက်လေ၏။ ထို့နောက်ကိုကျော်ခိုင်က…

“ကဲ…ဆရာမင်းသိခ်။ အဲဒီခုတင်ပေါ်က ဝေဒနာသည်ကတော့ မောင်မိုးကောင်းလို့ ခေါ်တယ်။ သူ့အကြောင်း ဆရာ့ကိုကျွန်တော်ဘာမှ မပြောခဲ့ကြောင်း သူယုံကြည်အောင် သစ္စာပြုလိုက်ပါ။ ပြီးတော့ သူ့လက္ခဏာကိုဖတ်ပြီး ဟောပေးပါ ဆရာရယ်။ ဆရာ့ကို ဘာကြောင့် သစ္စာဆိုခိုင်းရသလဲဆိုတော့ ဆရာနဲ့ကျွန်တော် လမ်းမှာ စည်းဝါးရိုက်ပြီးလာတယ်လို့မထင်အောင်ပေါ့ဆရာရယ်”

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ရှေးဘုရင်မင်းမြတ်များရှေ့တွင် သစ္စာတော်ခံသည့် ကျိန်စာအတိုင်းကျိန်ပြလိုက်လေ၏။

**မှတ်ချက်။ ။ထိုသစ္စာတော်ခံသော ကျိန်စာကို လူငယ်လူရွယ်များ ကြားဖူးမည်မဟုတ်သဖြင့် အတိအကျ ဖော်ပြလိုက်ပါသည်။**

**စာရေးသူ**


BURMESE CLASSIC .com

'...မကျင့်ယွင်းသေွ၊ ဖောက်ပြန်ချေသော်၊ လေးသချေ်နှင့် ကမ္ဘာတစ်သိန်း တွက်ကိန်းပြည့်ထ၊ လုံ့လသည်းစွာ၊ ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ၊ ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်၍ ပြည့်ထကျင့်သော၊ ဘုရားသခင်ကိုယ်တော်မြတ်ကို စောင့်သော နတ်လည်း သတ်၍ မနေ သေစေသောဟူလေ။

'သွားတော်လေးဆယ်၊ စွယ်တော်လေးချောင်း၊ ညှပ်ရိုးတော်နှစ်ချောင်း၊ ဓာတ်ပေါင်းရှစ်စရွတ်ကို စောင့်သော နတ်လည်း သတ်၍မနေ သေစေသော ဟူလေ။

'လက်ယာရံ ရှင်သာရိပုတ္တရာ၊ လက်ဝဲရံ ရှင်မောဂ္ဂလန်စသော အသီတိရှစ်ကျိပ်သော ရဟန္တာမြတ်တို့၏ ဓာတ်တော်မွေတော်ကိုစောင့်သော နတ်လည်း သတ်၍မနေ သေစေသောဟူလေ။

'ထိုမှတစ်ပါး ဘုရားသခင်ဟောတော်မူသော ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်း၊ ဓမ္မခန္ဓာအပေါင်းရှစ်သောင်းလေးထောင်၊ ကျမ်းကုန်အောင် စောင့်သောနတ်လည်း သတ်၍မနေ သေစေသောဟူလေ။

'ထိုမှတစ်ပါး သာမဗေဒင်၊ ယဇုဗေဒင်၊ ဣရုဗေဒင်၊ အာတပ္ပဏဗေဒင်တည်းဟူသော ဗေဒင်လေးပုံကိုစောင့်သော နတ်လည်း သတ်၍မနေ သေစေသော ဟူလေ။


BURMESE CLASSIC .com

www.burmeseclassic.com

'ထိုမှတစ်ပါး သာသနာတော်ငါးထောင်ကို စောင့်သော နတ်လည်း သတ်၍မနေ သေစေသော ဟူလေ။

'ထိုမှတစ်ပါး ဇမ္ဗူဒီပါအပရဂေါယာ၊ ဥတ္တရကုရု၊ ပြုဗ္ဗဝိဒေဟ ကျွန်းကြီးလေးကျွန်းကို ကျွန်းငယ်နှစ်ထောင် အရန်ဆောင်သော ကျွန်းအပေါင်းတို့စောင့်သော နတ်လည်း သတ်၍မနေ သေစေသော ဟူလေ။

'ထိုမှတစ်ပါး မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ ဂင်္ဂါ၊ ယမုံနာ၊ အစီရဝတီ၊ မဟီသရဖူဟူသည် မကြွင်း၊ အင်းအိုင်ချောင်းမြောင်းအပေါင်းစောင့်မှတ်၊ ခပ်သိမ်းနတ်လည်း သတ်၍မနေ သေစေသော ဟူလေ။

'ထိုမှတစ်ပါး ဟိမဝန္တာ တောသုံးထောင်ကို ကုန်အောင်စောင့်သော အာကာသစိုး၊ ဗိဿနိုးမလွတ်၊ ဖုတ်ပြိတ်နတ်လည်း သတ်၍မနေ သေစေသော ဟူလေ။

'ထိုမှတစ်ပါး အဿမုက္ခိ၊ စန္ဒိ၊ ပရမီသွာ၊ မဟာဂီရိစသော အရိုန်ပြင်းထန်၊ ဝေဿဝဏ်နှင့် ဂုမ္ဘာန်ယက္ခ၊ ဂန္ဓဗ္ဗကစသည့်ဒေဝိန်၊ အသူရိန်အလား၊ ကျော်ထင်ရှားသည့် နတ်အများလည်း သတ်၍မနေ သေစေသော ဟူလေ။

'ထိုမှတစ်ပါး သွေးခဲသွေးနက်၊ ပွက်ပွက်ထွက်၍ ကိုယ်လက်ပြောင်းပြန်၊ သွေးခဲအန်၍ သေစေသော ဟူလေ။

'ထိုမှတစ်ပါး ဘေးရှစ်ပါး၊ ဒဏ်ဆယ်ပါးလည်း ထင်ရှား သတ်၍ လတ်လတ်ချက်ချင်း သေစေသော ဟူလေ။


BURMESE CLASSIC .com

'ထိုမှတစ်ပါး သားမြေးဥစ္စာ၊ မကြာပျက်စီး၊ ဆီမီးတန်ဆောင် ထုံးသောသျှောင်သို့ ကုန်အောင် မကြွင်း၊ ပျက်စီးခြင်းသို့ ရောက်စေသော ဟူလေ။

'ထိုမှတစ်ပါး ရေဝယ်သွားလည်း ရေသားများထွေ၊ ဆယ်ကုဋေတွင်၊ရေနေအပေါင်း မိကျောင်း၊ လင်းပိုင်၊ ညှံ့ထိကိုင်၍ မကန်း လိပ် ငါး စား၍မနေ သေစေသော ဟူလေ။

'ထိုမှတစ်ပါး ကြည်းဝယ်သွားလည်း၊ ကြည်းသားအများ ပြားသည့်အနေ၊ ကိုးကုဋေတွင် သစ်ကျား၊ ဆင်ရဲ၊ စိုင်၊ တီးငမွဲ၊ ဝက်ရဲစား၍၊ ထွားထွားညက်ညက်၊ ကိုယ်လုံးပျက်၍၊ သေစေသော ဟူလေ။

'ထိုမှတစ်ပါး မြွေပွေး၊ မြွေဟောက်၊ ငန်းပြောက်၊ ငန်းကျား၊ ငန်းငါးပါးလည်း၊ ပေါက်ထမနေ သေစေသော ဟူလေ။

'ထိုမှတစ်ပါး သေတုံငြားလည်း၊ငရဲကြီးရှစ်ထပ်၊ ငရဲငယ် တစ်ရာ့နှစ်ဆယ့်ရှစ်ထပ်၊ တိရစ္ဆာန်ပြိတ္တာ အသူရကာယ်၊ အပါယ် လေးပါး လားလေသော ဟူလေ။

'ထိုမှတစ်ပါး လူဖြစ်ငြားလည်းလူချင်းမတူ၊ နှုဖြူနှုဆွတ်၊ မုံညင်းပွတ်အဆင်း၊ ခရုသင်းမလွတ်၊ ဘက်သကပ် ဘက်သခြာ၊ ထိုအနာလည်း စွဲစေသော ဟူလေ။

'ထိုမှတစ်ပါး မိခင်ဖခင် ခေါင်ငင်ပြင်းထန်၊ ဆန့်တုံခြေလက်၊ မကွေးမိခင် သေစေသော ဟူလေ။

www.burmeseclassic.com

**'ထိုမှတစ်ပါး မင်းက မလွတ်၊ အမတ်ဖိုလ်ပါ၊ စွဲကိုင်ရာ သား၊ အိမ်ဓားလက်နက်၊ သုံးမည်စက်နှင့် ခြေလက်ဟောင်း လောင်း၊ လည်ဥကျောင်းလည်း၊ တောင်းတောင်းပြတ်၍ လတ် လတ်ချက်ချင်း သေစေသော ဟူလေ။**

**'ထိုမှတစ်ပါး မဟာသမုဒ္ဒရာပင်လယ်ကြောဝယ်၊သင်္ဘော လှေကြီး ပျက်စီးမျှောပါး၊ကွဲသော လားသို့ ထွားထွားညက်ညက် ပျက်စေသော ဟူလေ။**

**'ထိုမှတစ်ပါး ဝမ်းတစ်လုံးကို အကျွမ်းဖုတ်သော်၊ တစ်ဆုပ်လောက်မျှ စမ်းမရသို့ဖြစ်စေသော ဟူလေ။**

**ထိုမှတစ်ပါး၊ သားမြေးကျေးကျွန်၊ ထွန်သည့်ကျွဲနွား၊ ခမ်းနားမကြွင်း၊ ပြုန်းတီးခြင်းနှင့်ဆင်းရဲကြီးသည်၊ မြေကြီးဝှက်ခဲ့၊ ခွက်လက်စွဲ၍ ငရဲအရှင်း၊ စားချင်လှည့်ကာ၊ သုံးစားရာဘဝ၊ တွင်းဆုံးကျ၍၊ အလှမဲ့ပါ၊ လူပြိတ္တာလည်း ဖြစ်စေသောဟူလေ။**

**'ထိုမှတစ်ပါး၊ မင်းနန်းသူကျိန်ခြင်း၊ ထုံးနွယ်ဆင်းသည် ထင်းမီးစတို့ တစ်စတစ်စ တိုစေသော...'**

ထိုအခါ ကိုကျော်ခိုင်က...

"လုံလောက်ပါပေတယ် ဆရာရယ်"

ဟု ပြောလိုက်ရာ အိပ်ရာပေါ်၌ ဝေဒနာခံစားနေရသော မိုးကောင်းဆိုသော သူငယ်က ခေါင်းကို အသာဆတ်၍ ကျေနပ် ကြောင်း ပြလေ၏။ ထို့နောက် ကျွန်ုပ်သည် အိပ်ရာပေါ်၌


BURMESE CLASSIC .com

ဆန့်ထုတ်ထားသော လက်ကိုဖြန့်၍ မှန်အိမ်မီးဇာကို တင်ပြီးလျှင် မှန်ဘီလူးဖြင့် လက်ဝါးပေါ်မှ လမ်းကြောင်းများကို ကြည့်ရှုမိလေတော့၏။

ထိုသို့ ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ၄င်း၏ လက်သန်းထိပ်တွင် မည်းနက်သော မှဲ့ကလေးတစ်လုံးကို တွေ့ရလေတော့၏။ ထို့ပြင် ပီသလေခဟုဆိုသော ဦးခေါင်းလမ်းကြောင်းပေါ်၌လည်း အနက်စက်ကလေးတစ်စက်ကို တွေ့ရလေ၏။ ထိုအနက်စက်ကလေးမှာလည်း လက်ခလယ်၏ အောက်တည့်တည့်၌ရှိသောကြောင့် စနေဂြိုဟ်ခုံနှင့် ပတ်သက်နေကြောင်း သိရလေတော့၏။ ထိုအချက်မှာ အဆိပ်သင့်၍ အသက်ဘေးစိုးရိမ်ရသော အမှတ်အသားဖြစ်ကြောင်းကို ကောင်းစွာ သဘောပေါက်ပါသည်။

ကျွန်ုပ်သည် ကိုကျော်ခိုင်ဘက်သို့လှည့်ကာ...

"ဒီမိတ်ဆွေ ပြင်းထန်သော အဆိပ် မိထားတယ်ဗျာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်သည် ၁၉၃၄ ခု၊ ဒီဇင်ဘာလအတွင်း၌ ဆိုင်ယာနိုက်အက်ဆစ်ကို သောက်ပြကာ မိမိကျင့်စဉ်တစ်ခု မေ့လျော့သွားသောကြောင့် ရန်ကုန်မြို့၌ အသက်ဆုံးရှုံးသွားရရှာသော နရသိဃ်ဆွာမိဆိုသည့် ယောဂီကြီးကို အမှတ်ရမိလေ၏။ ထိုယောဂီကြီးသည် အတိုင်းတိုင်း အပြည်ပြည် လှည့်၍ အဆိပ်အမျိုးမျိုး သောက်ပြခဲ့သူဖြစ်၏။ ကာလကတ္တားတက္ကသိုလ်၌ အဆိပ်သောက်ပြပြီးနောက်


BURMESE CLASSIC .com

www.burmeseclassic.com
ရန်ကုန်မြို့သို့ လာရောက်ပြီးနောက် အဆိပ်သောက်ပြခဲ့သူဖြစ်၏။ ဤသို့ အဆိပ်သောက်ပြသော်လည်း ထိုယောဂီကြီးအဖို့ အစာအိမ် သန့်ရှင်းသော လေ့ကျင့်ခန်းကို လုပ်သည်ဆို၏။

ထိုလေ့ကျင့်ခန်းမှာ ပတ်တီးအရှည်ကို ရေစိမ်၍ တဖြည်းဖြည်း မျိုချရ၏။ အစာအိမ်အတွင်းသို့ ပတ်တီးစရောက်သွားသော အခါတွင် တစ်ဖန်ပြန်၍ ဖြည်းညင်းစွာ ဆွဲထုတ်ရ၏။ ထိုပတ်တီးကို ရေစိမ်၍ ပြုလုပ်ရ၏။ ထိုသို့ပြုလုပ်သည်ကို ဒိုတီကိရိယာဟု ခေါ်သည်။

ထို့နောက် ၎င်း၏ သံယောဇဉ်လမ်းကြောင်းကို စစ်ဆေးကြည့်ရာ ကျွန်းများပေါ်နေသည့်အပြင် လက်ညှိုးနှင့် လက်ခလယ်အောက်၌ တွန့်ကြွေးကောက်ကွေ့နေသည်ကို တွေ့ရပြန်၏။ ထို့ပြင် ထင်ရှားသော သောကြာခါးပတ်ပါရှိသော ကြောင့်...

"မောင်မိုးကောင်းဟာ အချစ်ရေး အထူးသဖြင့် အိမ်ထောင်ရေးမှာ အကြောင်းမဲ့ သဝန်တိုမှုတွေ ဖြစ်လိမ့်မယ်။ ပြီးတော့ သူ့ရဲ့အိမ်ထောင်ရေးလမ်းကြောင်းဟာလည်း အောက်ဘက်ကို ကွေးဆင်းနေတယ်။ သောကြာဂြိုဟ်ခုံက ဖြတ်နေတဲ့ လမ်းကြောင်းတစ်ခုဟာလည်း အိမ်ထောင်ရေးလမ်းကြောင်း အထိ ထိုးဖောက်နေတယ်။ သည်အချက်ဟာ အိမ်ထောင်ရေးမှာ မိန်းမဘက်က ဆွေမျိုး ဝင်နှောင့်ယှက်နေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ အဲသည်လမ်းကြောင်းဟာ သိပ်ပြီး မထင်ရှားဘူး။ တကယ်မနှောင့်ယှက်ပါဘဲလျက် မောင်မိုးကောင်းက နှောင့်


BURMESE CLASSIC .com

www.burmeseclassic.com
ယှက်တယ်လို့ ထင်နေတာလည်း ဖြစ်နိုင်တယ်။ အဲသည်တော့ မောင်မိုးကောင်းဟာ မိမိဇနီးသည်ကို တစ်စုံတစ်ယောက်သော သူနဲ့ အထင်လွဲနေလိမ့်မယ်။ အဲသည် တစ်စုံတစ်ယောက်သော သူဟာ ဇနီးသည်ရဲ့ဆွေမျိုးဖြစ်လိမ့်မယ်။ အဲသည်လို ဆွေမျိုး တစ်ဦးနဲ့ အထင်လွဲပြီး ကျိတ်မနိုင် ခဲမရစိတ်ဟာ မိမိအသက်ကို မိမိ လုပ်ကြံတဲ့ အထိ ဖြစ်သွားလိမ့်မယ်''

ဟု လွှတ်ခနဲ ပြောလိုက်ပြီးနောက် ကျွန်ုပ်သည် တစ်စုံ တစ်ခုကို သတိရသဖြင့်...

''သည်းခံပါ မောင်မိုးကောင်း။ ကျုပ်ရဲ့ နောက်ဆုံး ကောက်ချက်ဟာ တလွဲတချော်ဖြစ်သွားတယ်။ မောင်ရင်ဟာ ကိုယ့်ကိုယ်ကို သတ်မသေပါဘူး။ မောင်ရင်ရဲ့ လက်မဟာ သည်လို သတ်သေလောက်အောင် သတ္တိနည်းတဲ့ လက်မမျိုး မဟုတ်ပါဘူး။ အဆိပ်ကို ဆေးနဲ့မှားပြီး သောက်တာ ဖြစ်လိမ့် မယ်။ ဘာကြောင့်လဲဆိုတော့ မောင်ရင့် လက်သန်းထိပ်က မှဲ့ကလေးပါနေတယ်လေ။ ပြီးတော့ ဒီအသက်ပိုင်းလောက်မှာပဲ အသက်လမ်းကြောင်းဟာ ပြတ်နေတယ်''

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မိုးကောင်းသည် ကျွန်ုပ်အား ကြိုးစား၍ လက်အုပ်ချီလိုက်ပြီး ကိုကျော်ခိုင်အား...

''ဝွတ်ဘိုင်''

ဟု နှုတ်ဆက်ကာ ငြိမ်ကျသွားလေတော့၏။ ကျွန်ုပ်သည် မောင်မိုးကောင်း၏ မျက်နှာကို လှမ်း၍ ကြည့်လိုက်၏။ သူ၏ မျက်နှာသည် သံသယများ ကင်းစင်၍သွားသောကြောင့် ပကတိ

www.burmeseclassic.com
ကြည်လင်နေ၏။ သေသွားရခြင်းကိုပင် ကျေကျေနပ်နပ်ကြီး ရှိသွားဟန်တူ၏။ ထိုအခါ ကိုကျော်ခိုင်သည် ကျွန်ုပ်အား တစ်ဖက်ခန်းသို့ ခေါ်လာပြီးလျှင်...

"ဆရာရဲ့ ကုသိုလ်ကောင်းမှုကတော့ ကြီးပါပေတယ် ဗျာ။ မောင်မိုးကောင်းတစ်ယောက် သံသယရှင်းစွာနဲ့ ဘဝကူး သွားရှာပြီ။ ကျွန်တော်ဟာ လက္ခဏာပညာကို ယုံတဲ့သူ မဟုတ် ဘူး။ ဒါပေမဲ့ တကယ်တတ်ထားတဲ့ သူနဲ့တွေ့ရင် တကယ် အားကိုးလောက်တဲ့ ပညာပါဗျာ။ ကဲ... ဆရာ့လည်း ပြန်ပို့ရဦး မယ်။ အားမနာပါနဲ့ဆရာရယ်။ ကျွန်တော်တို့က တတ်နိုင်တဲ့သူ တွေ ပါ။ မောင်မိုးကောင်းအနေနဲ့လည်း အတော့်ကို ချမ်းသာ ပါတယ်။ ဆွေကြီးမျိုးကြီးထဲက ပါပဲ။ ဆရာ့ရဲ့ ဉာဏ်ပူဇော်ခကို အမိန့်ရှိပါ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က...

"ကျုပ်အိမ်မှာ လာကြည့်ရင် ဈေးနှုန်းက တစ်မျိုးပေါ့ ဗျာ။ ဒါပေမဲ့ အခုကိစ္စက ကျုပ်ကိုယ်တိုင် အထူးစိတ်ဝင်စားတဲ့ ကိစ္စ ဖြစ်လေတော့ ကျုပ်ကတောင် ပြန်ပေးလိုက်ချင်သေးတယ်။ ဉာဏ်ပူဇော်ခအဖြစ် ငွေဘယ်လောက်ပေးလို့မှ ကျေနပ်နိုင်မှာ မဟုတ်ဘူး။ ကျုပ်ကို လေးစားတယ်ဆိုရင် ကိုကျော်ခိုင် ခင်ဗျား ဘယ်သူတုံး။ သေသွားတဲ့ မောင်မိုးကောင်း ဘယ်သူတုံး။ ဘာဖြစ်လို့ အဆိပ်သောက်တာတုံး။ အဲ့ဒါကိုပြောပြရင်ပဲ ဉာဏ် ပူဇော်ခပေးတာထက် ကျေနပ်ပါတယ်။ အဲ့ဒါကို ပြောမပြနိုင်ဘူး

ဆိုရင်တော့ ကျုပ်ဟာ သည်အတိုင်းငုတ်တုတ်ထိုင်နေမယ့် လူမျိုး မဟုတ်ဘူး။ ဘာပြုလို့လဲဆိုတော့ ဥပဒေနဲ့မကင်းဘူးလို့ ယူဆလို့ ပဲ။ တကယ်လို့ ခင်ဗျားမှာ အပြစ်ရှိတယ်လို့ဆိုရင်လည်း ခင်ဗျား ကုပ်ကို ဖမ်းကိုင်ပြီး ဥပဒေနဲ့ မျက်နှာချင်းဆိုင်ပေးရမယ်။ ခင်ဗျား အိတ်ထဲက ကနုကမာရိုးတပ်ထားတဲ့ ခြောက်လုံးပြူးသောက်ကို ကြောက်မယ့် လူစားမျိုးထဲမှာ ကျုပ်မပါဘူး။ ခင်ဗျားဟာ မိဘ မျိုးရိုးအစဉ်အဆက် မြန်မာ ဖြစ်တယ်။ မြန်မာသွေးလည်း ခင်ဗျား ကိုယ်ထဲမှာ ပြည့်ပြည့်စုံစုံပါတယ်ဆိုရင် သတ္တိရှိရှိ အမှန်ကို ဖွင့်ပြောပါ။ သည်လိုဖွင့်မပြောနိုင်ဘူးဆိုရင်လည်း တရားသဖြင့် ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ခင်ဗျားကို စိန်ခေါ်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုကျော်ခိုင်သည် အိတ် တွင်းမှ နိုင်ငံခြားစီးကရက်ဘူးကိုထုတ်၍ စီးကရက်တစ်လိပ်ကို နှိုက်ယူမီးညှိဖွာရင်း…

"ခင်ဗျားရှေ့မှာ လက္ခဏာဆရာနှစ်ယောက်နဲ့ မိုးကောင်း ကို ခေါ်တွေ့ပေးပြီးပြီ။ အားလုံးငွေ ၅၀၀၀ စီယူပြီး ပျော်ရွှင် ချမ်းမြေ့စွာ ပြန်သွားကြပြီးပြီ။ အခုလောက်ဆိုရင် သူတို့မိန်းမတွေ နဲ့ သူတို့ ငြိမ်းချမ်းစွာ အိပ်စက်အနားယူနေကြပြီ။ ခင်ဗျားမှာတော့ သူတို့လို အနားယူအိပ်စက်ဖို့ ဇနီးသားမယားလည်း မရှိရှာ။ မီးဖိုဘေးမှာ စာတစ်အုပ်နဲ့ တငုတ်တုတ်တုတ် တစ္ဆေရုပ် ပေါက် နေပါပကောလားဗျာ။ သည်ကြားထဲ ခင်ဗျားရင်ဘတ်က ကျည်ဆန်ကို တောင်းနေတယ်။ ခင်ဗျားရဲ့ ပညာကိုတော့ လေးစားပါတယ်။ ခင်ဗျားရဲ့ ခေါင်းမာတဲ့ စိတ်ဓာတ်ကိုတော့

www.burmeseclassic.com

ခွင့်လွှတ်နိုင်ဘူး။ အဲသည်တော့ ဟောသည်မှာ ခင်ဗျားအတွက် ဉာဏ်ပူဇော်ခငွေ ယူပါ။ ရှေ့ကလူတွေထက် ခင်ဗျားကို အများကြီးပိုပေးထားတယ်''

ဟု ပြောလိုက်လေ၏။

''ကျုပ်မယူဘူး။ ကျုပ်ရဲ့ ဉာဏ်ပူဇော်ခဟာ အဖြစ်အပျက်ကို သိဖို့ပဲ။ ငွေမဟုတ်ဘူး။ ငွေဟာ လက္ခဏာဟောမှ ရတာ မဟုတ်ဘူး။ ကျုပ် တခြားအလုပ်တွေ အများကြီးလုပ်တတ်တယ်။ အဲဒါတွေမလုပ်ဘဲ လက္ခဏာဟောနေတာဟာ ဟောချင်လို့ကို ဟောနေတာ။ ငွေအကြောင်းတော့ ခင်ဗျားလာမပြောနဲ့။ ကျုပ်ဟာ မချမ်းသာပေမဲ့ ငွေကိုအထင်ကြီးတဲ့အထဲမှာ မပါဘူး။ ဒီမှာကိုကျော်ခိုင်။ ခင်ဗျားပေးတဲ့ ငွေလောက် ခင်ဗျားကို ပြန်ပေးမယ်။ သိချင်တာ မသိရတဲ့ စိတ်ဟာ လူကို အတော်ဒုက္ခပေးတယ်။ ကျုပ်က အဲဒီဒုက္ခကိုမခံချင်ဘူး။ အဲ့ဒီတော့ ဒီကိစ္စမှာ အသက်ကို လောင်းကြေးသဘောထားရမှာပဲ''

ဟု ကျွန်ုပ်သည် မခံချင်စိတ်ဖြင့် ခပ်မာမာပြန်ပြောလိုက်ပြီးလျှင် ကျွန်ုပ်ရှေ့၌ချထားသော ငွေစက္ကူထုပ်ကိုပါယူ၍ လွှင့်ပစ်လိုက်လေသည်။ ထိုအခါ ကိုကျော်ခိုင်သည် အိတ်အတွင်းမှ သေနတ်ကိုထုတ်၍ ကျွန်ုပ်အား ချိန်ရွယ်ပြီးလျှင်…

''ဝမ်းနည်းပါတယ်ဗျာ''

ဟု ပြောလိုက်ချိန်၌ပင် တစ်စုံတစ်ယောက်သည် ကျွန်ုပ်၏ နောက်မှနေ၍ ကျွန်ုပ်၏ဦးခေါင်းကို မာကျောသော

အရာဝတ္ထုဖြင့် ရိုက်ချလိုက်ရာ ကျွန်ုပ်၏ မျက်စိထဲတွင် ကြယ်၊ လ၊ နက္ခတ်တာရာများ အစုံအလင်ပေါ်ပေါက်၍ သတိလစ်သွားလေတော့၏။

မည်မျှကြာကြာ ကျွန်ုပ် သတိလစ်သွားသည်မသိ။ သတိရလာသောအခါ၌ ကျွန်ုပ်သည် ကျွန်ုပ်၏ မီးလင်းဖိုလေးအနီး၌ ခွေခွေလေးလဲနေကြောင်း သိရလေ၏။ ကျွန်ုပ်၏အနီး၌မူ စာအိတ်တစ်လုံးကို တွေ့ရလေ၏။ ထိုစာအိတ်ကို ဖောက်၍ ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

**ဆရာမင်းသိခ်ခင်ဗျား။**

**သည်နည်းပဲရှိလို့ သည်လိုပဲ လုပ်လိုက်တယ်။ ခင်ဗျားက ငွေကို တန်ဖိုးမထားဘူးဆိုတော့လည်း ခင်ဗျားလက္ခဏာဖတ်သွားတဲ့ အဖိုးအခအဖြစ်ပေးရတဲ့ငွေကို မထားခဲ့ပါဘူး။ ခင်ဗျားရဲ့ ပညာကို လေးစားတယ်။ ခင်ဗျားရဲ့သတ္တိကို ပိုပြီးလေးစားတယ်။ ဒါကြောင့် ဒီအဖြစ်အပျက်ကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြောပြမှာပါ။ မပြောပြသေးခင်အထိသည်းခံပါ။ ခင်ဗျားလမ်းမှာ ချခဲ့တဲ့ မြေဖြူတွေကို ကျုပ်အပြန်မှာ အားလုံးကောက်သွားမှာပါ။ သည်တော့ ခင်ဗျားညက ရောက်ခဲ့တဲ့ နေရာကို ပြန်ပြီးရှာဖို့ မစဉ်းစားပါနဲ့။**

**လေးစားလျက်**

**ကျော်ခိုင်**



BURMESE CLASSIC .com

www.burmeseclassic.com


ကျွန်ုပ်သည် ထိုစာကိုဖတ်ပြီးနောက် တောက်တစ်ချက်ခေါက်လိုက်၏။ ကိုကျော်ခိုင်လာစဉ်က အင်္ဂလိပ်ဗွာပညာအရ တနင်္လာစိုက်နေခြင်းမှာ ကိုကျော်ခိုင်အတွက်သာမဟုတ်၊ ကျွန်ုပ်အတွက်ပါ အကျိုးဝင်ကြောင်း သတိမပြုခဲ့မိခြင်းဖြစ်၏။ တနင်္လာစိုက်နေသဖြင့် ကျွန်ုပ်သည် ငွေလည်း မရခဲ့။ ထို့အပြင် ခေါင်းလည်း နာရ၏။ အမှန်စင်စစ် အင်္ဂလိပ်ဗွာ၌ကျရောက်သောအခါသည် ဗေဒင်မေးသူအတွက်သာမဟုတ် ဗေဒင်ဟောသူနှင့်ပါ သက်ဆိုင်ကြကြောင်း သင်ခန်းစာလှလှကြီးရလေတော့သည်။

◆

သဗ္ဗေသတ္တာ ကမ္မသကာ
မင်းသိခ်


BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

# ဂေါမတီဒေဝီနှင့် ကျွန်ုပ်

လွန်စွာအေးချမ်းလှသော ဆောင်းညတစ်ညဲ့ ကျွန်ုပ်သည် မီးသွေးမီးဖိုလေးတစ်လုံးအား အနီးတွင်ချလျက် အလွန်အင်မတန် စိတ်ဝင်စားဖွယ်ကောင်းလှသော စာအုပ်ကြီးတစ်အုပ်ကို ဖတ်ရှုနေမိလေ၏။ ထိုအချိန်၌ ဤတစ်စုံတစ်ယောက်သောသူသည် အိမ်တံခါးဝသို့ရောက်ရှိလာပြီးလျှင် အောက်ပါအမိပ္ပာယ်ရသော စကားကို အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုလေတော့၏။

"အခုလိုအချိန်မျိုးမှာ ဝင်ခွင့်ပြုဖို့ လာပြီးခွင့်တောင်းတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျား"

ကျွန်ုပ်သည် ထိုသူအားမျက်မှန်ပေါ်မှကျော်၍ကြည့်မိလေ၏။ ထိုသူသည် လွန်စွာဟောင်းနွမ်းသော ဘောင်းဘီနှင့်

www.burmeseclassic.com

ကုတ်အင်္ကျီတို့ကို ဝတ်ဆင်ထားသည့် တမီလ်လူငယ်တစ်ဦးဖြစ်လေသည်။

ကျွန်ုပ်က…

"ရပါတယ်။ ရပါတယ်။ ဝင်ခဲ့ပါ"

ဟု ပြောလိုက်ရာ ထိုလူငယ်သည် ကျွန်ုပ်ရှိရာသို့ ဝင်လာပြီးလျှင် ကျွန်ုပ်၏ရှေ့ကုလားထိုင်၌ ထိုင်လိုက်လေ၏။ ထို့နောက် ထိုလူငယ်က…

"ဒီလိုပါခင်ဗျား။ ရန်ကုန်မြို့တစ်မြို့လုံးမှာ ကျွန်တော့်ရဲ့ ဒုက္ခကို ကယ်တင်နိုင်မယ့် သူဟာ ဆရာတစ်ယောက်ပဲ ရှိပါတယ်။ အဲဒါကြောင့် ကူညီပါခင်ဗျာ"

ဟု အဓိပ္ပာယ်ရသော စကားကို တမီလ်သံဝဲသော အင်္ဂလိပ်စကားဖြင့် ပြောလေ၏။ ကျွန်ုပ်ကလည်း…

"I am always willing to help anyone in trouble,if it is in my power to do so"

ဟူ၍ ငါးပိသံပါသော အင်္ဂလိပ်စကားဖြင့်…

"ကျုပ်က ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကူညီနိုင်တာဆိုရင် အမြဲတမ်းကူညီနေတဲ့သူပါခင်ဗျား"

ဟု ပြန်ပြောလိုက်ရာ ထိုလူသည်…

"ကျေးဇူးတင်ပါတယ် ဆရာရယ်"

ဟု ပြောလေ၏။

ထို့နောက် ထိုသူက ဆက်လက်၍…


BURMESE CLASSIC .com

www.burmeseclassic.com

"ဟောဒီစာရွက်ကလေးတွေကို ဆရာနည်းနည်းလောက် ကြည့်စေချင်ပါတယ်"

ဟု ပြောဆိုကာ ၄င်း၏အိတ်အတွင်းမှ စာရွက်ခေါက်တချို့ကို ထုတ်၍ပြသဖြင့် ကျွန်ုပ်လည်း ကောက်ယူဖတ်ကြည့်ရာ မြန်မာပြည် မီးရထားအဖွဲ့ စက်ခေါင်းစက်ရုံ၌ အမှုထမ်းသူတစ်ဦး ဖြစ်ကြောင်း ထောက်ခံစာနှင့် စက်မှုလက်မှုကျောင်းမှ အောင်လက်မှတ်ဖြစ်ကြောင်း တွေ့ရလေသည်။

ထိုအခါ လူငယ်က…

"ဒါတွေကိုပြရတာက တခြားကြောင့် မဟုတ်ရပါဘူး။ ကျွန်တော်ဟာ အရူးတစ်ယောက်မဟုတ်ဘူးဆိုတာကို သက်သေပြတဲ့ သဘောပါပဲ"

ဟု ပြောဆိုကာ ထိုလူငယ်သည် ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာလေတော့၏။ ရူးသွပ်သောလက္ခဏာဟူ၍ ထိုလူငယ်၌ လုံးဝမတွေ့ရှိပေ။ ထို့ကြောင့် ကျွန်ုပ်က…

"ဟုတ်ပါတယ်ဗျာ။ ခင်ဗျားဟာ လူကောင်းတစ်ယောက်ဆိုတာ ကျုပ်ယုံပါတယ်။ အဲဒါနဲ့ ကျုပ်က ခင်ဗျားကို ဘယ်ကိစ္စမှာ ကူညီပေးရမှာတုံး"

ဟု မေးလိုက်ရာ ၄င်းက…

"Do you believe that the dead can return"

"သေပြီးသားလူတွေ ပြန်လာနိုင်တယ်ဆိုတာကို ဆရာယုံပါသလား"

www.burmeseclassic.com

ဟု မေးလိုက်ရာ ကျွန်ုပ်သည် ကြက်သီးမွေးညင်းများပင် ထ၍ သွားလေတော့၏။

ထို့ကြောင့် ကျွန်ုပ်က မာဆတ်ဆတ်လေသံဖြင့်…

"အဲဒါကို ကျုပ်ယုံတာ မယုံတာ ခင်ဗျားကို ကူညီရမယ့် ကိစ္စနဲ့ ဘယ်လိုများ ပတ်သက်နေလို့ပါလဲ"

ဟု ပြန်၍ မေးလိုက်ရာ ထိုလူငယ်က ခြောက်ကပ်ကပ် ရယ်သံကြီးဖြင့်…

"ဟင်း…ဟင်း…ဟင်း"

ဟု ရယ်မောလိုက်လေ၏။ ထိုသို့ ရယ်မောပြီးနောက် ဆေးလိပ်မီးခိုးများကို မျက်နှာကြက်ဆီသို့ မှုတ်ထုတ်ကာ ကျွန်ုပ်၏ ရှေ့သို့ ၄င်းလက်ဝါးကြီးကို ထိုးပေးပြီးလျှင်…

"ပြီးတော့ ကျွန်တော့်ရဲ့လက်မှာ သူတစ်ပါးသားမယား ကို ကြာခိုမယ့် အလွန်ယုတ်မာတဲ့ လမ်းကြောင်းကော ပါသလား ဆရာရယ်။ စစ်ဆေးပေးပါဦး"

ဟု ဆိုသဖြင့် ကျွန်ုပ်သည် ထိုလူငယ်၏လက်ကို ဆွဲယူ ကြည့်မိလေ၏။ ၄င်း၏လက်သည် လူသေကောင်၏လက်ကို ကိုင်ရသကဲ့သို့ အေးစက်၍ နေလေ၏။ အေးလွန်းသောကြောင့် ရေများပင် ထွက်နေသည်ဟု ထင်မှတ်မိသဖြင့် ကျွန်ုပ်သည် ကျွန်ုပ်၏လက်ကို အနီးရှိအဝတ်ဖြင့် သုတ်မိနေသေးတော့၏။

ထို့နောက် ကျွန်ုပ်က…

"ခင်ဗျားရဲ့လက်မှာ အဲဒီလက္ခဏာမျိုး မပါပါဘူး ခင်ဗျာ။ ဒါပေမဲ့ အချစ်ကိစ္စနဲ့ပတ်သက်လာရင် စိတ်ကူး သိပ်ယဉ်

တယ်။ ထိန်းမနိုင်သိမ်းမနိုင်ဖြစ်ပြီး ဒုက္ခတွေ့တတ်တဲ့ အချက်ကတော့ နှလုံးလမ်းကြောင်းဟာ ပုံမှန်အတိုင်းရှိနေပြီး ဉာဏ်လမ်းကြောင်းက အလွန်အင်မတန် နိမ့်ကျနေတဲ့ အချက်ပါပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုသူငယ်က…

"မှန်လိုက်တာ ဆရာရယ်။ ဒါကြောင့်လည်း လူတွေက ပြောပြောနေကြတာကိုး"

ဟု ပြောဆိုရေရွတ်၍ တမီလ်လူငယ်သည် ကျွန်ုပ်အား စေ့စေ့ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်နေလေတော့၏။

ထို့နောက် ၎င်းက…

"သူ့နာမည်က ဂေါမတီလို့ ခေါ်တယ်။ အရှည်ခေါ်ရရင်တော့ ဂေါမတီဒေဝီပေါ့ဆရာရယ်။ သူကလည်း တမီလ်အမျိုးသမီးပါပဲ။ သူ့ကို ကျွန်တော် စွဲလမ်းခဲ့တဲ့ စိတ်ဟာ ကျွန်တော့်ကို ဒုက္ခပေးနေပါပြီခင်ဗျာ"

ဟု ပြောဆိုကာ ခေါင်းကို ငိုက်စိုက်ချလိုက်လေတော့၏။

ထိုအခါ ကျွန်ုပ်လည်း စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာပြီးလျှင်…

"လုပ်စမ်းပါဦး"

ဟု ပြောလိုက်ရာ တမီလ်လူငယ်က…

"ကျွန်တော့်နာမည်က ဂင်္ဂါဂျစ်တီလို့ခေါ်တယ်။မီးရထားစက်ခေါင်းမောင်းတဲ့ အလုပ်ကိုလုပ်တာ ခြောက်နှစ်ရှိပါပြီ။ အခု ကျွန်တော့်အသက် နှစ်ဆယ့်ခြောက်နှစ်ပါ။ အရင်က သာစည်

www.burmeseclassic.com
လိုင်းမှာ မီးရထားစက်ခေါင်း မောင်းပါတယ်။ ပြီးခဲ့တဲ့လေးနှစ်လောက်က ကျွန်တော် အလုပ်ပြောင်းခဲ့ရပါတယ်။ ပြောင်းရတဲ့နေရာက မလွှကုန်းစက်ခေါင်းရုံမှာပါ။ နေတဲ့နေရာက မလွှကုန်းမီးရထားကွာတာထဲမှာပါ"

ဟု ပြောဆို၍ ခေတ္တအမောဖြေလိုက်၏။ ကျွန်ုပ်လည်း ရေနွေးကြမ်းကိုငှဲ့၍ ဂင်္ဂါဂျစ်တီဘက်သို့ ပေးလိုက်လေ၏။ ဂင်္ဂါဂျစ်တီလည်း ကျွန်ုပ်ပေးသော ရေနွေးကြမ်းကို ရှူးခနဲမှုတ်၍ သောက်လိုက်ပြီးလျှင် ဆက်၍ပြောပြန်လေ၏။

"ကျွန်တော် မလွှကုန်းစက်ခေါင်းရုံကိုရောက်လာပြီး တစ်နှစ်လောက်အကြာမှာ ကျွန်တော်နဲ့အတူ စက်ခေါင်းမောင်းတဲ့ မန္တျူးရောက်လာပါတယ်။ သူက ကျွန်တော်နဲ့အတူ အလုပ်လုပ်တုန်းက လူပျိုပါ။ ကျွန်တော် မလွှကုန်းကိုပြောင်းလာတဲ့အခါမှပဲ အိမ်ထောင်ကျပါတယ်။ သူမိန်းမနာမည်က..."

ဟု ဆိုကာ စကားကို ခေတ္တရပ်ထားလိုက်ပြီးလျှင် ဆို့နင့်သော လေသံကြီးဖြင့်...

"ဂေါမတီဒေဝီ"တဲ့။

ထိုအခါ ကျွန်ုပ်က...

"တော်တော်တော့ စိတ်ဝင်စားစရာကောင်းမယ့် သဘောရှိတယ်။ ဆက်စမ်းပါဦး"

ဟု ပြောဆို၍ မီးလင်းဖို၌ မီးသွေးများ ထပ်၍ထည့်လိုက်လေ၏။


BURMESE CLASSIC .com

“ဂေါမတီကို ကျွန်တော် အရင်က မတွေ့ဖူးပါဘူး။ မန္တျူးနဲ့အိမ်ထောင်ကျပြီး မလ္လကုန်းကိုရောက်လာမှသိတာပါဆရာ ရယ်။ တကယ်ပြောရရင် သူဟာအင်မတန်ရိုးသားတဲ့မိန်းကလေး ပါ။ သူတို့လင်မယားရောက်လာတဲ့ အချိန်တုန်းက ကျွန်တော်တို့ မလ္လကုန်းမီးရထားကွာတာမှာ အခန်းလွတ်မရှိတဲ့ သူတို့ဟာ ကွာတာထဲမှာ မနေရပါဘူး။ မလ္လကုန်းဘူတာနဲ့ သိပ်ပြီးမဝေးတဲ့ ပုသိမ်ညွန့်ဆိုတဲ့ရပ်ကွက်မှာ မန္တျူးတို့လင်မယားဟာ အိမ်ကလေး ငှားနေကြပါတယ်။ ငှားနေတယ်ဆိုပေမဲ့ သပ်သပ်ရပ်ရပ်ကလေး ပါခင်ဗျ။ အိမ်ရှေ့မှာလည်း မြေပိုကလေး တော်တော်ကျန်တယ်”

ဟု ဂင်္ဂါဂျစ်တီက ရှည်လျားစွာပြောဆိုပြီးလျှင် ဆေးလိပ် ကို ဖွာလေ၏။

“ဆက်ပြီးပြောစမ်းပါဦး”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဂင်္ဂါဂျစ်တီက…

“ပြောပါ့မယ် ဆရာရယ်။ ပြောချင်လို့ကို ဆရာ့ဆီလာခဲ့ တာပဲဥစ္စာ”

ဟု ပြောဆိုပြီးလျှင် သက်ပြင်းတစ်ချက်ကို ‘ဖူး’ခနဲ မှုတ်ထုတ်လိုက်လေ၏။

ထို့နောက် ဂင်္ဂါဂျစ်တီက အောက်ပါအတိုင်း ဆက်လက် ၍ ပြောဆိုပြန်လေ၏။

“ကျွန်တော်နဲ့ မန္တျူးနဲ့ကလည်း ရှမ်းပြည်မှာကတည်းက စက်ခေါင်းမောင်းဖက်ဆိုတော့ အတော်ပဲ ခင်မင်ကြပါတယ်။

www.burmeseclassic.com
သူတို့ပြောင်းလာတာကို ကျွန်တော်ဟာ အတော်ပဲ ဝမ်းသာမိပါတယ်။ အလုပ်အားတဲ့ ညတွေဆိုရင် သူတို့အိမ်ကိုပဲ သွားပြီး လည်လေ့ရှိပါတယ်။ လူမျိုးချင်းလည်း တူကြဆိုတော့ တစ်ဦးနဲ့တစ်ဦး အတော်ပဲ ခင်မင်ကြပါတယ်။ ကျွန်တော်တို့အချင်းချင်းတွေ့ရင် တမီလ်စကားနဲ့ပဲ ကျွန်တော်က ပြောပေမဲ့ မန္တျူးကတော့ အင်္ဂလိပ်လိုပဲ အပြောများတယ်ခင်ဗျ။ အင်္ဂလိပ်စကားပြောလည်း ကျွန်တော်တို့နဲ့ ဘာမှမဆိုင်ဘူး။ အတော့်ကို ကောင်းတယ်။ အလုပ်အားတာနဲ့ ကျွန်တော်ဟာ မန္တျူးတို့အိမ်ကို ရောက်နေပြီခင်ဗျာ။ သူတို့အိမ်ကလေးကလည်း ရပ်ကွက်ရဲ့အစွန်ပိုင်းတော်တော်ကျတယ်ခင်ဗျ။ ရထားလမ်းဘေးကို ကပ်နေတာပဲ။ ရထားလမ်းနဲ့ ဘယ်လောက်နီးသလဲဆိုရင် မန္တျူးတို့အိမ်ရှေ့မှာစိုက်ထားတဲ့ မန်ကျည်းပင်က အကိုင်းအချို့ကို မီးရထားပေါ်ကနေ လှမ်းပြီး ကိုင်မယ်ဆိုရင်တောင် ကိုင်လို့ရပါတယ်။

“ကျွန်ုပ်လည်း ဂင်္ဂါဂျစ်တီ၏ ဇာတ်လမ်းခင်းကျင်းနေပုံကို စိတ်ဝင်စားစွာ နားထောင်နေမိလေ၏။ ဂင်္ဂါဂျစ်တီလည်း ဆေးလိပ်ကို အနည်းငယ်ဖွာပြီးနောက် ဆက်၍ပြောပြန်လေ၏။

“ကျွန်တော့်ရဲ့ အလုပ်တာဝန်က မလွှကုန်းစက်ရုံမှာရှိတဲ့ ရထားတွဲလွတ်တွေကို ရှန်တိန်လုပ်ပေးရပါတယ်။ ကျွန်တော် ရှန်တိန်လုပ်တဲ့ ရထားလမ်းဘေးမှာပဲ မန္တျူးတို့အိမ်ကလေးဟာ ရှိပါတယ်။ အဲဒီအိမ်နားရောက်လာရင် ကျွန်တော်က ဥဩကို တူ…တူ…တူ လို့ သုံးချက်ဆွဲပါတယ်။ တစ်ခါတလေ မန္တျူးတို့

www.burmeseclassic.com

အိမ်ရှေ့မှာပဲ မီးရထားကိုရပ်ပြီး မန္တျူးတို့အိမ်မှာ ရောဝင်သောက်တယ်။ ကွမ်းဝင်စားတယ်ခင်ဗျ။ မန္တျူးရဲ့မိန်းမ ဂေါမတီဟာလည်း အတော်ကိုပဲ စိတ်ကောင်းစေတနာကောင်းရှိတဲ့ မိန်းမတစ်ဦး ဖြစ်တဲ့အတွက် ကျွန်တော်ရောက်သွားတဲ့အခါတိုင်းမှာ ပူတီဖြစ်စေ၊ ချာပါတီဖြစ်စေ၊ နွားနို့ဖြစ်စေ ကျွေးမွေးလေ့ရှိပါတယ်"

ထိုအခါ၌ ကျွန်ုပ်က...

"အဲဒီမှာ ဇာတ်လမ်းစကြတယ်ဆိုပါတော့"

ဟု ဝင်၍ပြောလိုက်ရာ ဂင်္ဂါဂျစ်တီသည် ကျွန်ုပ်အား မျက်လုံးပြူး၍ ကြည့်ပြီးလျှင်...

"ဆရာက ကြိုးချင်းထား ကြိုးချင်းငြိဆိုတဲ့ သဘောမျိုး ပြောချင်တာလား"

ဟု ပြန်၍ မေးလိုက်လေ၏။ ကျွန်ုပ် တစ်စုံတစ်ရာပြန်၍ ပြောဆိုခြင်းမပြုသောအခါ၌ ၄င်းက အောက်ပါအတိုင်း ဆက်၍ ပြောပြန်လေ၏။

"ဂေါမတီဒေဝီဟာ ဉာဏ်ပညာဗဟုသုတနဲ့ ပြည့်စုံတယ်ခင်ဗျ။ ညည စကားဝိုင်းမှာ သူ့ယောကျ်ားမန္တျူးနဲ့ ကျွန်တော့်ကို အလွန်အင်မတန် မှတ်သားစရာကောင်းတဲ့ အဝေရာမင်းသမီးတို့ စကားနည်းသော ဒါရဏီမင်းသားတို့ ဆိုတဲ့ ပုံပြင်တွေ၊ ပြီးတော့ ပဟေဠိတွေ ပြောပြတယ်ခင်ဗျ။ ဂေါမတီဟာ အချက်အပြုတ်လည်း ကောင်းတယ်။ အလွန်လည်း သန့်ရှင်းတဲ့ မိန်းကလေးခင်ဗျ။ ဉာဏ်လည်း အလွန်ထက်တယ်။ သူက ကျွန်တော်နဲ့


BURMESE CLASSIC .com

www.burmeseclassic.com

မန္တျူးကို ပဟေဠိဝှက်လိုက်ရင် ကျွန်တော်တို့နှစ်ယောက်ဟာ မဖြေနိုင်ဘူးခင်ဗျ။ ကျွန်တော်တို့နှစ်ယောက်ဝှက်တဲ့ ပဟေဠိကိုတော့ သူက ဖြေနိုင်တာချည်းပဲ။ အဲဒီလိုနဲ့ပဲ ခင်ခင်မင်မင်နေလာခဲ့ကြပါတယ်။ နောက်တော့ မန္တျူးဟာ ပျဉ်းမနား-ရန်ကုန်သွားတဲ့ ရထားစက်ခေါင်းကို မောင်းရတဲ့ အလုပ်ကို ပြောင်းသွားပါတယ်။ ကျွန်တော်ကတော့ တွဲလွတ်တွေကို ရှန့်တိန်လုပ်နေရတုန်းပဲခင်ဗျ။ မန္တျူးဟာ ဒီလိုနေ့ကနေပျဉ်းမနားကို စက်ခေါင်းမောင်းပြီးသွားရင် နောက်တစ်နေ့ကျမှ ရန်ကုန်ကို ပြန်ရောက်ပြီး အိမ်ပြန်ခွင့်ရပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ရထားတွဲလွတ်တွေ ရှန့်တိန်ထိုးရင်း သူ့အိမ်ရှေ့ကိုနေ့တိုင်းရောက်တယ်ခင်ဗျ။ ရောက်တဲ့အခါတိုင်းမှာ သူ့အိမ်ရှေ့မှာ ရထားကို ရပ်ထားပြီး သူ့အိမ်ကို ဝင်လေ့ရှိတယ်ခင်ဗျ။ အဲဒီလိုဝင်လေ့ရှိတဲ့အခါတိုင်းမှာလည်းပဲ မန္တျူးရဲ့မိန်းမ ဂေါမတီက ကျွန်တော့်ကို ဘာစားမလဲလို့ မေးလေ့ရှိတယ်။ နွားနို့နဲ့ ချာပါတီယူလာပြီး ကျွေးလေ့ရှိတယ်။ ကျွန်တော်ကလည်း ဂေါမတီကျွေးတဲ့ ချာပါတီနဲ့ နွားနို့ကို စားသောက်ပြီးရင် စက်ခေါင်းပေါ်ပြန်တက်ပြီး တူ..တူ..တူ..လို့ ဥသြသုံးချက်ဆွဲကာ မောင်းထွက်သွားလေ့ ရှိပါတယ်။ အဲဒီအခါမျိုးမှာ ဂေါမတီဟာ ကျွန်တော့်ကို ပြတင်းပေါက်ကနေ လက်ကလေးဝှေ့ယမ်းပြရင်း ကျန်နေရစ်လေ့ရှိပါတယ်။ တစ်ခါတလေမှာ ကျွန်တော်ဟာ ညပိုင်းကျမှ ရထားတွဲတွေကို ရှန့်တိန်လုပ်ရပါတယ်။ အဲဒီအခါမျိုးမှာ ကျွန်တော့်ရထားလာပြီဆိုတာကိုသိရင် ဂေါမတီ


BURMESE CLASSIC .com

ဟာ မှန်အိမ်ကလေးမြှောက်ပြပြီးရင် သူတို့အိမ်ရှေ့က မန်ကျည်းပင်ကြီးမှာ မှန်အိမ်လေးကို သံချိတ်နဲ့ ချိတ်ထားပေးလေ့ ရှိပါတယ်”

ထိုအခါ ကျွန်ုပ်သည် အနီးရှိခုတင်ဘူးအတွင်းမှ လက်ဖက်ရည်အချိုကို ငှဲ့၍သောက်ပြီးလျှင် တမီလ်လူမျိုး ဂင်္ဂါဂျစ်တီပြောသောဇာတ်လမ်းကို ဆက်လက်၍ နားထောင်နေမိလေ၏။ ထိုအခါ၌ ဂင်္ဂါဂျစ်တီကလည်း အောက်ပါအတိုင်း ဆက်၍ ပြောပြန်လေ၏။

“မှောင်ကြီးထဲမှာ ကျွန်တော်ရထားမောင်းလာတာကို ဂေါမတီက ဘယ်လိုသိသလဲလို့ ဆရာက မမေးဘဲကိုး။ သိတာက ဒီလိုပါခင်ဗျား။ ကျွန်တော့်ရဲ့ ဥသြဆွဲပုံကို သူဟာ ကျက်မိနေပြီလေ။ အဲဒီလိုကနေစပြီး ကျွန်တော်ရထားမောင်းသွားလို့ ဂေါမတီတို့အိမ်နားရောက်တဲ့အခါမှာ ဂေါမတီကို ပြတင်းပေါက်နားမှာ ရပ်နေတာကို ဖြစ်ဖြစ်၊ အိမ်ရှေ့မြေကွက်လပ်ကလေးမှာ တံမြက်စည်းလှည်းနေတာကိုဖြစ်ဖြစ် မတွေ့ရရင် ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီးဖြစ်လာတော့တာပဲ။ ဟာတာတာကြီးလိုလို တစ်ဆို့ဆို့ကြီးလိုလို ခံစားရပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ သူတစ်ပါးမယားကို ပြစ်မှားလိုစိတ်မရှိတာ အမှန်ပါပဲ။ ဒါပေမဲ့ သူတစ်ပါးသားမယားဖြစ်တဲ့ ဂေါမတီကို ကျွန်တော်ချစ်မိလျက်သား ဖြစ်နေပါပြီဆရာရယ်။ ဒါကြောင့် ရပ်တန်းရပ်ရင် တော်မယ်ဆိုပြီး ကျွန်တော်ဟာ အစီအစဉ်တစ်ခုကို ဆွဲရပါတယ်။

www.burmeseclassic.com

အဲဒါက ဘာလဲဆိုရင် ကျွန်တော့်အထက်လူကြီးကို သွားတွေ့ပြီး ကျွန်တော့်ကို တွဲလွတ်တွေ ရှုန်တိန်လုပ်ပေးရတဲ့ တာဝန်က ပြောင်းပေးဖို့ပြောခဲ့ပါတယ်။ ကျွန်တော့် အထက်လူကြီးကလည်း အလွန်ပဲ သဘောကောင်းပါတယ်။ အဲဒီအလုပ်ကနေပြောင်းပြီး အင်းစိန်–ရန်ကုန် လော်ကယ်ရထားစက်ခေါင်းမောင်းဖို့ ပြောင်းပေးလိုက်ပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်ဟာ ဂေါမတီဆီကို မရောက်တော့ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာတော့ တစ်ဆို့ဆို့ကြီး ရှိနေတုန်းပါပဲခင်ဗျ"

တမီလ်အမျိုးသားလူငယ် ဂင်္ဂါဂျစ်တီသည် ခေတ္တရပ်နား၍ ဆေးလိပ်ကို မီးတို့လိုက်ပြီးလျှင် အနည်းငယ်ရှိုက်ဖွာလေ၏။ ထို့နောက် အောက်ပါအတိုင်း ဆက်၍ပြောပြန်လေ၏။

"အဲဒီလိုနဲ့ တစ်နေ့မှာ ကျွန်တော့်ဆီကို မန္တူးရောက်လာတယ်။ ပြီးတော့ သူက 'ဟေ့ကောင် ဂင်္ဂါဂျစ်တီ။ မင်းဟာ အတော်ယုတ်မာတဲ့ အကောင်ပဲ။ မင်းနဲ့ ငါ့မိန်းမ ဂေါမတီ ဘယ်အခြေ ဆိုက်နေကြပြီဆိုတာ ကွာတာတစ်ခုလုံးတောင် မဟုတ်ဘူးကွ။ ငါတို့ရပ်ကွက်တစ်ခုလုံးပါ ပြောနေကြပြီ။ မင်းလို သစ္စာမဲ့တဲ့ ကောင်ကို လက်စားချေမယ်' လို့ပြောပြီး ပြန်ထွက်သွားပါတယ်။ ကျွန်တော်လည်း ဘယ်လိုပြန်ပြောရမှန်းမသိဘဲ ပါးစပ်ဟလျက်သား ကျန်နေခဲ့ပါတယ်။ နောက်တစ်နေ့မနက်မှာ ကျွန်တော်ဟာ မီးရထားမောင်းဖို့ ထွက်လာခဲ့ပါတယ်။ စက်ခေါင်းရုံရောက်တော့ လူတွေကျွက်စီကျွက်စီဖြစ်နေတာနဲ့


BURMESE CLASSIC .com

ဘာဖြစ်တာလဲဆိုပြီးသွားမေးတော့ အဲဒီလူတွေကမင်းသူငယ်ချင်း မန္တျူးနဲ့ သူ့မိန်းမ ကုလားမလေးဟာ ဒီမနက် ၄ နာရီလောက်က ဆုံးသွားကြပြီလို့ ပြောပါတယ်။ ဒါနဲ့ ကျွန်တော်လည်း 'ဟင်' လို့ တစ်ချက်ရေရွတ်ပြီး ရထားလမ်းအတိုင်း ဇလီဖားတုံးတွေကို တစ်ခုပြီးတစ်ခုနင်းပြီး မန္တျူးတို့အိမ်ဆီကို ပြေးခဲ့ပါတယ်။ မန္တျူးတို့ အိမ်ကလေးကိုရောက်တော့ ကျွန်တော်ဟာ အလွန်ပဲမောဟိုက်နေ ပါတယ်။ မန္တျူးတို့အိမ်ကလေးရဲ့ရှေ့မှာလည်း လူတွေအုံနေတယ် ခင်ဗျ။ ပြီးတော့ ဂါတ်က လူတွေလည်း ရောက်နေတယ်။ ကျွန်တော်ဟာ အဲဒီလူအုပ်ကိုတိုးပြီး အိမ်ကလေးထဲကို ဝင်သွား ပါတယ်။ အထဲလည်းရောက်ရော မပြောပါနဲ့တော့ ဆရာရယ် မြင်လို့ မကောင်းပါဘူး။ မန္တျူးနဲ့ ဂေါမတီဟာ သွေးအိုင်ထဲမှာ သေဆုံးနေတာကို တွေ့ရတော့တာပဲ။ ကျွန်တော်ဟာ ရင်ထဲမှာ ဆို့ပြီး ဂေါမတီနားမှာ ခွေလဲကျသွားပါတယ်။ အဲဒီနားက လူတချို့က ကျွန်တော့်ကို 'အလကားကောင်။ လူယုတ်မာ။ ဒင်းကြောင့် ဒီလိုဖြစ်ရတာ' ဆိုပြီး ကန်ကျောက်ရိုက်နှက်ကြ ပါသေးတယ်။ ကျွန်တော် ကျိန်တွယ်ပြောဝံ့ပါတယ်ဆရာရယ်။ ဂေါမတီကို ကျွန်တော် လက်ဖျားနဲ့တောင် မထိခဲ့ဖူးပါဘူး"

ဂင်္ဂါဂျစ်တီသည် စကားကိုရပ်လိုက်ပြီးနောက် မျက်နှာကို လက်ဝါးနှင့် အုပ်၍ ငိုကျွေးလေတော့၏။ ထို့နောက် ၎င်းက...

"ဒါကြောင့် ဆရာ့ကိုမေးတာပါ။ သေပြီးတဲ့လူ ပြန်လာ နိုင်သလားလို့"

www.burmeseclassic.com

ဟု ဆိုလေ၏။

““မလာနိုင်ပါဘူး ဂင်္ဂါဂျစ်တီရယ်””

ဟု ကျွန်ုပ်က ပြန်၍ ဖြေလိုက်မိလေ၏။

““ဒီလိုပါဆရာရယ်။ မန္တူးသေသွားတဲ့အခါမှာ သူ့ရဲ့နေရာမှာ ကျွန်တော်အလုပ်ဝင်လုပ်ရပါတယ်။ မန္တူးမောင်းခဲ့တဲ့ ရန်ကုန်-ပျဉ်းမနားသွား မီးရထားစက်ခေါင်းကို ကျွန်တော်မောင်းခဲ့ရပါတယ်။ တစ်ခါတစ်ခါမှာ အထူးသဖြင့် အန္တရာယ်ရှိတဲ့ လမ်းကွေ့တွေ၊ တံတားတွေပေါ်ရောက်တဲ့အခါတိုင်း စက်ခေါင်း လီဘာကို ကျွန်တော်က လျှော့သော်လည်း လီဘာက မလျှော့ဘဲ တစ်စုံတစ်ယောက်က လီဘာကို တင်လိုက်သလို မကြာခဏ ဖြစ်လေ့ ရှိပါတယ်။ ဒါကြောင့် မန္တူးဟာ ကျွန်တော့်ကို လာပြီး နှောင့်ယှက်နေသလားလို့ သံသယဖြစ်မိပါတယ်။ ဒီအတွက် ဆရာ့ဆီကို လာပြီးမေးတာပါ။ ကျွန်တော်ထင်တာတော့ တစ်နေ့နေ့မှာ ကျွန်တော်မောင်းတဲ့ မီးရထားဟာ မှောက်ကလိမ့်မယ်လို့ ထင်တာပါပဲ။ ဒါ့ကြောင့် အဝေးပြေးရထားစက်ခေါင်းကို ကျွန်တော် မမောင်းတော့ပါဘူး။ အရင်ကလိုပဲ မလွှကုန်းဘူတာ အနားမှာ တွဲလွတ်တွေကို ရှန့်တိန်လုပ်နေပါတယ်။ ဂေါမတီတို့ အိမ်နားကိုရောက်ရင်တော့ ရင်ထဲမှာ ဆို့နင့်နင့်ကြီး ဖြစ်တုန်းပဲ ခင်ဗျ””

ဟု ဂင်္ဂါဂျစ်တီက ပြောဆို၍ ထိုင်ရာမှ ထလိုက်လေ၏။ ထိုအခါ၌ ကျွန်ုပ်က…

“မင်းစိတ်ထင်လို့ပါကွာ။ ဒါတွေကို အစွဲအလမ်းမထားပါနဲ့။ သေပြီးတဲ့ လူဟာ ဘယ်တော့မှ ပြန်မလာနိုင်ပါဘူးကွ”

ဟု ပြောဆိုလိုက်မိလေ၏။

“ကျေးဇူးတင်ပါတယ် ဆရာ။ မလွှကုန်းဘက်ရောက်ရင်လည်း ကျွန်တော့်ဆီကို လာလည်နိုင်ပါတယ်။ ကျွန်တော်ကတော့ ရင်ထဲမှာ တစ်ဆို့ဆို့ကြီးဖြစ်နေလို့ ဘယ်ကိုမှ မသွားဘူးခင်ဗျ”

ဟု ဆိုကာ တမီလ်လူငယ်ကလေး ဂင်္ဂါဂျစ်တီသည် ကျွန်ုပ်အား နှုတ်ဆက်၍ ပြန်သွားလေတော့၏။

◆

များမကြာမီ၌ပင် ကျွန်ုပ်သည် ရထားလမ်းဘေးတွင် ပေါက်ရောက်သော ဆေးပင်တစ်မျိုးယူရန်အတွက် မလွှကုန်းမီးရထားကွာတာအနီးသို့ ရောက်ရှိခဲ့လေ၏။ ထိုအခါ၌ တမီလ်လူမျိုးဂင်္ဂါဂျစ်တီကိုသတိရသဖြင့် ၎င်းအလုပ်လုပ်သည်ဆိုသော စက်ခေါင်းပြင်ရုံသို့သွားရောက်ကာ ၎င်းနှင့် တွေ့ဆုံစကားပြောဆိုမည်ဟု ရည်ရွယ်၍ ရထားလမ်းအတိုင်း တွဲပြင်ရုံဘက်ဆီသို့ လျှောက်လာခဲ့လေ၏။ တွဲပြင်ရုံသို့ရောက်လျှင် ‘တိုင်းကီပါ’ခေါ် အချိန်မှတ်စာရေးနှင့်တွေ့ဆုံကာ...

“ဒီမှာမိတ်ဆွေ။ ခင်ဗျားတို့ဆီမှာ စက်ခေါင်းမောင်းတဲ့ တမီလ်လူမျိုး ဂင်္ဂါဂျစ်တီဆိုတာ ရှိတယ်မဟုတ်လား”



BURMESE CLASSIC .com

www.burmeseclassic.com

ဟု မေးလိုက်ရာ ထိုစာရေးက..

"ဘာကိစ္စလဲ ဆရာမင်းသိင်္ခ"

ဟု ပြန်၍ မေးလေ၏။

"ဩော်...မိတ်ဆွေကြီးက ကျွန်တော့်ကို သိတယ်ကိုး"

ဟု ကျွန်ုပ်က ပြန်၍ပြောရာ ၄င်းတိုင်းကီပါက...

"သိပါတယ် ဆရာရယ်။ ကျွန်တော် ဆရာ့ဆီကို လက္ခဏာကြည့်ဖို့ ရောက်ဖူးတာပဲ"

ဟု ပြောလေ၏။

"စိတ်မဆိုးပါနဲ့ မိတ်ဆွေရယ်။ ကျွန်တော်က သတိမေ့ တတ်လို့ပါ"

ဟု ကျွန်ုပ်က ပြောလေ၏။

"မဆိုးပါဘူး ဆရာရယ်။ ဒါနဲ့ စောစောက ဆရာမေး တာ ဘယ်သူခင်ဗျ"

ဟု ၄င်းက ပြန်၍ မေးလေ၏။

"စက်ခေါင်းမောင်းတဲ့ ဂင်္ဂါဂျစ်တီဆိုတဲ့ သူငယ်လေးကို မေးတာပါ"

ဟု ကျွန်ုပ်က ပြန်၍ ပြောလေ၏။

"နေပါဦးဆရာရဲ့။ အဲဒီဂင်္ဂါဂျစ်တီနဲ့ ဆရာနဲ့ ဘယ်လိုများ ပတ်သက်လို့တုံး"

ဟု ထိုသူက ပြန်၍မေးလေ၏။

"ဒီလိုပါ။ ပြီးခဲ့တဲ့ စနေနေ့ညက ကျွန်တော့်ဆီမှာ လာပြီး လက္ခဏာကြည့်တယ်လေ"


BURMESE CLASSIC .com

www.burmeseclassic.com

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ငှင်းက…

"ဆရာ နာမည်အမှတ်မှားနေပြီထင်တယ်"

ဟု ဆိုလေ၏။

"မမှားပါဘူးခင်ဗျ။ သူ့နာမည်က ဂင်္ဂါဂျစ်တီတဲ့။ သူ့သူငယ်ချင်းက မန္တူးတဲ့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ငှင်းအချိန်မှတ်စာရေးသည် ကျွန်ုပ်အား မျက်လုံးပြူး၍ ကြည့်လေ၏။ ထိုအခါ၌ ကျွန်ုပ်က…

"ဂင်္ဂါဂျစ်တီနဲ့ သူငယ်ချင်း မန္တူးရဲ့ မိန်းမနာမည်ကိုတောင် ပြောနိုင်သေးတယ်။ ဂေါမတီတဲ့"

ဟု ပြောလိုက်ရာ အချိန်မှတ်စာရေးမှာ ပါးစပ်ကြီးဟ၍ ကြက်သေသေ၍ နေလေတော့၏။ ထို့ကြောင့် ကျွန်ုပ်က‥

"ဘယ်လိုဖြစ်တာလဲ မိတ်ဆွေရယ်။ ကျုပ်မေးတဲ့ စက်ခေါင်းမောင်းသမား ဂင်္ဂါဂျစ်တီဆိုတာ ရှိတယ်မဟုတ်လား"

ဟု ထပ်၍ မေးလိုက်ရာ ထိုလူက…

"ကျွန်တော် ကောင်းကောင်းသိပါတယ် ဆရာရယ်"

ဟု ပြန်၍ ပြောလေ၏။

"သိရင် ပြောလေဗျာ"

ဟု ကျွန်ုပ်က စိတ်မရှည်သော လေသံဖြင့် ပြောလိုက်ရာ ငှင်းအချိန်မှတ်စာရေးက…

"ဆရာပြောတဲ့ စက်ခေါင်းမောင်းသမား ဂင်္ဂါဂျစ်တီ ရထားမှောက်လို့သေတာ သုံးနှစ်လောက်ရှိပြီခင်ဗျ။ မသေခင်မှာ

www.burmeseclassic.com
သူ့သူငယ်ချင်း မန္တျုးရဲ့မိန်းမဂေါမတီဆိုတဲ့ ကောင်မလေးနဲ့တောင် ဘာလိုလို အပုပ်နံ့ထွက်လာသေးတယ်။ အဲဒီလင်မယားက ဂင်္ဂါဂျစ်တီထက် တစ်လလောက်စောပြီး သေကြတယ်လေ”

ဟု ပြောလိုက်ရာ ကျွန်ုပ်သည်…

“ဗျာ…”

ဟု ယောင်ယမ်း၍ ရေရွတ်မိလေတော့သတည်း။

**မှတ်ချက်။**

**လွန်ခဲ့သော သုံးနှစ်ခန့်က သေဆုံးသွားပြီဖြစ်သော တမီလ်အမျိုးသားဂင်္ဂါဂျစ်တီသည် ပြီးခဲ့သောတစ်ပတ်ကျော်ကျော်လောက်က ကျွန်ုပ်၏အိမ်သို့လာ၍ ကျွန်ုပ်နှင့်အတူ တစ်နာရီကျော်ကျော် စကားပြောသွားခဲ့သည်ဟု ကျွန်ုပ်မယုံကြည်ပါ။ တစ်စုံတစ်ယောက်သောလူနောက်လူပြောင်တစ်ဦးသည် ကျီစယ်လိုသော သဘောဖြင့် ဂင်္ဂါဂျစ်တီ၏နာမည်ကိုသုံးကာ လာရောက် နောက်ပြောင်ခြင်းသာ ဖြစ်လိမ့်မည်ဟု ကျွန်ုပ် ထင်မှတ်ပါသည်။**

**စာရေးသူ**

◆

**သဗ္ဗေသတ္တာ ကမ္မသကာ**
**မင်းသိခ်**


BURMESE CLASSIC .com

www.burmeseclassic.com



# မာနကြီးသော မမြနှယ်

## အခန်း (၁)

တစ်နေ့သ၌ ရန်ကုန်မြို့၏ အစွန်ဖြစ်သော သဃ်န်းကျွန်း ဘူတာအနီးရှိ ခြံဝန်းကျယ်ကြီးများအနက် တစ်ခုသော ခြံဝင်း အတွင်းရှိ နှစ်ထပ်ကျွန်းအိမ်မည်းမည်းကြီးတစ်လုံး၏ ဧည့်ခန်း အတွင်း ကြီးမားသော ဆော့ကုလားထိုင်ကြီးပေါ်၌ အသက် ငါးဆယ်ကျော်အရွယ် လွန်စွာထွားကျိုင်းသော လူကြီးတစ်ဦးသည် ထိုင်လျက်ရှိနေလေ၏။

ထိုလူကြီး၏ ဦးခေါင်းရှေ့ပိုင်းတစ်ဝက်ခန့်သည် အမွေး အမှင်ဆို၍ တစ်ပင်တလေမျှပင် မရှိအောင် ပြောင်တလင်းခါ လျက် ရှိသော်လည်း ဦးခေါင်း၏ ကျန်တစ်ဝက်မှာမူ သပိတ်



BURMESE CLASSIC .com

www.burmeseclassic.com
ရောင်ကဲ့သို့နက်မှောင်၍ ဝက်၏အမွေးကဲ့သို့ ကြမ်းတမ်းသော ဆံပင်များ ပြွတ်သိပ်လျက် ပေါက်ရောက်နေလေ၏။

ထိုလူကြီး၏အမည်မှာ ဦးစိန်ဒေါင်းဟူ၍ ဖြစ်လေ၏။

ဦးစိန်ဒေါင်းသည် ဆော့ကုလားထိုင်ကြီးကို ရှေ့တိုးနောက်ငင် လှုပ်ယမ်း၍ထိုင်ရင်း ခြံဝင်းတံခါးဆီသို့ စိတ်အားထက်သန်စွာ ကြည့်ရှုနေလေ၏။ ထိုအချိန်၌မှာပင် ခြံဝင်းတံခါးကြီး၏ မလွယ်ပေါက်တံခါးလေးသည် အသာအယာပွင့်၍ လာပြီးလျှင် အသက်နှစ်ဆယ်ကျော်အရွယ် ဖြူဖြူသွယ်သွယ် မိန်းမချောကလေးတစ်ဦးသည် ထိုမလွယ်ပေါက် တံခါးလေးမှ ငုံ့လျှိုး၍ ထိုခြံဝင်းအတွင်းသို့ ဝင်လာလေ၏။

"ဟော… လာပြီ။ ဟဲ…ဟဲ စိန်ဒေါင်းတို့ စီမံလိုက်ရင် လွဲတယ်လို့ကို မရှိဘူး။ အစစ်ပါပဲ။ မြနွယ်လာနေပြီ။ လာနေပြီ။ စိန်ဒေါင်းဆီကို မြနွယ်လာနေပြီ။ အဲဒါ စိန်ဒေါင်းကံကောင်းဖို့ပဲ"

ဟု ဦးစိန်ဒေါင်းက ရေရွတ်လိုက်လေ၏။

ထိုအချိန်မှာပင် မလွယ်ပေါက်မှ ဝင်လာသော မိန်းကလေးသည် အိမ်ကြီး၏အဝင်တံခါးဝဆီသို့ ရောက်လာလေ၏။ ဦးစိန်ဒေါင်းသည် ဆော့ကုလားထိုင်ကြီးဆီမှ ကပျာကယာထ၍

"ဝင်ခဲ့ပါ။ ဝင်ခဲ့ပါ။ အန်ကယ်မျှော်နေတာ ကြာပြီ"

ဟု ပြောလိုက်လေ၏။ မမြနွယ်ဆိုသော မိန်းကလေးသည် ဖြုန်းခနဲမဝင်သေးဘဲ ဦးစိန်ဒေါင်း၏ မျက်နှာကိုအကဲခတ်၍ ကြည့်လိုက်လေ၏။


BURMESE CLASSIC .com

www.burmeseclassic.com

"မင်း ဘာကို ကြည့်နေတာလဲ။ ဦးစိန်ဒေါင်းဆိုတာ ငါပဲ"

ဟုဆိုကာ ဦးစိန်ဒေါင်းသည် မမြနွယ်အား သွားရည်များ စိုရွှဲနေသည့် သူ၏နှုတ်ခမ်းထူထူကြီးဖြင့် ပြုံးပြလိုက်လေ၏။

မမြနွယ်လည်း...

"အင်း...ဘယ်လိုလူကြီးလဲတော့ မသိဘူး။ သူ့ရဲ့ နှုတ်ခမ်းတွေကလည်း သူငယ်နာရှိတဲ့ လူလိုပဲ။ သွားရည်တွေက လည်း တရွှဲရွှဲစိုလို့ ပါလား။ ပြီးတော့ သူ့ရဲ့ ပြောပုံဆိုပုံကလည်း ငါ့ကို မင်းတွေ ငါတွေနဲ့။ သူ့ကိုယ်သူ လူပျိုပေါက်လေးများ အောက်မေ့နေသလား မသိပါဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘယ်လိုဖြစ်မယ် မပြောတတ်သေးဘူး"

ဟု တွေးတောကာ ယင်းအတွင်းသို့ ဝင်လိုက်လေ၏။

ထိုအခါ ဦးစိန်ဒေါင်းက...

"ပေး...ပေး။ မင်းလက်ထဲက ထီးကလေးကျုပ်ကိုပေး။ ကျုပ်ဟိုမှာသွားပြီး ထောင်ပေးထားမယ်။ နော်... နော်"

ဟု ပျာပျာသလဲ ပြောလိုက်လေ၏။ မမြနွယ်သည် အခန်းတစ်ခုလုံးခင်းထားသော မွေးရှည်ကော်ဇောကြီးကို မြင် သောကြောင့် သူ၏ဖိနပ်ကလေးကို ချွတ်လိုက်လေ၏။ ထိုအခါ ဦးစိန်ဒေါင်းက...

"အို...အို.. မချွတ်ပါနဲ့။ မချွတ်ပါနဲ့။ ဖိနပ်စီးလို့ ရပါ တယ်ကွယ့်"

www.burmeseclassic.com

ဟုဆိုကာ မမြနွယ်၏ခြေထောက်ကို ငုံ့ကြည့်လိုက်ရာ မြေနီလမ်းမှ ဖြတ်၍လာခဲ့သောကြောင့် မြေနီမှုန့်များ ကပ်နေသည်ကို တွေ့လျှင်…

"ဒီလမ်းက ဒီအချိန်ဆိုရင် တယ်ပြီးဖုန်ထူတာ ကလားကွယ်။ မင်းခြေထောက် ဖြူဖြူနုနုကလေးဟာ မြေနီတွေနဲ့ပေကုန်ပြီ။ နေဦး။ နေဦး"

ဟု ဦးစိန်ဒေါင်းက ဆိုကာ ဖိနပ်စင်မှ ဖိနပ်တိုက်သော ဘရပ်ရှ်ကိုယူ၍ မမြနွယ်၏ခြေခုံနှင့် ဖိနပ်သဲကြိုးကို ဘရပ်ရှ်နှင့် ပွတ်ပေးလေ၏။

"အို…မလုပ်ပါနဲ့။ ငရဲတွေ ကြီးကုန်ပါ့မယ်"

ဟု မမြနွယ်က ကန့်ကွက်ရာ ကော်ဇောပေါ်တွင် ဒူးကြီးနှစ်ဖက်ကို ထောက်၍ ဘရပ်ရှ်နှင့်ပွတ်နေသော ဦးစိန်ဒေါင်းက…

"ကြီးစမ်းပါစေ။ ငရဲဘယ်လောက်ကြီးကြီး မိန်းကလေးရဲ့ ခြေထောက်က မြေနီမှုန့်တွေ ပြောင်သွားရင် ကျုပ်စိတ်ချမ်းသာပါတယ်"

ဟုပြောလိုက်ရာ မမြနွယ်က…

"ကျွန်မ ကြီးမှာကို ပြောတာ"

ဟု ပြန်၍ ပြောလိုက်လေ၏။

"သြော်…ဒီလိုလား"

ဟုဆိုကာ ဦးစိန်ဒေါင်းသည် မတ် တတ်ထရပ်လိုက်လေ၏။ ထို့နောက် ဘရပ်ရှ်ကိုလှမ်း၍ ပစ်တင်လိုက်ပြီးလျှင်…


BURMESE CLASSIC .com

www.burmeseclassic.com

"ဟောဟိုမှာ ထိုင်ပါ"

ဟုဆိုကာ လှပခံ့ညားသော ဆိုဖာကုလားထိုင်ကြီးများကို ညွှန်ပြလေ၏။ မမြနွယ်လည်း အနီးရှိတစ်ယောက်ထိုင်ဆိုဖာတွင် ဝင်၍ ထိုင်လိုက်လေ၏။

"အို…မဟုတ်တာကွယ်။ ဒီခုံက ကျဉ်းပါတယ်။ ဟို ဘက်က နှစ်ယောက်တွဲဆိုဖာမှာ ထိုင်ပါ။ ကျယ်ကျယ်ဝန်းဝန်း ထိုင်စမ်းပါ"

ဟုဆိုကာ ဦးစိန်ဒေါင်းသည် မမြနွယ်၏ ပခုံးလေးနှစ်ဖက် ကို သူ၏ ထူထူကြမ်းကြမ်း လက်ကြီးနှစ်ဖက်ဖြင့် လာ၍ ကိုင်ကာ နေရာရွှေ့ပေးလေတော့၏။

ထို့ကြောင့် မမြနွယ်လည်း နှစ်ယောက်ထိုင်ဆိုဖာကြီးပေါ် သို့ ရွှေ့၍ထိုင်ရလေ၏။ ထိုအခါ ဦးစိန်ဒေါင်းသည် ဆိတ်သားရေ ဖြင့် ကျက်ထားသော ထိုင်ခုံအပုလေးကိုယူ၍ မမြနွယ်၏ရှေ့နား တွင် လာ၍ထိုင်ကာ သူ၏လက်ကြီးနှစ်ဖက်ကို ပွတ်ရင်း…

"ကျုပ်တော့ မင်းအတွက် စိတ်ကူးလို့ရသမျှ စီမံထားပါ တယ်။ အဲဒီအထဲက မင်းကြိုက်တာ မပါဘူးဆိုရင်တော့ ကျုပ် စိတ်ကူးညံ့တာပဲလို့ ကျုပ်ကိုယ်ကျုပ် အပြစ်တင်ရမှာပဲလေ။ ကော်ဖီမှုန့်ကောင်းကောင်းကို ထောပတ်တစ်ဖွန်းထည့်ခေါက်ပြီး နှပ်ထားတယ်။ ကော်ဖီသောက်ချင်ရင်လည်း အဆင်သင့်ပဲ။ ပြီး တော့ လစ်ပတန်လက်ဖက်ခြောက်လည်း နှပ်ထားတယ်။ လက်ဖက်ရည် သောက်ချင်ရင်လည်း အဆင့်သင့်ပဲ။ ပြီးတော့

www.burmeseclassic.com
မိန်းကလေးဆိုတာ အချဉ်အစပ်ကြိုက်တတ်တယ်လို့ သိထားတာနဲ့ ရွှေပုစွန်ခြောက်နိုင်းချင်းနဲ့ လက်ဖက်ချဉ်စပ်ကလေးလည်း သုပ်ထားတယ်။ နောက်ပြီး လျှာတွေ့လိုတွေ့ငြားဆိုပြီး ငါးရံ့ခြောက် နီနီရဲရဲကလေးတွေကို မီးဖုတ်ပြီး ဆီရွှဲရွှဲဆမ်းထားတယ်။ ကဲ…ပြောစမ်း။ မင်း ဘာစားမလဲ။ ကြိုက်တာပြောနော်။ အားမနာနဲ့။ ကျုပ်နဲ့ မရင်းနှီးသေးလို့ပါ။ ရင်းနှီးသွားရင် ဦးစိန်ဒေါင်းဆိုတဲ့ လူကြီးဟာ စိတ်ကောင်းသိပ်ရှိတာပဲလို့ မမြနွယ်သိသွားမှာပါ။ ဟီ…ဟိ''

ဟုပြော၍ လုပ်ရယ်ရယ်ကာ သူ၏ သွားရည်ရွှဲနေသော နှုတ်ခမ်းကြီးဖြင့် မချိုမချဉ်ပြုံးပြလိုက်လေ၏။

ထို့နောက် ဦးစိန်ဒေါင်းသည် မမြနွယ်၏အနီးတွင် စားပွဲပုကလေးကို ခင်း၍…

''ဟောဒါက လက်ဖက်ရည်၊ ဟောဒါက ကော်ဖီ၊ ဟောဒါက လက်ဖက်သုပ်နဲ့ ရေနွေးကြမ်း၊ ဟောဒါက ငါးရံ့ခြောက်၊ ဟောဒါကတော့ ကျုပ်သောက်ဖို့ဘရမ်ဒီ၊ ဟောဒါက ကျုပ်မြည်းဖို့ ချိုးစ်နဲ့ ကြက်သွန်ဖြူ''

ဟု စာပွဲထိုးတစ်ဦး ဟန်ပန်ဖြင့် ချပေးနေလေ၏။

မမြနွယ်၏ စိတ်၌မူ…

''ဒီလူကြီးကြည့်ရတာ မျက်နှာကလည်း မချိုမချဉ်နဲ့။ ငါ့ကို မတော်တရော်များ ကြံမလို့လား။ ဒီလိုလည်း မဖြစ်နိုင်ပါဘူးလေ။ သူ့အသက်က အတော်ကြီးပြီပဲ''


BURMESE CLASSIC .com

www.burmeseclassic.com

ဟုတွေးရင်း စိတ်၌ အနည်းငယ်မလုံမလဲဖြစ်ကာ သူ၏ လုံချည်စကလေးကို သေသပ်စွာဆွဲ၍ သူ၏ပေါင်ကို ဖုံးလိုက်လေ၏။ အင်္ကျီအောက်အနားများကိုလည်း ဆွဲချလိုက်လေ၏။

ထိုအခါ ဦးစိန်ဒေါင်းက…

"သိပ်ပြီးဝတ်တတ်၊ စားတတ်တာပဲကွယ်"

ဟု ချီးမွမ်းလိုက်ရာ မမြနွယ်၏ စိတ်၌…

"ဒီလူကြီး စိတ်မှကောင်းရဲ့လား မသိပါဘူး။ ငါ့ကိုများ သိပ်ပြီး ဝတ်တတ် စားတတ်တာပဲတဲ့။ သရက်ထည်လုံချည်နဲ့ ပဒုမ္မာအင်္ကျီဟာ အသက် (၆၀)ကျော်အဘွားကြီးတွေမှ ဝတ်တဲ့ ဟာမျိုးပဲ။ လူတိုင်းက ငါ့ကို မဝတ်တတ်၊ မစားတတ်ဘူးလို့ ကဲ့ရဲ့နေကြတာ။ ဒီလူကြီးနဲ့ကျမှ အချီးမွမ်းခံရတော့တာပဲ"

ဟု တွေးလိုက်လေ၏။ ဦးစိန်ဒေါင်းသည် မမြနွယ်၏ ရင်ဘတ်ဆီသို့ စိုက်၍ကြည့်နေလေ၏။ ထို့ကြောင့် မမြနွယ်၏ စိတ်ထဲ၌ မလုံမလဲဖြစ်လာပြန်လေ၏။

ထိုသို့ မလုံမလဲဖြစ်ရသော အကြောင်းထဲတွင် မနေ့ကမှ ဝယ်၍ ယခုမှဝတ်ခဲ့သော ဘော်လီအင်္ကျီသည် အနည်းငယ်ကျပ်၍နေသော အချက်လည်း ပါ၏။

ထို့ကြောင့် မမြနွယ်သည် သူ၏ရင်ဘတ်ကို ငုံ့၍ကြည့်လိုက်လေ၏။ သူ၏ ရင်သားအထက်ပိုင်းသည် ဘော်လီအင်္ကျီ၏ အထက်နှုတ်ခမ်းတွင် ပျို့အန်မောက်ကြွ၍ ထွက်ပြူနေသည်ကို သတိပြုမိလျှင် မမြနွယ်၏မျက်နှာသည် ရှက်စိတ်ကြောင့် နီရဲသွားလေ၏။


BURMESE CLASSIC .com

www.burmeseclassic.com

မမြနွယ်ရှက်၍သွားကြောင်းကို ရိပ်မိသွားသော ဦးစိန်ဒေါင်းသည် သူ၏မျက်လုံးကို ဘရမ်ဒီပုလင်းဆီသို့ လွှဲပစ်လိုက်ပြီးလျှင်…

“နောက်ကျမှ ပွင့်တဲ့ပန်းတွေက လှတတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တခြားပန်းတွေ ပွင့်တဲ့အခါမှာ သူက ရှက်လို့မပွင့်ဘူးလေ။ အဲဒီတော့ သူ့ရဲ့အလှမှာ အရှက်ဆိုတဲ့ ဟီရိဩတပ္ပတရားပါနေလေတော့ ခံ့ညားတဲ့အလှမျိုး ဖြစ်သွားတာပေါ့ကွယ်။ ဒီခေတ်အနေနဲ့ကြည့်မယ်ဆိုရင် မင်းဟာ အပျိုဟိုင်းစာရင်းကို ထည့်ရမလို ဖြစ်နေပြီနော်။ ဒါပေမဲ့ဟေ့… ဆင်မှာလည်း ‘ဟိုင်း’ ဟာ ခိုင်းကောင်းတယ်ကွယ့်။ စိတ်မဆိုးနဲ့နော်။ ကျုပ်က ရင်းရင်းနှီးနှီး ပြောတတ်လို့ပါ။ စားလိုက်ပါဦး။ စားလိုက်ပါဦး”

ဟု ဦးစိန်ဒေါင်းက ပြောသဖြင့် မမြနွယ်သည် လက်ဖက်အနည်းငယ်ကို ဇွန်းဖြင့်ကော်၍ စားလိုက်လေ၏။

ထိုအခါ ဦးစိန်ဒေါင်းသည် ရေနွေးကြမ်းပန်းကန်အတွင်းသို့ ရေနွေးငှဲ့ပေးရင်း..

“ငါးရံ့ခြောက်လေး မြည်းလိုက်စမ်းပါဦးကွယ်”

ဟုဆိုကာ ငါးခြောက်ပန်းကန်ကိုမ၍ မမြနွယ်၏ လက်အတွင်းသို့ အတင်းထည့်လေ၏။ ထို့ကြောင့် မမြနွယ်လည်း ငါးခြောက်တစ်မျှင်ကို ယူ၍ စားရပြန်၏။

“ဆားမငံပါဘူးကွယ်။ ဆားပေါ့ခြောက်ကလေးပါ။ လုပ်ပါဦး။ လုပ်ပါဦး။ နောက်တစ်ခု မြည်းစမ်းပါဦး။ ဟောဒီမှာ


BURMESE CLASSIC .com

ရေနွေး။ လက်ဖက်ခြောက်ကလည်း စော်ဘွားနှုတ်ခမ်းမွေးနဲ့ တရုတ်က လာတဲ့ မျောက်ဖြူခြောက်လေး ရောပြီး ခတ်ထားတာ။ အလွန့်ကိုမွှေးပြီး အလွန့်ကို အရသာရှိတာကလားကွယ်"

ဟုဆိုကာ ဦးစိန်ဒေါင်းသည် မမြနွယ်၏လက်တွင်းသို့ ရေနွေးကြမ်းပန်းကန်ကို အတင်းထိုးပေးလေတော့၏။

မမြနွယ်သည် ရေနွေးပန်းကန်ကို လှမ်းယူကာ သောက်ရပြန်၏။ ဦးစိန်ဒေါင်း၏ ဧည့်ဝတ်ပြုပုံမှာ ပျာပျာသလဲနိုင်လှ၏။ ဧည့်ဝတ်ပြုခံရသူအဖို့ မျက်စိနောက်၍ စိတ်ညစ်စရာပင် ကောင်းလှပေ၏။

မမြနွယ်သည် ရေနွေးအနည်းငယ်ကို သောက်၍ ရေနွေးပန်းကန်ကို အောက်သို့ချလိုက်ပြီးနောက်...

"ကျွန်မ အချိန်သိပ်မရှိဘူး။ ကျွန်မနဲ့ တွေ့ချင်တဲ့ကိစ္စကို ပြောစရာရှိတာ အမြန်ဆုံးပြောပါရှင်"

ဟု ပြောလိုက်ရာ။ ဦးစိန်ဒေါင်းက..

"ဒီလိုမလုပ်ပါနဲ့ မိန်းကလေးရယ်။ ဒီလောက်အဝေးကြီးက လာပြီး ကျန်းခန့်သာလို့ မာပါစဆိုတဲ့ နှုတ်ခွန်းဆက်စကားလောက်ပြောပြီး ပြန်သွားလို့ ဘယ်ဖြစ်ပါ့မလဲကွယ်။ ပြောစရာရှိတာလေး ပြည့်ပြည့်စုံစုံ ပြောကြတာပေါ့"

ဟု ပြောလိုက်လေ၏။

"ကျွန်မအနေနဲ့ ဘာမှပြောစရာ မရှိပါဘူး။ ဦးလေးက မှာလို့ ကျွန်မလာရတာပဲ"



BURMESE CLASSIC .com

www.burmeseclassic.com

ဟု မမြနွယ်က ပြန်၍ ပြောလိုက်လေ၏။

ထို့နောက် ဦးစိန်ဒေါင်းသည် ဖန်ကလပ်ကလေးအတွင်းသို့ ဘရမ်ဒီအရက်အနည်းငယ်ကို ငှဲ့ထည့်ပြီးလျှင် ဖန်ကလပ်ကို လက်နှင့် မြှောက်၍...

"မမြနွယ်တစ်ယောက် အသက်ရှည်ပြီး ပျော်ရွှင်ချမ်းမြေ့ပါစေဗျာ"

ဟု အရက်သမားမေတ္တာပို့ဖြင့် မေတ္တာပို့ဆုတောင်းပြီးလျှင် ဖန်ကလပ်လေးကို နှုတ်ခမ်းဖြင့်တေ့၍ 'ကျွိ'ခနဲ တစ်ချက် စုတ်ယူလိုက်လေ၏။

"မင်းလည်း မနစ်နာစေရပါဘူးကွယ်။ ကျုပ်က မျှမျှတတဖြစ်အောင် လုပ်မှာပါ။ စိန်ဒေါင်းဟာ စိတ်ကောင်းရှိတဲ့ လူကြီးပါကွယ်။ စိတ်ကောင်းရှိတဲ့ လူများ တယ်လည်း ဆုဖြိုးတာကိုး။ ဟောဒီမှာ ကြည့်စမ်း။ ကျုပ်ဘယ်လောက် စိတ်ကောင်းရှိသလဲဆိုတာ ကျုပ်ရဲ့ ခန္ဓာကိုယ်အတ္တဘောကြီးက သက်သေခံပါလိမ့်မယ်"

ဟုဆိုကာ ဦးစိန်ဒေါင်းသည် ပိဿာကိုးဆယ်ခန့်ရှိသောသူ၏ ခန္ဓာကိုယ်ကြီးကို ဘယ်ယိမ်းညာယိမ်း လှုပ်ယမ်းပြလေ၏။

ထို့နောက် ဖန်ကလပ်အတွင်းမှ အရက်များကို တစ်ကျိုက်တည်းဖြင့် ကုန်အောင် စုတ်ယူလိုက်လေ၏။

"ကဲပါရှင်။ ကျွန်မကို ဘာပြောမှာလဲ။ ပြောပါ။ ကျွန်မ ပြန်ပါရစေတော့"

ဟု မမြနွယ်က ညည်းသံလေးဖြင့် ပြောလိုက်လေ၏။

"ဒီလိုပါ မိန်းကလေးရဲ့။ ပြောစရာတွေတော့ အများကြီးပဲ။ ပထမဆုံး ပြောချင်တာကတော့ မင်းရဲ့အဖေကိုဖိုးနဲ့ ကျုပ်နဲ့ဟာ သေချင်းပေါင်း၊ ရှင်ချင်းပေါင်း ညီအစ်ကိုလို ခင်ကြတဲ့ သူငယ်ချင်းတွေပဲ။ ဒါပေမဲ့ တို့နှစ်ယောက်အကြောင်းကို သိတဲ့လူက နည်းတယ်။ မင်းအဖေ ကိုဖိုးဟာ အစစအရာရာတော်ပါတယ်။ ဒါပေမဲ့ မိန်းမကို ညှဉ်းပန်းနှိပ်စက်တဲ့ နေရာမှာတော့ နှစ်ယောက်မရှိဘူးကွယ့်။ မင်းအမေကိုများ တစ်ခါတစ်ခါ ရိုက်လိုက်ရင် ကျွဲရိုက်နွားရိုက်ပဲဟေ့။ မင်းအမေ အသက်တိုတာဟာ မင်းအဖေကိုဖိုးနှိပ်စက်တဲ့ ဒဏ်တွေကွယ့်"

ဟု ဦးစိန်ဒေါင်းက ပြောလျှင် မမြနွယ်က ခေါင်းကို တွင်တွင်ခါ၍…

"လုံးဝမဟုတ်ဘူး။ ကျွန်မဖေဖေဟာ ကျွန်မမေမေကို လုံးဝရိုက်တယ်လို့ မကြားမိဘူး။ မေမေကလည်း တစ်ခါမှ အဲဒီလို ပြောမသွားခဲ့ဘူး။ မေမေသေတာဟာ ချောင်းဆိုးသွေးပါရောဂါနဲ့ သေတာ"

ဟု လေသံမာမာဖြင့် ပြန်၍ ပြောလိုက်လေ၏။

"မင်းအမေက သူ့ကိုရိုက်တာ မင်းကို ဘယ်ပြောမလဲကွယ်။ ယောကျ်ားကို အရိုက်အနက်ခံပြီး ပေါင်းသင်းရတဲ့ အတတ်ကို မင်းအမေက မင်းကို သင်ပေးပါ့မလား။ မင်းအမေ သေတာ ချောင်းဆိုးသွေးပါရောဂါနဲ့ သေတယ်ဆိုတာ ဟုတ်ပါတယ်။ မင်းအဖေရိုက်လို့ အဆုတ်မှာ ဒဏ်ဖြစ်သွားတာ"



BURMESE CLASSIC .com

www.burmeseclassic.com

ဟု ဦးစိန်ဒေါင်းက ပြောလိုက်လေ၏။

"ကျွန်မကို ပြောစရာရှိတယ်ဆိုတာ ဒါအကုန်ပဲလား။ ကျွန်မပြန်မယ်"

ဟု မမြနွယ်သည် ထိုင်ရာမှ ထလိုက်လေ၏။ ထိုအခါ ဦးစိန်ဒေါင်းက လက်ကိုဆွဲချ၍…

"ထိုင်စမ်းပါဦးကွယ်။ ကျုပ်ပြောချင်တာက ဒါမဟုတ်ပါဘူး။ ဒါက နိဒါန်းပါ။ မင်းအဖေနဲ့ ကျုပ်နဲ့ သိပ်ပြီးခင်တယ်"

ဟု ပြော၍ ဦးစိန်ဒေါင်းသည် စကားကိုရပ်လိုက်လေ၏။

"ခင်တဲ့အကြောင်း ပြောပြီးပြီပဲ။ ခင်တော့ ဘာဖြစ်သလဲ"

ဟု မမြနွယ်က ဆိုဖာပေါ်၌ ပြန်၍ထိုင်ရင်း မေးလိုက်လေ၏။ ထိုအခါ ဦးစိန်ဒေါင်းသည် လေသံကို နှိမ့်နိုင်သမျှနှိမ့်၍..

"ဒီလိုကွယ့်။ မင်းအဖေဟာ သူဌေးအိမ်ကိုတက်ပြီး ဓားပြတိုက်တယ်။ ပြီးတော့ သူဌေးကို အခန်းထဲမှာ သေနတ်နဲ့ ပစ်သတ်ထားခဲ့တယ်"

ဟု ပြောလိုက်ရာ မမြနွယ်က…

"မ… မ… မဟုတ်ပါဘူး။ ရှင်ဘာတွေ ပြောနေတာလဲ"

ဟု အထစ်ထစ်အငေါ့ငေါ့နှင့် ကန့်ကွက်လိုက်လေ၏။

"ဒါတွေဟာ အဖြစ်မှန်ပဲ မိန်းကလေးရယ်။ ကြာလည်း ကြာခဲ့ပါပြီ။ ဘာဖြစ်လို့ မင်းက ဖုံးထားရတာလဲ။ မင်းသိပ်မိုက်


BURMESE CLASSIC .com

တယ်။ မလိမ္မာဘူး။ မင်း မကျန်းမာဘူး။ ကျန်းမာရေးကောင်းတဲ့ လူတွေမှ အမှန်ကိုဝန်ခံရဲတာ။ မင်းနဲ့ ငါနဲ့ အမှန်တရားတွေ စကားပြောကြမယ်။ အမှန်တရားကို ရှေးရှုကြမယ်။ ပေါ်ပေါက်လာတဲ့ ပြဿနာတွေကို ငါက ကာကွယ်ပေးမယ်။ ငါဟာ ကျန်းမာတယ်။ ငါ့ရဲ့ခန္ဓာကိုယ်ကို ကြည့်စမ်း။ ပိဿာကိုးဆယ် ကျော်တယ်။ အဲဒါဟာ ကျန်းမာကြောင်း ဖော်ပြတာပဲ။ ဒါကြောင့် ငါဟာ အမှန်ကို ရင်ဆိုင်ရဲတယ်"

ဟု ဦးစိန်ဒေါင်းက ပြောလိုက်လျှင် မမြနွယ်သည် ငြိမ်၍ သွားလေ၏။ ထို့နောက် ထိုင်နေရာမှ ရုတ်တရက် ထ၍ထွက်သွားရန်လည်း တွေးမိ၏။ သို့ရာတွင် မထဖြစ်ဘဲ တစ်စုံတစ်ရာကို ပြန်လည်တွေးမိလေတော့၏။

ထိုအချိန်၌မှာပင် ဦးစိန်ဒေါင်းကြီးသည် မေးခွန်းများ တစ်ခုပြီးတစ်ခု ထုတ်နေလေ၏။ မမြနွယ်ကလည်း ထိုမေးခွန်းများကို ပြင်းပြင်းထန်ထန် ကန့်ကွက်ငြင်းဆန်နေလေ၏။

"ဒီမှာ မိန်းကလေး။ မင့်အဖေကိုဖိုးဟာ 'သတိုးမှန်စိန်တိုက်'က စိန်သူဌေးဦးဘရွှေနဲ့ သူ့ဒရဝမ် ဝိုင်းမောင်ဆိုတဲ့ကောင်ကို သေနတ်နဲ့ ပစ်သတ်ခဲ့တယ်"

"မဟုတ်ဘူး။ ကျွန်မဖေဖေ လုံးဝမသတ်ခဲ့ဘူး"

"မင်းအဖေ ကြိုးပေးခံရတာ အဲဒီအမှုနဲ့ ကြိုးပေးခံရတာ။ မင်း ဘာငြင်းနေတာလဲ"

"ကျွန်မ ဒါတွေ လုံးဝမသိဘူး"



BURMESE CLASSIC .com

www.burmeseclassic.com

“မင်း မသိလို့ မရဘူးကွ”

“အဖေသေတာ နှစ်ဆယ့်သုံးနှစ်ရှိပြီ။ ကျွန်မအသက်က ခုမှ နှစ်ဆယ့်သုံးနှစ် ရှိသေးတာ။ အဖေသေတော့ ကျွန်မတောင် မမွေးရသေးဘူး။ ကျွန်မ ဘယ်လိုလုပ် သိမှာလဲ”

“ငါမေးနေတာက မင်းအဖေကို သိတာ၊ မသိတာ အကြောင်းမဟုတ်ဘူး။ မင်းအဖေထားခဲ့တဲ့ စိန်ရွှေရတနာတွေကို မင်းသိလိမ့်မယ်”

“ကျွန်မ မသိဘူး။ ကျွန်မမှာလည်း မရှိဘူး။ စိန်မပြောနဲ့။ ပုလင်းကွဲတောင် မရှိဘူး”

“ဒီမှာ မိန်းကလေး။ ငါ့နာမည် ‘စိန်ဒေါင်း’တဲ့။ မရ ရတဲ့နည်းနဲ့ တောင်းရတာပေါ့ကွယ်။ အသားနာပြီးမှ ပေးမလား။ အသားမနာဘဲနဲ့ ပေးမလား။ ဒါကိုပဲ စဉ်းစားပါ”

“ကျွန်မ ပြောပြီးပါပကောလား။ ကျွန်မမှာ စိန်နဲ့တူတာ ပုလင်းကွဲတောင် မရှိဘူးလို့။ အသားမနာဘဲလည်း ပေးစရာမရှိဘူး။ အသားနာရင်လည်း နာတာပဲရှိမယ်။ ပေးစရာမရှိဘူး”

အထက်ပါအတိုင်း ပြောဆိုပြီးနောက် မမြနွယ်သည် ထိုင်ရာမှ ဆတ်ခနဲထ၍ ဝင်လာခဲ့သော တံခါးမကြီးဆီသို့ သုတ်ခြေတင်၍ ပြေးလေတော့၏။ သို့ရာတွင် ထိုတံခါးကြီးကို ဦးစိန်ဒေါင်းက မည်သည့်အချိန်က ပိတ်ထားလိုက်သည်မသိ။ ထိုတံခါးကြီးသည် ပိတ်လျက်သား ရှိနေလေတော့၏။

www.burmeseclassic.com

သံမင်းတုန်းကြီးလည်း ထိုးထား၏။ ထို့ပြင် ယောက်ျား ကြီးလက်သီးဆုပ်ထက်ကြီးသော အာမခံသော့ခလောက်ကြီး လည်း ခတ်ထားသည်ကို တွေ့ရ၏။ ထိုအခါ မမြနွယ်သည် တံခါးကို တဒုန်းဒုန်းထုကာ ချုံးပွဲချ၍ ငိုလေတော့၏။

ထိုအခါ ဦးစိန်ဒေါင်းသည် သူ့အင်္ကျီအိတ်အတွင်းမှ သော့ တံကလေးကို ထုတ်၍...

"အပြင်ကို သွားချင်လို့လား မိန်းကလေး။ ဟောဒီမှာ သော့ကွယ့်"

ဟု ဆိုလိုက်ရာ မမြနွယ်သည် ဦးစိန်ဒေါင်းကို လှည့်၍ ကြည့်လိုက်လေ၏။ ဦးစိန်ဒေါင်းသည် သော့တံလေးကို ကြိုးမှ ကိုင်၍ လှုပ်ယမ်းပြရင်း...

"ဒီလောက်ညံ့ရင် လူဆိုးလုပ်လို့ ဖြစ်ပါ့မလား မိန်း ကလေးရယ်။ စိန်ဒေါင်းဆိုတာ လူဆိုးကွယ့်။ လူဆိုးမှ လူဆိုးတွေ အားလုံးက လူဆိုးထဲမှာ စိန်ဒေါင်းဟာ အညစ်ဆုံးပဲလို့ အပြောခံ ရတဲ့ လူဆိုးမျိုး။ နားလည်ပြီလား မိန်းကလေး"

ဟု ပြောဆိုကာ အသံနက်ကြီးဖြင့် တအားအော်ရယ် လိုက်လေတော့သတည်း၊

"ဟား...ဟား...ဟား....ဟား...ဟား"

◆

www.burmeseclassic.com

အခန်း(၂)

ဦးစိန်ဒေါင်းသည် ဆော့ကုလားထိုင်ကြီးပေါ်တွင် ထိုင်၍ ကုလားထိုင်ကို ရှေ့တိုးနောက်ငင် လှုပ်ယမ်း၍ ဆော့နေလေ၏။ သွားရည်များစိုရွှဲနေသည့် သူ၏နှုတ်ခမ်းကြီးသည် ပြုံးစစဖြစ်နေလေ၏။ မချိုမချဉ်မျက်နှာဖြင့် မမြနွယ်ကိုလှမ်း၍ ကြည့်နေလေ၏။

မမြနွယ်သည် ငိုနေရာမှ အံကို ကြိတ်လိုက်၏။ သူ၏ မျက်နှာ၌လည်း တစ်စုံတစ်ရာစဉ်းစားနေဟန် ပေါ်၏။ ထိုအခါ ဦးစိန်ဒေါင်းက…

“ကယ်တော်မူကြပါလို့ အော်မလို့လား။ ဟိုမှာ နာရီ ကြည့်စမ်း။ ငါးနာရီထိုးပြီ”

ဆိုကာ တိုင်ကပ်နာရီကို လှမ်း၍ပြလိုက်လေ၏။ မမြနွယ် လည်း နာရီကို လှမ်း၍ကြည့်လိုက်လေ၏။ ငါးနာရီထိုးနေပြီဖြစ် ကြောင်းလည်း တွေ့ရလေ၏။

“ဒီအချိန်မျိုးမှာ ဒီဘက်ကို လူသွားလူလာဆိုလို့ မရှိ သလောက်ရှားတယ် မိန်းကလေး။ မင်းအော်လည်း အပိုပဲ။ သဃ်န်းကျွန်းဘူတာကို လေးဖာလုံလောက်လျှောက်မှ ရောက် မယ်ဆိုတာ မင်းသိမှာပေါ့။ ဟောဒီခြံထောင့်မှာလည်း လယ်ကွင်း ပဲရှိတယ်။ အရှေ့မှာက ရထားလမ်း။ ခြံစည်းရိုးကလည်း လက်ခုပ်တစ်ဖောင်လောက်မြင့်တဲ့ အုတ်တံတိုင်းကြီးကွယ့်။ ပြီး


BURMESE CLASSIC .com

www.burmeseclassic.com
တော့ ကြခတ်ဝါးတွေကို စိတ်နေအောင်စိုက်ထားတယ် ဆိုတာကို လည်း မင်းသတိထားမိမှာပေါ့။ တစ်အောင့်လောက်ဆိုရင် နေဝင် သွားပြီ မိန်းကလေး။ မင်းဟာမင်း အော်ချင်အော်၊ ငိုချင်ငို၊ ဘယ်သူမှ မကြားရတော့ဘူး။ လာပါ မိန်းကလေးရယ်။ ဟောဒီ ဆိုဖာပေါ်မှာ စိတ်အေးလက်အေး ထိုင်လိုက်စမ်းပါ။ ကျုပ်လေ မိန်းကလေးကို မုန်းစရာကောင်းတဲ့ စကားတွေ မပြောချင်ဘူး။ လာပါ မိန်းကလေးရယ်။ လှပပြီး ချစ်စရာကောင်းတဲ့ ကျောက် မျက်ရတနာတွေအကြောင်း ပြောကြရအောင်ကွယ်။ မင်းအဖေ မသေခင်က ထားခဲ့တဲ့ ကျောက်မျက်ရတနာတွေလေ''

ဟု ဦးစိန်ဒေါင်းက ပြောလိုက်လေ၏။

''ကျွန်မ ဘာမှမသိဘူးလို့ ပြောပြီးပါပကောလား ဦး လေးရယ်။ ကျွန်မကို ဒုက္ခမပေးပါနဲ့။ ကျွန်မ မမွေးခင်က အဖြစ်အပျက်တွေကို ကျွန်မ ဘယ်လိုလုပ်သိမှာတုံး''

ဟု မမြနွယ်က ပြန်၍ ပြောလိုက်လေ၏။ ဦးစိန်ဒေါင်း သည် ကုလားထိုင်ပေါ်မှထ၍ မမြနွယ်ရှိရာသို့ ဣန္ဒြေရရ လျှောက်လာပြီးလျှင် မမြနွယ်၏ ညာဘက်လက်ကလေးကို လက်ကောက်ဝတ်မှ ဖမ်းကိုင်၍ တအားဆွဲလိမ်လိုက်လေ၏။ လက်ကလေးသည် မမြနွယ်၏ ကျောဘက်သို့ ရောက်သွားလေ ၏။ နာကျင်လွန်းသဖြင့် မမြနွယ်သည် 'အမေ့'ဟု အော်လိုက် လေ၏။ ဦးစိန်ဒေါင်းက လက်ကိုဆက်၍ လိမ်လိုက်ပြန်ရာ မမြ နွယ်သည် ခြေဖျားကလေးနှစ်ဖက်ကို ထောက်၍ ကျောကလေး ကော့သွားလေ၏။


BURMESE CLASSIC .com

www.burmeseclassic.com

"စိန်တွေ ဘယ်မှာလဲ။ စိန်တွေ ဘယ်မှာလဲ။ မင်းအဖေကိုဖိုး 'သတိုးမှန်' စိန်တိုက်ပိုင်ရှင် ဦးဘရွှေနဲ့ ဒရဝမ်ဝိုင်းမောင်ကိုသတ်ပြီး ယူသွားတဲ့ စိန်တွေလေ"

ဟု ဦးစိန်ဒေါင်းက အံကြိတ်သံကြီးဖြင့် မေးလိုက်လေ၏။

"မသိပါဘူးရှင်။ မသိရပါဘူး"

ဟု မမြနွယ်က ငို၍ပြောရာ ဦးစိန်ဒေါင်းက…

"မသိဘူး ဟုတ်လား။ မသိဦးဟယ်။ မသိဦးဟယ်"

ဟုဆိုကာ မမြနွယ်၏ မျက်နှာလှလှလေးကို သူ၏လက်ဝါးကြမ်းကြီးဖြင့် တဖြန်းဖြန်းရိုက်လေတော့၏။

မမြနွယ်၏ ပါးစပ်မှ သွေးများ စီးကျလာလေတော့၏။ ထို့နောက် ဦးစိန်ဒေါင်းသည် မမြနွယ်အား လက်ကို လိမ်လျက်သားကိုင်၍ နံရံဘက်သို့ တွန်းသွားပြီးလျှင် နံရံမှ မီးခလုတ်များကို ဖွင့်လိုက်လေ၏။ ထို့နောက် အခန်းထောင့်သို့ ပစ်၍တွန်းလိုက်ရာ မမြနွယ်သည် အခန်းထောင့်တွင် ခွေခွေလေး လဲကျသွားလေတော့၏။

ထိုအခါ ဦးစိန်ဒေါင်းသည် နံရံတွင်ချိတ်ထားသော လိပ်ကျောက်မြီးကိုဖြုတ်၍ နမ်းလိုက်ပြီးလျှင် ခွေခွေလေးလဲကျနေသော မမြနွယ်အား 'ရွှမ်း' ခနဲ ရိုက်လိုက်လေတော့၏။

"ပြော‥ ဘယ်မှာလဲ စိန်တွေ"

"မသိပါဘူးရှင်"

"ရွှမ်း"


BURMESE CLASSIC .com

www.burmeseclassic.com

"မသိပါဘူးရှင်။ ကျွန်မကို သနားပါ"

"ရှမ်း…ရှမ်း…ရှမ်း"

ဦးစိန်ဒေါင်းသည် လိပ်ကျောက်မြီးဖြင့် တရစပ်ရိုက်လေတော့၏။ မမြနွယ်၏အင်္ကျီများ စုတ်ပြဲကုန်လေတော့၏။ တစ်ကိုယ်လုံး အရှိုးများ ထင်နေလေတော့၏။ နာကျင်ခြင်း၊ ကြောက်လန့်ခြင်းတို့ကြောင့် တစ်ကိုယ်လုံး တုန်နေလေတော့၏။

ဦးစိန်ဒေါင်းသည် စိတ်ကြိုက်ရိုက်ပြီးနောက် ကြာပွတ်ကို ဆိုဖာပေါ်သို့ ပစ်တင်လိုက်ပြီးလျှင် စားပွဲဆီသို့သွား၍ ဘရမ်ဒီ ပုလင်းကိုဖွင့်ကာ ဘရမ်ဒီကိုဖန်ကလပ်အတွင်းသို့ ငှဲ့နေလေ၏။ မမြနွယ်သည် ကြောက်လွန်း၍ အသားများတဆတ်ဆတ်တုန်၍ နေလေ၏။ ထို့နောက် မကြည့်ရဲ ကြည့်ရဲဖြင့် ဦးစိန်ဒေါင်းကို လှမ်း၍ကြည့်လေ၏။ ပြီးလျှင် သူ၏စိတ်တွင်း၌…

"ဒီလူကြီးဆီမှာ ငါအသနားခံနေလို့လည်း ချမ်းသာရာရမှာမှ မဟုတ်ဘဲ။ ဒီတော့ ရှိသမျှခွန်အားနဲ့ ခုခံရမှာပဲ"

ဟု ဆုံးဖြတ်ကာ တစ်ရှိန်ထိုး ထ၍ပြေးလေ၏။ ဆိုဖာပေါ်သို့ တက်၏။ ဘရမ်ဒီပုလင်းကို ကောက်၍ကိုင်၏။ ဦးစိန်ဒေါင်း၏။ ခေါင်းပြောင်ပြောင်ကြီးကို အပေါ်စီးမှ 'ခွပ်'ခနဲ ရိုက်ချလိုက်လေတော့၏။

ဦးစိန်ဒေါင်းမှာမူ မမူလောက်ဟု သဘောထားကာ ပမာမခန့်လုပ်နေသောကြောင့် အငိုက်ခံလိုက်ရ၏။ ဦးစိန်ဒေါင်းသည် ပထမတစ်ချက်နှင့်ပင် ဒယိမ်းဒယိုင်ဖြစ်သွား၏။

www.burmeseclassic.com
ငှင်း၏လက်တွင်းမှ ဖန်ကလပ်လည်း လွတ်ကျသွား၏။ မမြနွယ်သည် နောက်ထပ်တစ်ချက် 'ဂွပ်'ခနဲ ရိုက်ချလိုက်ပြန်၏။ ခေါင်းမှသွေးများ ဖြာထွက်လာ၏။ ပုလင်းလည်း ကွဲသွား၏။

ဦးစိန်ဒေါင်းသည် ဒယိမ်းဒယိုင်နှင့် ရှေ့သို့ တိုးလာ၏။ မမြနွယ်သည် ပုလင်းကွဲအစဖြင့် မျက်နှာကို ဆောင့်၍ထိုးလိုက်၏။ ဦးစိန်ဒေါင်းသည် နောက်သို့ 'ဝုန်း'ခနဲ ပြိုလဲ၍ကျသွားကာ ငြိမ်သက်သွားလေတော့၏။

မမြနွယ်သည် ကြာပွတ်ကိုကောက်ယူ၍ ဦးစိန်ဒေါင်း၏ တစ်ကိုယ်လုံးကို တရှမ်းရှမ်းရိုက်လေတော့၏။

ထိုအချိန်မှာပင် အခန်း၏အခြားတစ်ဖက်မှ တံခါးတစ်ချပ်သည် 'ကျွီ'ခနဲ ပွင့်လာသဖြင့် မမြနွယ်သည် အသံလာရာဆီသို့ လှမ်း၍ကြည့်လိုက်လေ၏။

လူငယ်တစ်ယောက်သည် တံခါးဝတွင် ခါးထောက်၍ရပ်ရင်း မမြနွယ်အား...

''တယ်လည်း လက်ရဲပါလား။ ဟား...ဟား...ဟား''

ဟု ရယ်မောလိုက်လေ၏။ မမြနွယ်သည် မိမိ၏ ပြေးပေါက်ပိတ်နေသော အဖြစ်၊ မိမိ၏ ကျူးလွန်မိသော အဖြစ်တို့ကို တစ်မုဟုတ်ချင်းတွေးမိကာ...

''ကယ်တော်မူကြပါ''

ဟုအော်ရင်း လဲကျမေ့မြောသွားလေတော့သတည်း။

◆


BURMESE CLASSIC .com

အခန်း(၃)

မမြနွယ် ပြန်လည်သတိရလာသောအခါ၌ ကုလားထိုင်ပေါ်တွင် ထိုင်လျက်သားဖြစ်နေသည်ကို သတိပြုမိလေတော့၏။ သူသည် ကုလားထိုင်မှထရန် ကြိုးစား၏။ ကုလားထိုင် အနည်းငယ်လှုပ်သွား၏။ သူ၏ခြေထောက်နှစ်ဖက်မှာမူ လှုပ်၍ မရ။ ခြေချင်းဝတ်မှနေ၍ ကြိုးများချည်ထားသည်ကို တွေ့ရ၏။ လက်များကိုမူ ကုလားထိုင်လက်ရန်းဖြင့် ပူး၍ချည်ထားသည်ကို သတိပြုမိ၏။ သူသည် ကိုယ်ကိုလှုပ်ရန် ကြိုးစား၏။ ကုလားထိုင်သည် ထပ်၍လှုပ်သွား၏။ ကုလားထိုင်နှင့် ဆက်သွယ်ထားသော ကြိုးကလေးပါ လှုပ်ယမ်းသွား၏။ ထိုအခါ၌မူ ခေါင်းလောင်းသံ ဖြည်လာလေ၏။

မမြနွယ်သည် ၎င်း၏ ခေါင်းပေါ်တည့်တည့်မှ ခေါင်းလောင်းကလေးကို မော့၍ကြည့်လိုက်၏။ ၎င်းလှုပ်လိုက်တိုင်း ကုလားထိုင်သည် လှုပ်၍သွား၏။ ကုလားထိုင်လှုပ်တိုင်း ခေါင်းပေါ်မှခေါင်းလောင်းလေးကလည်း လှုပ်ယမ်းသွားကာ အသံဖြည်လာကြောင်းကို သတိပြုမိလေတော့၏။

ထိုအခါ မမြနွယ်သည် ဆက်၍မလှုပ်တော့ဘဲ ပတ်ဝန်းကျင်ကို လှေ့လာကြည့်ရှုလိုက်လေ၏။ သူပုလင်းနှင့်ရိုက်ခဲ့သော ဦးစိန်ဒေါင်းကြီးသည် ဆော့ကုလားထိုင်ပေါ်တွင် အိပ်ပျော်နေပြီ

ဖြစ်၏။ အနီးတွင်လည်း ဇလုံကြီးတစ်လုံးနှင့် မျက်နှာသုတ်ပဝါ ရေစိုကြီးတစ်ခုကို တွေ့လေ၏။ ဇလုံကြီးအတွင်း၌မူ ချင်းချင်းနီ နေသော ရေများကို တွေ့ရလေ၏။

“ဒါလောက်ရိုက်တာတောင် ဒီလူကြီးမသေဘဲကိုး။ တော်တော်အသက်ပြင်းတဲ့ ပြိတ္တာကြီး။ ငါ့ကိုတော့ သူ့တပည့် ဟိုကောင်က ထပ်ပြီးနှိပ်စက်ဦးမှာပဲ။ ဒီကောင့်ကိုလည်း အလစ်မှာ နှံ့ရမှာပဲ”

ဟု တွေးတောနေစဉ်မှာပင် အခြားသော အခန်းတံခါး သည် ပွင့်လာပြီးလျှင် လူငယ်သည် ဝင်လာလေ၏။

ထို့နောက် လူငယ်သည် မမြနွယ်အား တုတ်နှောင်ထား သော ကြိုးများကို ဖြေပေးလိုက်လေ၏။ ထို့နောက် လူငယ်သည် သူ၏အိတ်အတွင်းမှ ဒန်ရောင်စီးကရက်ဘူးကလေးကိုထုတ်၍ ထောက်ခနဲဖွင့်ကာ စီးကရက်ဘူးကို မမြနွယ်ဘက်သို့ ထိုး ပေးရင်း…

“စီးကရက်သောက်တတ်ရင် သောက်ပါဗျ”

ဟု ပြောလိုက်ရာ မမြနွယ်က…

“ကျွန်မ မသောက်တတ်ဘူး”

ဟု ပြန်၍ပြောလိုက်လျှင် လူငယ်သည် စီးကရက် တစ်လိပ်ကိုထုတ်၍ ငှင်းဘာသာ မီးညှိရှိုက်ဖွာရင်း…

“ခင်ဗျားသိပ်တော်တယ်။ ဒီလူကြီးကို ဒီလိုရိုက်ဝံ့တယ်ဆိုတာ တော်တော့်သတ္တိမျိုး မဟုတ်ဘူး။ သတ္တိကိုတော့ သဘောကျသွားပြီ”

ဟု လူငယ်က ပြောလိုက်လျှင် မမြနွယ်သည် ဆော့ကုလားထိုင်ပေါ်တွင် အိပ်မောကျလျက်ရှိသော ဦးစိန်ဒေါင်းကြီးအား လှမ်း၍ကြည့်လိုက်လေ၏။

“ကြည့်မနေပါနဲ့ဗျာ။ သေပါပြီဗျ။ သေရုံတင်မကဘူး။ ဒီလူကြီး ငရဲပြည်တောင် ရောက်သွားပြီထင်တယ်”

ဟုပြော၍ လူငယ်သည် စီးကရက်မီးခိုးများကို မှုတ်ထုတ်လိုက်လေ၏။ မမြနွယ်သည် လူငယ်၏ မျက်နှာကို လှမ်း၍ကြည့်လိုက်လေ၏။

“ခင်ဗျားအဖေဦးဖိုးနဲ့ ဟောဒီဦးစိန်ဒေါင်းကြီးဟာ အတူ ဓားပြတိုက်ဖက်ဗျ။ သတိုးမှန်စိန်တိုက်ကို ဦးဖိုးတက်ပြီး ဓားပြတိုက်တဲ့အခါမှာ ဟောဒီ ဦးစိန်ဒေါင်းကြီးက အမြီးကိုလှန်ချိုးလိုက် တာပဲ”

ဟု လူငယ်က ပြောလိုက်ရာ…

“ရှင် ကျွန်မဖေဖေကို တိရစ္ဆာန်နဲ့နှိုင်းပြီး မပြောပါနဲ့”

ဟု မမြနွယ်က ကန့်ကွက်လိုက်လေ၏။

“တောင်းပန်ပါတယ်ဗျာ။ ကျုပ်က အပြောအဆို နည်းနည်းရိုင်းတယ်။ အမြဲတမ်း အဲဒီလိုပဲပြောဆိုနေတော့ နှုတ်ကျိုးနေ

www.burmeseclassic.com

ပြီဗျ။ ကဲလေ‥ ဒါတွေထားပါတော့။ ခင်ဗျားအဖေ သတိုးမှန်စိန် တိုက်ပိုင်ရှင် ဦးဘရွှေအိမ်ကို ဓားပြတိုက်နေတုန်းမှာ ဒီလူကြီးက ပုလိပ်ဆီကို တယ်လီဖုန်းဆက်လိုက်တာကို ပြောတာဗျ။ အဲဒီ တော့ ပုလိပ်က လာပြီးဝိုင်းတာပေါ့ဗျာ။ အဲဒီအခါ ခင်ဗျားအဖေ ဦးဖိုးဟာ မလွတ်သာတော့ ခုခံရတော့တာပေါ့။ အဲဒီလိုခုခံရင်းနဲ့ ပဲ စိန်သူဌေးကြီး ဦးဘရွှေနဲ့ ဒရဝမ်ဟာ သေနတ်မှန်ပြီး သေတော့ တာပေါ့။ သေနတ်မှန်ပြီး သေတယ်ဆိုတာနဲ့ ခင်ဗျားအဖေဦး ဖိုးသတ်တယ်လို့ ယူဆလို့မရဘူးနော်။ ပုလိပ်ဘက်က ပစ်လို့မှန် တာလည်း ဖြစ်နိုင်တာပဲ။ ဒါမှမဟုတ်ရင်လည်း ဟောဒီလူကြီးက တစ်နေရာကနေပြီး ချောင်းပြီးလာပစ်တာရော မဖြစ်နိုင်ဘူးလား"

ဟု လူငယ်က ပြောရင်း စီးကရက်မီးခိုးများကို မှုတ်ထုတ် လိုက်ရာ မမြနွယ်က…

"အဲဒါတွေ ကျွန်မ လုံးဝမသိချင်ဘူး။ သေတဲ့ လူတွေ လည်း သေကုန်ကြပြီ။ ကျွန်မဖေဖေလည်း အပြစ်ဒဏ်ကျခံပြီး သေသွားရှာပြီ။ အဲဒီတုန်းက ကျွန်မဟာ ကျွန်မအမေရဲ့ ဗိုက်ထဲ မှာပဲ ရှိသေးတယ်။ နေစမ်းပါဦး။ ရှင်က ဒီလူကြီးရဲ့တပည့်လား"

ဟု မေးလိုက်လေ၏။ ထိုအခါ လူငယ်သည် တဟား ဟား ရယ်ရင်း…

"ခင်ဗျား သတ္တိတော့ အတော်ကောင်းတယ်။ လူကဲခတ် တော့ အတော်ညံ့တာပဲ။ ကျုပ်က ဘာဖြစ်လို့ ဒီဝက်လိုလူမျိုးကို ဆရာတင်ရမှာတုံး။ ပြီးတော့ ခင်ဗျားနားလည်ဖို့က ကျုပ်ဟာ


BURMESE CLASSIC .com

လူဆိုးဗျ။ လူဆိုးဖြစ်တဲ့ နောက်တော့ ဆရာတွေ၊ တပည့်တွေ ဘယ်ရှိမလဲဗျာ။ ဆိုးဖော်ဆိုးဖက်တွေပေါ့။ မိတဲ့လူ ထောင်နဲ့ ကြိုးစင်ပေါ့။ မမိသေးတဲ့လူ ကျန်ပေါ့ဗျာ။ ကျုပ်တို့လူဆိုး လောကမှာကဒီလိုပဲ။ ခင်ဗျားအဖေဦးဖိုး ဓားပြတိုက်ပြီးယူသွားတဲ့ စိန်ရွှေရတနာတွေဟာ မထုခွဲသေးခင်မှာဘဲ အဖမ်းခံသွားရတယ်။ အဲဒီ စိန်ရွှေရတနာအမြောက်အမြားဟာ တစ်နေရာရာမှာ ရှိနေတယ်ဆိုတဲ့ ပါးစပ်ရာဇဝင်လေးတစ်ခု ရှိတယ်။ အဲဒါကို စုံစမ်းတဲ့ လူတွေကလည်း စုံစမ်းကြတာပေါ့။ လူဆိုးကြီးတွေက နောက်ရောက်လာတဲ့ လူဆိုးလေးတွေကို ပုံပြင်သဖွယ်ပြောပြတဲ့ အိပ်ရာဝင် ပုံပြင်ဆိုရင်လည်း မမှားဘူးပေါ့။ အဲဒီရတနာပစ္စည်းတွေ နောက်ကို သဲလွန်စခံပြီး လိုက်နေတဲ့လူတွေကလည်း အများကြီးပဲ။ အားလုံးမျက်ခြည်ပြတ်သွားတဲ့ ကိစ္စကတော့ ခင်ဗျားအဖေ သေပြီး သုံးလေးနှစ်အတွင်းမှာ ခင်ဗျားအမေ သေသွားတယ်။ အဲဒီအခါမှာ ခင်ဗျားဟာ ခရစ်ယာန်သီလရှင်မကြီးတစ်ဦးက ခေါ်ယူမွေးစားထားလိုက်တယ်။ အဲဒီအခါမှာ ခင်ဗျားအဖေရဲ့ ရတနာသိုက်ကိုရှာတဲ့ ကျုပ်တို့လူဆိုးအားလုံး မျက်စိလည်ကုန်ကြတာပဲ။ ကျုပ်ကတော့ အဲဒီရတနာသိုက်ကို စိတ်မဝင်စားဘူး။ စိတ်မဝင်စားတဲ့ အကြောင်းကလည်း တခြားကြောင့်မဟုတ်ဘူး။ ကျုပ်က ပိုင်ရှင်မရှိတဲ့ ပစ္စည်းတွေကို စိတ်မဝင်စားဘူး။ ပိုင်ရှင်ရှိတဲ့ပစ္စည်းကိုမှ လုယူတိုက်ခိုက်ချင်တာ။ ဒါပေမဲ့ ဟောဒီ ဝက်လိုလူကြီးက နှစ်ပေါင်းများစွာ စုံစမ်းလာတာသိတော့ ခင်ဗျားရဲ့


BURMESE CLASSIC .com

www.burmeseclassic.com

သတင်းကိုလည်းရရော ခင်ဗျားကို အခုလိုခေါ်ပြီးတွေ့တာပဲ။ အဲဒီကိစ္စမှာ ကျုပ်က သူ့ရဲ့အဖော်အဖြစ် ပါလာတာ။ သူ့ရဲ့အဖော် ဆိုပေမဲ့ ဒီလုပ်ငန်းက ဝေစုကို ကျုပ်တစ်ပြားမှ မလိုချင်ဘူး။ ဒီလုပ်ငန်းမဖြစ်ရင် တခြားမှာ တိုက်စရာခိုက်စရာလေးရှိလို့ သူ့ကို စောင့်ပေးတဲ့ သဘောပဲ။ အခုလောက်ဆိုရင် ခင်ဗျား လုံးစေ့ ပတ်စေ့ သဘောပေါက်လောက်ပါပြီ''

ဟုပြောလိုက်လေတော့၏။

ထိုအခါ မမြနွယ်က…

''ဟုတ်ကဲ့။ ကျွန်မသဘောပေါက်ပါပြီ''

ဟု ပြန်၍ပြောလိုက်လေ၏။ လူငယ်သည် ၎င်း၏ဂျာကင် အိတ်အတွင်းမှ စာရွက်တစ်ရွက်နှင့် ဖောင်တိန်ကိုထုတ်ကာ…

''ကဲ…မမြနွယ်။ ဟောဒီစာရွက်ပေါ်မှာ ဦးစိန်ဒေါင်းဆို တဲ့ လူကြီးကို ခင်ဗျားပုလင်းနဲ့ ရိုက်သတ်ခဲ့တဲ့အကြောင်း စာလေး တစ်ကြောင်းနှစ်ကြောင်းရေးပြီး လက်မှတ်ထိုးခဲ့ဗျာ။ ဘာဖြစ်လို့ လဲဆိုတော့ ဒီလူကြီးနဲ့ကျုပ်နဲ့ အခုတလော တတွဲတွဲလုပ်နေကြ တာကို တခြားလူဆိုးတွေက သိတယ်ဗျာ။ ဒီတော့ ဒီလူကြီးသေ တာကို ကျုပ်တရားခံဖြစ်သွားဦးမယ်။ ကျုပ်ကို မသင်္ကာလို့ ပုလိပ်ဘက်က ဖမ်းရင် ဟောဒီစာရွက်ကို ထုတ်ပြမယ်။ မဖမ်းရင် တော့ ရေငုံပြီး နေမယ်''

ဟု ပြောလိုက်ရာ မမြနွယ်က…

''အဲဒီအပြင် အခြားနည်း မရှိဘူးလား''

ဟု ပြန်၍ မေးလိုက်လေ၏။

“အဲဒီအပြင် တခြားနည်းဆိုရင်တော့ ကျုပ်ကို ခင်ဗျားယူမှ ဖြစ်မယ်။ ကျုပ် ခင်ဗျားရဲ့သတ္တိကို သဘောကျတယ်။ ခင်ဗျား လိုမိန်းမမျိုးကို ကျုပ်သားမယားတော်ချင်တယ်။ အဲဒီအခါမှာ ဒီလူသတ်မှုကို ပုလိပ်ဘက်ကလိုက်လို့ မိရင်လည်း ကျုပ်ခင်ဗျား ကိုယ်စား ကြိုးစင်ပေါ်ကို တက်ပေးမယ်”

ဟု လူငယ်က ပြောလိုက်ရာ မမြနွယ်သည် ထိုင်နေရာမှ ‘ဝုန်း’ခနဲထပြီး လူငယ်၏ ပါးကို လက်ဝါးဖြင့် တအားလွှဲ၍ ‘ဖြန်း’ခနဲ ရိုက်ချလိုက်လေတော့၏။

ထို့နောက်...

“မျက်နှာကို သေသေချာချာကြည့်ထား။ မြန်မာအမျိုးသမီးရှင့်။ သတ္တိလာမစမ်းနဲ့။ သေရမှာကို ကြောက်တာနဲ့ ရှင့်လိုလူမျိုးရဲ့မယား အဖြစ်ခံပါ့မလား။ ရှင် အခုထွက်သွား။ ပုလိပ်ကို အကြောင်းကြားလိုက်။ ကျွန်မ ဒီမှာထိုင်နေမယ်။ ဒီလူကြီးသတ်မှုနဲ့ ကျွန်မကြိုးစင်တက်ရမယ်ဆိုရင် တက်လိုက်မယ်”

ဟု မမြနွယ်က ပြောလိုက်ရာ လူငယ်သည် တဟားဟား ရယ်၍...

“သိပ်မာနကြီးတဲ့ မမြနွယ်ပဲဗျာ။ ကျုပ် သိပ်ပြီးသဘောကျတယ်။ မြန်မာအမျိုးသမီးဆိုတာ ဒီလိုမှပေါ့ဗျာ။ ကျုပ် ခင်ဗျားကို သိပ်လေးစားတာပဲ။ ဟောဒီမှာ တံခါးပွင့်နေတယ်။ ခင်ဗျား သွားတော့။ ဒီအမှု ကျုပ်ဟာကျုပ် ကြည့်ရှင်းလိုက်မယ်။ ပုလိပ်


BURMESE CLASSIC .com

www.burmeseclassic.com

ဘက်က ခြေရာခံလို့ မိရင်လည်း ကျုပ်သတ်တယ်လို့ပဲ ပြောလိုက်မယ်။ ခင်ဗျားနာမည်တစ်လုံးမှ မပါစေရဘူး။ သွားတော့ မမြနွယ်။ သွားတော့''

ဟုဆိုကာ လူငယ်သည် အခန်းတံခါးကို ကိုယ်တိုင်လိုက်၍ ဖွင့်ပေးလေ၏။

မမြနွယ်လည်း လူငယ်ကို စေ့စေ့ကြည့်လိုက်လေသည်။

''ရှင်က ကျွန်မအတွက် ဘာကိစ္စနဲ့ ခံစားခံချင်ရတာတုံး။ ကျွန်မသတ်တာပဲ။ ကျွန်မ အပြစ်ခံရမှာပေါ့။ တကယ်က ကျွန်မ ဒီလူကြီးကို လုံးဝမသိဘူး။ သူဟာ ကျွန်မအဖေရဲ့ မိတ်ဆွေဖြစ်ပါတယ်။ သူဟာ သေသွားတဲ့ ကျွန်မအဖေနဲ့ ပတ်သက်တဲ့ကိစ္စတစ်ခု ပြောပြစရာ ရှိတယ်။ လာတွေ့ပါဆိုပြီး စာနဲ့ ရေးမှာလို့ ကျွန်မလာတွေ့တာ''

ဟု မမြနွယ်က ပြောလိုက်ရာ လူငယ်က…

''ဟုတ်ပါတယ် မမြနွယ်။ ဒီလူကြီးဟာ လူညစ်ကြီးပဲ။ အဲဒီတော့ ပြီးတာတွေလည်း ပြီးပြီလေ။ ခင်ဗျားနေရာမျိုးမှာ အခြားမိန်းမတစ်ယောက်သာဆိုရင် ခင်ဗျားလိုသတ္တိကောင်းချင်မှ ကောင်းလိမ့်မယ်။ သွေးပူနေတုန်း လူသတ်ဝံ့တယ်ထားဦး။ သွေးအေးတဲ့အခါကျတော့ ကြောက်ရွံ့တုန်လှုပ်မိမှာပဲ။ အဲဒီလိုအခါမျိုးမှာ ကျုပ်လို လူဆိုးတစ်ယောက်က အသက်ကို ကယ်ပါ့မယ်၊ ကျုပ်ကိုယူပါဆိုရင် အချိန်ယူပြီးစဉ်းစားကြမှာ မဟုတ်ဘူး။ ယူမယ်လို့ပြောလိုက်မယ့် မိန်းကလေးက များလိမ့်မယ်။ အခု မမြ

နွယ်ကတော့ တယ်လည်း မာနကြီးတာကိုး။ တယ်လည်း မြန်မာ အမျိုးသမီးပီသတာကိုး။ အဲဒါကို ဂုဏ်ပြုတဲ့အနေနဲ့ ခင်ဗျားကိုယ်စား ကျုပ်ခံလိုက်မယ်။ ကဲ...သွားပေတော့"

ဟု ပြောလိုက်ရာ မမြနွယ်က...

"ရှင်လည်း လူဆိုးသာ ဆိုတယ် စိတ်ဓာတ်က တယ်လည်း အဆင့်အတန်းမြင့်ပါလား။ ရှင့်နာမည် ဘယ်သူလဲ"

ဟု မေးလိုက်ရာ လူငယ်က...

"ကျုပ်နာမည် မိုးသီးလို့ ခေါ်တယ်။ ကျုပ်နဲ့ တွဲဖက်ဖြစ်တဲ့ ပရော်ဖက်ဆာဆိတ်ဖွားတို့၊ ကိုသေတ္တာတို့ဆိုတဲ့ လူဆိုးကြီးတွေတော့ ဆားပုလင်းနှင်းမောင်ရဲ့ လက်ချက်နဲ့ ထောင်နန်းစံနေကြပြီ။ ကျုပ်တစ်ယောက်ပဲ ဝရမ်းပြေးအဖြစ်နဲ့ ကျန်နေတာ"

ဟု လူငယ်က ပြော၍ မမြနွယ်အား တံခါးပေါက်မှ ပြန်ထွက်သွားရန် ပြောလိုက်လေတော့၏။

မမြနွယ်လည်း တံခါးပေါက်မှ ပြန်၍ထွက်ကာ သဃ်န်းကျွန်းဘူတာဆီသို့ လျှောက်လာပြီးလျှင် ရန်ကုန်ဘက်သို့ ထွက်မည့် လော်ကယ်ရထားဖြင့် လိုက်ပါခဲ့လေတော့၏။

အထက်ပါ အဖြစ်အပျက်များဖြစ်ပွားပြီး လအတန်ကြာသောအခါ၌ မိုးသီးဆိုသူအား ဦးစိန်ဒေါင်းဆိုသူကို သတ်မှုဖြင့် တစ်သက်တစ်ကျွန်းကျခံရန် ရုံးတော်မှ အမိန့်ချလိုက်လေတော့၏။ ထိုသတင်းကို ကြားရသောအခါ မာနကြီးသော မမြနွယ်သည် မျက်ရည်များ တသွင်သွင်စီးကျလာပြီးလျှင်...

BURMESE CLASSIC .com

www.burmeseclassic.com

"ကိုမိုးသီးရယ်။ ရှင် တစ်သက်တစ်ကျွန်းက ပြန်လာခွင့်ရတဲ့အခါမှာ ရှင့်ကို ကျွန်မလက်ထပ်ချင်စမ်းပါဘိ။ ဘာပဲဖြစ်ဖြစ် ရှင့်လို ယောကျ်ားပီသပြီး တစ်ဖက်သားအတွက် အနစ်နာခံတတ်တဲ့ လူမျိုးရဲ့ဇနီးမယား ဖြစ်ချင်စမ်းပါဘိ"

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေတော့သတည်း။

◆

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိခ်


BURMESE CLASSIC .com

www.burmeseclassic.com





BURMESE CLASSIC .com

www.burmeseclassic.com

# မမကြီးနှင့် စာချုပ်တစ်စောင်

အချိန်မှာ ၁၉၃၈ ခုနှစ်ဖြစ်၏။

တစ်နေ့သ၌ ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ မိန်းမအင်္ကျီများ ချုပ်လုပ်သော ဆိုင်တစ်ဆိုင်နှင့် မလှမ်းမကမ်း နေရာလောက်တွင် မော်တော်ကားအနက်ကလေးတစ်စီး လာ၍ရပ်လေ၏။ ထိုကား ပေါ်မှ မြန်မာမိန်းမချောလေးတစ်ဦးသည် ဆင်းလာပြီးလျှင် အထက်ကဆိုခဲ့သော အင်္ကျီချုပ်ဆိုင်အတွင်းသို့ ဝင်သွားပြီး ထိုခေတ်က ဘိုအစစ်နှင့် ဘိုကပြားမလေးများသာ ဝတ်လေ့ရှိသော ဘော့တ်တစ်ခေါ် အတွင်းခံအင်္ကျီနှစ်ထည်ကို ချုပ်လုပ်ပေးရန် အပ်နှံလေ၏။

www.burmeseclassic.com

ထိုသို့အပ်နှံရာတွင် ထိုဆိုင်တွင်းသို့ မနက်ဆိုင်ဖွင့်စဉ်ကပင် ရောက်ရှိ၍ အချိန်ဖြုန်းနေသော မိန်းမနှစ်ဦးအနက် တစ်ဦးသော မိန်းမက ၄င်းတို့အချင်းချင်း ပြောလေဟန်ဖြင့် ဘော့တ်တစ်အပ်နေသော မိန်းကလေးကြားလောက်အောင် အသံကိုမြှင့်၍…

“အိုင်တို့ကတော့ ဟောဒီဆိုင်က အန်တီအေးကြီးနဲ့ ခင်တာ ကြာပါပြီ။ ဒါပေမဲ့ သူ့ဆီမှာတော့ တစ်ခါမှ ဘော့တ်တစ် မအပ်ဖူးဘူး။ ဖောရိမ်းမိတ်အစစ်ပဲ ဝတ်တယ်လေ”

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျန်တစ်ယောက်က…

“အခုတော့ကွယ် တောက ဟာတွေလည်း မြို့ဂိုက်ဖမ်းပြီး ချေးခံအင်္ကျီမဝတ်ဘဲ ဘော့တ်တစ်တွေ ဘာတွေ ဝတ်လာကြပါပြီ။ ဒါပေမဲ့ အိုင်တို့၊ ယူတို့ ဝတ်တာမျိုးတော့ ဘယ်ဟုတ်မလဲကွယ်။ လိုကယ်မိတ်တွေပဲ သုံးတတ်သေးတာပေါ့”

ဟု ပြောလိုက်လေ၏။

ထိုအခါ အင်္ကျီအပ်နေသော မိန်းကလေးက မသိမသာ ထိုမိန်းမနှစ်ဦးကို ငဲ့စောင်းကြည့်လိုက်လေ၏။ ထိုသို့ ကြည့်လိုက်လျှင်ပင် အန်တီအေး၏ ဆိုင်တွင်း၌ အချိန်ဖြုန်းနေသော ထိုမိန်းမနှစ်ဦးမှာ အထက်တန်းစားဂိုက်ဖမ်းနေသော်လည်း ငွေတိုးချေးသည့် ချစ်တီးကုလား၏ မယားငယ်ဖြစ်ခြင်းထက် ပို၍ ဖြစ်ခွင့်မရနိုင်သော သူများဖြစ်ကြောင်းကို ရိပ်စားမိသွားလေ၏။


BURMESE CLASSIC .com

ထို့ကြောင့် မိန်းကလေးက ဆိုင်ပိုင်ရှင် အန်တီအေး ဆိုသော အရုပ်ကြီးသလောက် အပေါက်ဆိုးသော မိန်းမကြီးအား ကျသင့်ငွေများ ရှင်းပေးပြီးလျှင်..

"ဒီမှာအန်တီ... ကျွန်မ အရင်ကတော့ နိုင်ငံခြားက လာတဲ့ အတွင်းခံအင်္ကျီတွေ ဝတ်ပါတယ်။ အခုတော့လည်း အဲဒါတွေက ချစ်တီးကုလားရဲ့ တတိယမြောက် မယားငယ်တို့၊ စတုတ္ထမြောက် မယားငယ်တို့က ဝတ်နေကြတာနဲ့ စိတ်ထဲ မသတီသလို ဖြစ်တာနဲ့ ပိတ်စဝယ်ပြီး လက်ရာကောင်းကောင်း ချုပ်တတ်တဲ့ဆိုင်မှာ ချုပ်ပြီး ဝတ်တာပဲ"

ဟု ပြောလိုက်ရာ စောစောက မိန်းမနှစ်ဦးသည် နေရာမှ ဝုန်းခနဲ ထလိုက်ပြီးလျှင်...

"ဟေ့..ဟေ့.. အဲဒါ ဘယ်သူ့ကို ပြောတာတုံး"

ဟု မေးလိုက်လေ၏။

"ဒီဆိုင်ထဲမှာ အင်္ကျီအပ်တဲ့လူရယ်၊ အင်္ကျီချုပ်တဲ့လူရယ် အပြင် လူပိုဆိုလို့ နင်တို့နှစ်ယောက်ပဲ ရှိတာပဲ။ နင်တို့ကို မပြော လို့ ဘယ်သူ့ကို ပြောရမှာလဲ"

ဟု ထိုမိန်းမချောလေးက ပြန်၍ ပြောလိုက်ရာ ထို မိန်းမနှစ်ဦးသည် ရှေ့သို့ တိုးလာကြလေ၏။ ထိုအခါ ထိုမိန်းမ ချောကလေးက..

"စဉ်းစဉ်းစားစားလုပ်နော် အမိတို့။ နင်တို့လင် ချစ်တီး ကုလား မဟုတ်ဘူး။ ဒီ့ထက်တိုးလာလို့ရှိရင် ပါးရိုက်ချလိုက်လို့


BURMESE CLASSIC .com

ရှိစုမဲ့စုသွားကလေးတွေ ကျိုးသွားရင် နဂိုက အရုပ်ဆိုးရတဲ့အထဲ သရဲမနဲ့ တူသွားမယ်''

ဟု ပြောလိုက်ရာ ထိုမိန်းမနှစ်ဦးသည် ဒေါသယမ်းအိုးကို မီးတုတ်နှင့် တို့လိုက်သကဲ့သို့ဖြစ်ကာ ထိုမိန်းကလေး၏ ကျစ်လျစ်စွာ ထုံးထားသော ဆံထုံးကို တစ်ယောက်က ဖမ်းယူဆွဲ၏။ ကျန်တစ်ယောက်က ဝင်၍လုံးရန် တစ်ရှိန်ထိုးပြေးလာလေ၏။ ထိုအခါ ထိုမိန်းကလေးသည် ဆံပင်ဆွဲသော လက်ကို ဖမ်း၍ လိမ်ပြီးလျှင် ပြေးဝင်လာသော မိန်းမ၏ မျက်နှာ၌ တော့၍ ပေးလိုက်လေ၏။

ထိုအခါ ပြေးဝင်လာသော မိန်းမသည် လဲကျသွားလေ၏။ အလဲတွင် မိန်းကလေးက ဖိနပ်ဦးဖြင့် ပါးကို ကန်လိုက်ရာ ထိုမိန်းမသည် 'အင့်'ခနဲမြည်၍ သတိလစ်သွားလေတော့၏။

မိန်းကလေးသည် ဆံပင်ဆွဲသော မိန်းမ၏ လက်ကို အဝတ်ညှစ်သကဲ့သို့ ကျစ်ကျစ်ပါအောင် လိမ်လိုက်ပြီး ပါးကို 'ဖြန်း'ခနဲ 'ဖြန်း'ခနဲ နှစ်ချက်ဆင့်၍ ရိုက်ကာ လဲအကျ၌ ပါးကို ဖိနပ်ဦးဖြင့် ကန်လိုက်ပြန်လေ၏။

ထိုအခါ မိန်းမနှစ်ဦးလည်း တစ်ဦးပေါ်တစ်ဦး ထပ်လျက်သား မေ့မြောနေကြလေတော့၏။ ထိုအခါ မိန်းကလေးက ဆိုင်ပိုင်ရှင် အဒေါ်ကြီးအား...


BURMESE CLASSIC .com

"အန်တီရေ... ဟောဒီ အော်ဒီကလုံးရေမွှေးကလေးနဲ့ ဒီနှစ်ယောက်ကို နှာနှပ်ပေးလိုက်ပါ။ ကျွန်မတော့ (၇)ရက်နေ့ကျမှပဲ အင်္ကျီလာရွေးတော့မယ်"

ဟု ဆိုကာ မိန်းကလေးသည် ၄င်း၏ ပိုက်ဆံအိတ်ကို ဖွင့်၍ အော်ဒီကလုံးရေမွှေးပုလင်းကို ဆိုင်ပိုင်ရှင် အဒေါ်ကြီး လက်သို့ ပေးပြီးလျှင် ထိုအိတ်အတွင်းမှ အောက်ပါအတိုင်း ရိုက်နှိပ်ထားသော ကတ်ပြားကလေးတစ်ခုကို ထုတ်၍ လဲကျနေသော မိန်းမနှစ်ဦးပေါ်သို့ ပစ်တင်ကာ ဆိုင်တွင်းမှ ဣန္ဒြေရရ ထွက်ခွာသွားလေတော့၏။

**မမကြီး**
**ခြံအမှတ် ( )**
**ငါးထပ်ကြီးဘုရားလမ်း**
**ရန်ကုန်မြို့။**

အင်္ကျီရက်ချိန်းစေ့သော နေ့၌ မော်တော်ကားအနက်ကလေး ရောက်ရှိလာပြန်လေ၏။ ထို့နောက် ကားပေါ်မှ 'မမကြီး'သည် ဆင်းလာပြီးလျှင် အင်္ကျီချုပ်ဆိုင်အတွင်းသို့ ဝင်သွားလေ၏။ ထိုအခါ အန်တီအေးဆိုသော အင်္ကျီချုပ်ဆိုင်မှ အဒေါ်ကြီးက အင်္ကျီများကိုထုတ်ပေးရင်း...

www.burmeseclassic.com

"ဒီမှာ မိန်းကလေး။ ဟိုတစ်နေ့က ညည်းလုပ်သွားတာ ဟိုနှစ်ယောက်သွားတွေ ကျွတ်ကုန်တယ်။ ညည်းကို တရားစွဲမယ်တောင် လုပ်နေကြတယ်"

ဟု ပြောလိုက်ရာ မမကြီးက..

"ကျွန်မနာမည် မကြားဖူးသေးလို့ပါ အန်တီရယ်"

ဟုပြန်၍ ပြောလိုက်လေ၏။ ထိုစဉ်၌မှာပင် ဆိုင်အတွင်းသို့ ဆတ်ကော့လတ်ကော့နိုင်လှသော အသက်လေးဆယ်အရွယ် မိန်းမတစ်ဦးသည် ဝင်လာလေ၏။

ထိုမိန်းမ၏မျက်နှာသည် အခြယ်အသလွန်သောကြောင့် ရက်အင်ဒီးယန်းခေါ် လူရိုင်း၏ မျက်နှာကဲ့သို့ မျက်နှာ၌ ဝါစိမ်းနီပြာ ရောင်စုံဖြစ်နေလေတော့၏။

တုတ်၍ ကားထွက်နေသော ခါးကို သေးစေရန်အတွက် မတန်တဆညှစ်၍စည်းထားသော ထဘီကြောင့် တုတ်သော ခါးလည်း သေးမလာသည့်အပြင် အကြည့်ရပင် ဆိုးသွားလေတော့၏။

ထိုမိန်းမက အင်္ကျီချုပ်ဆိုင်မှ အန်တီအေးအား..

"မမအေး... ဟိုအပတ်က အိုင်လည်း မလာအားတာနဲ့ ရောက်မလာဘူး။ 'ပင်မလာ'နဲ့ 'ဆင်သီယာ'တို့ကို ကောင်မတစ်ကောင်က ရိုက်သွားတယ်ဆို။ ဆင်သီယာတို့ သိပ်ပြီး ညံ့တာပဲ"

ဟု ကျယ်လောင်စွာ ပြော၍ ဝင်လာလေ၏။ ထိုအခါ အန်တီအေးက လှမ်း၍ မျက်စိမှိတ်ပြသော်လည်း ထိုခါးတုတ်သော မိန်းမမှာ မျက်စိမှိတ်ပြသည်ကို မမြင်ဘဲ စွာကျယ်စွာကျယ်နှင့် ဆက်၍ ပြောနေလေတော့၏။

"ဒီလိုရိုက်လားနှက်လားလုပ်သွားတယ်ဆိုကတည်းက တော်တော့်ကို အောက်တန်းကျတဲ့အထဲက ဖြစ်မယ်။ ဒီနေရာမျိုးမှာက တစ်ယောက်နဲ့တစ်ယောက် အက်တီးကက်နဲ့ ဆက်ဆံနေကြတာမဟုတ်လား။ ငါးစိမ်းတန်းမှမဟုတ်ဘဲ မမအေးရယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ မမကြီးသည် ထိုခါးတုတ်သော မိန်းမကြီးအား လှည့်၍ကြည့်လိုက်လေ၏။ ထိုမိန်းမကြီးသည် လာဘ်စားတတ်သော ခပ်ညံ့ညံ့အရာရှိတစ်ဦး၏ မိန်းမသော်လည်းကောင်း ဖြစ်တန်ရာ၏။ သို့မဟုတ် အပျော်ကြိုက်တတ်သော ယောကျ်ားသားတို့အား ပျော်စရာရှာပေးသော အလုပ်ကို လုပ်သူသော်လည်းကောင်း ဖြစ်ရပေမည်ဟု အကဲခတ်မိသည့်အလျောက်··

"အဲဒီနေ့က အဲဒီနှစ်ယောက်ကို ရိုက်သွားတာ ကျွန်မပဲ။ ရှင်ပြောတဲ့ အက်တီးကက်ခေါ်တဲ့ ယဉ်ကျေးမှုကလည်း အမျိုးမျိုးရှိတယ်ရှင့်။ လာဘ်စားတတ်တဲ့ အရာရှိရဲ့မယားကို တစ်မျိုးဆက်ဆံရတယ်။ မဟုတ်တာလုပ်တဲ့ မိန်းမကိုတွေ့ရင် တစ်မျိုးဆက်ဆံရတယ်။ ရှင့်ကို ကျွန်မ ဘယ်လိုဆက်ဆံရမလဲ။ ပြောပါ။ ကျွန်မနာမည် 'မမကြီး'တဲ့။ ကိုယ့်ဟာကိုယ် ဟုတ်လှပြီထင်ပြီး


BURMESE CLASSIC .com

www.burmeseclassic.com

ဘဝင်တွေ မြင့်၊ တစ်ဖက်လူကို အခြောက်တိုက် စော်ကားလုပ်တတ်တဲ့ မိန်းမတွေနဲ့ တွေ့ရင် ကျွန်မလက်တွေက ယားနေတာပဲ။ လက်ဝါးကြိုက်သလား၊ ဖိနပ်ဦးကြိုက်သလား။ ကြိုက်ရာရွေး"

ဟု ပြောလိုက်ရာ ထိုခါးတုတ်သော မိန်းမကြီးသည် ကြောက်လန့်သွားပြီးလျှင်…

"အိုင်က‥ အိုင်က‥ အိုင်က သိချင်လို့ မေးတာပါနော်။ ရန်ဖြစ်ဖို့မေးတာ မဟုတ်ပါဘူး"

ဟုဆိုကာ တစ်ချိုးတည်း လစ်လေတော့၏။ ထိုအခါ မမကြီးက ပြုံး၍…

"ဒီမိန်းမကြီး ဦးနှောက်မှကောင်းရဲ့လား"

ဟု အပ်ချုပ်ဆိုင်ရှင် အဒေါ်ကြီးဘက်သို့ လှည့်၍ မေးလိုက်လေ၏။ အပ်ချုပ်ဆိုင်ရှင် အဒေါ်ကြီးလည်း မဟုတ်မခံစိတ်ရှိသော 'မမကြီး'ကိုထိတ်လန့်လာလေတော့၏။ထို့ကြောင့်‥

"ဟိုမှာ‥ အင်္ကျီအပ်မယ့်သူတွေ လာနေကြပြီ။ အဲဒီအလယ်က ဆံတောက်လေးနဲ့ ကောင်မလေးက တောသူမလေးပေါ့။ ဟိုး‥ ရွာသာကြီးဆိုလား၊ ရွာသာကလေးဆိုလား မဆိုနိုင်ပါဘူး မမကြီးရယ်။ ချစ်တီးက ကြွေးနဲ့သိမ်းပြီး မင်္ဂလာဆောင်မလို့ ဒီမှာ အင်္ကျီလာချုပ်တာ။ ဘေးက အဖော်လိုက်လာတဲ့ နှစ်ယောက်ကတည်း ချစ်တီးရဲ့ တိတ်တိတ်ပုန်းမယားတွေလေ။ ကောင်မလေးခမျာမှာတော့ သူ့အဖေလောက်ရှိတဲ့ ချစ်တီးကုလားကြီးကို ဘယ်ကလာ ယူချင်ရှာပါ့မလဲ မမကြီးရယ်။


BURMESE CLASSIC .com

အနိတ်ဖြင့် သနားလိုက်တာ။ ကောင်မလေးဟာ အင်္ကျီချုပ်ဖို့သာ လိုက်လာရတယ်။ မျက်နှာမကောင်းရှာဘူး''

ဟု ငှင်းသိထားသမျှကို ရိုက်၍ မစစ်ရဘဲ ကရားရေသွန် လျှောက်၍ ပြောနေလေတော့၏။

ထို့ကြောင့် မမကြီးလည်း ကားလမ်း၏ တစ်ဖက်မှ လျှောက်လာနေသော မိန်းမသုံးဦးကို ကြည့်လိုက်ရာ ငွေတိုးချေး သောချစ်တီး၏ မယားငယ်များသည် ဆံတောက်နှင့် မိန်းကလေး တစ်ဦးအား တစ်ဖက်တစ်ချက်စီမှ ခြံရံ၍ လျှောက်လာကြ လေတော့၏။

မိန်းကလေး၏ မျက်လုံးများသည် မကြာခဏ ငို၍ ထားရသောကြောင့် နီရဲနေသည်ကိုလည်း 'မမကြီး' အကဲခတ်မိ လေ၏။ ထိုအခါ မမကြီးသည် ထိုတောသူမိန်းကလေးအား မည်သို့မည်ပုံ ကူညီရမည်ကို စဉ်းစားလိုက်ရာ 'ဖျတ်' ခနဲ အကြံ ပေါ်သွားလေ၏။

ထို့ကြောင့် အနီးရှိ ပေကြိုးကို ပခုံးပေါ်သို့ လှမ်း၍တင်ပြီး လျှင် အင်္ကျီအတိုင်းမှတ်သော ဘောက်ချာစာအုပ်နှင့် ခဲတံကို လည်း ကောက်ယူကိုင်လိုက်လေ၏။ ထို့နောက် ဆိုင်ရှင်အဒေါ် ကြီးဘက်သို့လှည့်ကာ...

''အနိတ်.. အဲဒီမိန်းကလေးရဲ့ ကိုယ်တိုင်းကို ကျွန်မ ယူလိုက်မယ်နော်။ ကျွန်မ ကောင်းကောင်းတိုင်းတတ်ပါတယ်''

www.burmeseclassic.com

ဟုပြောလိုက်လျှင် ဆိုင်ရှင်အဒေါ်ကြီးလည်းငြင်းဆန်မည် စိတ်၌ကြံသော်လည်း မမကြီးက ၎င်း၏ မျက်နှာကို စိုက်၍ ကြည့်လိုက်သောကြောင့် ကျောထဲတွင် စိမ့်၍ သွားပြီးလျှင်...

"ရပါတယ်ကွယ်..ရပါတယ်။ မမကြီးပဲတိုင်းလိုက်ပါ"

ဟု လိုက်လျောရလေတော့၏။ ထိုအချိန်၌မှာပင် မိန်းကလေးနှင့် မိန်းမနှစ်ယောက်သည် ဆိုင်တွင်းသို့ ဝင်လာလေ၏။ ထိုအခါ မမကြီးက...

"အင်္ကျီချုပ်မှာ ဒီညီမလေးလား"

ဟု ပြောပြောဆိုဆိုနှင့်ပင် အင်္ကျီတိုင်းသော အခန်းကလေး ၏ လိုက်ကာကို မ၍ မိန်းကလေးအား ဆွဲခေါ်သွားလေ၏။ အတွင်းသို့ရောက်လျှင် မမကြီးက...

"ဒီမှာ ညီမလေး။ အစ်မနာမည်က 'မမကြီး'လို့ ခေါ်တယ်။ ညီမအကြောင်း မမကြားပြီးပြီ။ ချစ်တီးကုလားကြီးက အကြွေးနဲ့သိမ်းမလို့ဆို။ ဘာမှမကြောက်နဲ့ကွယ်။ အစ်မကူညီနိုင်တယ်"

ဟုတိုးတိုးကပ်၍ပြောလိုက်လေ၏။ ထိုအခါ မိန်းကလေးက မျက်ရည်များစီးကျလာပြီးလျှင်..

"ဟုတ်ပါတယ်အစ်မရယ်။ ကယ်နိုင်ရင် ကယ်ပါဦး"

ဟု အသနားခံသော လေသံဖြင့် တိုးတိုးကပ်၍ ပြောလိုက်လေ၏။

"ဒီလိုဆို မင်းနဲ့မမနဲ့ မနက်ဖြန်တွေ့ရအောင် စီစဉ်မယ်"

ဟု မမကြီးက ပြောလိုက်ရာ မိန်းကလေးက..

"မနက်ဖြန်မှတွေ့လို့ အပိုပေါ့အစ်မရယ်။ ဒီညကို ကျွန်မ ရှာမပြန်ရတော့ဘူး။ ချစ်တီးကုလားကြီးအိမ်မှာ အိပ်ရမှာ"

ဟု ပြောလိုက်ရာ...

"ဪ.. ဒီလိုလား။ ဒီလိုဆို မင်းကို အခု ဘယ်မှာ ခေါ်ထားကြမှာတုံး"

ဟု မမကြီးက မေးလိုက်လေ၏။ ထိုအခါ မိန်းကလေး က...

"ကမ်းနားဘက်က အန်းတားဆာမိဆိုတဲ့ ချစ်တီးတိုက်မှာပါ"

ဟု ပြောလိုက်လေ၏။ ထိုအခါ မမကြီးက..

"အေး...သိပြီ...သိပြီ။ ဒီလိုလုပ်ကွယ်။ မင်းအခု ပြန်သွားပြီးရင် ဟိုလိုလို ဒီလိုလိုနဲ့ အပြင်ဘက် ထွက်လာခဲ့။ အဲဒီတိုက်နဲ့ မလှမ်းမကမ်းလောက်မှာ မမကားလေး အဆင်သင့် ရပ်ထားမယ်။ ဘာမှ မကြောက်နဲ့။ မယောင်မလည်နဲ့ ကားဆီကို လာခဲ့ရုံပဲ"

ဟု ပြောလိုက်ရာ မိန်းကလေးက...

"ကျွန်မပျောက်သွားရင် အဘတို့၊ အမေတို့ကို ချစ်တီးကြီးက ဒုက္ခပေးမှာပေါ့"

ဟု စိုးရိမ်သော လေသံနှင့် ပြောလိုက်လေ၏။

"ဒါတွေ ဘာမှ မပူပါနဲ့ကွယ်။ မမတာဝန်ထားလိုက်"

www.burmeseclassic.com

ဟု မမကြီးက အားပေးစကား ပြောလိုက်ပြီးလျှင် ဘောက်ချာစာအုပ်၌ ဟိုမှတ်သည်မှတ်လုပ်ကာ ထွက်လာလေ၏။

ထိုအခါ မိန်းကလေးကိုခေါ်လာသော ချစ်တီးကုလား၏ မယားငယ်တို့သည် အပ်ချုပ်ဆိုင်မှ အဒေါ်ကြီးကို ကျသင့်ငွေများ ရှင်းပေးပြီး ကောင်းကောင်းမွန်မွန်ချုပ်ပေးရန် မှာကြားကာ ထွက်သွားလေတော့၏။

၄င်းတို့ထွက်သွားသည်နှင့်တစ်ပြိုင်နက် မမကြီးလည်း ၄င်း၏ ကားလေးကို မောင်းသွားပြီး အန်းတားဆာမိခေါ် ချစ်တီးတိုက်၏ မလှမ်းကမ်းတွင် အမှတ်မထင် ရပ်ထားလိုက်လေတော့၏။

များမကြာမီ၌ပင် ရထားလုံးတစ်စီးသည် အန်းတားဆာမိ၏တိုက်ရှေ့၌ ရပ်လေ၏။ ထိုအခါ ရထားလုံးပေါ်မှ မိန်းကလေးနှင့်တကွ မိန်းမနှစ်ယောက်လည်း ဆင်းလာကြလေ၏။ မိန်းမတစ်ဦးသည် ရထားလုံးခကို ပေးနေစဉ်၌ပင် မိန်းကလေးသည် တောင်ကြည့်မြောက်ကြည့် ကြည့်လိုက်ရာ မလှမ်းမကမ်းတွင် ကားနက်ကလေးရပ်ထားကြောင်း တွေ့ရလေ၏။

ထိုအခါ မမကြီးက လက်ကိုင်ပဝါလေး ဖော့ယမ်းပြလိုက်လေ၏။ မိန်းမနှစ်ယောက်လည်း ရထားလုံးခပေးပြီးလျှင် တိုက်တွင်းသို့ ဝင်ကြလေ၏။ အန်းအားဆာမိသည် ထိုတိုက်၏ အပေါ်ထပ်တွင် နေ၏။ အောက်ထပ်၌မူ ကရာနီခေါ် ကုလား


BURMESE CLASSIC .com

စာရေးများ၊ ငွေလာဆပ်သူများ၊ ငွေလာချေးသူများနှင့် ရှုပ်ယှက်ခတ်၍ နေလေ၏။

မိန်းမနှစ်ဦးလည်း ထိုတိုက်ဝင်းသို့ ဝင်သွားကြလေ၏။ မိန်းကလေးသည် ပါးရည်နပ်ရည်ရှိသည့်အားလျော်စွာ အတူတူလျှောက်လာရင်းမှ နောက်သို့ချန်၍ နေလိုက်လေ၏။ မိန်းမနှစ်ဦးမှာ မိန်းကလေးပါလာသည်ဟု ထင်မှတ်၍ တိုက်တွင်းသို့ ကော့ကော့ကော့ကော့နှင့် ဝင်သွားကြလေ၏။

မိန်းကလေးသည် တိုက်တွင်းသို့ မဝင်ဘဲ ထိုမိန်းမများအလစ်၌ မမကြီး၏ ကားဆီသို့ သုတ်ခြေတင်၍ ပြေးလေတော့၏။ ကားဆီသို့ရောက်လျှင် မမကြီးက တံခါးဖွင့်ပေးလိုက်၏။ ထိုအခါ မိန်းကလေးသည် ကားအတွင်းသို့ ဝင်၍ထိုင်လိုက်၏။

မမကြီးက ဝပ်နေရန် ပြောသောအခါ ဝပ်၍နေလိုက်လေ၏။ မမကြီးလည်း ကားကို 'ဂူး' ခနဲ မောင်းထွက်သွားလေ၏။ ထိုအခြင်းအရာကို အနီးပတ်ဝန်းကျင်မှ လူများသည် မိမိတို့ဘာသာ မိမိတို့အလုပ်ရှုပ်နေကြသဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ သတိပြုလိုက်မိခြင်း မရှိပေ။

မိန်းမနှစ်ဦး အပေါ်ထပ်သို့ ရောက်သောအခါ၌ အန်းတားဆာမိဟု ခေါ်သော ချစ်တီးကုလား ဗိုက်ရွှဲကြီးက..

"ကောင်မလေးကော"

ဟု မေးလိုက်ရာ မိန်းမနှစ်ဦးက..



BURMESE CLASSIC .com

www.burmeseclassic.com

"ပါပါတယ်တော် ကိုဆာမိရယ်။ ရှင့်မယားလေး ပါပါတယ်။ ကျုပ်တို့ကိုသာ ဘောက်ဆူးကောင်းကောင်း ချမယ်ဆို..ပေးလေ"

ဟု ပြောလေ၏။ ထိုအခါ နှမြောတွန့်တိုခြင်းအရာ၌ စံတင်လောက်သော ချစ်တီးကုလားကြီးသည် ၄င်းအနီးရှိ စားပွဲပုကလေး၏ အံဆွဲကိုဆွဲကာ ထိုမိန်းမနှစ်ဦးအား ဆယ်တန်တစ်ရွက်စီ ဆုချလိုက်ရာ ငွေမက်လှသော ထိုမိန်းမနှစ်ဦးလည်း ပျော်ရွှင်သွားကြလေတော့၏။ ထိုအခါ ချစ်တီးကုလားကြီးက...

"ကောင်မလေးကော"

ဟု မေးပြန်လေ၏။

"အောင်မယ်လေးတော်...။ တကတည်းမှပဲ။ ရှင့်မယားလေး ဘယ်မှ မသွားပါဘူး။ ရှိပါတယ်။ ကျုပ်တို့နဲ့အတူပါလာတာပါတော်"

ဟု မိန်းမတစ်ဦးက ပြောလေ၏။

ချစ်တီးကုလားသည် ငြိမ်၍ သွားလေ၏။ မိနစ်သုံးဆယ်ခန့်ကြာသောအခါ၌ ချစ်တီးကုလားကြီးက...

"ကောင်မလေးကော"

ဟု မေးပြန်လေ၏။ ထိုအခါ မိန်းမတစ်ဦးက ပါးစပ်ဟမည်လုပ်ရာ ချစ်တီးကုလားကြီးက..

"ခင်ဗျား ဘာမှမပြောနဲ့။ ဘယ်မှာလဲ ကောင်မလေး။ ဆင်းကြည့်ပါဦး"


BURMESE CLASSIC .com

ဟု မျက်နှာထိ မျက်နှာထားနှင့် ပြောလိုက်လေ၏။ မိန်းမနှစ်ဦးလည်း အောက်ထပ်သို့ ပြေးဆင်းလာကြ၏။ ချစ်တီးကုလားကြီးလည်း ပြေးဆင်းလာလေ၏။ အောက်ထပ်ရှိ စာရေးများနှင့် ငွေချေးသူ၊ စာချုပ်ချုပ်သူ၊ ငွေဆပ်သူများက…

"ဘာလဲ‥ဘာလဲ"

ဟု ဝိုင်း၍မေးရာ ချစ်တီးကုလားကြီးက…

"ငါ့ကောင်မလေး‥ငါ့ကောင်မလေး‥"

ဟုပြောရာ အမြန်ပြောရသည်ဖြစ်သောကြောင့် ကုလားသံဝဲကာ 'ငါ့ကောင်မလေး'အစား‥

"ငါ့ကန်ပါလေ‥ ငါ့ကန်ပါလေ"

ဟုသာ ဖြစ်နေတော့သဖြင့် ငွေလာချေးသော တောသားကြီးက‥

"ချစ်တီးသူဌေး ဘာဖြစ်နေတာလဲ။ သူ့ကို ခြေထောက်နဲ့ချည်းကန်ဖို့ ပြောနေတာလား"

ဟု ပြောလိုက်ရာ အနီးရှိလူများက 'ဝါး'ခနဲ ရယ်မောလေ၏။ ထိုအခါ ချစ်တီးကုလားကြီးက စိတ်တိုစွာဖြင့်‥

"မင်းတို့ ငါ့ကို ဘာရယ်တာလဲ"

ဟု အော်လိုက်လေ၏။ ထိုအခါ ငွေချေးခြင်း၊ ငွေဆပ်ခြင်း၊ စာချုပ်ချုပ်ခြင်းပြုလုပ်ရန် ရောက်နေသော မြန်မာများသည် ထိုချစ်တီးကုလားကြီးအား‥

"ချစ်တီးသူဌေး ရူးသွားပြီဟေ့"


BURMESE CLASSIC .com

www.burmeseclassic.com

ဟု ပြောကြကုန်၏။ ချစ်တီးကုလားသည် ငှင်းတို့အား ဘာမှမပြောဘဲ တိုက်ရှေ့သို့ ပြေးထွက်ရာ အမှန်တကယ် ရူးသွားပြီဟု ထင်သော မြန်မာတောသားကြီးနှစ်ဦးက ပြေးမထွက်နိုင်ရန် ဖမ်း၍ချုပ်ထားလေ၏။

ချစ်တီးကုလားကြီးသည် မြန်မာတောသားတို့၏ လက်တွင်း၌ ယက်ကန်ယက်ကန်ဖြစ်နေလေ၏။ ထိုအခါ ချစ်တီးကုလားကြီးသည် မြန်မာများကို မပြောတော့ဘဲ သူ၏ ကရာနီခေါ် ကုလားစာရေးများဘက်သို့ လှည့်၍ အဖြစ်အပျက်ကို အော်ငေါက်ပြောလိုက်ရာ ကုလားစာရေးများက မြန်မာများဘက်သို့ လှည့်ကာ…

"လွှတ်လိုက်ပါဗျာ။ သူယူမယ့် မိန်းမ ပျောက်သွားလို့ပါ"

ဟုပြောရာ ချုပ်ကိုင်ထားသော မြန်မာတစ်ဦးက..

"အေးလေ… သူယူမယ့်မိန်းမ ပျောက်သွားလို့ ချစ်တီးသူဌေး ရူးသွားတာ မဟုတ်လား"

ဟု ပြန်၍ပြောလေတော့၏။ ထိုအခါ ကုလားစာရေးက..

"မရူးသေးပါဘူး။ လွှတ်သာ လွှတ်လိုက်ပါ"

ဟု ဆိုသဖြင့် လွှတ်လိုက်ကြရကုန်၏။ ထိုအခါကျမှပင် ချစ်တီးကုလားကြီးလည်း လမ်းမသို့ ပြေးထွက်သွားပြီးလျှင် ဟိုဘက်ပြေးကြည့်လိုက်၊ သည်ဘက်ပြေးကြည့်လိုက်နှင့် အရူးကြီးပမာ အလုပ်ရှုပ်နေလေ၏။

www.burmeseclassic.com

၄င်း၏ နောက်မှလည်း ငွေလာချေးသော မြန်မာများနှင့် ကုလားစာရေးများသည် တစ်အုပ်ကြီးလိုက်၍ နေကြလေ၏။ ထိုအချိန်၌မှာပင် မော်တော်ကားကြီးတစ်စီးသည် အနီးသို့ ရောက်လာလေ၏။ ကားပေါ်မှ သားသားနားနား ဝတ်စား ထားသော အသက်ငါးဆယ်အရွယ် လူကြီးတစ်ဦးနှင့် ခွန်အား ဗလပြည့်စုံလှသော ယောက်ျားကြီးလေးဦး ဆင်းလာကြလေ၏။

ထိုအခါ သားသားနားနားနှင့်လူကြီးက သူ၏ လူလေးဦး အား…

"ဟိုမှာလေကွာ‥ ချစ်တီးဗိုက်ပူကြီး။ မတွေ့ကြဘူး လား။ ဝင်ပြီး ဖမ်းကြလေ"

ဟု ဆိုသဖြင့် ထိုလူလေးဦးလည်း ချစ်တီးကုလားကြီး အား ဝင်၍ဖမ်းလေ၏။

ချစ်တီးကုလားကြီးသည် သန်မာလှသော လူလေးဦး လက်ထဲတွင် မရုန်းနိုင်ဘဲ ရှိနေလေ၏။ ကုလားစာရေးများလည်း မည်သည့်အဓိပ္ပာယ်မှန်း မသိသောကြောင့် ကူညီခြင်း မပြုနိုင်ဘဲ ငေးမောနေစဉ်၌ပင် သားသားနားနားလူကြီးက သူ၏ အိတ်တွင်း မှ ဆေးထိုးအပ်နှင့် ဆေးပုလင်းများကိုထုတ်၍ ဆေးများကို စုပ်ယူပြီးလျှင် ချစ်တီးကုလားကြီး၏ တင်ပါးကို ဆေးတစ်လုံး ထိုးပေးလိုက်လေတော့၏။

ထိုသို့ ထိုးသွင်းပြီး များမကြာမီ၌မှာပင် ချစ်တီးကုလား ကြီးလည်း ငြိမ်၍ကျသွားလျှင် အိပ်ပျော်ခြင်းတို့ ရောက်လေ တော့၏။ ထိုအခါ သားသားနားနား လူကြီးက‥

www.burmeseclassic.com

"ကဲ..အခြေအနေကောင်းမှပဲ ပြန်လွှတ်မယ်။ သူနဲ့ ပတ်သက်တဲ့ လူ ဘယ်သူရှိသလဲ"

ဟု မေးလိုက်ရာ ကုလားစာရေးများအနက် အသက်အကြီးဆုံးဖြစ်သည့် ကုလားစာရေးတစ်ဦးက..

"ကျွန်တော်တို့ပါပဲ"

ဟု ဖြေလေ၏။

"အေး...ကောင်းပြီ။ သူ့ကို ခေါ်သွားရမှာပဲ။ အခြေအနေထူးခြားရင် မင်းတို့ဆီကို အကြောင်းကြားမယ်"

ဟု ပြောလိုက်ရာ မိန်းမနှစ်ဦးအနက် တစ်ဦးသော မိန်းမက...

"ဒီမှာရှင့်.. ရှင်တို့က ဘာတွေလဲ။ ဘာကိစ္စနဲ့ ကိုဆာမိကို ဆေးထိုးကြတာလဲ"

ဟု မေးလိုက်ရာ သားသားနားနားလူကြီးက...

"နေစမ်းပါဦး။ ခင်ဗျားက ဒီချစ်တီးကုလားကြီးရဲ့ မိန်းမလား"

ဟု ပြန်၍ မေးလိုက်လေ၏။ ထိုအခါ ထိုမိန်းမကလည်း...

"မဟုတ်ပါဘူး။ ကျွန်မတို့ယောက်ျားနဲ့ ကိုဆာမိနဲ့က သူငယ်ချင်းပါ။ ကျွန်မတို့ယောက်ျားက ကိုယာမတဲ့"

ဟု ပြောလိုက်ရာ..


BURMESE CLASSIC .com

www.burmeseclassic.com

"ဒီမှာ.. ယာမတွေ ဘာတွေ လာလုပ်မနေနဲ့။ ခင်ဗျား တို့ကို ရှင်းပြဖို့ ကျုပ်အချိန်မရှိဘူး။ ဒီလူနာက အရေးကြီးတယ်။ ဒီချစ်တီးကုလားကြီးကို ကုနေတဲ့ လေဒီဒေါက်တာက ကျုပ်ကို အကူအညီတောင်းလို့ ကျုပ်လာရတာ။ ဒါပဲ"

ဟုဆိုကာ သားသားနားနား လူကြီးသည် ချစ်တီးကုလား အန်းတားဆာမိအား ကားပေါ်သို့တင်၍ ခေါ်ဆောင်သွားလေတော့၏။ ကျန်လူများမှာလည်း အူကြောင်ကြောင့်ဖြင့် ကျန်ရစ်ခဲ့လေတော့၏။

◆

ထိုသားသားနားနားလူကြီးမှာ ကြို့ကုန်းဘက်တွင် နေထိုင်သည့် စိတ်ရောဂါကုဆရာဝန်ကြီးဖြစ်လေ၏။ ၎င်း၏ အမည်မှာ 'ဦးသန်းကြွယ်'ဟူ၍ ဖြစ်၏။ ဦးသန်းကြွယ်ထံသို့ ပြီးခဲ့သော နာရီဝက်ကျော်ကျော်ခန့်က လေဒီဒေါက်တာတစ်ဦးက တယ်လီဖုန်းဆက်ခဲ့လေ၏။

တယ်လီဖုန်းထဲတွင် လေဒီဒေါက်တာက..

"ဒေါက်တာ ဦးသန်းကြွယ်ရှင့်...။ ကမ်းနားလမ်းမှာ ရှိတဲ့ အန်းတားဆာမိချစ်တီးတိုက်က ချစ်တီးသူဌေး အန်းတားဆာမိကို ကျွန်မကုသခဲ့တာ သုံးလရှိပါပြီ။ သူရဲ့ရောဂါဟာ မသက်သာပါဘူး။ တစ်နေ့တခြား ပိုဆိုးလာပါတယ်။ နောက်သိရတာကတော့ သူ့ရောဂါဟာ စိတ်ရောဂါဖြစ်နေကြောင်း သိရ

www.burmeseclassic.com

ပါတယ်။ သူ့ဆီက မိန်းကလေးတစ်ဦးက ငွေလိမ်သွားတဲ့ အတွက် ဖြစ်တယ်လို့ ကျွန်မလည်း အခုမှသိရပါတယ်။ ဒီနေ့ဆို ရင် သူဟာ ရောဂါအသည်းဆုံးနေ့ပဲ။ လမ်းမှာထွက်ပြီး ပြေးမယ့် အဆင့် ရောက်နေပါပြီ။ အဲဒါကြောင့် ကျွန်မလူနာချစ်တီးသူဌေး ကြီး အန်းတားဆာမိကို ကုသပေးဖို့ ဒေါက်တာကြီးကို လွှဲတာပါ ပဲ။ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်အတွင်း အန်းတာဆာမိတိုက်ကို ရောက်အောင် ဒေါက်တာကြီးလာခဲ့ရင် အချိန်မီပါသေးတယ်"

ဟုလည်း ပါရှိလေ၏။

ထို့ကြောင့် စိတ်ရောဂါအထူးကုဒေါက်တာ ဦးသန်းကြွယ် သည် သူ့အိမ်၌ အဆင်သင့်ရှိနေသော လက်ရွေးစင် အရှူးဖမ်း သမားလေးယောက်ကို မော်တော်ကားဖြင့်တင်ကာ မော်တော် ကားကို တစ်နာရီ မိုင် (၆၀)နှုန်းထက်မနည်း မောင်းနှင်၍ အရောက်လာခဲ့ခြင်း ဖြစ်လေ၏။

ထိုသို့လာခဲ့ရာတွင် ချစ်တီးတိုက်သို့ မရောက်မီ မလှမ်း မကမ်းသို့အရောက်တွင် ချစ်တီးကုလားကြီး ဟိုပြေးသည်ပြေး လုပ်နေသည်ကို ဆရာဝန်ဦးသန်းကြွယ် မျက်မြင်ဒိဋ္ဌတွေ့လိုက် ရခြင်းဖြစ်၏။

ထို့ကြောင့် လေဒီဒေါက်တာ အကူအညီတောင်းထား သော စိတ်ရောဂါသည် ချစ်တီးကုလားကြီးဖြစ်ကြောင်း အပိုင် ဆုံးဖြတ်၍ ယုံကြည်သွားခဲ့ခြင်းကြောင့်လည်း ချစ်တီးကုလားကို မေ့ဆေးထိုး၍ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်၏။


BURMESE CLASSIC .com

ဒေါက်တာ ဦးသန်းကြွယ်ထံသို့ လေဒီဒေါက်တာ တစ်ဦး အမည်ဖြင့် တယ်လီဖုန်းဆက်သော အမျိုးသမီးမှာ 'မမကြီး' အပြင် အခြားသူမဖြစ်နိုင်ကြောင်းကို စာဖတ်သူတို့ ရိပ်မိလောက်ပေပြီ။

ဒေါက်တာဦးသန်းကြွယ်သည် ဤသို့လျှင် တစ်စုံတစ်ယောက်က တာဝန်ယူအပ်နှံသော လူနာမျိုးကို ဆေးရုံသို့ ခေါ်ဆောင်ခြင်းမပြုဘဲ ၎င်း၏ ခြံတွင်းရှိ သီးသန့်အဆောင်ကလေးများ၌ ထည့်သွင်းသော့ခတ်ကာ စိတ်ရှည်လက်ရှည် ကုသလေ့ရှိလေ၏။

ထို့ကြောင့် ဒေါက်တာဦးသန်းကြွယ်သည် အန်းတားဆာမိခေါ် ချစ်တီးကုလားကြီးအား ၎င်း၏ အိမ်နောက်ဘက်ရှိ သီးခြားအဆောင်ကလေးအတွင်းသို့ သွင်းလိုက်ပြီးလျှင် သံတံခါးများကို သော့ခတ်လိုက်လေတော့၏။

များမကြာမီ၌ပင် ချစ်တီးကုလားကြီးသည် ပြန်လည်သတိရလာလေ၏။ ထိုသို့ သတိရလာလျှင် ဒေါက်တာ ဦးသန်းကြွယ်သည် ချစ်တီးကုလားကြီးအား သွင်းထားသော အဆောင်ရှေ့သို့ လာ၍ မတ်တတ်ရပ်လေ၏။

ထိုအခါ အတွင်းမှ ချစ်တီးကုလားကြီးအန်းတားဆာမိက

"ခင်ဗျားဘယ်သူလဲ။ ကျုပ်ကို ဘာဖြစ်လို့ ဖမ်းဆီးချုပ်နှောင်ထားရတာလဲ။ တံခါးဖွင့်ပေးပါဗျာ။ ကျုပ်တို့ ချစ်ခြင်းကို မခွဲပါနဲ့"


BURMESE CLASSIC .com

www.burmeseclassic.com

ဟု ပြောလိုက်ရာ ဒေါက်တာ ဦးသန်းကြွယ်က…

“ရောဂါ အတော်ကြီးရှာတာပဲ”

ဟု ပြောလေ၏။ ထိုအခါ ချစ်တီးကုလားကြီးက..

“ဘာရောဂါလဲ။ ကျုပ်မှာ ဘာရောဂါမှ မရှိဘူး။ ရှေ့အပတ်ထဲမှာ မင်္ဂလာဆောင်မယ်။ ဒါပဲကျုပ်သိတယ်။ ခင်ဗျား ဘယ်သူတုံး။ ကျုပ်ကို မြန်မြန်လွှတ်စမ်းပါ။ ကောင်မလေးကို ရှာရဦးမယ်။ ဒီကောင်မလေးအတွက် ကျုပ် ငွေတွေ ဘယ်လောက် အနစ်နာခံလိုက်ရသလဲ။ ခင်ဗျားသိလား”

ဟု ပြောရာ ဒေါက်တာ ဦးသန်းကြွယ်က…

“စိတ်ကောင်းကောင်းထားပါချစ်တီး”

ဟု ဖျောင်းဖျပြောဆိုလေ၏။ ထိုအခါ ချစ်တီးကုလားကြီးက..

“ကျုပ်စိတ်ကောင်းကောင်းထားဖို့ မလိုဘူး။ ခင်ဗျားသာ စိတ်ကောင်းကောင်းထားပါ”

ဟု ပြောလိုက်လေ၏။ ထိုအခါ ဒေါက်တာဦးသန်းကြွယ်သည် သူ၏ လူလေးယောက်အား ဝင်စေ၍ ချစ်တီးကုလားကြီးကို ချုပ်ခိုင်းပြီးလျှင် စိတ်ငြိမ်ဆေးတစ်လုံး ထိုး၍ ပေးလေ၏။

မျှးမကြာမီ၌ပင် ချစ်တီးကုလားကြီးလည်း အိပ်ပျော်ခြင်းသို့ရောက်ရလေတော့၏။ ထိုအခါ၌ ဒေါက်တာ ဦးသန်းကြွယ်က သူ၏ လူများအား..


BURMESE CLASSIC .com

“ဒီချစ်တီးကုလားကြီးကို အစာဖြတ်ပြီးကုမှ ရမယ်။ ဘာမှမကျွေးကြနဲ့။ သုံးရက်လောက် ထမင်းအငတ်ထားပြီး နုံးနေတုန်း ကုရမယ်။ အဲဒီနည်းမှ မရရင်တော့ ရှေးမြန်မာ့နည်းအတိုင်းပဲ ဟောဟိုရေကန်ထဲ လှေနဲ့ခေါ်သွားပြီး ရေလယ်ကောင်မှာ တွန်းချရမှာပဲ”

ဟု ဆိုလေ၏ ထိုအခါ ဒေါက်တာ ဦးသန်းကြွယ်၏ လက်ရွေးစင် အရူးဖမ်းသမားများလည်း အရူးကို နှိပ်စက်လိုရကား..

“စိန်လိုက်ဆရာကြီး။ ကျွန်တော်တို့ တာဝန်ထားလိုက်”

ဟု ပြောလေတော့၏။

◆

ထိုအချိန်နှင့်တစ်ပြိုင်တည်းလောက်မှာပင် လွန်စွာ ကျယ်ဝန်းသော ခြံကြီး၏ အလယ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်ကျွန်းအိမ်ကြီး၏ အပေါ်ထပ်၌ကား မမကြီးနှင့် တောသူမကလေးတို့သည် အောက်ပါအတိုင်း စကားပြောဆိုနေကြလေ၏။

“မင်းနာမည် ဘယ်သူလဲကွယ့်”

ဟု မမကြီးက မေးလိုက်လေ၏။

“စိန်ဂွက်ထော်လို့ ခေါ်ပါတယ် မမ”

ဟု မိန်းကလေးက ပြန်၍ ဖြေလေ၏။

www.burmeseclassic.com

“ချစ်တီးကုလားကြီးက မင်းကို ဘယ်လိုကနေ ဘယ်လို ကြွေးနဲ့ သိမ်းမယ့်အဆင့်ထိ ဖြစ်သွားရတာတုံး”

ဟု မမကြီးက မေးလိုက်လေ၏။

“ဒီလိုပါ မမရယ်။ မိုးဖျက်လို့ လယ်တွေပျက်တဲ့ နှစ်က စပြီး အဘဟာ ကြွေးတွေတင်လာလိုက်တာ မနည်းပါဘူး။ အဲဒီ အန်းတားဆာမိဆိုတဲ့ ချစ်တီးကုလားကြီးကလည်း အတိုးနဲ့ ချေးလာလိုက်တာ မပြောပါနဲ့တော့။ အဘဟာ လုံးလုံးပြန် မဆပ်နိုင်တော့တဲ့ အခြေအနေလည်းရောက်ရော ချစ်တီးကုလား ဟာ ကျွန်မတို့အိမ်ရောက်လာပြီး ‘ကြွေးတွေ တစ်လအတွင်း ပြန်ဆပ်ပါ။ မဆပ်ရင် တရားစွဲပြီး ထောင်ချမယ်’ လို့ ပြောပါ တယ်။ ကျွန်မရဲ့ အဘမှာ ပန်းနာရင်ကျပ်ရောဂါ ရှိပါတယ်။ ထောင်ကျတာနဲ့ သေမှာပဲရှင့်။ အဲဒီတော့ ကျွန်မတို့သားအမိတွေ ငိုကြရတာပေါ့။ နေ့စဉ်နေ့တိုင်း ငိုနေကြရတာပဲ မမရယ်။ အဲဒီလို ငိုနေတုန်း တစ်နေ့မှာ ဟိုမိန်းမနှစ်ယောက် ရောက်လာတော့ တာပါပဲ။ ပြီးတော့ ကျွန်မကိုလည်း ‘ညည်းအဖေ ထောင်ထဲမှာ မသေစေချင်ရင် ညည်း အန်းတားဆာမိကို ယူလိုက်ပါ။ ငါတို့ လည်း ကြွေးနဲ့ သိမ်းခံခဲ့ရတာ။ အခုတော့လည်း ငါတို့ယောကျ်ား ချစ်တီးကုလားက ငါတို့အပေါ် ကောင်းလိုက်တာ လွန်ပါရော ဟယ်။ အဲဒီလိုမှန်းမသိလို့ ငါတို့မှာ ငိုလိုက်ရတာ။ အခုလို ချစ်တီးကုလားကြီးက ငါတို့အပေါ်ကောင်းမှန်းသာသိရင် ဘယ်ငို လိမ့်မလဲ။ အစောကြီးကတည်းက ယူလိုက်မှာ။ ဒါတောင်

ငါတို့က အငယ်အနှောင်းဟဲ့။ အန်းတာဆာတမိမှာ မယားကြီးလည်း မရှိဘူး။ သားသမီးလည်း မရှိဘူး။ သူက လူပျိုကြီးဟဲ့။ သူ့ ပစ္စည်းတွေ ညည်းအကုန်လုံးရမှာ။ ညည်းအဖေလည်း ထောင် မကျတော့ဘူး။ ညည်းကသာယူမယ်လို့ ပြောလိုက်တာနဲ့ ဟောဒီ တဲကလေးကိုဖျက်ပြီး ပျဉ်ထောင်သွပ်မိုးအိမ်ကြီး လာဆောက် ပေးမှာ။ ညည်းအဖေလည်း မသေတော့ဘူး။ ကိုယ့်အဖေရဲ့ အသက်တစ်ချောင်းကို ကယ်ကောင်းပါတယ်ဟယ်' လို့ နေ့တိုင်း လာပြီး နားချတာကလည်း တစ်ကြောင်း၊ ပြီးတော့ အဖေဟာ ကြွေးမဆပ်ရင် ထောင်ကျမယ်ဆိုတာ သိသွားတဲ့နေ့ကစပြီး အိပ်ရာထဲမှာ ဗုန်း ဗုန်းလဲသွားတာကလည်း တစ်ကြောင်းကြောင့် ကျွန်မခေါင်းညိတ်လိုက်ရပါတယ်။ အဲဒီလိုလည်း ခေါင်းညိတ် လိုက်ရော နောက်တစ်နေ့မှာ သွပ်တွေ၊ သစ်တွေ။ လက်သမား တွေ ရောက်လာပြီး ပျဉ်ထောင်အိမ်ကြီးတစ်လုံး အမြန်ဆုံး ဆောက်ကြတော့တာပါပဲရှင်။ ပျဉ်ထောင်အိမ်ကြီးလည်း ပြီးသွား ရော မင်္ဂလာဆောင်ဖို့ ချစ်တီးကုလားကြီးက ရက်သတ်မှတ်တော့ တာပါပဲ။ အဲဒါ မနေ့က ကျွန်မတို့ရွာကို ဒီမိန်းမနှစ်ယောက် ရောက်လာပြီး မင်္ဂလာဆောင်ဖို့ အင်္ကျီချုပ်ရမယ်။ ဒီည ရန်ကုန် မှာပဲ အိပ်ရမယ်ဆိုပြီး လာခေါ်တာပါပဲ။ အဲဒါပါပဲ မမရယ်။ ကျွန်မရှေ့ကို ဘယ်လိုဆက်ပြီး လုပ်ရမှာလဲ''

ဟု မိန်းကလေးက ပြောရင်း ငိုလေတော့၏။ ထိုအခါ မမကြီးက . .



BURMESE CLASSIC .com

www.burmeseclassic.com

"ဒါနဲ့ နေစမ်းပါဦး စိန်ဥက်ထော်ရဲ့။ ညည်းမှာကော ချစ်သူရည်းစားလေး ဘာလေး မရှိဘူးလား"

ဟု မေးလိုက်ရာ စိန်ဥက်ထော်က..

"ရည်းစားတော့ မဟုတ်ပါဘူး မမရယ်။ တစ်ဦးနဲ့ တစ်ဦး မျက်စိကျနေတာတော့ ရှိပါတယ်။ ကျွန်မတို့ရွာက ကိုသာအေးဆိုတဲ့ လယ်သမားပါပဲ"

ဟု ပြောလေ၏။

"အဲဒီကိုသာအေးကိုရော ညည်းရဲ့ ဒုက္ခတွေ ဖွင့်ပြော ပြပြီး အကူအညီ မတောင်းဘူးလား။ ကိုသာအေးက ညည်း အတွက် စွန့်စားချင် စွန့်စားမှာပေါ့"

ဟု မမကြီးက မေးလိုက်လေ၏။

"ကိုရင်သာအေးလည်း ချစ်တီးကုလားကြီးရဲ့ အကြွေး တွေရှိနေတော့ လှုပ်တောင် မလှုပ်ရဲဘူး။ ချစ်တီးကုလားကြီးက ဒီကိစ္စမှာ မင်းဝင်ပါရင် ထောင်ထဲကို မင်းအရင်ရောက်မယ်လို့ ကြိမ်းထားတော့ သူလည်း ငြိမ်နေရတယ် မမရယ်"

ဟု စိန်ဥက်ထော်က ပြောလိုက်လေ၏။

"ဘာမှစိတ်မပူပါနဲ့ ညီမရယ်။ အားလုံး မမတာဝန် ယူပါတယ်"

ဟု မမကြီးက အေးဆေးစွာပြော၍ စိန်ဥက်ထော်အား နှစ်သိမ့်ထားလိုက်လေတော့၏။


BURMESE CLASSIC .com

ထို့နောက်တွင် မမကြီးသည် စိန်ဂွက်ထော်အား ရွာသို့ ပြန်ပို့လေ၏။ ၄င်းကိုယ်တိုင်လည်း အလည်အပတ်ဟုဆိုကာ စိန်ဂွက်ထော်နှင့်အတူ လိုက်သွား၍ ထိုအိမ်၌ပင် တည်းခို နေလေတော့၏။

◆

ချစ်တီးကုလားကြီး အန်းတားဆာမိမှာမူ (၃)ရက်တိတိ အစာရေစာအငတ်ထားသောကြောင့် နုံးခွေနေလေတော့၏။ ထိုအခါ ဒေါက်တာဦးသန်းကြွယ်က ကုလားကြီးအဆောင်ရှေ့ သို့ ရောက်ရှိလာပြီးလျှင်…

"ဘယ်လိုလဲ ချစ်တီးကြီး… နေကောင်းရဲ့လား"

ဟုမေးလိုက်ရာ ချစ်တီးကုလားကြီးသည် နုံးခွေ၍ လဲနေရာမှ…

"ဘာနေကောင်းရမှာလဲ။ ခင်ဗျားကျုပ်ကို ဖမ်းပြီး အစာ သုံးရက် မကျွေးဘူး။ ပြီးတော့ နေကောင်းရဲ့လားလို့ လာမေးရ သေးလား။ ကျုပ် ခင်ဗျားကို ရုံးမှာ တရားစွဲမယ်။ ကောင်မလေး ကိုလည်း တရားစွဲမယ်။ ကျုပ်မှာ စာချုပ်တွေ ရှိတယ်"

ဟု ထ၍ အော်ပြောလိုက်လေ၏။ ထိုအခါ ဒေါက်တာ ဦးသန်းကြွယ်သည် ထိုချစ်တီးကုလားကြီးအား လွန်စွာ သနား၍ သွားလေ၏။ ထို့ကြောင့် သူ၏ လူများအား..

"မြန်မာနည်းပဲကောင်းတယ်ဟေ့"


BURMESE CLASSIC .com

www.burmeseclassic.com

ဟု ပြောလိုက်ရာ ဦးသန်းကြွယ်၏ တပည့်များသည် ချစ်တီးကုလားကြီးအား ချုပ်ကိုင်၍ ရေကန်ဆီသို့ ခေါ်သွားလေ၏။ ပြီးလျှင် လှေပေါ်သို့တင်၍ ရေလယ်ကောင်သို့ ခေါ်သွားပြီးလျှင် လှေပေါ်မှ တွန်းချကြကုန်၏။

ချစ်တီးကုလားကြီးလည်း ရှိစုမဲ့စု ခွန်အားဖြင့် ကြိုးစား၍ ကူး၏။ ထိုအခါ ဦးသန်းကြွယ်၏ တပည့်များက ဝါးလုံးများဖြင့် ဖိထားကြ၏။ ဤသို့ပြုလုပ်သောအခါ ချစ်တီးကုလားကြီးသည် လုံးဝ သတိလစ်မေ့မြောသွားလေတော့၏။

ထိုအခါကျမှပင် ဝိုင်း၍ဆယ်ယူပြီးလျှင် ဦးသန်းကြွယ်က အားဆေးတစ်လုံးထိုးပေးပြီး သိပ်ထားလိုက်လေ၏။ ချစ်တီးကုလားကြီးမှာ အစက မည်သည့်ရောဂါမှမရှိသော်လည်း ယခုအခါမှပင် ကြောင်တောင်တောင်ဖြစ်၍ လာလေတော့၏။

စာချုပ်များအကြောင်းကိုလည်း မကြာမကြာ ပြော၏။ ထိုအခါ ဦးသန်းကြွယ်က သူ၏ တပည့်များအား‥

"တပည့်တို့ရေ‥ အခြေအနေမကောင်းဘူးကွာ။ တို့အလစ်မှာ သူ့ခါးက ကပ္ပလာကိုဖြုတ်ပြီး ကြိုးဆွဲချ သေချင်သေမှာ။ အဲဒီတော့ သူ့ကို အဝတ်အစားတွေ ဝတ်မပေးထားနဲ့ကွာ။ အကုန်လုံးချွတ်ပစ်လိုက်"

ဟု အမိန့်ပေးလိုက်ရာ ဦးသန်းကြွယ်၏ လက်ရွေးစင် တပည့်များလည်း ချစ်တီးကုလားကြီး၏ အဝတ်များကို ချွတ်ပစ်လိုက်ကြလေ၏။


BURMESE CLASSIC .com

www.burmeseclassic.com

နောက်တစ်နေ့တွင် ဦးသန်းကြွယ်၏ တပည့်များသည် ချစ်တီးကုလားကြီးအား ဆန်ပြုတ်ဝင်၍တိုက်ကြလေ၏။ ထိုအခါ ၌ အလစ်ချောင်းနေသော ချစ်တီးကုလားကြီးသည် ထိုလူလေး ယောက်ကို တွန်း၍ ဝတ်လစ်စလစ်ဖြင့် အားကုန်ပြေးလေ တော့၏။

ထိုလူလေးယောက်လည်း နောက်မှလိုက်ကြလေ၏။ ထိုသို့ ချစ်တီးကုလားကြီးက ရှေ့မှ ဝတ်လစ်စလစ်ကြီးနှင့် ထွက်၍ ပြေးနေ၍ လူလေးယောက်က နောက်မှ သဲသဲမဲမဲကြီး လိုက်နေသည်ကို တစ်စုံတစ်ယောက်သော သူသည် မော်တော် ဆိုင်ကယ်တစ်စီးဖြင့် လိုက်၍ ဓာတ်ပုံရိုက်ယူနေလေ၏။

ချစ်တီးကုလားကြီးသည် ဘတ်စ်ကားတစ်စီးပေါ်သို့ ပြေးတက်လေ၏။ ထိုဘတ်စ်ကားမှ မောင်းချသဖြင့် အခြားသော ကုန်ကားတစ်စီးပေါ်သို့ ပြေးတက်ပြန်လေ၏။ ဤသို့လျှင် ထိုကားကြီးမှတစ်ဖန် ရထားလုံးတစ်စီးပေါ်သို့ ပြောင်းစီးပြန် လေ၏။ ဤသို့နှင့်ပင် အိမ်သို့ပြန်၍ ရောက်ရှိလာလေ၏။ အိမ်သို့ ရောက်လျှင် သံတံခါးကို ဆွဲ၍ ပိတ်ထားလိုက်လေတော့၏။

ထို့နောက် ကပ္ပလာများကိုထုတ်၍ဝတ်ပြီးလျှင် မော်တော် ကားတစ်စီးငှား၍ စိန်ရွှက်ထော်တို့ရွာဆီသို့ ထွက်ခဲ့လေ၏။ စိန်ရွှက်ထော်ကိုတွေ့လျှင် ချစ်တီးကုလားကြီးက··

"ကောင်မလေး·· နင်ငါ့ကိုတယ်ဒုက္ခပေးပါလား။ ငါ အခုငရဲပြည်က ပြန်လာတာ။ နင် အိမ်ကို ပြန်ချင်ရင် ပြောပါ လား။ ဘာဖြစ်လို့ ဒီလိုထွက်ပြေးရတာလဲ"


BURMESE CLASSIC .com

www.burmeseclassic.com

ဟု ပြောလိုက်ရာ စိန်ပွက်ထော်က...

"ကျွန်မ ပျင်းလို့ ပြန်လာတာ"

ဟု ပြောလိုက်ရာ ချစ်တီးကုလားကြီးက..

"နင်ပျင်းလို့ရှိရင် ငါ့ကို ကပြခိုင်းရင်တောင် ငါ ကပြပါမယ်ဟယ်။ နောက်ကို ဒီလိုမလုပ်ပါနဲ့။ မင်္ဂလာဆောင်ဖို့ရက်ကလည်း နီးလာပြီ မဟုတ်လား"

ဟု ပြောလေ၏။ ထိုအခါ စိန်ပွက်ထော်က..

"ဒီမှာ ကိုဆာမိ။ ရှင်နဲ့ကျွန်မနဲ့ မင်္ဂလာဆောင်တော့မယ်။ အခုထက်ထိ အဘရဲ့ ကြွေးစာချုပ်တွေ ယူမလာသေးဘူး။ အဲဒါတွေ ယူလာပြီး ကျွန်မရှေ့မှာ ဖျက်ဆီးပစ်မှ ကျွန်မ လက်ခံမယ်နော်။ နောက်ပြီး ရှင့်ကို ပြောလိုက်ဦးမယ်။ နောက်လည်း ညားရမယ့် အတူတူ ကျွန်မ ရှင့်ကို ရှောင်ပြေးစရာ မလိုပါဘူး။ ဒါပေမဲ့ ရှင့်အိမ်မှာက လူတွေအများကြီးရှိတယ် မဟုတ်လား။ အဲဒီကို ကျွန်မ လိုက်လာရမှာ သိပ်ပြီးရှက်တယ်။ အဘတို့ အမေတို့ကလည်း ရှင့်ကို သမက်တော်ဖို့ လက်ခံထားကြပြီပဲ။ ရှင် ဒီမှာလာပြီး အိပ်လို့ ရပါတယ်။ စာချုပ်ယူပြီး ရှင်လာခဲ့။ အဖော်တွေ ခေါ်မလာနဲ့။ ရှင်တစ်ယောက်တည်းလာခဲ့။ အဖော်ပါရင် ကျွန်မ ရှက်တယ်"

ဟု ခရာတာတာလေသံနှင့် ပြောလိုက်ရာ ချစ်တီးကုလားကြီးသည်...


BURMESE CLASSIC .com

"အခုမှပဲ နတ်ပြည်ရောက်တော့တယ်။ စိတ်ချကောင်မလေး.. စိတ်ချ။ ငါအခုပဲ နင့်အဘ စာချုပ်တွေ သွားယူခဲ့မယ်"

ဟု ဆိုကာ ချစ်တီးကုလားကြီးလည်း ပြန်သွားလေတော့၏။ ချစ်တီးကုလားကြီး ပြန်သွားလျှင် စိန်ရွှက်ထော်၏အိပ်ခန်းအတွင်းမှ မမကြီးထွက်လာပြီးလျှင် စိန်ဂွက်ထော်အား

"ညီမလေးက သိပ်ကို သဘာဝကျတာပဲ။ ချစ်တီးကြီးတော့ ပြန်သွားရှာပြီ။ မမလည်း ခဏပြန်သွားလိုက်ဦးမယ်"

ဟု ဆိုကာ မမကြီးသည် ထွက်သွားလေတော့၏။

တစ်နာရီကျော်ကျော်ခန့် ကြာသောအခါ၌ မမကြီး ပြန်၍ရောက်လာလေတော့၏။ စိန်ဂွက်ထော်တို့ရွာနှင့် ရန်ကုန်မြို့သည် (၁၃)မိုင်ခန့်သာ ဝေးရာ နာရီပိုင်းအတွင်း၌ပင် အသွားအလာပြုလုပ်နိုင်လေ၏။

မမကြီး ပြန်၍ရောက်လာပြီး များမကြာမီ၌ ချစ်တီးကုလားကြီးလည်း ပြန်၍ရောက်လာလေ၏။ ထိုအချိန်၌ မမကြီးနှင့် စိန်ဂွက်ထော်တို့သည် အိမ်ရှေ့ကွပ်ပျစ်၌ ထိုင်နေကြသည်ဖြစ်ရာ ချစ်တီးကုလားကြီးလည်း ကွပ်ပျစ်၌ ဝင်၍ထိုင်လေ၏။ ထိုသို့ထိုင်ရင်း မမကြီးအား ညွှန်ပြ၍..

"သူ ဘယ်သူလဲ"

ဟု မေးလိုက်ရာ စိန်ဂွက်ထော်က...



BURMESE CLASSIC .com

www.burmeseclassic.com

"ကျွန်မ အစ်မပါ။ မင်္ဂလာဆောင်မယ်ဆိုတာ ကြားလို့ လာပြီး မေးတာ။ အခုပဲ ပြန်မှာပါ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ချစ်တီးကုလားကြီးက သူ၏ အိတ်အတွင်းမှ စာချုပ်သုံးလေးစောင်ကို ထုတ်၍ စိန်ဝွတ်ထော်အား ပြလေ၏။

"ဟောဒီမှာ စာချုပ်တွေ.. ဟောဒီမှာ စာချုပ်တွေ..။ ကောင်မလေးနဲ့ ကျုပ်နဲ့ ပေါင်းရဖို့ ဖူးစာရေးနတ်လုပ်တဲ့ စာချုပ်တွေ.. ဟီ..ဟိ..ဟိ"

ဟု ချစ်တီးကုလားကြီးက ပြောလေ၏။ စိန်ဝွက်ထော်လည်း စာချုပ်များကို ကောက်ယူပြီးနောက်...

"ကျွန်မ စာမှမတတ်ဘဲ မမရယ်။ တဆိတ်ဖတ်ပေးစမ်းပါ"

ဟု ပြောရာ မမကြီးသည် စာချုပ်များကို ဖတ်ကြည့်ပြီးနောက်...

"ဒီစာချုပ်နှစ်စောင်က မှားပြီးပါလာတာ ထင်တယ်။ ညည်းအဘဦးပြားနဲ့ ချုပ်ထားတဲ့ စာချုပ်မှ မဟုတ်ဘဲ"

ဟု ပြောလိုက်ရာ စိန်ဝွက်ထော်က...

"ဟင်းနော် ကိုဆာမိ။ အူကြောင်ကြောင် မလုပ်နဲ့။ စာချုပ်တွေ အပြည့်အစုံမပါရင်တော့ အိပ်ဖို့မပြောနဲ့ အိမ်ရိပ်တောင် မနင်းရဘူး။ အိမ်အောက်က ကုပ်ကျားကြီးနဲ့ ရှူးတိုက်လွှတ်လိုက်မယ်။ ဟီ..ဟိ..ဟိ"


BURMESE CLASSIC .com

ဟု ပြီတည်တည်လေသံဖြင့် ပြောလိုက်ရာ ချစ်တီးကုလားကြီးက..

"စိတ်မဆိုးပါနဲ့ ဥက်ထော်ရယ်။ နင်တို့ရွာက စာချုပ်တွေ အားလုံး သပ်သပ်ထားတာပါ။ ငါယူခဲ့ပါတယ်"

ဟုပြောပြီး အိတ်တွင်းမှ စာချုပ်အထပ်လိုက်ကို ထုတ်ယူပြီး ပြလေ၏။ ထိုအခါ မမကြီးက စာချုပ်များကိုယူ၍ ခပ်သွက်သွက်ဖတ်ကြည့်ပြီးနောက် ၄င်း၏ ပိုက်ဆံအိတ်အတွင်းမှ ကနုကမာရိုး တပ်ထားသော ခြောက်လုံးပြူးသေနတ်ကလေးကို ထုတ်ကာ..

"ငြိမ်ငြိမ်နေ။ သေသွားမယ် ချစ်တီးကြီး"

ဟု ဆိုပြီးလျှင် လက်တစ်ဖက်နှင့် မီးခြစ်ကိုခြစ်ကာ စာချုပ်များကို အပြီးအပိုင် မီးရှို့ပစ်လိုက်လေ၏။ ချစ်တီးကုလားကြီးမှာ မြေကြီးပေါ်တွင် လူးလှိမ့်၍ ငိုနေလေတော့၏။

စိန်ဥက်ထော်အား ပြာများကို ကျုံး၍ အစဖျောက်ပစ်လိုက်ရန် မမကြီးက ပြောလိုက်သဖြင့် စိန်ဥက်ထော်လည်း ပြာများကိုယူ၍ ကောင်းကင်သို့ ပစ်တင်လိုက်ရာ ဝေ့ခနဲ တိုက်ခတ်လာသော လေနုအေးကလေးနှင့်အတူ ပြာများသည် လွင့်မျောပျောက်ကွယ်၍ သွားလေတော့၏။

ထိုအချိန်၌ ချစ်တီးကုလားကြီး၏ ငိုသံကြောင့် အနီးအနားရှိ ရွာမှ လူများသည် လာရောက်ကြည့်ကြလေ၏။ ချစ်တီးကုလားကြီးသည် ငိုနေလေ၏။ မမကြီးသည် သူ၏ သေနတ်ကို



BURMESE CLASSIC .com

ရှေးမဆွကပင် အိတ်တွင်း၌ ပြန်လည်၍ သိမ်းဆည်းထားပြီး ဖြစ်လေ၏။

ချစ်တီးကုလားကြီးမှာမူ…

"ငါ့ စာချုပ်တွေ.. ကောင်မလေး လိမ်တယ်။ ငါ့ စာချုပ်တွေ.. ကောင်မလေး လိမ်တယ်"

ဟုသာ အော်၍ ငိုနေလေ၏။

ထိုသို့ ငိုနေစဉ်၌ပင် ရွာလယ်လမ်းမမှနေ၍ မော်တော်ကားကြီးတစ်စီးသည် ဝင်လာလေ၏။ ထိုမော်တော်ကားကြီးသည် စိန်ဝှက်ထော်တို့အိမ်ရှေ့၌ ရပ်လိုက်လေ၏။ ထိုသို့ ရပ်လိုက်သည်နှင့်တစ်ပြိုင်နက် ကားခေါင်းတွင် စီးနင်းလိုက်ပါလာသော အသက်ငါးဆယ်ကျော်အရွယ်ခန့် သားသားနားနားလူကြီးတစ်ဦးသည် ဆင်းလာလေ၏။ ကားနောက်ခန်းမှလည်း သန်မာမာယောကျ်ားကြီးလေးဦး ဆင်းလာလေ၏။ သားသားနားနားလူကြီးက သူ၏ လူလေးဦးအား..

"ဟော့… ဟိုမှာ တွေ့ပြီဟော့"

ဟု ပြောလိုက်လျှင် ထိုသန်မာထွားကျိုင်းသော လူလေးဦးသည် ချစ်တီးကုလားကြီးကို ဖမ်းကာ ကြိုးများဖြင့် တုပ်ကြလေ၏။ ချစ်တီးကုလားကြီးက..

"ငါ့စာချုပ်တွေ..ငါ့စာချုပ်တွေ"

ဟု အော်ဟစ်ရင်း ကားပေါ်သို့ ယက်ကန်ယက်ကန်နှင့် ပါသွားတော့၏။ သားသားနားနားနှင့် လူကြီးမှာ ဒေါက်တာ



BURMESE CLASSIC .com

ဦးသန်းကြွယ်ဖြစ်၏။ ဒေါက်တာ ဦးသန်းကြွယ်သည် လူအုပ် အတွင်းမှ လူများကို အကဲခတ်ပြီးလျှင် မမကြီးဆီသို့ လျှောက် လာလေ၏။

"ဒီချစ်တီးအရူးကြီး ဒီရွာကိုရောက်နေတယ်ဆိုပြီး လှမ်း ပြီး သတင်းပေးတဲ့ လေဒီဒေါက်တာဆိုတာ ဒီက တူမကြီးလား"

ဟု မေးလေ၏။ ထိုအခါ မမကြီးက...

"မဟုတ်ရပါဘူးအန်ကယ်။ ကျွန်မက ဆန်စပါးလုပ်ငန်း လုပ်ချင်လို့ ဒီရွာကို လာပြီး လေ့လာနေတာပါ။ ကျွန်မနာမည် မမကြီးတဲ့။ ကျွန်မ ဆရာဝန်မဟုတ်ပါဘူး"

ဟုပြောလေ၏။ ထိုအခါ ဒေါက်တာဦးသန်းကြွယ်လည်း

"သြော်...သြော်...သြော်...ကျုပ်က တူမကြီးကို ဒီချစ်တီးကုလားကြီးကို ကုနေတဲ့ ဆရာဝန်မလေးအောက်မေ့ လို့ပါ။ ကဲ..နေမြင့်လေ၊ အရူးရင့်လေတဲ့။ နေမမြင့်ခင် ဒီချစ် တီးကုလားကြီးကို ခေါ်သွားရဦးမယ်"

ဟု ဆိုကာ ခေါ်ဆောင်သွားလေတော့၏။ ချစ်တီး ကုလားကြီးမှာမူ အော်ဟစ်ရင်း ပါသွားရရှာလေတော့၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး မျှားမကြာမီ ၌ပင် စိန်ဂွက်ထော်တို့အိမ်ရှေ့၌ မင်္ဂလာမဏ္ဍပ်ကြီးတစ်ခု ထိုး၍ မင်္ဂလာဆောင်တစ်ခု စည်ကားသိုက်မြိုက်စွာ ကျင်းပနေလေ၏။

ထိုမင်္ဂလာဆောင်၏ မင်္ဂလာသတို့သမီးမှာ စိန်ဂွက်ထော် ဖြစ်ပြီး သတို့သားမှာ မောင်သာအေးဖြစ်လေ၏။ ထိုမင်္ဂလာ


BURMESE CLASSIC .com

www.burmeseclassic.com

ဆောင်ကို ကမကထပြုသူမှာ ကျွန်ုပ်တို့၏ ဇာတ်လိုက်ကျော် မမကြီး (ခေါ်) စိန်မမကြီးပင်ဖြစ်ကြောင်း အထူးဖော်ပြရန် မလို တော့ပေ။

ထိုသို့ မင်္ဂလာဆောင်နေစဉ်အတွင်း ချစ်တီးကုလားကြီး သည် ဂါတ်မှ ပုလိပ်များကိုခေါ်ကာ မင်္ဂလာဆောင်ဆီသို့ ရောက် လာတော့၏။ ထို့နောက် မမကြီးကိုမြင်လျှင်..

"သူပါပဲ...သူပါပဲ။ ကျုပ်စာချုပ်တွေကို လုယူပြီး မီးရှို့ ပစ်တာ"

ဟု တိုင်တန်းရာ ရာဇဝတ်အုပ်က မမကြီးအနီးသို့ ကပ် လိုက်ပြီးလျှင်..

"ဒီမှာ ပြီးခဲ့တဲ့ရက်အနည်းငယ်တုန်းက ခင်ဗျားဟာ ဒီချစ်တီးကုလားကြီးရဲ့ စာချုပ်တွေကို သေနတ်နဲ့ ချိန်ပြီး လုယူ ပြီး မီးရှို့ပစ်တယ်လို့ တိုင်ချက်ဖွင့်ထားတယ်"

ဟု ပြောလိုက်ရာ မမကြီးက မခို့တရို့လေးပြုံး၍ ၄င်း၏ ပိုက်ဆံအိတ်တွင်းမှ ဓာတ်ပုံတစ်ပုံကိုထုတ်ကာ ရာဇဝတ်အုပ်၏ လက်တွင်းသို့ ပေးလိုက်ရင်း..

"ဒီချစ်တီးကုလားကြီးဟာ အရူးကြီးပါရှင်။ တွေ့တဲ့ လူတိုင်းကို အဲဒီလိုချည်း ပြောနေတာပဲ။ အဲဒီဓာတ်ပုံမှာ ကြည့် ပါလား။ သူဟာ သွက်သွက်ခါအောင် ရူးနေတဲ့ သူပါ"

ဟု ပြောလိုက်ရာ ရာဇဝတ်အုပ်သည် ဓာတ်ပုံကို ကြည့် လိုက်လေ၏။


BURMESE CLASSIC .com

ခါတ်ပုံတွင်ကား အဝတ်မပါ ဗလာကိုယ်တည်းဖြင့် ပြေးနေသော ချစ်တီးကုလားကြီးနှင့် နောက်မှလိုက်၍ ဖမ်းသော လူလေးဦး၏ ပုံကို ထင်ရှားစွာ တွေ့နေရသည် ဖြစ်ရကား...

"စိတ်မရှိပါနဲ့ခင်ဗျာ။ ကျွန်တော်တို့ကလည်း သူ့ကို ရူးနေမှန်းမသိလို့ပါ။ ကျွန်တော်တို့ပဲ ပြန်ခေါ်သွားပါ့မယ်"

ဟု ရာဇဝတ်အုပ်က ပြောလေ၏။ ထိုအခါ မမကြီးက..

"မဟုတ်တာဘဲ ရာဇဝတ်အုပ်မင်းရယ်။ မင်္ဂလာဆောင် လာပြီးမှ ဘာမှမစားဘဲ ပြန်မယ်လို့။ ချစ်တီးအရူးကြီးလည်း သနားပါတယ်။ ထမင်းကျွေးလိုက်ပါဦး"

ဟု ပြောဆို၍ မမကြီးသည် ကာလသားတစ်ဦးအား

"ဟဲ့... မောင်လေး။ ဟောဒီချစ်တီးကုလားကြီး အတွက် ထမင်းတစ်ပွဲသပ်သပ်ပြင်ပေးလိုက်ပါကွယ်"

ဟု ပြောရာ ကာလသားတစ်ဦးကလည်း ဟင်းများကို ပန်းကန်တွင်းသို့ ခပ်ထည့်ရင်း...

"လာ..ချစ်တီး။ စားမယ်"

ဟု ခေါ်လိုက်ရာ ချစ်တီးက ထိုဟင်းကို ကြည့်လျက်..

"ငါမစားဘူး.. ငါမစားဘူး။ ငါ့စာချုပ်တွေ ပြန်ပေး။ ကောင်မလေး ငါ့ကိုပေး"

ဟု အော်ဟစ်နေ၍ ရာဇဝတ်အုပ်သည် သူ၏ နောက်ပါ ပုလိပ်များကို မျက်ရိပ်ပြလိုက်ရာ ပုလိပ်များသည် ချစ်တီး ကုလားကြီးအား လက်ထိတ်ခတ်၍ ဆွဲခေါ်သွားကြလေတော့၏။

www.burmeseclassic.com

ထိုအခါ လှည်းကူးမြို့မှ ငှားရမ်းထားသော တီးဝိုင်းက ဒုံမင်း၊ ခြောက်လုံးပတ်၊ တယော..စသည်များဖြင့် စတင်တီး မှုတ်နေလေတော့၏။ သီချင်းဆိုသူမှာ ကာလသားခေါင်း ကို ကြက်တောဆိုသူဖြစ်၏။ ကိုကြက်တောဆိုရမည့် သီချင်းမှာ 'အခါတော်ပေးတာက နတ်ရေးငယ် ရွှေစာ' ဟု ဖြစ်သော်လည်း အကြောင်းစုံကိုသိနေသော ကိုကြက်တောက စာသားကို ဖျက်၍

"အခါတော်ပေးတာက ချစ်တီးငယ် ရွှေစာ"

ဟု ဆိုလိုက်ရာ လက်ထိတ်ဖြင့် ပါသွားသော ချစ်တီးက

"ထွီ"

ဟု အော်ဟစ်လိုက်ရင်း ဒေါသများ ပြင်းထန်ပေါက်ကွဲ လာကာ တစ်ထိုင်တည်း၌ပင် သွက်သွက်ခါအောင် ရူးသွပ်သွား သည်ဖြစ်ရာ...

"ငါ့စာချုပ်တွေ..ငါ့စာချုပ်တွေ"

ဟုအော်ဟစ်ရင်း ခုန်ပေါက်ပြေးသွားလေတော့သတည်း။

◆

သဗ္ဗေသတ္တာ ကမ္မသကာ
မင်းသိခ်


BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

# မမကြီးနှင့် အကြံသမားနှစ်ဦး

တစ်နေ့သ၌ မမကြီးဆိုသော မိန်းမချောတစ်ဦးသည် လွန်စွာမှ အချုပ်အလုပ်ကောင်း၍ လွန်စွာမှလည်း ဆက်ဆံရေးကောင်းလှသော 'အန်တီအေး' ဆိုသည့် အဒေါ်ကြီးတစ်ဦး၏ အပ်ချုပ်ဆိုင်သို့ ရောက်ရှိလာလေတော့၏။ ၎င်းရောက်ရှိလာချိန်၌ ထိုအန်တီအေးဆိုသော အပ်ချုပ်ကျွမ်းကျင်သည့် အဒေါ်ကြီးသည် နံရံကို ခေါင်းဖြင့်မှီရင်း ပရပ်ဆီပုလင်းကလေးကို ရှူ၍နေလေ၏။

မမကြီးသည် အန်တီအေးကိုမြင်လျှင်မြင်ချင်း..



BURMESE CLASSIC .com

www.burmeseclassic.com

“အန်တီအေး..အင်္ကျီအပ်ချင်တယ်။ အမြန်ရမလား”

ဟု မေးလိုက်လေ၏။

“အမြန်တော့ ဘယ်ရမလဲ သမီးရယ်။ အန်တီလည်း ကောင်းကောင်း နေမကောင်းဘူး”

ဟု ထိုအဒေါ်ကြီးက ပြန်၍ ပြောလေ၏။

ထိုအခါ မမကြီးဆိုသော မိန်းမချောလေးကလေးက..

“အန်တီအေးကြည့်ရတာ တစ်မျိုးကြီးပဲ။ ဘာဖြစ်လို့လဲ”

ဟု မေးလိုက်လေ၏။

“ညက အန်တီအေးတို့လင်မယား စကားများပြီး သတ်ကြ ပုတ်ကြတယ်လေ။ ပြီးတော့ ကွာမယ်ရှင်းမယ် လုပ်ကြတာပေါ့”

ဟု ထိုအဒေါ်ကြီးက ပြောလေ၏။

ထိုအခါ မမကြီးက..

“အန်တီအေးယောက်ျားကြီးကို ကျွန်မ ကောင်းကောင်း သိပါတယ်။ ဒါလောက်နာမည်ကြီးတဲ့ ဗေဒင်ဆရာကြီး။ မသိဘဲ နေပါ့မလားရှင်။ ဒီဆရာကြီးက သဘောကောင်းပါတယ်။ ကျွန်မ သူ့ဆီမှာ ဗေဒင် နှစ်ခါ သုံးခါ သွားမေးဖူးတယ်။ ပြီးတော့ အမြဲတမ်း တရားထိုင်နေတဲ့ တရားသမားကြီးမဟုတ်လား”

ဟု မမကြီးက မေးလိုက်လေ၏။

"အဲဒါကြောင့် ခက်တာပေါ့ သမီးရယ်။ ကဏန်းညှပ်တာတော့ လူမသိဘူးအေ့။ မိအေးအော်တာပဲ လူကြားတာ။ သူဟာလေ သမီးပြောသလို သူတော်ကောင်းကြီးပါပဲ။ လူတကာပေါ် ကောင်းပါတယ်။ အန်တီ့တစ်ယောက်တည်းအပေါ် မကောင်းတာပါ။ အန်တီနဲ့ သူနဲ့က ငယ်ငယ်လေးကတည်းက အိမ်ထောင်ကျခဲ့ကြတာ။ သူက ဆယ့်ရှစ်နှစ်၊ အန်တီက ဆယ့်ခြောက်နှစ်။ လိုက်ပြေးကြတာကွယ့်။ တစ်နှစ်လောက်ပဲ ပေါင်းရပါတယ်ကွယ်။ အန်တီ့မိဘတွေက အတင်းခွဲလို့ ကွဲသွားကြရတယ်။ အဲဒီမှာ သူလည်းပဲ သူ့ဘဝကို သူ တန်ဖိုးမထားတော့ဘဲ လုပ်မိလုပ်ရာတွေ လျှောက်ပြီးလုပ်တော့တာပဲ။ သာယာဝတီ သူပုန်တွေထတော့လည်း အဲဒီအထဲ ပါသွားတယ်။ နောက်တော့ အစိုးရဘက်က ဖမ်းမိပြီး ထောင်ခြောက်နှစ်ချလိုက်တယ်။ ထောင်က ထွက်လာတော့လည်း အလုပ်အမျိုးမျိုး လုပ်ကိုင်စားသောက်ရင်း အဲဒီ ဗေဒင်တို့ လက္ခဏာတို့ဆိုတဲ့ ပညာတွေ လေ့လာလိုက်စားခဲ့တာ အခုလို လူသိများတဲ့ ဆရာကြီးတစ်ဆူ ဖြစ်တဲ့အထိပါပဲ သမီးရယ်။ အန်တီနဲ့ ကွဲသွားလိုက်တာ အနှစ်နှစ်ဆယ်ကျော်ပါတယ်။ သူ အသက်လေးဆယ်ကျော်၊ အန်တီ အသက်လေးဆယ်အရောက်မှာ ပြန်ပြီးလက်ထပ်ယူကြတယ်လေ။ ဒါတွေပြောရတာ နားရှက်စရာပါကွယ်။ သမီး သိအောင် ပြောပြရတာ"



BURMESE CLASSIC .com

www.burmeseclassic.com

ဟု ထိုအဒေါ်ကြီးက ပြောလိုက်လေ၏။

"အန်တီတို့ ဇာတ်လမ်းကလည်း ခပ်ဆန်းဆန်းပါလား။ ရှိတ်စပီးယား ပြဇာတ်တွေထဲမှာတောင် မင်းသမီးနဲ့ မင်းသား ကွဲရင် သုံးနှစ်လောက်ပဲ ကွဲကြတာ။ ကမ္ဘာကျော် ရာမဇာတ် လမ်းမှာတောင် ရာမမင်းသားနဲ့ သီတာဒေဝီ ကွဲတာတောင် ခုနစ်နှစ်ပဲ ကြာတယ်။ အန်တီတို့က အနှစ်နှစ်ဆယ်ကျော်ကွဲပြီး ပြန်တယ်ပေါင်းဆိုတော့ အတော်ကလေးတော့ ဆန်းသားပဲ။ အန်တီ့ယောက်ျားကြီးက အတော့်ကို အစွဲအလမ်းကြီးတဲ့လူကြီး ပဲနော်။ ဟုတ်မှာပါ။ ဒီဆရာကြီးကြည့်ရတာ နှုတ်ခမ်းမွေးကြီးက လည်း ကားကား၊ မျက်လုံးအကြည့်ကလည်း စူးရဲရဲနဲ့။ သူမှန် တယ်ထင်ရင် လုပ်ဝံ့မယ့် လူစားမျိုးကြီးပါ"

ဟု မမကြီးဆိုသော မိန်းမချောကလေးက ပြောလိုက် လေ၏။ ထိုအခါ အန်တီအေးဆိုသော အပ်ချုပ်သည် အဒေါ်ကြီး က...

"အန်တီ ဒီစကားတွေ ပြောရမှာ ရှက်လည်း ရှက်ပါ တယ်ကွယ်။ ကလေးကလားလည်း နိုင်ပါတယ်။ ဒါပေမဲ့ ငါတို့ မိန်းမတွေရဲ့ သဘာဝကို ပြောရဦးမယ်ဟေ့။ အသက်ကြီးမှ သူ့ကို ပြန်ယူတာ 'ငယ်က ပေါင်း အနှစ်တစ်သောင်း မမေ့ ကောင်း' ဆိုတဲ့ စကားအတိုင်း အန်တီက သူ့ကို မြတ်နိုးလို့၊ လေးစားလို့ ပြန်ယူတာကွယ့်။ ဒါပေမဲ့ ကိုယ်တော်ချောက


BURMESE CLASSIC .com

အန်တီ့ရဲ့ မေတ္တာနဲ့စေတနာကို တန်ဖိုးမထားဘူး။ သူ့မှာ စုမိဆောင်းမိရှိလာမှ သူ့ကို လာပြီးယူတယ်လို့ အန်တီ့ကို အထင်သေးတာကွယ့်။ အဲဒီမှာ အန်တီ့ကို ငယ်ငယ်တုန်းက နာထားတဲ့ အနာဟောင်းနဲ့ ပေါင်းပြီး နှိပ်စက်တာ ခြောက်နှစ် ရှိပါပြီ မမကြီးရယ်။ အခုတစ်ခါတော့ အနာဆုံးပဲ။ ဒါကြောင့် သူကိုတော့ ဆလံပါပဲ။ ပေါင်းလည်း မပေါင်းတော့ပါဘူး”

ဟုပြောရင်း ထိုအဒေါ်ကြီးသည် မျက်ရည်များ တတွေတွေစီးကျလာတော့၏။ ထိုအခါ မမကြီးက..

“ဒီလိုလုပ်တာတော့ အန်တီ့ယောကျ်ား ဆရာကြီးကလွန်တာပေါ့။ ငယ်ငယ်တုန်းကဖြစ်ခဲ့တဲ့ အငြိုးကို အသက်အရွယ်ကြီးမှ လက်စားချေတာ။ ဒါဟာ သက်သက်အနိုင်ကျင့်တာပဲ။ အန်တီ ငုံ့ခံပေမဲ့ ကျွန်မတော့ မခံနိုင်ဘူး။ အဲဒီဆရာကြီးနဲ့ သွားတွေ့မယ်။ အန်တီပြောတဲ့အတိုင်း ဟုတ်ရင်တော့ ဒီလူကြီးကို ချမ်းသာမပေးနိုင်ဘူး။ အန်တီကိုယ့်စား သမီး သူ့ကို သင်ခန်းစာပေးလိုက်မယ်”

ဟု မမကြီးက ပြောလိုက်လေ၏။

“ဟုတ်ပါတယ်သမီးရယ်။ အန်တီက ဘာဖြစ်လို့ ကိုယ့်အရှက်ကိုယ်ခွဲရမှာတုံး။ ဒါပေမဲ့ သူ့ကိုတော့ သင်ခန်းစာ သွားပြီးမပေးပါနဲ့ကွယ်။ ဒီလူကြီးက ဘာမဆို သူပဲ မှန်တယ်လို့ ထင်တဲ့လူကြီး။ တကယ့်ကို ခွစာကြီးပါပဲ။ ပြောလက်စနဲ့ ပြောရဦးမယ်



BURMESE CLASSIC .com

www.burmeseclassic.com

သမီးရေ။ အန်တီတို့ အသက်ကြီးမှ ပြန်ပြီးပေါင်းကြတာ ခြောက်နှစ်တင်းတင်းပြည့်ပါပြီ။ သူ့လုပ်စာကိုလည်း တစ်ပြားမှ မစားဖူးပါဘူး။ အန်တီလည်း ကိုယ့်ဝင်ငွေနဲ့ကိုယ်ပဲ မဟုတ်လား။ သူရှာလို့ရသမျှအားလုံး သူငယ်ချင်းတွေကို ကျွေးလားကျွေးရဲ့။ တပည့်တွေကို ကျွေးလားကျွေးရဲ့။ ရသမျှ အကုန်သွားပေးတာပဲ။ ဘယ်သူ့ကိုမဆို သဒ္ဓါတရားတော့ ရှိတယ်။ အန်တီက လွဲရင်ပေါ့လေ။ အန်တီ့ကိုများဆိုရင် ပိုက်ဆံကလေးနှစ်ပြားပေးဖို့တောင် လက်တုန်နေတယ်။ အန်တီ နေမကောင်းပြီး သေမလိုဖြစ်နေတာတောင် ကြည့်ဖော်မရဘူး။ အဲဒီလောက် စိမ်းကားရက်စက်တဲ့ လူကြီးပါကွယ်။ ဒင်းကိုတော့ ဒီတစ်ခါ တော်ပါပြီ"

ဟု စက်ချုပ်သည်အဒေါ်ကြီးက ပြောလေ၏။ ထိုအခါ မမကြီးက...

"အန်တီပြောတဲ့အတိုင်းဆိုရင် ဒီဆရာကြီးဟာ အတော့်ကို လွန်တာပဲ။ သမီး သူနဲ့ သွားတွေ့မယ်။ ဘာပဲဖြစ်ဖြစ်လေ ဒီလိုမတရားလုပ်တာတော့ သမီးစိတ်ထဲမှာ မခံချင်သလိုဘဲ။ ကဲပါ အန်တီရယ် နေကောင်းအောင်နေပါ။ သမီးသွားမယ်"

ဟုဆိုကာ မမကြီးသည် ထိုစက်ချုပ်သည် အဒေါ်ကြီး၏ ယောကျ်ား ဗေဒင်ဟောရာသို့ ထွက်လာခဲ့လေ၏။

မမကြီးသည် ထိုဆရာကြီး၏ ဗေဒင်ဟောရာ အခန်းအတွင်းသို့ မျက်နှာကို တင်းတင်းထား၍ ဝင်သွားပြီးလျှင် ထိုဆရာကြီး၏ မျက်နှာချင်းဆိုင်နေရာ၌ ဝင်၍ ထိုင်လိုက်လေ၏။


BURMESE CLASSIC .com

ထို့နောက် ထိုဆရာကြီးကို အကဲခတ်လိုက်လေ၏။

ဆရာကြီးသည် ရှပ်ဖြူအင်္ကျီ၊ ပလေကပ်လုံချည် အဖြူကို ဝတ်ဆင်ထား၏။ ၄င်း၏ အနီး၌မူ ငယ်စဉ်က ရိုက်ကူးထားသော ဓာတ်ပုံဟောင်းကလေးတစ်ပုံ ချိတ်ထားသည်ကို တွေ့ရလေ၏။

ထိုဓာတ်ပုံကို ကြည့်ခြင်းအားဖြင့် ယောကျ်ားပီသသော၊ ဥပမိရုပ်ကောင်းသော ထိုဆရာကြီး၏ လူငယ်ဘဝအဖြစ်အပျက်များကို မှန်းဆနိုင်၏။ ထို့နောက် မမကြီးက…

"ဆရာကြီးငယ်ငယ်က အတော့်ကိုကြည့်ကောင်းတဲ့ ယောကျ်ားတစ်ယောက်ပဲ"

ဟု စကားစလိုက်လေ၏။

"လူကြည့်ကောင်းတာက အရေးမကြီးပါဘူး။ စိတ်ထားကောင်းဖို့ ပိုပြီး အရေးကြီးလိမ့်မယ် ထင်တယ်"

ဟု ဆရာကြီးက ပြောလိုက်လေ၏။

ထိုအခါ မမကြီးက…

"စိတ်ထားကောင်းတဲ့လူများ ကိုယ့်မိန်းမကို ကိုယ်မကြာခဏ ရိုက်နှက် နှိပ်စက်ရတယ်လို့များ ကြားဖူးပါသလားရှင်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆရာကြီးသည် တဟားဟားရယ်ရင်း…



BURMESE CLASSIC .com

www.burmeseclassic.com

"မိန်းကလေး ကျုပ်မိန်းမကြီးရဲ့ စက်ဆိုင်က လာခဲ့တယ် ထင်တယ်။ ကျုပ်မိန်းမကြီးကို ကျုပ် မကြာခဏ ရိုက်တာပေါ့ ဗျာ။ အဲဒါကို ကျုပ်မိန်းမကြီး သဘောမပေါက်ဘူး။ လူတွေမှာ စိတ်သဘာဝအမျိုးမျိုးရှိတယ် မိန်းကလေး။ အရက်မူးလို့ ပင်ကို စိတ် ပေါ်လာတဲ့အခါမျိုးမှာ အကဲခတ်ကြည့်ပါလား။ တချို့က မူးရင် သီချင်းဆိုတယ်။ တချို့က ကတယ်။ တချို့ တောင်စဉ် ရေမရတွေ လျှောက်ပြီးပြောတယ်။ တချို့ ဆဲဆိုတယ်။ တချို့က အနားမှာတဲ့ ဖန်ခွက်တွေ၊ ပုလင်းတွေ ရိုက်ခွဲတယ်။ တချို့က အနားမှာ ရှိတဲ့ လူကို ရန်ရှာပြီး ရိုက်လားနှက်လား လုပ်တယ်။ ဒါပေမဲ့ သူတို့အားလုံးဟာ မူးနေတာကို ကိုယ်ကြိုက်တဲ့ နည်းနဲ့ သရုပ်ဖော်နေကြတာပဲ မဟုတ်လား။ အဲဒီလိုပဲ မိန်းကလေး။ အိမ်ထောင်ချစ်ခြင်းတရားမှာ တချို့က မိန်းမကို ချစ်တဲ့အတွက် လက်ဝတ်လက်စားတွေ ဝယ်ပေးတယ်။ တချို့က အဝတ် အထည်တွေ ဝယ်ပေးတယ်။ တချို့က လိုက်ချင်မှန်းမသိ၊ မလိုက်ချင်မှန်း မသိ၊ အနယ်နယ်အရပ်ရပ်ကို ခေါ်သွားတယ်။ တချို့က ဆဲတယ်။ တချို့က အပြစ်ရှာပြီး ရိုက်တယ်။ သူတို့ဟာ အိမ်ထောင်ရေးမေတ္တာကို သူတို့နည်းသူတို့ဟန်နဲ့ သရုပ်ဖော်နေကြ တာပဲ မဟုတ်လား။ ကျုပ်က နောက်ဆုံးလူအမျိုးအစားထဲမှာ ပါတယ်မိန်းကလေး။ အဲဒါကို ရိုင်းစိုင်းတဲ့ သဘာဝရှိတယ်လို့ တော့ ဆိုနိုင်တယ်။ ယုတ်မာကောက်ကျစ်တယ်လို့တော့ မဆို နိုင်ဘူး။ စိတ်သဘာဝကိုး မိန်းကလေးရဲ့"


BURMESE CLASSIC .com

ဟု ထိုဆရာကြီးက ပြောလေ၏။

ထိုအခါ မမကြီးက..

"အဲဒီလို ရိုင်းစိုင်းတဲ့ သဘာဝရှိတဲ့ လူမျိုးနဲ့ အိမ်ထောင်ကျတဲ့ မိန်းမကတော့ ကံဆိုးတာပေါ့နော်"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဆရာကြီးက...

"ဒီလို မိန်းကလေးရဲ့။ အိမ်ထောင်အပြစ်ခုနစ်ပါးဆိုတာ ရှိတယ်။ အိမ်ထောင်မမြဲခြင်း၊ မြဲသော်လည်း စီးပွားမဖြစ်ခြင်း၊ စီးပွားဖြစ်သော်လည်း သားကောင်း သမီးကောင်းမရခြင်း၊ သားကောင်းသမီးကောင်းရသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မယ်တစ်ရွာ မောင်တစ်မြို့ နေရခြင်း၊ အဲဒီလို မနေရလျှင်လည်းဘဲ တကျက်ကျက်စကားများ ရန်ဖြစ်နေခြင်း၊ အဲဒီလို တကျက်ကျက်ဖြစ်မနေလျှင်လည်း လင်မယားနှစ်ဦးမှာ နှစ်ဦးစလုံးဖြစ်စေ၊ တစ်ဦးဦးမှာဖြစ်စေ၊ ရောဂါဆိုး စွဲကပ်နေခြင်း၊ အဲဒီလို မစွဲကပ်ဘူးဆိုလျှင်လည်း တစ်ဦးဦးက ဖောက်ပြန်ခြင်း ဆိုတဲ့ အပြစ်ခုနစ်ပါးရယ်လို့ ရှိတယ်။ ကျုပ်တို့လင်မယားနှစ်ယောက်မှာ အဲဒီအပြစ်ခုနစ်ပါး မရှိရပါလားဗျာ။ တစ်ခါမှ တကျက်ကျက်ရန်ဖြစ်တယ်လို့ မရှိဘူး။ အသက်ကြီးလာလေ၊ သံယောဇဉ်ပိုလာလေပေါ့ မိန်းကလေးရယ်။ အဲဒီသံယောဇဉ်တွေကို ကျုပ်က ရိုက်နှက်ခြင်းနဲ့ သရုပ်ဖော်လေ့ရှိတယ်။ အဲဒါကို

www.burmeseclassic.com

မှားတယ်လို့တော့ ဆိုနိုင်တယ်။ မိုက်တယ်လို့တော့ မပြောသင့်ဘူးကွယ်။ ဒီမှာ မိန်းကလေး။ ကျုပ်တို့လင်မယားကြားမှာ စိတ်ညစ်မခံနဲ့။ အတော်လေးကြာတော့ ကျုပ်မိန်းမကြီးဟာ ကျုပ်ရဲ့ ရိုက်နှက်ထုထောင်းခြင်းကို လွမ်းဆွတ်သတိရလာမှာပါ။ အဲဒီအခါမှာ ကျုပ်ကလည်း ရိုက်စရာရှိတာ ပြန်ရိုက်၊ ကျုပ်မိန်းမကြီးကလည်း စိတ်ကောက်စရာရှိတာပြန်ကောက်နဲ့ပဲ လေးနက်တဲ့ သက်ကြီးရွယ်အိုတို့ရဲ့ အိမ်ထောင်ရေးဘဝကို သရုပ်ဖော်ကြမှာပါ။ မိန်းကလေးကို ကိုယ့်တူမအရင်းလိုသဘောထားပြီး ပြောလိုက်ဦးမယ်။ များများရိုက်တဲ့ ယောက်ျားမျိုးမှ ချစ်စရာရှိရင်လည်း လေးလေးနက်နက် ချစ်တတ်တယ်ကွယ့်နော်''

ဟု ပြောလိုက်လေ၏။ ထိုအခါ မမကြီးလည်း ထိုဆရာကြီး၏ စိတ်သဘောထားကို ကောင်းစွာ နားလည်သွားပြီဖြစ်သဖြင့် နှုတ်ဆက်ကာ ပြန်သွားလေတော့၏။

ထို့နောက် ထိုဆရာကြီး၏ မိန်းမ စက်ဆိုင်သို့ဝင်ကာ...

''အန်တီရေ။ ဆရာကြီးက လူကောင်းကြီးပါရှင်။ ရိုးလိုက်တာလည်း လွန်ရော။ ပြီးတော့ အန်တီ့ကိုလည်း မြတ်မြတ်နိုးနိုးရှိပါတယ်''

ဟု ပြောလိုက်ရာ စက်ချုပ်ဆိုင်ပိုင်ရှင် အန်တီအေးဆိုသော အဒေါ်ကြီးက...


BURMESE CLASSIC .com

“စောစောတုန်းကတော့ ငါ့အဘိုးကြီးကို သင်ခန်းစာ ပေးရမယ်ဆိုပြီး သွားတာ။ အခုတော့ ဘယ်လိုဖြစ်ပြီး ပြန်လာတာတုံး မမကြီးရယ်”

ဟု ညည်းညည်းညူညူ ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် စက်ချုပ်ဆိုင်အတွင်းသို့ မိန်းကလေးတစ်ဦး ဝင်လာလေ၏။ ထိုမိန်းကလေးကိုမြင်လျှင် အန့်တီအေးဆိုသော အဒေါ်ကြီးက..

“ဟဲ့.. မြမြ၊ နင်မလာတာ ကြာပြီနော်”

ဟု ပြောလိုက်လေ၏။

“ဟုတ်တယ် အန့်တီအေး။ အခုလာတာလည်း သူတို့အလစ်မှာ ခိုးပြီး ထွက်လာရတာ။ ကျွန်မလည်း ဘယ်သူ့ကို အကူအညီတောင်းရမှန်း မသိတာနဲ့ အန့်တီ့ဆီ ပြေးလာတာပဲ”

ဟု မြမြဆိုသော မိန်းကလေးက ထိတ်ထိတ်ပျာပျာဖြင့် ပြောလေ၏။

“ညည်းပြောတာ ငါဖြင့် တစ်ခုမှ နားမလည်ဘူး။ ငါက ဘာကို အကူအညီပေးရမှာလဲ။ ရှင်းရှင်းပြောစမ်းပါ မြမြရယ်”

ဟု အန့်တီအေးက ပြောလိုက်လေ၏။

“ဒီလို အန့်တီရဲ့။ ကျွန်မမိထွေးကြီးနဲ့ ကျွန်မနဲ့ စကားများပြီး အိမ်ပေါ်က ဆင်းလာတာတော့ အန့်တီသိတယ်နော်”

www.burmeseclassic.com

ဟု မြမြက ပြောလိုက်လေ၏။

“အေး··အဲဒါတော့ ကြားလိုက်သားပဲ”

ဟု အန်တီအေးက အင်္ကျီစတစ်ခုကို ညှပ်ရင်း ပြောလိုက်လေ၏။

“အိမ်ပေါ်ကလည်း ဆင်းလာရော မိထွေးကြီးကို မခံချင်တာနဲ့ ကျွန်မလည်း အလုပ်လိုက်ရှာလိုက်တာဆိုတာ မပြောပါနဲ့တော့။ နောက်ဆုံးမှာတော့ အလုပ်ရတယ်ပေါ့ အန်တီအေးရယ်။ အလုပ်ကတော့ လက်ရေးတိုစာရေးမ အလုပ်ပါပဲ။ စားပြီး သောက်ပြီး တစ်လ သုံးရာပေးတယ်ဆိုတော့ ကျွန်မအတွက် မဆိုးဘူး အန်တီရယ်”

ဟု မြမြက ပြောလိုက်လေ၏။

“ဘယ်ရုံးမှာ လုပ်ရတာလဲဟဲ့”

ဟု အန်တီအေးက မေးလိုက်၏။

“ရုံးမဟုတ်ဘူးအန်တီရဲ့ အိမ်မှာ။ သဃ်န်းကျွန်းဘူတာနဲ့ သိပ်မဝေးတဲ့နေရာက ခြံဝင်းကျယ်ကြီးနဲ့ နှစ်ထပ်အိမ်မည်းကြီးမှာ အလုပ်လုပ်ရတာ။ ကျွန်မအလုပ်ရှင်က သူငယ်ချင်း နှစ်ယောက်ရှင့်။ ‘ကိုမြဖေ’နဲ့ ‘ကိုလှဖေ’တဲ့။ သူတို့က ညီအစ်မနှစ်ယောက်ကို ယူထားကြတာ။ ညီအစ်မနှစ်ယောက်နာမည်က ‘မအောင်ရင်’နဲ့ ‘မအောင်တင်’တဲ့။ အလုပ်ကလည်း မည်မည်ရရတော့ မဟုတ်ဘူး။ သူတို့လင်မယား စုံတွဲနှစ်တွဲ အပျင်းပြေထိုင်ပြောတဲ့စကားတွေကို လက်ရေးတိုနဲ့ လိုက်ရေးခိုင်းရင်လည်း

လိုက်ရေးရတယ်။ ပြီးတော့ ကျွန်မကို ဖတ်ခိုင်းပြီး သူတို့ လင်မယားတွေ တဝါးဝါးနဲ့ ထိုင်ပြီး ရယ်တော့တာပဲ"

ဟု မြမြက ပြောလိုက်လေ၏။ ထိုအခါ အန်တီအေးက

"အချောင်ပိုက်ဆံရနေတာများ ညည်းကို ငါက ဘာများ ကူညီရမှာလဲ"

ဟု ပြောလိုက်လေ၏။

"မဟုတ်သေးဘူး အန်တီရဲ့။ လပြည့်နေ့ညကျလျှင်တော့ ညနေစောင်းကတည်းက ကျွန်မကို ဗလာထဘီဝတ်ခိုင်းတယ်။ ထိုင်မသိမ်းအင်္ကျီဝတ်ခိုင်းတယ်။ ဆံပင်ကို ဖြန့်ချခိုင်းတယ်။ ပြီးရင် ဆေးလိပ်တစ်လိပ် သောက်ခိုင်းတယ်။ မသောက်ချင်ဘူးဆိုရင်လည်း အတင်းအကျပ်သောက်ခိုင်းတယ်။ ကျွန်မဟာ အဲဒီဆေးလိပ်သောက်ပြီးရင် ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ ခေါင်းထဲမှာ ငြီးစီစီမူးနောက်နောက်နဲ့။ မျက်စိတွေလည်း ဝေလာတော့တာပဲ။ အဲဒီလိုဖြစ်တဲ့အခါမျိုးမှာ ခြံထဲကိုဆင်းပြီး လမ်းလျှောက်ခိုင်းတယ်။ ပြီးရင် လသာဆောင်ကိုထွက်ပြီး စောင်းတီးခိုင်းတယ်"

ဟု မြမြက ပြောလိုက်လေ၏။ ထိုအခါ အန်တီအေးက

"ညည်းက စောင်းတီးတတ်လို့လား"

ဟု မေးလိုက်လေ၏။

"မတီးတတ်ပါဘူး အန်တီရယ်။ လသာဆောင်ထွက်ပြီး ကျွန်မက စောင်းကို ပိုက်ထားရတာပါ။ ကျွန်မနဲ့ မလှမ်းမကမ်း

www.burmeseclassic.com

ပုဏ္ဏားကွယ်ဘေးကနေပြီး ကိုလှဖေဆိုတဲ့လူက တီးတော့တာပဲ။ ကျွန်မထင်တာကတော့ အဲဒီလင်မယားစုံတွဲတွေဟာ မဟုတ်တာ တစ်ခုခုလုပ်နေပြီလို့ ထင်တာပဲ။ ဒါပေမဲ့ ဘာလုပ်တယ်ဆိုတာတော့ ကျွန်မလည်း မပြောတတ်ဘူး''

ဟု မြမြက ပြောလိုက်လေ၏။ ထိုအခါ အန်တီအေးက

''သူတို့ဟာသူတို့ ဘာပဲလုပ်လုပ်ပေါ့ဟယ်။ နင်နဲ့ ဘာဆိုင်တာ မှတ်လို့။ နင်တစ်လ သုံးရာရနေတာပဲ။ ငြိမ်ငြိမ်လေး နေလိုက်ပေါ့။ နင့်ကိုလည်း သူတို့က စော်စော်ကားကား မလုပ်ကြဘူးမဟုတ်လား''

ဟု ပြောလိုက်လေ၏။

''အဲဒီလိုတော့ မလုပ်ပါဘူး အန်တီရယ်။ ဘာမှန်းမသိတော့ ကျွန်မလည်း ကြောက်လာတာပေါ့။ အသက်အန္တရာယ်တွေ၊ ဘာတွေရှိချင်လည်း ရှိမှာပေါ့ အန်တီရယ်''

ဟု မြမြက ပြောလိုက်လေ၏။

ထိုအခါ အနီးတွင် တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည့် မမကြီးက...

''ဒီမှာ ညီမ။ အဲဒီအိမ်မှာ မင်းပြောတဲ့ လင်မယားစုံတွဲ နှစ်တွဲရယ်၊ မင်းရယ်အပြင် ဘယ်သူရှိသေးလဲ''

ဟု မေးလိုက်လေ၏။

''ဒရဝမ်ကုလားတစ်ယောက် ရှိတယ်အစ်မရဲ့''


BURMESE CLASSIC .com

ဟု မြမြက ပြောလိုက်လေ၏။ ထိုအခါ မမကြီးက…

"ညည်း အခုဒီကိုလာတာ သူတို့ကို ဘယ်လိုပြောပြီး ထွက်လာတာလဲ"

ဟု မေးလိုက်လေ၏။

"ဒီလို မမရဲ့။ ကျွန်မလည်း အဲဒီအိမ်ရောက်ကတည်းက မသင်္ကာတာနဲ့ အရေးအကြောင်းဆိုလျှင် ကိုယ့်ဘက်က အဖော်ရအောင်ဆိုပြီး ဒရဝမ်ကိုတော့ ချစ်ဟန်ဆောင်ပြထားတယ်။ ဒရဝမ်ဟာ ကျွန်မရဲ့ အချစ်ကိုမျှော်လင့်ပြီး အရေးအကြောင်းမှာ ကျွန်မဘက်က ပါမယ့်လူပဲ။ အခု သူတို့စုံတွဲတွေ အပြင်သွားတုန်း ကျွန်မလည်း ဒရဝမ်ကိုပြောပြီး ဒီကို ကပျာကယာ ပြေးလာခဲ့ရတာ။ သူတို့မရောက်ခင် ကျွန်မက အရင်ရောက်နှင့်နေရမယ်"

ဟု မြမြက ပြောလိုက်လေ၏။

"သိပ်လည်း ကြောက်မနေပါနဲ့ညီမရယ်။ အန္တရာယ်ရှိတယ်ထင်ရင် ပြန်မသွားဘဲ အလုပ်က တစ်ခါတည်း ထွက်လိုက်တာပေါ့။ တစ်လ သုံးရာတော့ မမပေးပါ့မယ်"

ဟု မမကြီးက ပြောလိုက်လေ၏။

"ဒီလိုမဟုတ်သေးဘူး မမရဲ့။ ကျွန်မကို ကိုလှဖေကရော ကိုမြဖေကပါ 'ငါတို့က အလုပ်ထွက်ခွင့်မပေးဘဲ နင်အလုပ်ထွက်မယ်မကြံနဲ့နော်။ အသက်နဲ့ကိုယ် အိုးစားကွဲသွား

နိုင်တယ်။ ဘယ်ကိုပဲ ပြေးပြေး နင်မလွတ်ဘူးမှတ်။ ဒါပေမဲ့ ငါတို့ခိုင်းတဲ့အတိုင်း အလုပ်လုပ်လို့ ငါတို့ ကျေနပ်ရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နင့်အတွက် ရင်းနှီးစားသောက်နိုင်အောင် ငါတို့ ပံ့ပိုးပေးလိုက်မယ်'လို့ ပြောဖူးတယ်''

ဟု မြမြက ပြောလိုက်လေ၏။ ထိုအခါ မမကြီးက မခိုးမခန့်ပြုံးကာ…

''စောစောက အထိကတော့ မမက နားထောင်ကောင်းတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို နားထောင်နေခဲ့တာပဲ။ ဒါပေမဲ့ မိန်းကလေးတစ်ယောက်ကို ယောကျ်ားကြီးနှစ်ယောက်က ဒီလို အကျပ်ကိုင်ပြီး ခိုင်းတယ်ဆိုတော့ အတော့်ကိုမခံချင်စရာ ကောင်းတာပဲ။ ဒီကိစ္စ မမတာဝန်ထားလိုက်။ ညီမ ဘာမှ မကြောက်နဲ့။ ကဲ… မမနဲ့ လိုက်ခဲ့တော့''

ဟု ဆိုကာ မမကြီးသည် မြမြအား ၄င်း၏ ကားဖြင့် တင်၍ ခေါ်သွားလေတော့၏။

''ဘယ်ကိုသွားမှာလဲ မမ''

ဟု မြမြက မေးလိုက်လေ၏။

''အဲဒီအိမ်နားကို ပြန်ပို့လိုက်မယ်လေ။ မမ ညတိုင်း အိမ်နဲ့ မလှမ်းမကမ်းမှာ လာပြီး စောင့်နေမယ်။ အရေးအကြောင်း ရှိရင် အချက်ပြလိုက်။ မမ လာခဲ့မယ်''

ဟု မမကြီးက ပြောလိုက်ရာ‥

"သူတို့က ယောက်ျားနှစ်ယောက်တောင်"

ဟု မြမြက ပြောလိုက်လေ၏။ ထိုအခါ မမကြီးက ၄င်း၏ ပိုက်ဆံအိတ်အတွင်းမှ ခြောက်လုံးပြူးသေနတ်အသေး ကလေးတစ်လက်ကို ပြရင်း..

"ယောက်ျားကြီးခြောက်ယောက်ကိုလည်း ဒါကလေးက ရပါတယ်။ ပြောမရရင် ရင်ဝကို ချိန်ပြီး ဖြုတ်ချလိုက်ရုံပဲ"

ဟု ပြောပြီး ပိုက်ဆံအိတ်ကို ပြန်ပိတ်၍ ကားကို ဆက်လက်မောင်းလာလေ၏။

တစ်နေရာသို့အရောက်တွင် မမကြီးသည် ပြုံးလိုက်လေ ၏။ ထိုသို့ပြုံးပြီးနောက်...

"အန့်တီအေးယောက်ျား ဗေဒင်ဆရာကြီးဆီကို ခဏဝင် မယ်"

ဟု ပြောလိုက်ရာ မြမြက...

"ကျွန်မ ဗေဒင်ဝါသနာမပါဘူးမမ"

ဟု ကပျာကယာ ပြန်၍ပြောလိုက်လေ၏။

"ဗေဒင်မေးမလို့ မဟုတ်ပါဘူးကွယ်။ ဒီလူကြီးက လူ ထူးလူဆန်းကြီး။ သူဟာ တကယ်ဒုက္ခရောက်တဲ့ လူကို ကူညီ ချင်တဲ့စိတ် ရှိမရှိ သူ့ကို စမ်းကြည့်ချင်လို့ပါ"

ဟု ဆိုကာ မမကြီးသည် ဗေဒင်ဆရာကြီး၏ အလုပ် ခန်းဆီသို့ သွားလေတော့၏။



BURMESE CLASSIC .com

www.burmeseclassic.com

ဗေဒင်ဆရာကြီး၏ အလုပ်ခန်းဆီသို့ရောက်လျှင် မမကြီးက မြမြ၏ တွေ့ကြုံခဲ့ရသော အဖြစ်အပျက်အလုံးစုံကို အသေးစိတ် ပြောပြ၏။ ထိုဆရာကြီးလည်း ဂရုတစိုက် နားထောင်လေ၏။ ထိုသို့နားထောင်ပြီးနောက်···

"ဒီကိစ္စ ကျုပ်တို့လို ဗေဒင်ဆရာနဲ့ သက်ဆိုင်တဲ့ ကိစ္စ မဟုတ်ဘူး။ ပုလိပ်ဘက်နဲ့ ပိုပြီးသက်ဆိုင်လိမ့်မယ် ထင်တယ်။ ဘာပဲဖြစ်ဖြစ် စောစောက တူမကြီးတို့ပြောတဲ့ လှဖေနဲ့ မြဖေဆိုတဲ့ ကောင်နှစ်ကောင်ဟာ အရေးကြီးတဲ့ ကိစ္စတစ်ခုခုကို အချိန်ယူပြီး အလုပ်လုပ်နေတဲ့ သဘောတော့ ရှိတယ်။ သူတို့အလုပ် အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်တော့ဘူးလို့ အသေအချာသိရတဲ့အခါမျိုးမှာဖြစ်စေ၊ မိန်းကလေးကို အသက်အန္တရာယ်ပြုကြလိမ့်မယ်လို့တော့ ကျုပ် စဉ်းစားမိတယ်"

ထိုဗေဒင်ဆရာကြီးက ပြောလေ၏။ ထိုအခါ မြမြက··

"ကျွန်မကို အသက်အန္တရာယ်ပြုမှာလား"

ဟု မေးရာ ဆရာကြီးက အဖြေမပေးဘဲ ဆေးလိပ်ကို မီးညှိ၍ ရှိုက်ဖွာလိုက်ပြီးလျှင်···

"ဒီမှာ မိန်းကလေး။ အဲဒီအိမ်သူအိမ်သားတွေဟာ ရတနာသုံးပါး ကိုင်းရှိုင်းတဲ့သူတွေ ဟုတ်ကြရဲ့လား"

ဟု မေးလိုက်လေ၏။ ထိုအခါ မြမြက···


BURMESE CLASSIC .com

“အဲဒါတစ်ခု ပြောရဦးမယ် ဆရာကြီးရဲ့။ အဲဒီ လင်မယားစုံတွဲနှစ်တွဲစလုံးဟာ ဘာသာရေးကိုတော့ အလွန် စိတ်ဝင်စားကြပါတယ်။ နောက်ပြီးတော့ ဘာသာရေးမဟုတ်တဲ့ ကိုးကွယ်မှုတွေလည်း ယုံယုံကြည်ကြည်ရှိကြတယ်။ ဘိုးတော်မယ်တော် ကိုးကွယ်တာမျိုးတွေပေါ့ ဆရာကြီးရယ်”

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆရာကြီးဆိုသူက…

“သူတို့ ဘုရားခန်းကိုရော မိန်းကလေး ရောက်ဖူးသလား”

ဟု မေးလိုက်လေ၏။

“မရောက်ဖူးပါဘူး။ ကျွန်မကိုလည်း တက်ခွင့်မပေးဘူး။ မယ်တော်တွေ ခာတ်နဲ့ ကြွနေတယ်။ ခာတ်ချင်းမတူတဲ့လူတွေ တက်ရင် မဖြစ်ဘူးဆိုပြီး လုံးဝတက်ခွင့် မပြုခဲ့ပါဘူး”

ဟု မြမြက ပြောလိုက်လေ၏။ ထိုအခါ ဆရာကြီးဆိုသူက…

“သူတို့ကိုးကွယ်တဲ့ မယ်တော်ဆိုတာကိုရော သဒ္ဓါရက်ရောစွာနဲ့ လှူတာတန်းတာ ရှိရဲ့လား”

ဟု မေးလိုက်လေ၏။

“ရှိပါတယ်ဆရာကြီး။ ရှိပါတယ်။ မနက်ဆိုရင် ထမင်းတွေ၊ သစ်သီးတွေ၊ ထောပတ်တွေ၊ မလိုင်တွေ အပြည့်အစုံနဲ့ကို ပသတာပဲ။ ညဆိုလျှင်လည်း နွားနို့တွေ၊ ငှက်ပျောသီးတွေ



BURMESE CLASSIC .com

www.burmeseclassic.com

လင်ပန်းကြီးနဲ့ ထည့်ပြီး ယူသွားတာ။ သူတို့လေးယောက်လည်း လေးယောက်စလုံး တက်ပြီး မယ်တော်ကို ရှိခိုးကြတယ်။ တစ်ခါ တလေလည်း နှစ်ယောက်တစ်တွဲတက်ပြီး ရှိခိုးကြတယ်''

ဟု မြမြက ပြောလိုက်လေ၏။ ထိုအခါ မမကြီးက..

''အဖြစ်အပျက်ကို ကျွန်မဖြင့် ကောင်းကောင်းကြီး သဘောပေါက်နေပြီ။ စမ်းသပ်ဖို့ တစ်ချက်ပဲလိုတော့တယ်။ မိန်းကလေး ဘာမှ မကြောက်ပါနဲ့။ ရဲရဲတင်းတင်း ပြန်သွားပါ။ ဟိုစုံတွဲနှစ်တွဲဟာ ဒီနေ့အဖို့ အစောကြီးပြန်ရောက်ဖို့ မရှိပါဘူး။ ညဥ့်နက်မှ ပြန်ရောက်ကြမှာပါ။ တစ်ခုပဲ မေးစရာ ရှိတယ်။ ညီမကို စောင်းတီးခိုင်းတာဟာ လပြည့်နေ့ညကျမှပဲ တီးခိုင်းတာ လား။ တခြားအချိန်တွေ ပါသေးသလား''

ဟု မေးလိုက်လေ၏။

''လပြည့်နေ့ညတွေမှာ တီးခိုင်းတာပါပဲ။ ဒါပေမဲ့ နှစ်ခါလောက်တော့ ရှိလိမ့်မယ်ထင်တယ်။ လပြည့်နေ့မဟုတ်ဘဲ ထိုင်မသိမ်းအင်္ကျီတွေ၊ ဘာတွေဝတ်ပြီး လသာဆောင်မှာ ထိုင် ခိုင်းတာ။ အဲဒါကတော့ လပြည့်ည မဟုတ်ဘူးရှင့်''

ဟု မြမြက ပြန်ပြောလေ၏။ ထိုအခါ မမကြီးက...

''ဒီကနေ့ သူတို့အပြင်ကိုသွားကြတယ်ဆိုတာ ဘာ ပစ္စည်းတွေ ပါသွားသေးသလဲ။ မဟုတ်မှလွဲရော သေတ္တာကြီး အကြီးကြီးတစ်လုံးပါလိမ့်မယ်ထင်တယ်''

ဟု ပြောလိုက်ရာ မြမြက...

"အစစ်ပါပဲ မမရယ်။ ကျွန်မ နောက်ဖေး ဒရဝမ်အိမ် ဘက်ဆီက အိမ်မကြီးဆီကိုပြန်လာတော့ သူတို့ဟာ သေတ္တာကြီး တစ်လုံးကို ကားပေါ်တင်နှင့်ပြီးပြီ"

ဟု ပြောလိုက်လေတော့၏။ မမကြီး၏ စကားဆုံးသည် နှင့် တစ်ပြိုင်နက် ဗေဒင်ဆရာကြီးက…

"ဟဲ့… မိန်းကလေး မင်းတွေးပုံ မြန်လှချည်လား။ ကွင်းဆက်ကို မိနေတာပဲ။ ဘာပဲဖြစ်ဖြစ်လေ လိုအပ်ရင် ကျုပ် အကူအညီပေးပါရစေ။ စွန့်စားပြီး တိုက်ရ၊ ခိုက်ရ၊ ရိုက်ရ၊ နှက်ရတဲ့ အလုပ်မျိုးတော့ ကျုပ်ကျွမ်းကျင်ပါတယ်။ ပြီးတော့ ဒုက္ခရောက်နေတဲ့ မိန်းကလေးတစ်ယောက်ကိုလည်း ကူညီဖို့ ကျုပ်မှာ ဝတ္တရားရှိတယ်လို့ ယူဆပါတယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ မမကြီးက…

"ဘာပဲဖြစ်ဖြစ်ရင်။ ကျွန်မတော့ အဲဒီအိမ်ကို ဝင်ပြီး ကြည့်ချင်တယ်။ အဲဒီလိုသွားပြီးမကြည့်ခင်မှာ ကျွန်မ စိတ်ကူး ထားတာလေးတစ်ခု ရှိတယ်။ ဟိုလူစုတွေ သယ်သွားတဲ့ သေတ္တာကြီးထဲမှာ လူတစ်ယောက်ပါသွားမှာ သေချာတယ်။ အဲဒီတော့ အဲဒီလူတစ်ယောက်ကို သူတို့တစ်နေရာရာကို အကြောင်းတစ်ခုခုနဲ့ ထုတ်သွားတာ ဖြစ်နိုင်တယ်။ ဟောဒီ မြမြကတော့ အဲဒီထုတ်သွားတဲ့ လူအစား ကိုယ်ဟန်ပြနေရတဲ့ မိန်းကလေးပဲ။ ဒါကြောင့် အဲဒီသေတ္တာထဲထည့်ပြီး ထုတ်သွားတဲ့


BURMESE CLASSIC .com

www.burmeseclassic.com

လူဆိုတာ မိန်းကလေးတစ်ယောက်ဖြစ်မှာ သေချာပါတယ်။ အဲဒီ မိန်းကလေးဟာလည်း ဟောဒီမြမြနဲ့ ကိုယ်လုံးကိုယ်ပေါက် ချင်း၊ အရုပ်အမောင်းချင်း ခပ်ဆင်ဆင်တူလိမ့်မယ်။ အဲဒီတော့"

မမကြီးက စကားပြောရင်း ရယ်လိုက်လေ၏။ ထိုအခါ ဗေဒင်ဆရာကြီးက...

"အဲဒီထုတ်သွားတယ်ဆိုတဲ့ မိန်းကလေးကို သူတို့ဟာ သတ်ပစ်မှာတော့ မဟုတ်ဘူး။ သတ်ပစ်မယ့် မိန်းကလေးကို လည်း ဘုရားခန်းထဲမှာ ဝှက်ထားပြီး အစားအသောက်တွေ ကောင်းကောင်း ကျွေးစရာ မလိုဘူး"

ဟုဝင်၍ ပြောလိုက်လေ၏။ ထိုအခါ မမကြီးက...

"အဲဒီမိန်းကလေးကို တစ်စုံတစ်ယောက်ဟာ စောင့် ကြည့်နေပုံရတယ်။ အဲဒီစောင့်ကြည့်နေတဲ့လူ မြင်သာအောင်လို့ မြမြကို အစားထိုးပြီး လူလုံးပြခိုင်းတာပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဗေဒင်ဆရာကြီးက...

"မင်းပြောတဲ့ မိန်းကလေးဟာ ထိုင်မသိမ်းအင်္ကျီနဲ့ ဗလာ ထဘီနဲ့ ဆံပင်ဖားလျားချပြီး လပြည့်နေ့ညမှာ စောင်းတီးလေ့ ရှိတယ်ဆိုတော့ လူကောင်းတစ်ယောက်တော့ ဟုတ်နိုင်ဖို့ မရှိ ပါဘူးကွယ်။ ယဉ်ယဉ်လေးနဲ့ ဝေဒနာခံစားနေရတဲ့ သူနဲ့ တူပါ တယ်ကွယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ မမကြီးက...


BURMESE CLASSIC .com

"ဒီအတိုင်းပဲ ဟုတ်မှာပါ။ ဝေဒနာရှင်မိန်းကလေးကို ဘယ်သူက စောင့်ကြည့်မှာလဲ။ သူ့ရဲ့ ချစ်သူက စောင့်ကြည့်တယ်လို့ စဉ်းစားရအောင်လည်း ဖြစ်နိုင်ဘူး။ ဒီလိုရက်ရှည် စောင့်ကြည့်နေစရာ မလိုဘူး။ မတတ်သာရင် ခိုးပြေးချင် ပြေးလိမ့်မယ်။ အဲဒီတော့ တစ်စုံတစ်ယောက် စောင့်ကြည့်နေတယ်ဆိုတာကလည်း ဖြစ်နိုင်တယ်။ အဲဒီစောင့်ကြည့်နေတယ်ဆိုတဲ့လူဟာ မိန်းကလေးကို ဒီအိမ်ကြီးမှာ ရှိနေတယ်၊ မရှိတော့ဘူးဆိုတာလောက် စောင့်ကြည့်နေတဲ့ လူစားမျိုးပဲဖြစ်မယ်။ အဲဒီတော့ စောင့်ကြည့်တဲ့လူဟာ မိန်းကလေးတစ်ယောက် ဒီအိမ်မည်းကြီး ပေါ်မှာ ရှိနေတယ်၊ မရှိတော့ဘူးဆိုတာသက်သက်လောက် စောင့်ကြည့်ရုံတော့ မဖြစ်နိုင်ဘူး။ ဒီမိန်းကလေးဆီကို ရောက်လာ နိုင်တဲ့ အခြားလူတစ်ယောက်ကို စောင့်ဆိုင်းနေတာပဲ ဖြစ်နိုင် တယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဗေဒင်ဆရာကြီးက...

"အဲဒီလူဆိုရင် ဘယ်လိုလူစားမျိုး ဖြစ်နိုင်သလဲ ကလေးမရဲ့"

ဟု မေးလိုက်လေ၏။ ထိုအခါ မမကြီးက...

"လျှို့ဝှက်ပုန်းကွယ်နေတဲ့ လူမျိုးဖြစ်နိုင်တယ်။ ပြီးတော့ မိန်းကလေးအပေါ် သံယောဇဉ်ကြီးမားတဲ့ လူတစ်ယောက် ဖြစ်နိုင်တယ်။ အဲဒါကြောင့် ဝရမ်းပြေးဖြစ်နေတဲ့ မိန်းကလေးရဲ့



BURMESE CLASSIC .com

www.burmeseclassic.com

ဖခင်ဆိုရင် ဒီမေးခွန်းအတွက် အံဝင်ခွင်ကျဖြစ်လိမ့်မယ် ထင်တယ်။ စောင့်ကြည့်နေတဲ့ လူဆိုတာကတော့ ဝရမ်းပြေးကြီးကို အလိုရှိနေတဲ့ စုံထောက်ဘက်က ဖြစ်လိမ့်မယ်''

ဟုပြောလိုက်ရာ ဗေဒင်ဆရာကြီးသည် ပြုံးလိုက်လေ၏။

''သိပ်ပြီးတော်ပါလား မိန်းကလေးရဲ့။ မင်းပြောတဲ့ အတိုင်းသာ ဖြစ်ခဲ့ရင် သံယောဇဉ်ကြီးမားတဲ့ ဖခင် ဝရမ်းပြေးကြီးဟာ ဝေဒနာရှင် သမီးကလေးရှိရာကို လာကို လာရမယ် ဆိုတဲ့ သဘောနဲ့ ပုလိပ်ဘက်က စောင့်နေမယ်။ ဖခင် ဝရမ်းပြေးကြီးက အဲဒါကို ကြိုတင်ရိပ်မိလို့ သမီးကလေးရှိရာကို မလာဘဲ သူရှိရာကို သမီးကလေးကို ပို့ခိုင်းတာပဲ။ အဲဒီလို ပို့လိုက်ပြီ ဆိုတာကို ပုလိပ်ဘက်၊ စုံထောက်ဘက်က မရိပ်မိအောင် ဟောဒီ မိန်းကလေးကို အသုံးပြုတာပဲ။ ကြာကြာမရိပ်မိလေ၊ ပြေးတဲ့လူက ဝေးဝေးပြေးနိုင်လေ မဟုတ်လား''

ဟု ဗေဒင်ဆရာကြီးက ပြောလိုက်လေတော့၏။ ထိုအခါ မမကြီးက..

''ဝေးဝေးပြေးနိုင်အောင် စီမံတယ်ဆိုကတည်းကိုက ဝေးဝေးပြေးလိမ့်မယ်ထင်တယ်။ ဖြစ်နိုင်ရင် နယ်စပ်၊ နယ်စပ်ကနေ တစ်ဆင့် ကူးလိမ့်မယ်ထင်တယ်။ အဲဒီတော့ အဲဒီလို သွားမယ်ဆိုရင် တောလမ်းကို အသုံးပြုလိမ့်မယ် ထင်တာပဲ။ ကျွန်မအထင်ပြောရရင် သံတောင်ဘက်ကနေ ဖြတ်လိမ့်မယ် ထင်တာပဲ။ ဟိုလင်မယားနှစ်စုံတွဲဟာ သေတ္တာကြီးကို သံတောင်


BURMESE CLASSIC .com

ဘက်ကို သွားဖို့တာ ဖြစ်နိုင်တယ်။ အဲဒါကြောင့် တောင်ငူဂါတ်ကို လှမ်းပြီးအကြောင်းကြားလိုက်ရင်တော့ 'ကွိ' ခနဲနေအောင် မိမှာပဲ။ ဒါပေမဲ့ ကျွန်မရဲ့တာဝန်က ဟိုဝရမ်းပြေးသားအဖ လွတ်သွားတာ၊ ဖမ်းမိတာ ကျွန်မရဲ့ ကိစ္စမှ မဟုတ်ဘဲ။ ဟောဒီ မြမြတစ်ယောက် အသက်အန္တရာယ်မရှိဘူးဆိုရင် ပြီးတာပါပဲ။ ဒါပေမဲ့ အိမ်မည်းကြီးကိုတော့ တစ်ခေါက် သွားကြည့်လိုက်ဦးမယ်။ လိုအပ်ရင် ဆရာကြီးကို အကြောင်းကြားပါ့မယ်''

ဟုဆိုကာ မမကြီးသည် မြမြအား ခေါ်ဆောင်၍ အိမ်မည်းကြီးဆီသို့ သွားလေ၏။

အိမ်မည်းကြီးသို့ရောက်လျှင် အိမ်မည်းကြီး၏ ခြံဝင်း အတွင်းသို့ ဝင်လိုက်၏။ ထိုသို့ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ဒရဝမ်က...

''မြမြ ပြန်ရောက်လာပြီလား။ ကျုပ် ခင်ဗျားကို နှုတ်ဆက်မလို့ စောင့်နေတာ။ ဟိုလင်မယားတွေကိုတော့ ပဲခူးဂါတ်မှာ ဖမ်းထားလေရဲ့။ အဲဒီလို ဖမ်းထားနိုင်အောင်လည်း ကျုပ်ပဲ သတင်းပေးလိုက်တာပါ။ ကျုပ်နာမည် ရာဂျူးလို့ ခေါ်ပါတယ်။ ဒီအိုင်ဒီက ဆားပုလင်းနှင်းမောင်ရဲ့ တပည့်ပါ။ လူဆိုးကြီးမိုးသီးကို ဖမ်းဖို့ တာဝန်နဲ့လာပြီးနေရတာပါမြမြ။ ဒီအိမ်မှာ ဦးမိုးသီးနဲ့ အငြိမ့်မင်းသမီး မမင်းဖြူတို့ရဲ့ သမီးကလေး 'မိုးနှင်းဖြူ'ဆိုတာ နေတယ်။ သူက ဝေဒနာသည်ကလေးပါ။ ဦးမိုးသီးဟာ နိုင်ငံရပ်ခြားကို အပြီးအပိုင်ထွက်ပြေးဖို့ ကိစ္စမှာ မိုးနှင်းဖြူမပါဘဲ


BURMESE CLASSIC .com

www.burmeseclassic.com

မပြေးဘူးဆိုတာ ကျွန်တော်တို့ စုံထောက်အဖွဲ့က ရိပ်မိထားပါတယ်။ ဒါကြောင့် စုံထောက်ဌာနက ကိုစိန်လှဆိုတဲ့ လူက ဟိုမလှမ်းမကမ်းက လာပြီး အကဲခတ်တယ်။ အဲဒါကို ဒီအိမ်က လူရှုပ်နှစ်ယောက်က ရိပ်မိလေတော့ မိုးနှင်းဖြူအစား လူလုံးပြဖို့ မြမြကို ငှားလိုက်တာပေါ့။ ဒါပေမဲ့ သူတို့ ကျုပ်ကို မေ့နေကြတယ်။ ဒီအထဲမှာ ကျုပ်က အတွေးခေါင်ချင်တော့ မြမြကိုပါ သံသယဖြစ်လာတယ်။ ဒါကြောင့် မြမြနောက်ကို လိုက်ကြည့်ဖို့ မူတူးဆိုတဲ့ ကုလားကလေးကို သုံးရတယ်။ မူတူးရဲ့ ပြောပြချက်အရ မြမြဟာ ဗိုလ်ချုပ်အောင်ဆန်းဈေးနားက အန်တီအေးဆိုတဲ့ မိန်းမကြီးရဲ့ အပ်ချုပ်ဆိုင်သွားပြီး ဒီအိမ်က အကြောင်းတွေ ပြောပြတယ်ဆိုတာ သိရတယ်။ အဲဒီဆိုင်ကိုလည်း ရောက်ရော 'မမကြီး'ဆိုတဲ့ မိန်းကလေးတစ်ယောက်က မြမြကိုခေါ်ထုတ်သွားတာ သိရတယ်။ ပြီးတော့ မမကြီးက မြမြကို ဗေဒင်ဆရာကြီး တစ်ယောက်ဆီကို ခေါ်သွားတာ သိရတယ်။ အဲဒီဗေဒင်ဆရာကြီးကိုလည်း ကျုပ် ကောင်းကောင်းသိပါတယ်။ အဲဒီလူကြီးဟာ လူရိုးလူဖြောင့်ကြီးပါ။ အခုတော့ ပြဿနာလည်း အားလုံးပြီးလောက်ပါပြီ''

ဟု ရာဂျူးက ပြောလိုက်ရာ မမကြီးက...

''ပြဿနာက ဘယ်ပြီးဦးမလဲ။ သံတောင်ကနေ စောင့်နေတဲ့ လူဆိုးကြီးဦးမိုးသီးကို ဆားပုလင်းနှင်းမောင်တို့က အချိန်မီ ရောက်ရှိသွားပြီး ဖမ်းနိုင်မှ ပြဿနာက ပြီးမှာ မဟုတ်လား''



BURMESE CLASSIC .com

ဟု ပြောလိုက်ရာ ရာဂျူးက…

"မမကြီးက ဒီထိအောင် သိထားတာကိုး"

ဟု ပြောလိုက်ရာ မမကြီးက…

"ကျွန်မနာမည် 'မမကြီး'တဲ့ ကိုရာဂျူးရေ"

ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ရာဂျူးက…

"ကျုပ်ဆရာနာမည်ကလည်း 'ဆားပုလင်းနှင်းမောင်' တဲ့။ သူလိုက်ရင် လွတ်သွားတဲ့ တရားခံရယ်လို့များ ကြားဖူးသလားဗျာ။ အဲဒါကြောင့် ပြဿနာဟာပြီးပြီလို့ ဆိုနိုင်ပါတယ်"

ဟုပြောလိုက်လေ၏။ ထိုအခါ မမကြီးလည်း ရာဂျူးအား နှုတ်ဆက်၍ အကျိုးအကြောင်းကိုပြောပြရန်အတွက် ဗေဒင်ဆရာကြီး အိမ်သို့ လာခဲ့လေတော့၏။

ထိုဆရာကြီး၏ အိမ်ပေါ်သို့ တက်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုဆရာကြီးသည် သူ၏ မိန်းမကြီးကိုယ်မှ ဒဏ်ရာများကို ကြပ်ထုပ်ထိုးပေးနေကြောင်း အံ့ဩဖွယ်ရာ တွေ့ရှိရလေတော့၏။ ကြပ်ထုပ်အထိုးခံနေသော ၎င်း၏ မိန်းမ အန်တီအေးကြီးက…

"ရှင် ခုမှလာပြီး လုပ်မနေပါနဲ့။ ရိုက်တုန်းက ရိုက်ပြီးရှင် နောက်ကို ရိုက်ဦးမလား"

ဟု မေးနေလေ၏။ ထိုအခါ ၎င်းဆရာကြီးက…

"ရိုက်စရာ ရှိတော့လည်း ရိုက်ရတာပေါ့ကွာ။ ပြုစုစရာရှိတော့လည်း ပြုစုရတာပေါ့။ ရိုက်တာရော၊ ပြုစုတာရော


BURMESE CLASSIC .com

www.burmeseclassic.com
နှစ်ခုစလုံးဟာ ငါ့ရဲ့ ကြင်နာမှုကို ဖော်ပြနေတဲ့ အမှတ်လက္ခဏာတွေလို့ မင်းသဘောပေါက်ရင် ရိုက်ခြင်းနဲ့ မရိုက်ခြင်းမှာ ပြဿနာတက်ဖို့ မရှိတော့ပါဘူး”

ဟူ၍ ပြောလိုက်သံကို ကြားရသောကြောင့် မမကြီးသည် အိမ်ပေါ်သို့ မတက်တော့ဘဲ မြမြကို လက်တို့ကာ ရွှေဂုံတိုင်ရှိ မြန်မာ့ထမင်းဆိုင်သို့ဦးတည်၍ ကားကို မောင်းနှင်သွားလေတော့သတည်း။

◆

သဗ္ဗေသတ္တာ ကမ္မသကာ
မင်းသိခ်


BURMESE CLASSIC .com

www.burmeseclassic.com




BURMESE CLASSIC .com